


www.foreverspace.com.mm

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

**တပ်မတော်ဖြိုခွဲသူ ဒို့ရန်သူ။**
**တပ်မတော် ဖြိုခွဲမည့်အကြံ**
**ဒို့လက်မခံ။**
**ဘယ်သူခွဲခွဲ ဒို့မခွဲ**
**အမြဲစည်းလုံးမည်။**

## ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

www.foreverspace.com.mm

# ၁

"သွေးလဲ နည်းနည်းတိုးနေတယ်"

ဒေါက်တာဖြိုးဝေကျော်က နားကျပ်ကို လက်ကောက်ဝတ်ကခွာရင်း ပြောတယ်။ လက်မောင်းမှာ တင်းတင်းကျပ်ကျပ် စည်းနှောင်ထားတဲ့ အဝတ်က တဖြည်းဖြည်းလျော့သွားတော့ နေရတာ စိတ်နည်းနည်းပေါ့သွားသလိုပဲ။ အရည်အသွေးကောင်းတဲ့ ကျောက်စိမ်းကို ရွှေနဲ့ လေးထောင့်ကွပ်ထားတဲ့ လက်စွပ်ကလေးကတစ်ဆင့် ဒေါက်တာဖြိုးဝေကျော်ရဲ့ လက်ချောင်း ရှည်ရှည်သွယ်သွယ် ဖြူဖြူဖွေးဖွေးတွေကို ငေးကြည့်နေမိတယ် မောင်။

"မင်းမှာ နှလုံးရောဂါလဲရှိတယ်ဆိုတော့ စိတ်ကို နည်းနည်းလျှော့သင့်တယ် ထရီဇာ""

နိုင်ရဲ့ ကျောင်းနာမည်ကိုခေါ်ပြီးပြောလိုက်တော့ ကိုကို့ကို သတိရပြန်တယ် မောင်ရယ်၊ တကယ်တော့ ဒေါက်တာဖြိုးဝေကျော်ဟာ ကိုကို့ရဲ့ အရင်းနှီးဆုံး သူငယ်ချင်းတစ်ယောက်ပဲလေ။ ကိုကို့ကို သတိရတယ်ဆိုလို့



www.foreverspace.com.mm

နိုင့်ကို စိတ်မဆိုးပါနဲ့ မောင်ရယ်၊ အကြောင်းတိုက်ဆိုင်ရင် သတိရတာ နိုင် မသွားချင်ပါဘူး။

"စိတ်ကိုလျှော့ရမယ်၊ ဟုတ်လား ဒေါက်တာ၊ နိုင်က ဒီစိတ်နဲ့ အသက်ရှင်နေရတာ၊ စိတ်လျှော့လိုက်ရင် နိုင် ပုံလဲသွားမှာပေါ့"

ဒေါက်တာဖြိုးဝေကျော်က သွေးချိန်တဲ့ ကိရိယာကိုတိုင်းရင်း ရယ်တယ်။

"ကိုယ် ဘာကိုဆိုလိုတယ်ဆိုတာ မင်းသိပါတယ် ထရီဇာရယ်၊ မင်းဟာ အခု ဒေါ်မိမိခိုင်ဆိုပြီး နာမည်ကြီးနေပေမဲ့ ကိုယ့်မျက်စိထဲမှာတော့ စိန့်မေရီကျောင်းက ချာတိတ်မလေး ထရီဇာပဲ၊ မင်းအမျိုးသားကော ပြန်လာခါနီးပြီလား"

ဘောင်းဘီရှည် မီးခိုရောင်နဲ့ ရှပ်အင်္ကျီဖြူဖြူဖွေးဖွေးကိုဝတ်ထားတဲ့ ဒေါက်တာဖြိုးဝေကျော်က သိပ်ကြည့်ကောင်းတာပဲ။ အရပ်မြင့်တာလဲ ကိုကိုနဲ့တူတယ်။ အင်း ဘာဖြစ်လို့ ကိုကို့ကိုချည်းပဲ သတိရနေသလဲမသိဘူး မောင်။ တကယ်တော့ နိုင် သတိရသင့်ဆုံးလူဟာ မောင်ပဲ။ ပြီးတော့ ဦးအောင်ငြိမ်း ဖြစ်သင့်တယ်။

"တစ်နှစ်လောက်တော့ နေရဦးမယ်ထင်ပါရဲ့၊ ဒါပေမဲ့ ကိစ္စမရှိပါဘူး၊ နိုင်တစ်ယောက်တည်းနေလာတာ ကြာပြီပဲ"

အင်္ကျီလုံချည်တွေကို သပ်ရပ်အောင်ပြုပြင်ရင်း ပြန်ပြောမိတယ်။

"ဟောကြည့်၊ ကိုယ်က ရိုးရိုးမေးတာကို၊ ပြောစမ်း ထရီဇာ၊ မင်း ရက်ပိုင်းအတွင်းမှာ ဒီလောက် ပရက်ရှာတက်လာတာ ဘာတွေဖြစ်နေလို့လဲ"

ဒေါက်တာဖြိုးဝေကျော်က လူနာမှတ်တမ်းစာအုပ်ကို နောက်ပြန်လှန်ကြည့်ရင်းပြောတယ်။ နိုင်က ဒေါက်တာဖြိုးဝေကျော်ရဲ့ ဇနီး ဒေါက်တာမြမြကြည်ရဲ့ လူနာလေ။ ဒေါက်တာမြမြကြည်က နိုင်ငံခြားကို ခဏ (ဆယ်ရက်လောက်) သွားနေလို့ သူ့ဆေးခန်းမှာ သူ့ခင်ပွန်းက လာထိုင်ပေးတာ။ ဒေါက်တာမြမြကြည်ဆိုတာကတော့ နိုင်ရဲ့ ခန္ဓာကိုယ်ထဲက

ရောဂါမှန်သမျှကို ဒိုင်ခံကုပေးနေတဲ့ ဆရာဝန်ပဲ။ ကြီးကြီးကျယ်ကျယ်တော့ မဟုတ်ပါဘူး မောင်ရာ။ ခေါင်းကိုက်တာတို့၊ ဗိုက်နာတာတို့၊ ဝမ်းသွားတာတို့ပေါ့။ ခိုင့်မှာ ဖျားတာ နာတာလဲ မရှိလှပါဘူး။ လွန်ခဲ့တဲ့ တစ်နှစ်လောက် မောင်သွားပြီး ခြောက်လအကြာပေါ့။ ခိုင် မော မောနေလို့ ဒေါက်တာ မြမြကြည်က အီးစီဂျီရိုက်ခိုင်းတယ်။ နှလုံးသွေးကြော ကျဉ်းတယ်ဆိုလား။ ဆေးလဲ စားရတယ်။ ကိုယ်အလေးချိန်လဲ လျှော့ရတယ်။ မိပုံ့ကလေးကို မွေးပြီးကတည်းက ပစ်စလက်ခတ်နေလာခဲ့တဲ့ ခိုင်ဟာ နှစ်ဆလောက် ဝလာခဲ့တယ်မဟုတ်လား မောင်။ ခုတော့ ခိုင့်ကိုယ်လုံးလဲ အနေတော် ပြန်ဖြစ်နေပါပြီ။ မောင်ပြန်လာရင် ပုံပျက်ပန်းပျက် ခိုင့်ကို မမြင်စေရဘူး။ ပြီး ခိုင်အလုပ်ကလဲ လုနေမှ ဖြစ်မယ်လေ။

"ဘာတွေ ဖြစ်နေတယ်ဆိုတာတောင် မပြောတတ်တော့ဘူး၊ ဒေါက်တာ ဒါပေမဲ့ ဒေါက်တာပြောသလို စိတ်လျှော့လိုက်လို့ မဖြစ်တာတော့အမှန်ပဲ၊ မမမြဆိုရင် ခိုင့်ကို နားလည်တယ်"

"ကဲပါဗျာ ဒီလိုဆိုလဲ ကိုယ့်ဆရာဝန်နဲ့ကိုယ်ပဲ ဆက်ကုနော်၊ တော်ကြာ မင့်မမပြန်လာရင် သူ့လူနာကို ကောင်းကောင်းမကြည့်ဘူးဆိုပြီး အပြစ်တင်နေမစိုးလို့"

"ခိုင် ပြန်မယ် ဒေါက်တာ"

အပြင်မှာစောင့်နေတဲ့ လူနာတွေကလဲ ရှိသေးတယ်လေ။ ဆေးခန်းက ထွက်ပြီး ရွှေဘုံသာလမ်းအတိုင်း ပြန်လျှောက်လာရတယ်။ ဆေးခန်းကိုလဲ ဘယ်သူမှမသိအောင် တစ်ယောက်တည်း ထွက်လာခဲ့တာ။ မေမေသိရင် အဖော်လိုက်လာနေဦးမယ်။ မေမေပါရင် မိပုံ့လဲပါမယ်၊ မိပုံ့က ဘယ်နေရာမှာမှ အငြိမ်နေတာမဟုတ်ဘူး မောင်ရဲ့။ မောင်မရှိမှ ပိုတောင်ဆိုးနေသေးတယ်။ မေမေပေါ့ သိပ်အလိုလိုက်တာ။

ဗိုလ်ဗိုလ်ကလဲ မအေကိုတော့ စိတ်အပူတတ်သား။ ခုလိုဖြစ်ရတာလဲ သူ့ကြောင့်ဆိုပြီး စိတ်မကောင်းဖြစ်နေရှာတယ်။ ခိုင့်ဘဝဟာ ဗိုလ်ဗိုလ်ဆိုတာ



ပြောဖို့တောင် လိုမယ်မထင်ပါဘူး မောင်ရယ်။ မောင် အသိဆုံးပါ။ ဗိုလ်ဗိုလ်လဲ သိသင့်တယ်။ ဒါပေမဲ့ ငယ်သေးတော့ သိပ်မသိသေးဘူးမောင်ရယ်။ ခိုင့်မှာ ဒီသားတစ်ယောက်အတွက် ဘယ်လောက် ရုန်းကန်ရပ်တည်ခဲ့ရတယ်၊ ဘယ်လောက် ပင်ပန်းကြီးခဲ့ရတယ်ဆိုတာ သားက မသိဘူး မောင်။ အလေးအနက် မသိဘူး မောင်။ သူသိတာ သာမန်လောက်ပဲ။ သိအောင်ဘယ်လိုပြောရမလဲ။ ခိုင်လဲမသိဘူး။ တကယ်တမ်းကျတော့ ခိုင်ဟာ သားသမီးကို ကိုင်တွယ်ရာမှာ နည်းနည်းကြမ်းတမ်းနေသလား မသိ။ ခိုင့် ဘဝမှာ နာကျည်းတာတွေ၊ မခံချင်တာတွေ၊ ဖြစ်စေချင်တာတွေ၊ ဖြစ်အောင်လုပ်ပြချင်တာတွေက များလွန်းတော့ ခိုင်ဟာ သိပ်ပြီး နူးနူးနယ်နယ် မနေတတ်ဘူးမောင်။ ခိုင်က သိပ်နူးနယ်နေရင် ခိုင့်ကို အားလုံးက နင်းချေသွားမယ်လို့ ခိုင်နေတယ်။ ဒါကြောင့် ခိုင့်စိတ်ကို အမြဲပဲ မောင်းတင်ပြီး အသင့်အနေအထားမှာ နေနေရတယ်။

အဲဒီလိုဖြစ်ရတာ မောင့်ကြောင့်လဲပါတယ် သိလား။ မောင့်အတွက် ခိုင်ဟာ ပိုပြီးတော့ ကြမ်းတမ်းမာကျောခဲ့ရတယ်ဆိုရင် မမှားဘူး။ ခိုင့်စိတ်က အင်မတန်နူးညံ့ပါတယ်။ ဒါပေမယ့် ခိုင့်ရဲ့ ပြုမူလှုပ်ရှားပုံတွေဟာ အပြင်ပန်းက ကြည့်ရင် အမြဲတမ်း ကြမ်းတမ်းခက်ထန်နေတယ်။

တစ်နေ့က ဖြစ်ပျက်ခဲ့တဲ့ အဖြစ်ကိုပဲကြည့်မောင်။

\+ \+ \+

"ဗိုလ်ဗိုလ်အောင်တို့ အမေလား"

ဆရာမက ခိုင့်မျက်နှာကို သေသေချာချာ မော်မကြည့်ဘဲ ပုံမှန် အသံနဲ့မေးတယ်။ လူတစ်ယောက်ရဲ့လေသံနဲ့ ဟန်ပန်ဟာ လက်ရှိ အခြေအနေကို အနီးစပ်ဆုံး ဖော်ပြတတ်စမြဲပဲ။ ဒီတစ်ပွဲမှာ မိခိုင်တို့ ခံရပြီဆိုတာ သိလိုက်တာပေါ့။ အားကစားနည်းပြ ဆရာမတစ်ယောက်၊ အလှပြုပြင်ရေး လုပ်ငန်းတစ်ခုကို ဦးစီး ဦးဆောင်လုပ်နေတဲ့ မိန်းမတစ်ယောက်၊ သာမန်

မိန်းမတစ်ယောက်ထက် ဆယ်ဆလောက် ဝင်ငွေရှာနိုင်တဲ့ မိန်းမတစ်ယောက်ဟာ ဆရာမ တစ်ယောက်ရဲ့ရှေ့မှာ ဘာမဟုတ်တဲ့ မိန်းမ၊ ကလေးအမေ တစ်ယောက်ဖြစ်သွားတာပဲ။ ဆရာမကို မိခိုင်အပြစ်မတင်လိုဘူး။ သူ့ဝတ္တရားကို သူကျေအောင် ဆောင်ရွက်တာပဲ။ ဒါပေမဲ့ ဆရာမရဲ့ မျက်နှာထားက လိုအပ်တာထက် ပိုတင်းနေတယ် မောင်ရယ်။ ခိုင့်ကို ထိုင်ပါလို့ ပြောဖို့အောင် သူ မေ့နေပြီ။

"ဟုတ်ကဲ့ ဆရာမဆီက စာရလို့ ကျွန်မ လာခဲ့တာပါ"

လေးစားကျိုးနွံရမယ့်အလုပ်ကို လုပ်ဖို့ ခိုင်ဝန်မလေးပါဘူး၊ သူ့နေရာနဲ့သူ မဟုတ်လား။

"ဗိုလ်ဗိုလ်အောင်ဟာ သိပ်ဆိုးတယ် ဒေါ်မိမိခိုင်၊ ကျောင်းပျက်ပေါင်းလဲ များပြီ၊ ခု စာမေးပွဲမှာရတဲ့အမှတ်တွေကလဲ တွေ့တဲ့အတိုင်းပဲ၊ အရင်လကတည်းက ကျွန်မ ရီပို့ကဒ်ပို့ပြီး မအေ လိုက်လာမလားလို့ စောင့်နေခဲ့တယ်"

ငါ ဝင်ငွေရအောင်လုပ်ရမယ်။ ပိုက်ဆံရှာရမယ်။ ငါ့ခြေထောက်ပေါ်မှာ ငါ ရပ်တည်ရမယ်။ အဲဒီစိတ်တွေနဲ့ နေ့မအား ညမအား အလုပ်လုပ်ခဲ့တာ ဒီနေရာတစ်ကွက်က လစ်ဟာသွားခဲ့ပြီလေ။

တကယ်တော့ သားဟာ မညံ့ပါဘူး မောင်ရယ်၊ ခုနစ်တန်း ရှစ်တန်းအထိ အတန်းထဲမှာ ဗိုလ်စွဲခဲ့တာပါ။ ကိုးတန်းရောက်တော့ နည်းနည်းစိတ်လေချင်လာတယ်။ လူပျိုပေါက် စိတ်ကစားတဲ့အရွယ်လဲ ဖြစ်တယ်လေ။ အပေါင်းအသင်းလဲ စုံလာတယ်။ ဒီအရွယ် စူးစမ်းတတ်တဲ့ အရွယ်ပဲလို့ ခိုင် အလိုက်သင့် ကြည့်နေခဲ့မိတယ်။ ဒီလောက်ထိ ဖြစ်သွားလိမ့်မယ် မထင်ဘူး။

ခိုင့်အပြစ်တွေလဲ ပါပါတယ် မောင်ရယ်။

ခိုင်က ဒီတစ်နှစ် နှစ်နှစ်အတွင်းမှာ စီးပွားရေးကို ပိုလုပ်ရတယ်မောင်။ မောင်ကလဲ မရှိတော့ အိမ်ကိစ္စ၊ အပြင်ကိစ္စ အားလုံး ခိုင်တစ်ယောက်တည်း



ကြဲရတယ်။ အလုပ်အားတာနဲ့ အပြင်ထွက်ပြီး ဖြေရှင်းသင့်တာ ဖြေရှင်းရတယ်။ တစ်နေ့ကဆို တယ်လီဖုန်း ရုံးသွားရတယ်။ အမြွတ်တော်ကြေးရုံးကို သွားရတယ်။ နေ့မှာ အခန်းပြင်ဖို့ကိစ္စ လျှောက်လွှာ သွားတင်ရတယ်။ ပြီးတော့ ရပ်ကွက်ထဲက သာရေး၊ နာရေးဆိုလဲ ခိုင်ပဲ။ ခိုင်မှ မလုပ်ရင် ဘယ်သူလုပ်မလဲ။

မနက်ငါးနာရီ အိပ်ရာထကနေ ည ဆယ်နာရီ အိပ်ရာဝင်မှ နားရတာ မောင်။ ခိုင့်အလုပ်ခွင်က နေ့ ဆယ်နာရီက ည ခြောက်နာရီကျော်မှသိမ်းတယ်။ ကျန်တဲ့အချိန်မှာ အိမ်မှုကိစ္စ လုပ်ရသေးတယ်လေ။ ဘယ်မှာအားနိုင်ပါ့မလဲ မောင်ရယ်။

ဒါကြောင့် သားရဲ့ကိစ္စကို ပေါ့သွားမိတာ။ ခုလို အခြေအနေရောက်မှ သိရတော့တာပဲ မောင်။

"ကျွန်မ ကျွန်မ ရီပို့ကဒ် တစ်ခါမှမရခဲ့ဘူး ဆရာမ"

ဆရာမကို အားငယ်ငယ်နဲ့ ပြန်ပြောမိတယ်။

"ဒါပေမဲ့ သူဆိုင်းထိုးပြီး ပြန်ပေးထားတယ်၊ ဒီမှာကြည့်"

ရှက်လိုက်တာ မောင်ရယ်။ မိမိခိုင်ဆိုတဲ့ လက်မှတ်အတုဟာ ခိုင့်ကို လှောင်နေသလိုပဲ။ ခေါင်းထဲမှာ တဒိန်းဒိန်း ခုန်လာတယ်။ ဆရာမတစ်ယောက်ရဲ့ဘက်ကကြည့်ရင် ခိုင်ဟာ ဘယ်လောက် မိဘဝတ္တရားပျက်ကွက်တဲ့ မိန်းမတစ်ယောက်ဖြစ်နေပြီလဲ။ သားတစ်ယောက် ကွယ်ရာမှာ တေပေလေလွင့်နေတာကိုတောင် လျစ်လျူရှုနေနိုင်တဲ့ မိန်းမ၊ ဘာမှမသိတဲ့ မိန်းမတစ်ယောက်ဖြစ်သွားပြီ။ ခိုင်ဟာ ဘယ်တော့မှ သူများထက်ညံ့တယ်ဆိုတာ အဖြစ်ခံချင်တာမဟုတ်ဘူး။ ဘယ်နေရာမှာပဲဖြစ်ဖြစ် စံပြဖြစ်ချင်တယ်။ ခုတော့ ဒီတစ်ကွက်တည်းနဲ့ အားလုံးသွားပြီ။

"အဲဒါ ကျွန်မ မသိခဲ့ဘူး ဆရာမ"

ရှက်ရှက်နဲ့ပဲ ပြောရတယ်။

www.foreverspace.com.mm

"ကျွန်မတို့ လစဉ် ရီပို့ကဒ်ပို့တယ်၊ ဒီအတိုင်းဆို သူ စာမေးပွဲအောင်ဖို့ မလွယ်ဘူး၊ ပိုဆိုးတာက ကျောင်းပျက်ရက်တွေ သိပ်များနေတာပဲ၊ သူနဲ့ ပေါင်းတဲ့ ကလေးတွေလဲ ပျက်စီးတယ်၊ ကျောင်းအနေနဲ့လဲ ဒီနှစ်အောင်ချက် ကောင်းဖို့ ကြိုးစားနေတာ"

ဆရာမက စေတနာထက် အပြစ်တင်ရှုတ်ချမှုဘက် အလေးကဲနေတာ သတိထားမိတယ်။ "ဇိုလ်ဇိုလ်အောင်ကို ခေါ်လိုက်စမ်း" လို့ တခြား ကျောင်းသားတွေကို လှမ်းပြောတယ်။ ဇိုလ်ဇိုလ် မတုန်မလှုပ်နဲ့ ရောက်လာပြီလေ။ ဒီမှာ အမေတစ်ယောက်လုံး ခွေးဖြစ်နေပြီဆိုတာ သူ မသိဘူး။ ဇိုလ်ဇိုလ့်ကို မြင်လိုက်ရတော့ ခိုင့်ဒေါသတွေ ထိပ်ဆုံးကို ရောက်သွားတယ်။ သွေးက ခေါင်းထဲရောက်သွားပြီ။ အမြဲတမ်း သူများထက် သာရမယ်ဆိုတဲ့ မာနသွေးတွေလေ။

"ဇိုလ်ဇိုလ် မင်းဘာတွေလုပ်ထားတယ်ဆိုတာ မင်းအမေကို ပြောပြလိုက်ပါဦး"

အေးတိအေးစက် ဆရာမလေသံက ခိုင့်သွေးတွေကို ပိုပြီး ဆူစေတယ် မောင်ရယ်။ ခိုင်လေ ဘာကိုမှ မမြင်တော့ဘူး။ အမှားအမှန်ကို မမြင်တာလဲ ဖြစ်ချင်ဖြစ်မယ်။ လက်တစ်ဘက်က မြောက်တက်သွားပြီး သားရဲ့ နားသယ်စပ်ကို ဖြောင်းခနဲ ရိုက်လိုက်မိတယ်။

လွန်သွားပါတယ် မောင်ရယ်၊ အနှစ်နှစ်ဆယ်လောက် သိုင်းကစားလာတဲ့ လက်ပဲ။ ဘယ်ခံနိုင်ပါ့မလဲ။ သားဟာ ခွေခနဲ ကျသွားတယ်။

ဆရာမလဲ ကျက်သေသေပြီး ကြည့်နေတယ်။ ကျောင်းသားတွေလဲ ဝိုင်းအုံလာတယ်။

"ဇိုလ်ဇိုလ် ဇိုလ်ဇိုလ်၊ အန်တီ အန်တီ" ဆိုပြီး ဝိုင်းအော်ကြတယ်။ ဒီကလေးတွေဟာ သားဆီ မကြာမကြာ လာနေတဲ့ သားသူငယ်ချင်း အပေါင်းအသင်းတွေပဲ။ ပေါက်ကွဲနေပြီဖြစ်တဲ့ ခိုင်က သူတို့ဘက်လှည့်ပြီး အော်မိပြန်တယ်။



"မင်းတို့ဖယ်ကြ၊ မင်းတို့က အဖေနဲ့ အမေနဲ့ မိစုံဖစုံမွေးထားတဲ့ ကလေးတွေ၊ ငါ့သားမှာ အဖေမရှိဘူး၊ ငါ မုဆိုးမအဖြစ်နဲ့ မွေးကျွေး သွန်သင်လာရတာ၊ ငါ့သားကြောင့် မင်းတို့ ပျက်စီးရတယ်ဆိုရင် ငါ့သား ကို အခု ကျောင်းထုတ်သွားမယ်၊ ဖယ်ကြ"

ဒေါသဆိုတာ အခြေအနေကို သုံးသပ်ဖို့ မေ့တတ်စမြဲပါ။ ခိုင်ဟာ အမြဲပဲ အစွန်းရောက်အောင်ဖြစ်တတ်တာ မောင်လဲသိသားပဲ။ မပြောအပ် တာတွေ ပြောအပ်တာတွေ သတိမမူတော့ဘူး။

"ဟင် ဘာဖြစ်လာတာလဲ ထရီဇာ"

နူးညံ့တဲ့လက်တစ်ဘက်က ခိုင့်ပခုံးပေါ် ကျရောက်လာတယ်။ ခိုင်က မျက်ရည်ဝဲနေတဲ့ မျက်နှာနဲ့ လှည့်ကြည့်မိတယ်။ တီချယ် ဒေါ်ရသီကို မောင်သိတယ်မဟုတ်လား၊ အင်မတန် ပျော့ပျောင်းနူးညံ့တဲ့ ဆရာမပါ။ ခုတော့ မျက်နှာမှာ အရေးအကြောင်းတွေထင်နေပြီ။ အခုသူက ကျောင်းအုပ် ဆရာမကြီးလေ။

ခိုင်ဟာ ဘာမှ မပြောနိုင်ဘဲ မျက်နှာကို လက်ဝါးနဲ့အုပ်ပြီး ငိုချလိုက် မိတယ်။

သားကို သူငယ်ချင်းတွေက ဝိုင်းပြီးထူမနေတယ်။ ဆရာမလဲ ခုချိန်ထိ ငိုင်ပြီး ကြည့်နေတုန်းပဲ။

"ခိုင့်သားကိုလာခေါ်တာ တီချာ၊ သူ့ကို ကျောင်းထွက်လက်မှတ် ရေးပေးပါ"

"အို မဟုတ်တာကွယ်၊ ဆရာမ သူ့သိလား၊ ယူတို့နဲ့ ဆိမ်းမ်ဘက်ချ် လောက်ပဲဖြစ်မယ်။ ထရီဇာလုခိုင်လေ စပို့တ်စ်မှာ အတော်ဆုံးပဲ"

ဆရာမက ရောယောင်ပြီး ခေါင်းညိတ်ပြတယ်။

"သူ့ကို ကျောင်းထွက်လက်မှတ်သာပေးလိုက်ပါ တီချာ၊ သူ ကျောင်း မနေဘဲ ဆယ်တန်းအောင်အောင် ကျွန်မလုပ်ပေးမယ်"

"အို ထားရီဇာ၊ မင်းဟာ ငယ်ငယ်တုန်းကလိုပါပဲလား၊ စိတ်လိုက်မာန်ပါ မလုပ်နဲ့လေကွယ်"

ကိုယ့်ဆရာကို ရိုသေတဲ့အနေနဲ့ ဆက်ပြီး အတိုက်အခံမပြောဖို့ သတိဝင်လာတယ်။

"ဒီလိုဆိုလဲ အခု သူ့ကို ကျွန်မ ပြန်ခေါ်သွားမယ်"

မျက်ရည်တွေကိုသုတ်ပြီး သားလက်ကို ဆွဲလိုက်တယ်။ ဗိုလ်ဗိုလ့် မျက်နှာမှာလဲ မျက်ရည်တွေနဲ့ ဖူးရောင်လို့ပါ မောင်ရယ်။ အားလုံးကို ကျောခိုင်းပြီး ထွက်ခဲ့တယ်။

တစ်ချိန်ကလဲ နိုင်ဟာ ကျောင်းကနေ ကျောခိုင်းပြီး ထွက်လာရဖူးတယ် မောင်။

## ၂

နိုင်ဟာ အချိန်မတိုင်မီ ပွင့်လာတဲ့ ပန်းကလေးနဲ့တူတယ်လို့ ကိုကိုက ပြောဖူးတယ် မောင်။

ကိုကို့အကြောင်းကို သည်းခံပြီး နားထောင်ပါ မောင်ရယ်။ နိုင့်ဘဝမှာ ကိုကိုရဲ့အခန်းကဏ္ဍဟာ မပါလို့မဖြစ်ဘူး။ နိုင့်ရဲ့စိတ်တွေ မာကျောခက်ထန်လာတာ ကိုကို့ရဲ့ အများကြီးပတ်သက်တယ်။ ဒါပေမဲ့ နိုင့်ဘဝမှာ မောင့်ရဲ့ အခန်းကဏ္ဍက အကြီးမားဆုံး၊ အကြီးစိုးဆုံးပါ။ ဒါကို မောင် နားလည်နော်။

နိုင့်ဘဝကို ပထမဦးဆုံး စီမံချက်ဆွဲပေးခဲ့တာကတော့ ဖေဖေပဲ မောင်။ ဖေဖေဟာ ဘယ်လောက် ထက်မြက်မာကျောတဲ့ လူကြီးလဲဆိုတာ မောင် သိပြီးသားပဲ။ ပြီးတော့ ဖေဖေက သူဖြစ်စေချင်တာကို ဖြစ်အောင် လုပ်တတ်တယ်။ အဲဒီစိတ်ဓာတ်တွေ နိုင့်မှာလဲ ပါလာတယ်။

ဖေဖေ ဖြစ်စေချင်တဲ့ ဆန္ဒတွေက ဆန်းတော့ ဆန်းသားပဲ မောင်။ အဲဒီ ခေတ်ကာလက သမီး မိန်းကလေးဆိုတာ အိမ်ထဲမှာသာ ကျိုးကျိုးနွံနွံ

www.foreverspace.com.mm

ပိပိပြားပြား နေစေချင်ကြတဲ့ ခေတ်။ ဖေဖေကတော့ ဆန့်ကျင်ဘက်အရာတွေကို ပေါင်းစည်းပေးချင်တဲ့ဆန္ဒရှိတယ်။ ဣန္ဒြေသိက္ခာလဲ ရှိစေချင်တယ်။ အောင်မြင်ကျော်ကြားမှုလဲ ရစေချင်တယ်။ သာသနာပြုကျောင်းတွေထဲမှာ မြန်မာဆန်တဲ့ စိန့်မေရီကျောင်းမှာ နေစေပြီးတော့ အဲဒီအချိန်မှာ တော်ရုံလူကြီးမိဘက ခွင့်မပြုနိုင်တဲ့ မယ်ဗမာရွေးပွဲကို ဝင်စေချင်တယ်။

ကိုယ်လုံးကိုယ်ထည် ဖွံ့ဖြိုးစအချိန်မှာ အားကစားကို မနားမနေ လေ့ကျင့်နေခဲ့တာ ဖေဖေကြောင့်ပဲပေါ့မောင်။ မေမေဆိုတာကတော့ မပြောနဲ့လေ။ အင်မတန် အေးဆေးတည်ငြိမ်ပြီး အချိန်ရှိသရွေ့ အိမ်အလုပ်တွေကို ကျုံးလုပ်နေတဲ့ မိန်းမပဲ။ ဖေဖေလုပ်သမျှကို ဘာမှလဲ မကန့်ကွက်ဘူး။ ဘယ်တော့မှလဲ မဆန့်ကျင်ဘူး။ ဖေဖေအပါအဝင် သားသမီးငါးယောက်ရဲ့ ဝေယျာဝစ္စကိုသာ အချိန်ပြည့်လုပ်ပေးနေတာပဲ။ မေမေ အလုပ်လုပ်လွန်းလို့ မေမေ့အမေ ဘွားဘွားကတောင် ပြောဖူးတယ်။

"ဟဲ့ မိခင်ကြည်၊ နင် လုခိုင်ကလွဲပြီး နောက်ထပ် လင်လဲ မရနိုင်တော့ဘူး၊ ဒီလောက်တောင် အပင်ပန်းခံပြီး လုပ်မနေနဲ့"တဲ့။

ဒါကြောင့်လဲ ခိုင်တို့ မောင်နှမတွေဟာ ဖေဖေရဲ့ စီမံအုပ်ချုပ်မှု အောက်မှာသာ ကြီးပြင်းခဲ့ကြရတယ်။

ဆယ်ကျော်သက်အရွယ်မှာ ခိုင်ဟာ အောင်ဆန်းကွင်းကိုပတ်ပြီး မနားမနေ အပြေးလေ့ကျင့်ခဲ့ရတယ်။ ကိုယ်ကာယ သင်တန်းတက်ရတယ်။ သိုင်းကစားသင်ရတယ်။ပြီးတော့ ပန်တျာကျောင်းမှာ အကသင်ရတယ်မောင်ရယ်။ ကြံ့ခိုင်သန်စွမ်းပြီး ပျော့ပျောင်းနူးညံ့အောင် ဖေဖေက ပုံသွင်းပေးတယ်လေ။ ဒါကြောင့် ဖေဖေဟာ ဆန့်ကျင်ဘက်အရာတွေကို ပေါင်းစည်းပေးသူလို့ ပြောတာပေါ့။

ဖေဖေဟာ ခိုင့်ကို ရုပ်လေးတစ်ရုပ်လို သူလိုရာ ပုံသွင်းပေးခဲ့တယ်။

ဒါကြောင့် ကိုကိုကပြောတာပေါ့။ ခိုင်ဟာ အချိန်မတိုင်မီ ပွင့်လာတဲ့ ပန်းကလေးတဲ့။ ခိုင့်ရဲ့ ကိုယ်ခန္ဓာဟာ သူ့အရွယ်မှာ ရှိသင့်တာထက်ပိုပြီး



www.foreverspace.com.mm

ဖွံ့ထွားခဲ့တယ်လေ။ ဒါပေမယ့် ခိုင့်စိတ်က ပကတိ နူးညံ့ဖြူစင်ဆဲပါပဲ။ ခိုင့်မှာ လုပ်စရာတွေများလွန်းလို့ တခြား ဘာကိုမှလဲ စိတ်ဝင်စားချိန် မရှိခဲ့ဘူး။ ကျောင်းစာကိုတောင်အနိုင်နိုင် ကျက်မှတ်ခဲ့ရလို့ ခိုင်ဟာ စာမတော်ဘူး မောင်။ အထူးသဖြင့် သင်္ချာကို ခိုင် သိပ်ကြောက်တယ်။

သင်္ချာကို ကြောက်တတ်လို့သာ ခိုင်နဲ့ မောင် တွေ့ခဲ့ရတာပေါ့။

တကယ်တော့ ခိုင်နဲ့မောင်ဟာ ပထမဦးဆုံး တွေ့ခဲ့ရသူတွေပါ မောင်ရယ်။ မောင်နဲ့တွေ့စက ခိုင်ဟာ ပကတိဖြူစင်သန့်ရှင်းတဲ့ မိန်းမငယ်ငယ်လေးပါ။ ဘဝကုသိုလ်ကံကြောင့် ခိုင်နဲ့မောင် ဆုံစည်းခဲ့ရတဲ့ အချိန်မှာ ခိုင်ဟာ ရင့်ကျက်တဲ့မိန်းမကြီးတစ်ယောက် ဖြစ်နေရပေမယ့် အချစ်ကို စတင်ခံစားရချိန်မှာ ခိုင့်အသည်းနှလုံးမှာ မောင်ပဲရှိနေတာပါ။ ဒါကို တစ်လောကလုံးဘယ်သူမှ မသိနားမလည်ခဲ့ကြပါဘူး။ အဲဒါကို ပြောချင်လွန်းလို့ ဒီအကြောင်းတွေကို ပြန်ပြောရတာပါ မောင်ရယ်။

\+ + +

မောင် မှတ်မိလား။

ခိုင်ကတော့ ဘယ်တော့မှ မမေ့ဘူး။ မောင် ခိုင်တို့အိမ်ကို စပြီး ရောက်လာတဲ့နေ့လေ။ ခိုင်တို့က ဖေဖေ့အတွက်ရထားတဲ့ မီးရထားဝင်းထဲက အိမ်မှာနေတယ်။ မောင်တို့က သုံးဆယ့်နှစ်လမ်းထဲမှာ နေတယ်လေ။ မောင်တို့အိမ်ကထွက်ပြီး ဗိုလ်ချုပ်လမ်းမကြီးကို ကူးလိုက်ရင် ခိုင်တို့အိမ်ကို ရောက်နိုင်တာပဲ။ မောင် လာတာကတော့ ခိုင့်အစ်ကို ကိုကျော်ခိုင်နဲ့ ပတ်သက်လို့ပါနော်။ မောင်နဲ့အစ်ကိုနဲ့ကမှ သူငယ်ချင်းတွေ မဟုတ်လား။ ခိုင်ကတော့ ချာတိတ်မလေးပဲ ရှိသေးတာပါ မောင်ရယ်။

မောင်နဲ့တွေ့စကတော့ ခိုင် တော်တော်ပဲ ရှက်သွားမိတယ်။ ခိုင် ထမင်းခိုးစားနေတုန်း လူမိသွားတာကိုး။ ခိုင်က မကြာခဏ အစားခိုးစားတတ်

တယ်ကွယ်။ နိုင်က အစားလဲမက်တယ်။ နေ့စဉ် လှုပ်ရှားလောင်ကျွမ်းနေတဲ့ အင်အားတွေအတွက်လဲ အမြဲဆာလောင် မွတ်သိပ်နေတတ်တယ်။ အဲဒီနေ့က နိုင် မေမေမသိအောင် ပုန်းပြီး ထမင်းခိုးစားနေတာ။ လူသံကြားတော့ ထမင်းပန်းကန်ကို ယောင်ယမ်းပြီး ကြောင်အိမ်အောက်ထဲ ထိုးဖွက်လိုက်တယ်။ အဲဒါကို မောင်က မြင်သွားတယ်လေ။ ပြီးတော့

“ဟိတ် ကောင်မလေး၊ မင်းလုပ်နေတာလဲ” လို့ အော်တယ်။

မောင့်ကို နိုင် မမြင်ဖူးသေးဘူး။ မောင်ကလဲ နိုင်ကို အဲဒီနေ့ကမှ စမြင်ဖူးတာဆို။ နိုင့်အစ်မ ရီရီခိုင်ကိုတော့ မောင်က သိတယ်တဲ့။ ကိုကျော်ခိုင်မှာ ညီမတစ်ယောက်ရှိသေးတယ်ဆိုတာ မောင် မသိဘူးတဲ့။ နိုင်တို့က မိန်းကလေးကျောင်းမှာ နေတာဆိုတော့ သတိလဲမထားမိဘူး ထင်ပါရဲ့။

ပါးစပ်မှာ ထမင်းစေ့တွေကပ်နေလို့ လက်နဲ့သပ်ချရင်း မောင့်ကို ရှက်ကိုး ရှက်ကန်းကြည့်မိတယ်။

“အမလေး လန့်သွားတာပဲ၊ ဘယ်သူများလဲလို့”

“မင်းက ငါ့ကိုသိလို့လား”

“မသိပါဘူး၊ ဒါပေမယ့် သိပါတယ်၊ ကိုကိုကျော့်ဆီလာတာ မဟုတ်လား ဟွန်း”

မောင်က ရယ်နေတယ်။

“မင်း ဒီလိုပဲ ထမင်းခိုးစားနေကျလား၊ မင်းမေမေက မင်းကို ထမင်းမကျွေးဘူးလား”

မောင်က နိုင့်ကို ကလေးလိုပဲ စနေတယ်။ အရပ်မြင့်မြင့် ပိန်ပိန်ပါးပါးနဲ့ သဘောကောင်းပုံရတဲ့ မောင့်ကိုလဲ နိုင် ခင်သွားတယ်။ နိုင့်ရဲ့ အစ်ကိုတွေ၊ အစ်မတွေက နိုင့်ကို ဘယ်တော့မှ အလိုလိုက်တာ မဟုတ်ဘူး။ သူတို့ကို နိုင်က ကြောက်ရတယ်။ ဖေဖေက နိုင့်ကို ဦးစားပေးလွန်းတော့ သူတို့ကလဲ နိုင့်ကို မနာလိုကြဘူးလေ။



“ကျွေးပါတယ်နော် မေမေက၊ ဖေဖေ့ကိုကြောက်လို့ပါ၊ ဖေဖေက အစားတွေအများကြီးစားတာ မကြိုက်ဘူး”

ဖေဖေက အစားတွေအများကြီးစားရင် နိုင် ခါးကြီးတုတ်လာပြီး မယ်ရွေးပွဲဝင်ရမှာ မဟုတ်တော့ဘူး၊ ရုပ်ရှင်မင်းသမီးလဲဖြစ်မှာ မဟုတ်ဘူးလို့ ပြောတာကိုတော့ ထည့်မပြောမိတော့ဘူး။

“မင်းကို ငါ တစ်ခါမှ မမြင်ဖူးပါဘူး၊ မင်းက ကိုကျော့်ညီမ အရင်းကော ဟုတ်ရဲ့လား”

ဒီတစ်ခါတော့ နိုင် စိတ်ဆိုးသွားတယ်။ နိုင်က အိမ်သားတွေထဲမှာ အထွေးဆုံး၊ အားလုံးရဲ့ အချစ်ခံရဆုံး ဖြစ်ချင်နေတာကိုး။

“အိုး နိုင်က ဒီအိမ်မှာ ဖေဖေ့အချစ်ဆုံး သမီးပါနော်၊ သူ့ဘာသာ မသိတိုင်း”

မောင်ကတော့ တဟားဟား ရယ်နေတာပဲ။ အစ်ကိုကျော်လဲမရှိလို့ မောင်ပြန်သွားတယ်။ အဲဒီနောက် မောင်ဟာ နိုင်တို့အိမ်ကို ချောင်းပေါက်မတတ်လာနေတာပဲ မဟုတ်လားကွယ်။ အစ်ကိုကျော်မရှိလဲ မောင်လာတယ်။ ဖေဖေ မေမေတို့ကလဲ မောင့်ကို ခင်ကြတယ်လေ။ မောင်ဟာ နိုင်တို့ရဲ့ အိမ်သားတစ်ယောက် ဖြစ်မှန်းမသိ ဖြစ်လာတယ်။

ခုနစ်တန်းဖြေမယ့်နှစ်မှာ မယ်ရွေးပွဲတွေဖျက်သိမ်းလိုက်လို့ နိုင်လဲ မယ်ရွေးပွဲမဝင်ရတော့ပါဘူး။ ဒါပေမယ့် အားကစားကိုတော့ မှန်မှန် လေ့ကျင့်ရတယ်။ အောင်ဆန်းကွင်းကို မနက်တိုင်းထပြေးရတယ်ကွယ်၊ အခုတော့ နိုင့်မှာ အဖော်ရှိလာပြီ။ မောင်က မနက်တိုင်းနိုင့်ကို လာခေါ်ပြီး အတူတူပြေးကြတယ်လေ။ အစကတော့ မောင့်ကို သတိမထားမိပေမယ့် မောင်ကလဲ မောင်တို့ကျောင်းမှာ လက်ရွေးစင်အပြေးသမားတစ်ယောက်ဆိုတာ သိရတယ်။ နိုင်ကတော့ ဖေဖေခိုင်းလို့ ကျန်းမာရေးအတွက် ပြေးရတာပါ။ အဓိကကတော့ နိုင့်ကို လှစေချင်လို့ပါ။

ခိုင်နဲ့မောင်နဲ့ အဲဒီလို အတူတူသွားသွားလာလာနေခဲ့ရတဲ့ အချိန်ကလေးတွေဟာ သိပ်ကြည်နူးစရာကောင်းတယ် မောင်ရယ်။ ပကတိ ဖြူစင်သန့်ရှင်းပြီး ရင်ထဲမှာလည်း အေးချမ်းနေတာပဲ။ နှစ်သက်စရာ သိပ်ကောင်းတယ်။ ကျောင်းမှာ ခိုင့်သူငယ်ချင်းတွေက ခိုင်နဲ့မောင့်ကို တက္ကသိုလ်ဘုန်းနိုင်ရဲ့ သူငယ်ချင်းလို့ပဲဆက်၍ခေါ်မည်ခိုင် ဝတ္ထုထဲက ခိုင်နဲ့မောင့်လိုပဲ စကြတယ်။ ခိုင်ကလဲ တမင်ပဲ မောင့်ကို "မောင်"လို့ ခေါ်ခဲ့တယ်လေ။

မေင်ကလဲ ခိုင့်ကို အရိပ်တကြည့်ကြည့်နဲ့ နေခဲ့တာပဲ။ ဖေဖေကလဲ မောင့်ကို ယုံကြည်စိတ်ချစွာနဲ့ ခိုင့်ကို ကြည့်ရှုစောင့်ရှောက်ဖို့ အပ်တယ်။ ဖေဖေက ခိုင့်ကို ရုပ်ရှင်စရိုက်ဖို့ ကြိုးစားနေပြီလေ။ ဖေဖေက ဘယ်လောက်ရည်ရွယ်ချက်ထားလဲ မောင်ရယ်။ ခိုင်ဟာ ထိပ်တန်းမင်းသမီးတစ်လက်ဖြစ်လာရမယ်လို့ မျှော်မှန်းထားတယ်။ ခုနစ်တန်းကျောင်းသူဆိုပေမယ့် ခိုင်က သိပ်ထွားကျိုင်းနေပြီလေ။

ခိုင်ကတော့ ဖေဖေ့အလိုက ပုံသွင်းလို့ရတဲ့ ဖယောင်းရုပ်ကလေးပါပဲ။ ဖေဖေ့ကို ခိုင်က အထင်ကြီးတယ်။ အားကိုးတယ်။ ချစ်တယ်။ ဖေဖေဖြစ်စေချင်တာတွေ ဖြစ်ရမယ်လို့ ဆုံးဖြတ်ပြီး ဖေဖေချပေးတဲ့ လမ်းအတိုင်းလျှောက်ခဲ့တာပါပဲ။

အဲဒီနှစ် စာမေးပွဲဖြေအပြီးမှာ ပြင်ဦးလွင်ကိုတက်ပြီး ရုပ်ရှင်ရိုက်ရတယ် မောင်။

ဖေဖေကိုယ်တိုင် ဘေးကနေ ကြပ်မတ်ပြီး အစအဆုံးရိုက်တာ။ ဖေဖေကိုယ်တိုင်က ရုပ်ရှင်ကို အလွန်ဝါသနာပါတော့ ကုမ္ပဏီမှာ အစရှယ်ယာလဲ ပါတယ်လေ။ ခိုင်ကလဲ ဖေဖေ့ဆန္ဒအတိုင်း လုပ်တယ်။ ခိုင်ကိုယ်တိုင်ကလဲ ဝါသနာပါတယ်။ ဘာမဆိုဖြစ်အောင်လုပ်ရမယ့် ဗွဲသတ္တိလဲ ဖေဖေ့ဆီက အမွေရထားတယ်။ "သက်ဆုံးတိုင်" ဇာတ်ကားဟာ အောင်မြင်တယ် မောင်။



မောင်သိတဲ့အတိုင်း ခိုင်ဟာ ဆယ့်ခုနစ်နှစ်သမီးမှာ ရုပ်ရှင်ရိုက်ခဲ့ရတာ။ ဒါပေမယ့် ခိုင်က ထွားကျိုင်းတော့ မင်းသမီးတွေနဲ့ အပြိုင်ပါပဲ။ ဝင့်ဝါပြီးပြောတာ မဟုတ်ပါဘူး မောင်။ အဲဒီအချိန်မှာ နာမည်ကြီးနေတဲ့ မင်းသမီး ခင်ယုမေတို့၊ ဝါဝါဝင်းရွှေတို့နဲ့လဲ ခိုင်က ရုပ်ချင်းဆင်တယ်။ ပြီးတော့ ရုပ်ရှင်တစ်ကား စရိုက်နေတဲ့ ချိုပြုံးနဲ့လဲ ဆင်တယ်။ နာမည်ကြီး မင်းသား၊ မင်းသမီး ဦးထွန်းဝေတို့၊ ခင်သန်းနုတို့နဲ့ တွဲရိုက်ခဲ့ရတာ။ ရုပ်ရှင်ကို အစိမ်းသက်သက် စရိုက်ရပေမယ့် ခိုင် အားလုံးကို ဖြစ်အောင်လုပ်နိုင်ခဲ့ပါတယ်။

မောင် မှတ်မိလား။ ခိုင်က အဲဒီဇာတ်ကားထဲမှာ လူဆိုးမလေးလေ။ ခိုင်က သူဌေးသမီး၊ မာနခဲ၊ ဆိုးရွယ်ကျူတယ်၊ ဓေတ်ဆန်တယ်ပေါ့ မောင်ရာ။ ဦးထွန်းဝေနဲ့ ဘုဘောက်ကျရတာတွေလဲ ပါတာပေါ့။ သိပ်ရယ်ရတယ်။ ခိုင်ကတော့ ရန်တွေ့တဲ့အခန်းလဲ ပိုင်အောင်လုပ်တယ်။ ဒါရိုက်တာ ဦးစံလွင်ကပြောတယ်။ ခိုင်နဲ့မင်းသမီးကြီး သီတာခင်ထွေးကိုလေ။ နင်တို့ သားအမိနှစ်ယောက် ဒီအခန်းရိုက်ပြီးရင် ငါးစိမ်းတန်းကို တန်းသွားတော့တဲ့။

ခိုင်က ငိုစရာရှိလဲ ငိုတာပဲ။ မျက်ရည်အတု မလုပ်ရပါဘူးမောင်ရယ်။ ခိုင် အငိုလွယ်တာ မောင်အသိပဲ။ ဟင်း၊ ကြားဖြတ်ပြီး ပြောရဦးမယ်။ ခိုင်က ရုပ်ရှင်ကြည့်ရင်လည်း လွမ်းခန်းပါရင် ငိုတတ်တယ်။ တလောက သူငယ်ချင်း နီတာတို့ ဂျင်နီတို့နဲ့ ရုပ်ရှင်သွားကြည့်တယ်။ သူတို့က အင်္ဂလိပ်ကား ကြည့်ချင်တာ။ ခိုင်ပူဆာလို့ မြန်မာကား ဝင်ကြည့်ကြတယ်။ ဇာတ်ကားလကဲ သူတို့ပြောလဲ ပြောစရာ။ ညံ့ပါတယ်။ ဒါပေမယ့် ခိုင်က ငိုစရာအခန်းပါတော့ ငိုတာပဲ။ အဲဒါ သူတို့က ဇာတ်ကားက ညံ့ရတဲ့အထဲ သူက ငိုရသေးတယ်ဆိုပြီး ဝိုင်းဟားကြတယ်လေ။

အဲဒီ ဇာတ်ကားမှာ ခိုင်သေရတယ် မောင်ရယ်။ ခိုင်လေ အခုအသက် သုံးဆယ်ကျော်လာပြီ။ မသေချင်သေးပါဘူး မောင်ရယ်။ ခိုင့်မှာ

မျှော်လင့်အားထားစရာ သားကြီးရှိတယ်။ ခိုင့်သား။ အင်းလေ ခိုင့်သားဆိုတော့ မောင့်သားပဲပေါ့။ ပြီးတော့ ခိုင်နဲ့ မောင့်သမီး မိပုံ့ကလေးက အငယ်လေး ရှိသေးတာ။ သေလို့ ဘယ်ဖြစ်ဦးမလဲနော်။

ဒါပေမယ့် ခိုင့်မှာ နှလုံးရောဂါလဲရှိနေပြီ။ ပြီးတော့ ခု သွေးလဲတိုးနေတယ်တဲ့။ ဒေါက်တာမြမြကြည်က ပြောတယ်။

"မိခိုင်၊ ညည်းအားကစားမှန်မှန်လုပ်နေလို့သာ အသက်ရှည်နေတာ၊ နို့မဟုတ်ရင် အခက်ပဲ"တဲ့။

ဟုတ်တယ်။ ခိုင်က အမြဲလှုပ်လှုပ်ရှားရှားနေရမှ နေကောင်းတယ်။ ငြိမ်ငြိမ်လေးနေလိုက်ရင် ရောဂါပေါ်လာရော။ ဗိုလ်ဗိုလ့်ကိစ္စနဲ့ ပတ်သက်ပြီး ခိုင် စိတ်ခုတ်ကျလို့ တစ်ပတ်လောက် အိပ်ရာထဲလဲသွားတယ်။ အဲဒါနဲ့ သွေးတိုးလာတာပဲ ထင်တယ်။ ခိုင်က သွားလာလှုပ်ရှားနေရရင် ဘာမှ မဖြစ်ဘူး။

ခိုင် ရုပ်ရှင်ရိုက်တဲ့အကြောင်း ပြောရဦးမယ်။ တကယ်တော့ ခိုင့်ရဲ့ ရုပ်ရှင်မင်းသမီးဘဝဟာ ခဏလေးပါ။ ခိုင့်ရဲ့ အောင်မြင်ကျော်ကြားမှုကံဇာတာဟာ အဲဒီအချိန်ပိုင်းမှာ ခဏလေးပဲရပ်တည်ခဲ့ရတယ်။ ဘာကြောင့်လဲဆိုတော့ မောင်သိပါတယ်။ နောက်ပိုင်းမှာ ခိုင့်ဘဝကို နှလုံးသားရေးရာတွေက စိုးမိုးအနိုင်ယူခဲ့တာကိုး။ ခိုင်ဟာ အရာရာမှာမာကျောသလောက် နှလုံးသားရေးရာကိစ္စနဲ့ ပတ်သက်လာရင် သိပ်ပြီး ပျော့ညံ့ခဲ့မိတာကိုးကွယ်။

ပြောခဲ့သလိုပဲ ခိုင့်ရဲ့ ပထမဆုံးနဲ့ နောက်ဆုံး၊ ပြီးတော့ တစ်ကားတည်းသော ရုပ်ရှင်ဟာ အောင်မြင်ခဲ့ပါတယ်။ သတင်းစာတွေ၊ စာနယ်ဇင်းသမားတွေကလဲ ချီးကျူးကြတယ် မောင်။ ခိုင့်ကို မင်းသမီးဖြစ်ပြီလို့ အားပေးလက်ခံခဲ့ကြတယ်။ ဒါပေမယ့် ခိုင် မင်းသမီးမဖြစ်ခဲ့ရပါဘူး။

ခိုင့်ရဲ့ဘဝမှာ အဖြစ်အပျက်တွေက ရှေ့ကချည်းသွားနှင့်တာကိုး။ ကံကြမ္မာက ရှေ့ကသွားပြီး ခိုင်က နောက်က လိုက်နေရတယ်။

ကိုကိုပြောသလိုပဲ ခိုင်က အချိန်မတိုင်မီ ပွင့်ခဲ့ရတာကိုး။



ဖေဖေ့ကို အပြစ်မတင်ချင်ဘူး မောင်။ ဖေဖေက ခိုင့်အပေါ် ဘယ်လောက် မျှော်လင့်အားထားတယ်ဆိုတာ ခိုင် အသိဆုံး။ နောက်ဆုံး ဖေဖေ မျှော်လင့်တဲ့အချိန်ထိ ခိုင် မစောင့်နိုင်ခဲ့တာသာ ခိုင့်အမှား။ ဘဝတစ်ခုလုံးအတွက် အမှား။ ပြင်လို့မရတော့တဲ့ အမှားပါပဲ။

ပထမဆုံး ပြဿနာကတော့ ခိုင်ဟာ ဆယ်ကျော်သက် ကျောင်းသူလေးမျှသာ ဖြစ်နေသေးတဲ့အချက်ပဲ။ အဲဒီနှစ်မှာမှ ခိုင် ရှစ်တန်းဖြေရတယ်လေ။ စာမေးပွဲကြီးမတိုင်မီ ဆရာမကြီးက ခိုင့်ကို ခေါ်တွေ့တယ် မောင်။

"ထရီဇာလှခိုင်၊ မင်း ရုပ်ရှင်မင်းသမီးလုပ်မှာလား၊ ကျောင်းဆက်နေမလား"တဲ့။

ခိုင်တို့ ဆရာမကြီးအကြောင်း မောင် သိပါတယ်နော်၊ အင်မတန်စည်းကမ်းကြီးပြီး ထက်မြက်တည်ကြည်တဲ့ ဆရာမကြီးပဲ။ သာသနာပြုကျောင်းကို အုပ်ချုပ်နေရပေမယ့် အလွန် မြန်မာဆန်တာကလား။ လုံချည်ရှည်ရှည်ဝတ်ရတယ်။ အင်္ကျီရင်ဖုံး လက်ရှည်ဝတ်ရတယ်။ မိန်းကလေးပီသအောင် ဆုံးမတယ်။

"မင်းတို့အိမ်ကို ဆရာမက အချိန်မရွေးလာလည်မှာနော်၊ မင်းတို့အိမ်က ကော်ဖီပန်းကန်မှာ ချေးတွေတင်နေတာ ဆရာမ မမြင်ချင်ဘူး" တဲ့။

အဲဒီလို ဆရာမကြီးပါ မောင်ရယ်။ ခိုင်ဟာ ကျောင်းကပွဲတိုင်းမှာ ပါခဲ့တယ်။ နှစ်စဉ် ပြေးခုန်ပစ်မှာ ဗိုလ်စွဲတယ်။ သိုင်းကစားတယ်။ ရေကူးတယ်။ နောက် ရုပ်ရှင်ရိုက်တယ်။ ထရီဇာလှခိုင်ဆိုတာ မသိသူမရှိပါဘူး။ ဒါပေမယ့် ခိုင် တစ်ချိန်ကခတ်စားခဲ့တဲ့ ပါတီပွဲတွေ ကပွဲတွေကို တစ်ခါမှ မတက်ခဲ့ဖူးဘူး မောင်။

ဆရာမကြီးရဲ့ သတိပေးချက်ကို ဖေဖေ့ကို ပြောပြတော့ ဖေဖေက

"ငါ့သမီး ကျောင်းဆက်နေ၊ ဆယ်တန်းမြန်မြန်အောင်အောင်လုပ်၊ ပြီးရင် ရုပ်ရှင်မင်းသမီးပဲ လုပ်ရမယ်"တဲ့။

ဖေဖေ့ ဆန္ဒအတိုင်းဖြစ်အောင် ခိုင် ကြိုးစားရပြန်တယ် မောင်ရယ်။

အဲဒီနှစ်မှာ မောင် တက္ကသိုလ်ရောက်တယ်နော်။

အဲဒီနှစ်မှာပဲ ခိုင့်ဘဝမှာ မထင်မှတ်တဲ့ ဘဝအလှည့်အပြောင်းကို ရောက်ခဲ့ရတာပါပဲ မောင်ရယ်။

\+ \+ \+

ခိုင့်ဘဝမှာ ကိုကိုနဲ့ပတ်သက်ရင် အားနည်းချက် အမြဲရှိခဲ့ပါတယ်။ ခိုင်ဝန်ခံပါတယ် မောင်။

ဒေါက်တာ ဖြိုးဝေကျော်ဆီက ပြန်လာပြီး နောက်တစ်နေ့ ခိုင်မြေနီကုန်းဘက်ရောက်တယ် မောင်။ ခိုင့်ဘဝက နေမကောင်းဘူးဆိုပြီး နားနားနေနေ နေလို့လဲမရဘူးလေ။ ခိုင်က အလုပ်လုပ်နေရတယ်။ မလုပ်လို့လဲမဖြစ်ဘူး မောင်။ မောင်ပို့တဲ့ ဒုတိယအတွင်းဝန်လစာဟာ ခိုင့်လက်ထဲကို အကုန်ရောက်တာမှ မဟုတ်ဘဲ။

မောင်သွားပြီးကတည်းက ခိုင့်ရဲ့ ကိုယ်ကာယအလှသင်တန်းက ပိုပြီး အောင်မြင်လာတယ် မောင်။ အောင်မြင်အောင်လဲ ခိုင်ကြိုးစားတယ်။ ငယ်ငယ်ကတည်းက ဖေဖေပြုစုပျိုးထောင်ပေးခဲ့တဲ့ အားကစားနည်းတွေဟာ ခုတော့ခိုင်ဘဝရဲ့ ရပ်တည်မှုအသက်မွေးကြောင်း ပညာရပ်ဖြစ်လာရတာပဲ။

မြေနီကုန်းကိုသွားတာ ခိုင့်လုပ်ငန်းအတွက် လိုအပ်တဲ့ပစ္စည်းတွေ သွားဝယ်တာပါ။ ကစားဖို့ ဝိတ်ပြားတွေ သွားဝယ်တာ။ ခုဆို တစ်လ တစ်လ ခိုင့်မှာ သင်တန်းသား သုံးဆယ်ကျော်လောက် အမြဲရှိတယ်။ အကူ လက်ထောက် တစ်ယောက် ခန့်ထားရတယ်။



တွင်ခုံမှာလိုအပ်တဲ့ ဝိတ်ပြားအရွယ်အစားတွေ အပ်နှံမှာကြားပြီး ပြည်လမ်းမကြီးဘက် ထွက်လာခဲ့တယ်။ အဲဒီမှာ ကိုကိုနဲ့ တွေ့တာပဲ။

ကိုကို့ရဲ့ ဒုတ်ဆန်းကားပြာပြာလေးက ခိုင့်ဘေးက လျှောခနဲ ဖြတ်သွားတယ်။ ခိုင် သိလိုက်ပါတယ်။ ဒါ ကိုကိုပဲဆိုတာ။ ကိုကို မြို့ဆင်ခြေဖုံး ဆေးရုံကြီးတစ်ခုမှာ ဆရာဝန်ကြီးအဖြစ် အမှုထမ်းနေတာ၊ ကလေးနှစ်ယောက်ကို စီမံကိန်းနဲ့ အကွက်ချမွေးပြီး စာတော်အောင်ပြုစုပျိုးထောင်ပေးနေတာ၊ ဆိတ်ငြိမ်ရပ်ကွက်တစ်ခုမှာ ခေတ်မီအိမ်တစ်လုံးထပ်ဆောက်တာ ခိုင်အားလုံး သိနေခဲ့ပါတယ်။ ကိုကိုက ဆရာဝန်မဖြစ်ခင်ကတည်းက မိဘက ပြည့်စုံကြွယ်ဝတယ်မဟုတ်လားကွယ်။ ပြီး ကိုကို့ဇနီးဘက်ကလဲပြောစရာမလိုဘူးလေ။ ဆွေချင်းထပ်လို့ မြတ်ခဲ့ကြတာပဲ။ ခိုင်သာ ကိုကို့ရဲ့ အိမ်ထောင်ရေးကျားကွက်မှာ တစ်ကွက်အစားခံခဲ့ရတာ မဟုတ်လား။

ကိုကိုနဲ့ပတ်သက်ရင် နာကျည်းချက်ရှိနေတတ်တာကိုလဲ ခွင့်လွှတ်ပါဦး မောင်။ ခိုင်လဲ မောင့်အချစ် အေးသီတာနဲ့ ပတ်သက်ရင် အမြဲခွင့်လွှတ်နေရတာပါပဲ။

ကိုကို့ရဲ့ကားက နောက်ပြန်ဆုတ်လာတယ် မောင်။ ခိုင် ခေါင်းငုံ့ပြီး လမ်းလျှောက်နေပေမယ့် ကိုကိုက ခိုင့်ကိုမြင်တယ်။ ခိုင်လဲ ယောင်ယမ်းပြီး ခြေလှမ်းတွေကိုရပ်လိုက်မိတယ်။ ကိုကို့ကိုလဲ စိတ်ထဲက နှုတ်ဆက်မိတယ်။

"မိခိုင် ဘယ်က ပြန်လာတာလဲ၊ တစ်ယောက်တည်းပါလား"

ကိုကို့အပြုံးက နွေးနွေးထွေးထွေးပါပဲ။ ကိုကိုက ဟန်မပျက် စကားပြောတတ်တဲ့နေရာမှာ နှစ်ယောက်မရှိဘူးမောင်၊ သိပ်တော်တယ်။ ခိုင်သာ တစ်ခုခု ခံစားရရင် ဟန်မဆောင်နိုင်ဘဲ မျက်နှာပျက်နေတတ်တာ။

"တစ်ယောက်တည်းပါပဲ ကိုကို၊ ကိစ္စလေးတစ်ခုရှိတာနဲ့"

ကိုကိုနဲ့တွေ့ရင် ခိုင်ဟာ အမြဲ ပျော့ညံ့အားငယ်သွားတတ်တယ်။ ဘယ်လောက်ပဲ ကိုယ့်ကိုယ်ကို ရင့်ကျက်တည်ငြိမ်တဲ့ မိန်းမကြီးတစ်ယောက်

www.foreverspace.com.mm

www.foreverspace.com.mm

အဖြစ် ရပ်တည်လှုပ်ရှားနေပေမယ့် ကိုကိုရှေ့ရောက်ရင် အလိုလို သေးငယ်သွားတော့တာပဲ။

‘မိနိုင် အိမ်ပြန်မှာလား၊ လိုက်ခဲ့လေ ကိုကို လိုက်ပို့ပေးမယ်’

ကိုကို ဘယ်ကလာသလဲလို့ မမေးမိဘူး။ ဒီနားမှာ ကိုကို့အမျိုးတွေ ရှိတယ်လေ။ ကိုကိုက ဟန်မပျက် ကားကြုံခေါ်တာကိုလဲ အံ့သြမိတယ်။ ချက်ချင်းပဲ နိုင့်ရဲ့ မာနတရားက ဝင်ရောက်လာတယ်။ နိုင်က ခြေလျင်လျှောက်နေပေမယ့် နိုင်ဟာ အရင်ကလို ပီဘိ ကျောင်းသူငယ်ငယ်လေး၊ နှလုံးသားရေးရာနဲ့ ပတ်သက်လာရင် နုနယ်ပျော့ပျောင်းလှတဲ့ ဆယ်ကျော်သက်မလေး မဟုတ်တော့ဘူးလေ။

‘နေပါစေကိုကို၊ လမ်းထိပ်ရောက်ရင် နိုင် တက္ကစီရမှာပါ’

ကိုကိုက အေးအေးဆေးဆေး ကားကို စက်သတ်ထားတယ်။

‘စကားလဲပြောချင်လို့ပါ နိုင်ရယ်၊ ဟိုကောင်ကြီး ဖြိုးဝေကျော်က မနေ့ကပဲ ဖုန်းဆက်တယ်၊ မိနိုင် နေမကောင်းဘူးတဲ့၊ နေမကောင်းဘဲနဲ့ လျှောက်သွားနေရသလားကွာ’

ကိုကိုက အဲဒီလို အပြောအဆိုလေးတွေတော့ ကျွမ်းတယ်။ နိုင် နေမကောင်းတာ ကိုကိုနဲ့ဘာဆိုင်သလဲလို့ ပြောလိုက်ချင်တယ်။ စကားသံတော့ ထွက်မလာဘူး။ ရင်တွေပဲ တဒိန်းဒိန်းခုန်လာတယ် မောင်ရယ်။ နှလုံးခုန်သံတွေများလား မသိဘူး။ မျက်နှာမှာလဲ ချွေးတွေ ပြန်လာတယ်။

‘မိနိုင်က အလုပ်လုပ်နေရတာ ကိုကို၊ အလုပ်ရှိတော့ သွားရတာပဲ၊ ကိုကိုတို့လို သက်သောင့်သက်သာ မနေနိုင်ပါဘူး’

‘ဟော မိနိုင်က ရန်တွေ့နေတာကိုး၊ ကိုကိုလဲ သက်သောင့်သက်သာ မနေရပါဘူး မိနိုင်ရာ၊ ယောက္ခမအလိုကျ၊ မိန်းမအလိုကျ ပိုတောင် အလုပ်လုပ်ရသေးတယ်၊ ဟင် မိနိုင်၊ မင်းကြည့်ရတာ နေကောင်းပုံမရဘူး၊ လာ ကိုကို့ ကားပေါ်တက်၊ စေတနာနဲ့ပါ နိုင်ရာ၊ ကိုကို ကိုက်မစားပါဘူး၊ ကိုကို လူကြီးတစ်ယောက်ဖြစ်နေပါပြီ၊ ယုံပါ’



www.foreverspace.com.mm

ကိုကိုက စိုးရိမ်မကင်းတဲ့ မျက်နှာနဲ့ကြည့်ပြီး တကယ် အလေးအနက်ခေါ်နေတယ်။ နိုင်လဲ စဉ်းစားတယ်။ လိုက်သင့် မလိုက်သင့်။ ခေါင်းကလဲ မူးလာသလိုပဲ မောင်ရယ်။ ဒါပေမယ့် မောင်မရှိတဲ့အချိန် နိုင်က ကိုကို့ကားနဲ့ မလိုက်သင့်ဘူးနော်။ နိုင့်မှာ အစစအရာရာ ဆင်ခြင်နေရတာ။ မျက်လုံးပေါင်းများစွာက နိုင့်ကို စောင့်ကြည့်နေကြတယ် မဟုတ်လား။ မောင့်ဘက်က မျက်လုံးတွေလေ။

‘မလိုက်ပါရစေနဲ့ ကိုကို၊ နိုင်က ဆယ်ကျော်သက်မလေး မဟုတ်တော့ဘူး၊ အရာရာကို ချင့်ချိန်ရတဲ့ မိန်းမကြီးဖြစ်နေပြီ။

‘ပြောချင်တာလေးတွေ ရှိနေလို့ပါ မိနိုင်ရယ်’

‘သိပ်အများကြီးတော့ ရှိနိုင်မယ် မထင်ပါဘူး ကိုကိုရယ်၊ ပြောစရာရှိလဲ ဒီမှာပြောပေါ့’

ကိုကိုက ကားကို လမ်းဘေးထိုးရပ်လိုက်တယ်။ နိုင်က ကားဘေးမှာ ရပ်နေရတယ်။ ကိုကိုက ကားပေါ်ကဆင်းလာပြီး ကားဘေးမှာမှီရပ်နေတယ်လေ။ စီးကရက်တစ်လိပ်ကိုလဲ အေးအေးဆေးဆေး ထုတ်ဖွာလိုက်သေးတယ်။

နိုင်တော့ ဒီလောက်လေး ရပ်နေတာကိုပဲ တစ်ယောက်ယောက် မြင်သွားမှာ စိုးလိုက်တာ မောင်ရယ်။ နိုင်လေ အရာရာကို စိုးရိမ်ထိတ်လန့် ကြောက်ရွံ့နေရတာ ကြာပါပြီ။ အထူးသဖြင့် နှလုံးသားရေးရာနဲ့ ပတ်သက်လို့ပေါ့။

‘ကိုကို မိနိုင်ကို တောင်းပန်စရာတွေ ရှိနေတယ်၊ တစ်ချိန်က မိနိုင်ကို ဘာမှ လေးလေးနက်နက်ထားမှာမဟုတ်တဲ့ မိန်းကလေး၊ ရပ်ရှင်မင်းသမီးပေါက်စ၊ သိပ်ပြုလာဖြစ်ပြီး ပေါ့ပေါ့တန်တန်နေသွားမယ့် ကောင်မလေးတစ်ယောက်လို့ပဲ ထင်ခဲ့တယ်၊ အိမ်ထောင်ကို ဦးစီးဦးဆောင်ပြုပြီး ထိန်းသိမ်းကွပ်ကဲတတ်မယ့် မယားကောင်းတစ်ယောက်ကိုသာ ကိုကို

www.foreverspace.com.mm

က လိုချင်ခဲ့တာကိုး၊ ကိုကို့ဘဝမှာ ဆုံးဖြတ်ချက်တစ်ခုမှားခဲ့တာ ဘဝတစ်ခုလုံးရဲ့ အမှားပဲမိနိုင်”

ကိုကိုက မိနိုင်အပြောကို မစောင့်ပါဘူး။ သူ့ဘာသာ တစ်ယောက်တည်း ညည်းတွားပြောဆိုနေတယ်။

“ခုတော့လဲ မိနိုင်က အရာရာကို လုပ်နိုင်ကိုင်နိုင်တဲ့ မိန်းမတစ်ယောက်ဖြစ်နေတာကိုး၊ ဒါနဲ့ မိနိုင်ရဲ့ ငယ်ကျွမ်းဆွေ လင်တော်မောင်ကြီးကော ဘယ်တော့ပြန်လာမှာလဲ၊ ကိုကိုက သတိရတယ်လို့ ပြောလိုက်ပါကွာ”

“တစ်နှစ်လောက် နေရဦးမယ် ထင်တယ်၊ ကိုကိုကော အင်္ဂလန်ကို သွားရမယ်ဆို”

နှုတ်က လွှတ်ခနဲထွက်သွားမိတယ်။ ကိုကိုနဲ့ပတ်သက်လာရင် နိုင်သိနေတယ်ဆိုတာ ကိုကို သိသွားပြီပေါ့။

“ဟုတ်တယ် မိနိုင်၊ ဒီမှာ မိနိုင် မင်းကတော့ ကိုမောင်မောင်မြင့်နဲ့ရတာ သိပ်ကံကောင်းတာပဲ၊ တကယ်တော့ မိနိုင်နဲ့ အသင့်လျော်ဆုံးဟာ ကိုမောင်မောင်မြင့်နဲ့ပဲ၊ ကိုကိုတော့ ထင်တာတွေတစ်ခုမှ ဖြစ်မလာခဲ့ဘူး၊ လွှင်လွှင်ဟာ မိန်းမ မပီသဘူး မိနိုင်၊ မိနိုင်လောက်တောင်မှ…”

“အို ကိုကို ဒါတွေ မိနိုင်ကို မပြောပါနဲ့၊ မိနိုင် ခုလို စကားရပ်ပြောတာတောင် လွန်လှပြီ၊ မိနိုင် သွားတော့မယ်”

နိုင်က တုန်တုန်ယင်ယင်နဲ့ ပြောမိတယ်။ ကိုကို ကားပေါ်ပြန်တက်သွားတယ်။ ကားတံခါးပိတ်ပြီးမှ စတီယာရင်ကိုကိုင်ပြီး ပြောတယ်။

“မိနိုင်ဟာ ကလေးပဲရှိသေးတာကိုး၊ မင်းကို ကိုကို အင်္ဂလန်ကို ခေါ်သွားချင်လိုက်တာကွယ်၊ မိနိုင်နဲ့ဆို သိပ်ပျော်မှာပဲ”

“တော်ပါတော့ ကိုကိုရယ်”

ကိုကိုက ဣန္ဒြေမပျက် ကားကိုမောင်းပြီး ဆက်ထွက်သွားတယ်။ ကိုကိုကလဲ အရင်ကအတိုင်းပါပဲ။ သူပြောချင်တာကို ပြောတယ်။ နိုင့်ကိုလဲ



ကလေးလို ဆက်ဆံတုန်းပဲ။ အင်းလေ နိုင်ကလဲ ကိုကိုနဲ့ပတ်သက်လာရင် ကလေးသာနေတုန်းပဲကိုး။

အဲဒီညနေ ဆေးခန်းကို ထပ်သွားရပြန်တယ် မောင်။

နိုင် ဆေးခန်းကိုရောက်တော့ ဒေါက်တာ မြမြကြည် ပြန်ရောက်နေတာ တွေ့ရတယ်။

“ဟိတ် လာစမ်းမိနိုင်၊ မင်းအကြောင်း ကိုယ်ကြားပြီးပါပြီ၊ အလုပ်တွေသိပ်လုပ်ပြီး ပရက်ရှာတွေ တက်နေပြန်ပြီလား၊ ဟဲဗီးအိမ်ဆာဆိုက် မလုပ်ရဘူးလို့ မင်းကို ပြောထားတယ် မဟုတ်လား”

ဒေါက်တာမြမြကြည်က ပွင့်ပွင့်လင်းလင်းနဲ့ သိပ်ဖော်ရွေတယ်။ ဆေးကျောင်းမှာကတည်းက နိုင့်ကို ကိုကိုနဲ့ ပတ်သက်ပြီး သိနေတာ၊ တွေ့ရင်လဲ အမြဲစတယ်၊ ငယ်ငယ်လေးနဲ့ အလုပ်မျိုးစုံလုပ်တဲ့ ကောင်မလေးလို့လဲပြောတယ်။ မင်းသမီးလေးလို့လဲ ချစ်စနိုးခေါ်တတ်တယ်။

“ခုတော့ နှလုံးတွေခုန်လာတယ် မမမြရယ်”

“ဟင် ဟုတ်လား၊ အိပ်ရာပေါ်တက်စမ်း၊ နှလုံးခုန်တာ ရိုးရိုးပဲလား၊ ကိုကိုနဲ့များ တွေ့လာလို့လား”

“မမမြ ဝမ်းထဲ ပုဏ္ဏားလေးရှိတယ် ထင်တယ်”

နိုင်က လူနာခုတင်ပေါ် လှဲလိုက်တယ်။

ဒေါက်တာ မြမြကြည်က နိုင့်ကို သေသေချာချာ စီးကြည့်တယ်။

“တကယ်လား ချာတိတ်မ၊ ပြောစမ်းပါဦး”

နိုင်က ကိုကိုနဲ့တွေ့တာ ပြောပြလိုက်တယ်။

“အင်း တကယ်တော့ ဒေါက်တာ ကိုကိုဦးက သနားစရာပဲ၊ သူပြောသလိုပဲ သူ တည်ထောင်ခဲ့တဲ့ စံပြအိမ်ထောင်ကြီးက ပြိုကွဲလုနီးနီး ဖြစ်နေပြီ”

“ဟင် ဟုတ်လားမမမြ၊ နိုင်က သူ မိနိုင်ကိုနောက်ပြီးပြောနေတယ် မှတ်တာ”

www.foreverspace.com.mm

ဒေါက်တာမြမြကြည်က နားကျပ်ကို မိခိုင်ရဲ့ ဘယ်ဘက်ရင်ညွန့်မှာ ထောက်ရင်း ပြောတယ်။

"ဟုတ်တယ် မိခိုင်ရဲ့၊ လွှင်လွှင်ဟာ သူနေချင်သလိုနေတဲ့ မိန်းကလေး ပါကွယ်၊ တစ်လောက မင်းသားတစ်ယောက်နဲ့တောင် ဘာလိုလို ကြားလိုက်ရတယ်"

"အို"

ခိုင် တကယ်စိတ်မကောင်းပါဘူး မောင်။ အမှန်ကိုပြောရရင် ကိုကိုက ခိုင့်ကို မိန်းကလေး ပီပီသသ အိမ်ထောင်ထိန်းသိမ်းတတ်မှာ မဟုတ်ဘူး၊ ပေါ်ပြူလာဖြစ်လွန်းတော့ အကျင့်စာရိတ္တလဲ ယိုယွင်းလိမ့်မယ်လို့ ထင်ပြီး ဇနီးလောင်းအဖြစ် မရွေးချယ်ခဲ့တာကို ခိုင် သိပ်ပြီး နာကျည်းခံပြင်းခဲ့ရပါတယ်။ ဒါပေမယ့် ခိုင်ဟာ အိမ်ထောင်ရှင်မတစ်ယောက်အနေနဲ့ ဘာတစ်ခုကိုမှ မချွတ်ယွင်းအောင် နေလာခဲ့တာ မောင်အသိပါ။ ကိုကို ဒီလိုဖြစ်တယ်၊ နောင်တရတယ်ဆိုတော့ ခိုင် ဝမ်းလည်းသာတယ်၊ စိတ်လည်း မကောင်းဘူး။

အဲဒီနေ့ကတော့ ခိုင်ပြန်ပြီး လန်းဆန်းလာတယ်။ အားတွေလဲရှိလာတယ်။ မိခိုင်ဟာ အရာရာကိုလုပ်နိုင်တဲ့ မိန်းမဆိုတာ ကိုကိုလို လူတစ်ယောက်ကတောင် သိသွားပြီဆိုတော့ ခိုင် အားရှိတယ်။

ခိုင့်မှာ အရေးအကြီးဆုံး အလုပ်တစ်ခုက ပိုလာပြန်ပြီ။ သားဆယ်တန်းအောင်ဖို့ ကိစ္စလေ။ သားဟာ ခိုင့်ရဲ့ အတိတ်ကာလတုန်းက သာမက လက်ရှိဘဝမှာလဲ သိပ်အရေးကြီးပါတယ် မောင်။

ပတ်ဝန်းကျင်ကို အနိုင်ယူနိုင်ဖို့ ခိုင့်အပေါ် အမြဲစောင့်ကြည့် အပြစ်တင်နေတဲ့ အသိုင်းအဝိုင်းနှစ်ခု (ဦးအောင်ငြိမ်ရဲ့ အသိုင်းအဝိုင်းရယ်၊ မောင့်အသိုင်းအဝိုင်းရယ်)ကို ခိုင့် အစွမ်းအစတွေပြဖို့ဆိုတာ သားရဲ့ အောင်မြင်မှုတွေကို ပြနိုင်မှ ဖြစ်မယ်လေ။



သားကို ကျောင်းကနေ ထုတ်လာပြီးပြီဆိုတော့ အပြင်ကနေ ဝင်ဖြေဖို့ လုံးပန်းရတယ်။ ဘာသာရပ်တိုင်းကို သင်ပေးနိုင်မယ့်ဆရာကို ရှာရတယ်မောင်။ သားကို ရိုးရိုးသာမက ဂုဏ်ထူးနဲ့ပါ အောင်စေချင်တယ်။ ဒီအတွက် ခိုင်ဟာ ဆိုင်အလုပ်ကို နည်းနည်းလျှော့ပြီး သားပညာရေးဘက်မှာ စူးစိုက်ရတယ်။ ပြီးတော့ သားရဲ့ စိတ်ဓာတ်မြင့်မားလာအောင်လဲ ပြန်ချော့မော့ သိမ်းသွင်းရပြန်တယ် မောင်ရယ်။

မောင် သိတဲ့အတိုင်း သားက သိပ်ပြီး ရိုင်းရိုင်းစိုင်းစိုင်း ဆိုးဆိုးသွမ်းသွမ်း မဟုတ်ရှာပါဘူး မောင်။ လူငယ်ဆိုတာတော့ တစ်ခါတစ်ရံတော့ မှားမှားယွင်းယွင်း ဖြစ်တတ်ကြတယ် မဟုတ်လား။ ကိုယ့်သားသမီးဆိုးတာကို အပေါင်းအသင်းကြောင့်လို့ချည်း လွှဲမချလိုပါဘူး မောင်။ ဒါပေမယ့် အပေါင်းအသင်းကို ရွေးချယ် စိစစ်ပေးရတယ်။ သားကို နားလည်အောင် နောက်ကြောင်းလှန်ရပြန်တယ် မောင်ရယ်။က

သားအတွက် ခိုင့်ဘဝဟာ ဘယ်လောက် ပြစ်တင်ရှုံ့ချခံခဲ့ရတယ်၊ အဲဒီ ပြစ်တင်မှုတွေကို ဘယ်လို ကြိုးပမ်းချေဖျက်ခဲ့ရတယ်ဆိုတာ သိနိုင်ရုံလောက်တော့ ပြောပြရတယ် မောင်။ အားလုံးတော့လဲ ပြောလို့ မရသေးဘူးလေ။ သားက ငယ်သေးတာကိုး။ နုနယ်တဲ့ သားရဲ့ အသည်းနှလုံးထဲကို ကြမ်းတမ်းခက်ထန်တဲ့အရာတွေ မစွန်းထင်းစေချင်သေးလို့ပါ။

www.foreverspace.com.mm

## ၃

ခိုင့်ရဲ့အချစ်ကို ပထမဆုံး ရသင့်သူဟာ မောင်ပဲ။ ခိုင့်ရဲ့ အနားမှာ ပထမဆုံး ရှိနေသူဟာလဲ မောင်ပဲ။ ခိုင့်ဆိုးမျိုးကို ခံခဲ့သူဟာလဲ မောင်ပါကွယ်။

ဒါပေမဲ့ မောင့်စိတ်က သိုသိပ် ဝှက်ကွယ်လွန်းပါတယ်။ မောင်ဟာ အားလဲ သိပ်ငယ်တတ်ခဲ့တယ်။ ပြီးတော့ အားမနာတမ်းပြောပြရင် မောင် မပြတ်သားဘူး၊ သိပ်တွေဝေတယ်။

မောင်က ခိုင့်ကို ပန်းလေးတစ်ပွင့်လို အရိပ်ကြည့်နေခဲ့တာ။ ဒီ ပန်းလေး ဘယ်လောက်လှတယ်ဆိုတာ မောင် သိကောသိရဲ့လား။ လှ တယ်လို့ကော ထင်ခဲ့ရဲ့လား မောင်ရယ်။

မောင်နဲ့ခိုင်ဟာ အမြဲတပူးတွဲတွဲလိုနေလာခဲ့ကြတာ။ ခိုင့်အကြောင်း ဆိုလဲ မောင် မသိတာ မရှိပါဘူး။ ခိုင် ရုပ်ရှင်ရိုက်ပြီး ကျောင်းပြန်တက် တော့ ကျောင်းသူတစ်ပိုင်း မင်းသမီးတစ်ပိုင်းပေါ့ မောင်ရာ။ အထက်တန်း ကျောင်းသူဘဝနဲ့ ရုပ်ရှင်ရိုက်တယ်ဆိုတာလဲ ရှားပါးသေးတာကိုး။ ခိုင့် သတင်းဟာ ကျောင်းမှာသာမက အပြင်လောကကိုပါ လျှံထွက်နေတာပဲ။

ခိုင့်အလှဟာလဲ ခိုင့်အတွက် အန္တရာယ်ပါပဲ မောင်ရယ်။



ခိုင့်ကို တကယ်ချစ်သူတွေ၊ မချစ်ဘဲနဲ့ ရင်းနှီးလိုသူတွေ၊ နည်းမျိုးစုံနဲ့ ချဉ်းကပ်လာသူတွေကို အမြဲရှောင်နေရတယ် မောင်။

ဒါကြောင့် ကျောင်းသွား ကျောင်းပြန် အပြင်ထွက်တာကအစ အဖော်နဲ့သွားရလာရတယ် မောင်ရယ်။ ဖေဖေက ခိုင့်ကို မင်းသမီးဖြစ်စေ ချင်တာ၊ နာမည်ကျော်စေချင်တာက တစ်ကဏ္ဍ။ ဣန္ဒြေသိက္ခာရှိတဲ့ မိန်းကလေး၊ အပြစ်ကင်းစင်တဲ့ မိန်းကလေး ဖြစ်စေချင်တာလဲ တစ်ကဏ္ဍပဲ မောင်။ ခိုင်ဟာ အဲဒီ နှစ်ခုစလုံး ဖြစ်အောင် လုပ်ရမယ်တဲ့။

ကျောင်းတက်ချိန်မှာတော့ မောင် ခိုင့်အနားမှာ မရှိဘူး။ ထိန်းသိမ်း စောင့်ရှောက်ဖို့လဲ မတတ်နိုင်ဘူး။ ခိုင့်ကို မေမေကသာ အမြဲ အဖော် လုပ်ပေးရတယ်။ ပြီးတော့ မမရီ။ မမရီကလဲ ခိုင့်လိုပဲ အားကစားမှာ တော်တယ်။ ဒါပေမယ့် သူက ယောကျ်ားလေးတစ်ယောက်လို့ ကြမ်းကြမ်း တမ်းတမ်း နေတတ် သွားတတ်တယ်။ သူ့ကို ဘယ်သူကမှ အရေးတယူ လိုက်ကြည့်မနေတတ်ဘူး။ မမရီနဲ့ခိုင် အတူသွားရင် ညီအစ်မနဲ့ မတူဘူး။ မောင်နှမနဲ့တူတယ်။ ခိုင့်အစ်ကိုတွေက အဖော်လိုက်ချင်ပေမယ့် ယောကျ်ား လေးတွေက စကြ နောက်ကြတဲ့အခါ ဒေါသဖြစ်ပြီး ရန်တွေဘာတွေ ဖြစ်မှာစိုးလို့ မခေါ်ရဲဘူး မောင်ရယ်။ မောင်ကျတော့ ဘယ်သူနဲ့မှ ရန်မဖြစ် တတ်ဘူးနော်။ ဒါကြောင့် မောင်နဲ့ဆို သွားရဲတယ်။

မောင်ဟာ ခိုင့်အရိပ်လိုပါပဲ။ မောင် ကျောင်းလွှတ်တာနဲ့ ခိုင့်ဆီ ရောက်လာတာပဲနော်၊ ပြီးတော့ မနက်အစောကြီး ခိုင့်ကို လာခေါ်ရတာလဲ အလုပ်တစ်ခု။ အောင်ဆန်းကွင်းမှာ အပြေးလေ့ကျင့်ဖို့လေ။ မောင်ကလဲ တက္ကသိုလ်မှာ အပြေးသမား စံချိန်သစ်တင်ဖို့ ကြိုးစားနေတယ်မဟုတ်လား။

ဒီအတိုင်းပဲရှိနေခဲ့ကြရင် ကောင်းမယ် မောင်ရယ်။ ခိုင်နဲ့ မောင်လဲ ခွဲရမှာ မဟုတ်ဘူး။ ခိုင်လဲ ဖေဖေဖြစ်စေချင်တဲ့ ရည်ရွယ်ချက်တွေဖြစ်အောင် လုပ်နိုင်မယ်။ ခိုင့်ရဲ့ အနာဂတ်လဲ လှပမယ်။ အားလုံးဟာ စီမံချက်ချပြီး ခင်းထားတဲ့ လမ်းအတိုင်း ဖြစ်ကြရမှာပါပဲ။

www.foreverspace.com.mm

လူ့ဘဝဆိုတာ အဆုံးအစွန်ထိ မျှော်မှန်းတွက်ချက်လို့ မရဘူးဆိုတာ နိုင် သဘောမပေါက်ခဲ့သေးဘူး မောင်။ ကံကြမ္မာဆိုတာကိုလဲ နိုင်မယုံခဲ့ဘူး။ ဘာမဆို ဖြစ်အောင်လုပ်ရင်ဖြစ်တာပဲလို့ စွဲမြဲယုံကြည်ခဲ့မိတယ်။ အဲဒီ အချိန်ထိ ဖြစ်လဲဖြစ်ခဲ့တယ်လေ။

မထင်မှတ်တဲ့ ဘဝအချိုးအကွေ့ဆိုတာ ဖြုန်းခနဲရောက်လာတာပါ ကလားရယ်လို့ မသိခဲ့သေးတာ အမှန်ပါ မောင်။

ကိုကိုနဲ့ စတွေ့ရတဲ့အချိန်ထိ နိုင်ဟာ ဘဝအကြောင်း မသိခဲ့သေးပါဘူး။ ဒါပေမဲ့ အချစ်အကြောင်းတော့ သိခဲ့ရတယ် မောင်ရယ်။

မောင့်အပေါ် နိုင် သံယောဇဉ်ရှိတာ၊ တွယ်တာတာ၊ အားကိုးတာ၊ ယုံကြည်တာ၊ ဒါတွေအားလုံး ပေါင်းရုံးရင် အချစ်ပဲဆိုတာလဲ မတွေးခဲ့မိဘူး။ စိတ်လှုပ်ရှားရတာကိုသာ အချစ်လို့ထင်ခဲ့တယ်။ ဟုတ်ပါတယ်။ ကိုကိုနဲ့တွေ့ရတာ သိပ်လှုပ်ရှားရတယ် မောင်ရယ်။

အဲဒီမနက်က နှင်းတွေ သိပ်ကျနေတယ်မောင်။ နေရောင်တောင် မထိုးဖောက်နိုင်သေးလို့ ရှေ့ကလမ်းကို အဝေးကြီး မမြင်ရဘူး။ တစ်လံလောက်ပဲ မြင်ရတယ်။ ပြေးနေကျလမ်းဆိုတော့လဲ ကျွမ်းကျွမ်းကျင်ကျင် ပြေးနေကြတာပေါ့။ နှင်းတွေ တဖြည်းဖြည်းကွဲလာမှ ရှေ့ကလူကို သဲသဲကွဲကွဲ မြင်ရတော့တယ်။ အဲဒီအချိန်မှာ ကိုကို့ကို စတွေ့ရတာပဲ။

ကိုကိုက ထရက်ဆု အပြာရင့်ရောင်ဝတ်စုံနဲ့ အရပ်မြင့်မြင့် အသားဖြူဖြူ မျက်နှာကချိုတယ်၊ သိပ်ကြည့်ကောင်းတာပဲ။ ကိုကိုက နိုင့်ရဲ့ မျက်နှာချင်းဆိုင်က ပြေးလာတာ။ နိုင့်ကိုမြင်တော့ ကိုကိုက ပြုံးပြတယ်။ နိုင်လဲ ရောယောင်ပြီး ပြန်ပြုံးပြလိုက်မိတယ်။ အောင်ဆန်းကွင်းမှာ နေ့စဉ်နေ့စဉ် အပြေးလေ့ကျင့်နေသူချင်း မျက်မှန်းတန်းနေမိကြတာလဲ ရှိတယ် မဟုတ်လား မောင်။ နိုင်ကတော့ ကိုကို့ကို အဲဒီနေ့ကစပြီး မြင်ဖူးတာပဲ။

နှစ်ယောက် ပခုံးချင်းယှဉ်မိတော့ ကိုကိုက အပြေးရပ်လိုက်တယ်။ နိုင်လဲ ရပ်လိုက်မိတယ်။



“မင်းနာမည် မိမိနိုင်လား”

ကိုကိုက မေးတော့ အံ့ဩသွားတယ်။ ခေါင်းကို ဆတ်ခနဲ ညိတ်ပြလိုက်မိတယ်။

“မင်းက တို့ဆေးကျောင်းမှာ သိပ်နာမည်ကြီးတာပဲ။ ပြီးတော့ မင်းနာမည်နဲ့ စာတစ်စောင် တို့အဆောင်မှာ ရောက်နေတယ်”

နိုင် ပိုပြီး အံ့ဩသွားတယ်။ သူက နိုင့်နာမည်ကို သိနေတာရယ်။ ပြီးတော့ နိုင့်စာက သူတို့အဆောင်ကို ရောက်နေတာရယ်။ နိုင့်ဆီကို မိတ်ဆက်စာတွေ မကြာမကြာ လာတတ်ပါတယ်။ ကျောင်းကို ရောက်လာရင်တော့ ဆရာမကြီးလက်ထဲရောက်တာပဲ။ ဆရာမကြီးကမှ တစ်ဆင့် သွားယူရတယ်။ အခု ဆေးကျောင်းကအဆောင်ကို ရောက်သွားတယ်ဆိုတော့ ဘာကြောင့်ပါလိမ့်လို့ တွေးနေမိတယ်။

“မင်းရဲ့စာကို ငါ သိမ်းထားတယ်။ နက်ဖြန် ယူခဲ့မယ်သိလား၊ ဒီနေရာက စောင့်နေ”

ကိုကိုတစ်ယောက်တည်း ပြောနေတယ်။

“မိနိုင်ကို မိနိုင်မှန်း ဘယ်လိုလုပ်သိလဲ”

မအောင့်နိုင်ဘဲ မေးမိတယ်။ ကိုကိုက ရယ်တယ်။ ကိုကိုရယ်တော့ ပို ခန့်ညား ပိုလှလာသလိုပဲကွယ်။ ဩော် နိုင်အလှကြိုက်တာ မောင် သိပါတယ်နော်။ သူငယ်ချင်းဆိုရင်တောင် လှတဲ့သူမှ တွဲချင်တာကွယ်။ နိုင်က တစ်လောကလုံးကို လှနေစေချင်တဲ့သူ။ လှတဲ့အရာတိုင်းကို မြတ်နိုးတတ်တယ်။

“မင်းက ရုပ်ရှင်မင်းသမီးမဟုတ်လား၊ မင်းဓာတ်ပုံတွေ မြင်ဖူးတာပေါ့၊ ပြီးတော့ ဒီလောက်လှတဲ့ မိန်းကလေးကို တို့ကသိတာပေါ့။ တို့နာမည် ကိုကိုတဲ့ မှတ်ထားနော်။ မနက်ဖြန် ဒီနေရာက စောင့်နေဖို့ မမေ့နဲ့နော်။

www.foreverspace.com.mm

ကိုကိုက ပြောပြီး ဖိနပ်ကြိုးလျှော့နေတာကို ကုန်းချည်နေတယ်။ ကိုကို့ရဲ့ လက်ချောင်းတွေက ရှည်သွယ်ပြီး ဖြူဖွေးနေတာပဲ။ ကိုကိုက ဘယ်နေရာကြည့်ကြည့် ကြည့်ကောင်းတယ်။

ကိုကိုက မတ်တတ်ရပ်လိုက်ပြီးတော့ ခိုင့်ခေါင်းကို လှမ်းပုတ်တယ်။ ခိုင်က ခေါင်းပုတ်တာ မကြိုက်လို့ ဆတ်ခနဲ မျှော့ပစ်လိုက်မိတယ်။

"ဟား ဟား မင်းခန္ဓာကိုယ်က ဘယ်လောက်ပဲ ထွားကျိုင်းပေမဲ့ မင်းမျက်နှာလေးက ကလေးပဲရှိပါသေးတယ် ချာတိတ်ရာ" လို့ ကိုကိုက ပြောပြီးရယ်တယ်။ ကိုကို့ အပြုအမူတွေဟာ သိပ်ရင်းနှီးပြီး ကျွမ်းဝင်လွန်းပါတယ်။

အဲဒီအချိန်မှာ ခိုင့်နောက်က ပြေးလာတဲ့ မောင် ရောက်လာတယ်လေ။

မောင်က ခပ်လှမ်းလှမ်းကတည်းက "ဟိတ် ခိုင်၊ ဘာလို့ရပ်နေတာလဲ ဆက်ပြေးလေ" လို့ လှမ်းအော်တယ်။ ကိုကိုလဲ တစ်ချက်လှည့်ကြည့်ပြီး ဆက်ပြေးသွားတော့တာပဲ။

ခိုင်လဲ ကိုကိုနဲ့ဆန့်ကျင်ရာကို ဆက်ပြေးလာခဲ့မိတယ် မောင်။ မောင်က ခိုင့်နောက်က သွက်သွက် ပြေးလိုက်လာတယ်လေ။

\+ + +

ခိုင်နဲ့မောင်တို့နှစ်ယောက်ရဲ့ ကမ္ဘာထဲကို ကိုကို ဝင်လာတာ ကောင်းသောလာခြင်းတော့ မဟုတ်ဘူးပေါ့ မောင်ရယ်။ ဘာပဲပြောပြော ခိုင်တို့နှစ်ယောက်ရဲ့ ကမ္ဘာဟာ အေးချမ်းတယ်။ သာယာတယ်။ အပြစ်ကင်းစင်တယ်။ စိတ်နှလုံးကို ညစ်နွမ်းနောက်ကျုစေတဲ့ အချစ်ဆိုတာလဲမရှိခဲ့သေးဘူး။ စိတ်ညစ်စရာလဲ မရှိဘူး။ ဝမ်းနည်းပူဆွေးတယ်ဆိုတာလဲ မရှိဘူး။ ပကတိ အဖြူထည်ပဲ။



ခိုင်တို့ဘဝမှာ တစ်ထောင့်တစ်နေရာကနေ အချစ်ဆိုတာလဲ ဝင်လာရော အားလုံးသွားတာပဲမောင်။ အချစ်ဟာ ခိုင့်ဘဝကို တော်တော် ဒုက္ခပေးတယ်။

ခိုင် ကိုကို့ကို မြင်ရတော့ စိတ်လှုပ်ရှားမိတယ်။ ဒါပေမယ့် မောင်နဲ့အတူသွားလာလှုပ်ရှားနေတာလဲ ခိုင်ပျော်တာပဲ။ အဲဒီလိုနေရတာ ပျော်စရာကောင်းတယ်ဆိုတာလဲ နောက်မှ တဖြည်းဖြည်း ပိုသိလာရတယ်မောင်။

ကိုကိုနဲ့ တွေ့ရလို့ စိတ်လှုပ်ရှားတာကို ခိုင်က အချစ်လို့ ထင်ခဲ့တယ်။

ကိုကိုကလဲ ခိုင့်စိတ်တွေ လှုပ်ရှားအောင် ဖန်တီးနိုင်စွမ်းရှိတယ်။

နောက်နေ့တွေမှာလဲ ကိုကိုနဲ့တွေ့ရတယ် မောင်။ ကိုကိုက သူတို့အဆောင်ကို မှားပြီးရောက်သွားတဲ့ ခိုင့်ရဲ့စာလေးကို ယူလာတယ်။ ထူးဆန်းတယ်နော်။ မိတ်ဆက်စာလေးတစ်စောင်ကို အကြောင်းပြုပြီး ကိုကိုနဲ့ခိုင် သိကျွမ်းခဲ့ရတယ်။ အဲဒီနောက် မနက်တိုင်း ပြေးကြတဲ့အထဲမှာ ခိုင်တို့ သုံးယောက်ဖြစ်မှန်းမသိ ဖြစ်လာခဲ့တယ်ကွယ်။ ကိုကိုက ဆေးတက္ကသိုလ်ကျောင်းသားကြီးလေ။ ပြီးတော့ ခိုင်တို့လို အားကစားသမား တစ်ယောက်ပဲ။ ခိုင်လေ ကိုကိုနဲ့တွေ့ပြီးမှ မနက်တိုင်း အိပ်ရာကထရတာ ပိုပြီး သွက်လက်လာသလိုပဲ မောင်။

ဒီအချိန်ထိလဲ ခိုင့်စိတ်ထဲမှာ သန့်သန့်ရှင်းရှင်းရှိနေဆဲပါ။

မောင့်စိတ်ထဲမှာ ဘာတွေရှိနေတယ်ဆိုတာတော့ ခိုင် မသိဘူးလေ။

တစ်ညနေ မောင်က ခိုင့်ကို စာပြပေးရင်း မေးတယ်။

"ခိုင် နင် ကိုကို့ကို ဘယ်လိုသဘောရသလဲ" တဲ့။

"ဟင် ဘာပြောတာလဲ မောင်၊ ခိုင်က ဘာသဘောရရမှာလဲ"

ခိုင်က စိတ်ထဲရှိတဲ့အတိုင်းပြောတော့ မောင်က သက်ပြင်းရှိုက်တယ်။

"ကိုကိုကတော့ နင့်ကို စိတ်ဝင်စားနေတယ် ထင်တယ်"

ခိုင်က မောင့်ကို စူးစိုက်ကြည့်လိုက်မိတယ်။ မောင့် မျက်လုံးတွေက တစ်မျိုးပဲ။

"စိတ်ခုဗ်စားနေတယ်ဆိုတာ ဘာကို ဆိုလိုတာလဲ"

စိတ်ထဲက မောင့်ကို စချင်နေမိတယ်။

"နင် သိပါတယ် ခိုင်ရာ၊ ကိုကို နင့်ကို ကြည့်ပုံတွေက တစ်မျိုးပဲ၊ နင်ကလဲ ကိုကို့ကိုတွေ့ရင် မျက်နှာကို ပျားရည်ဆမ်းထားတဲ့အတိုင်းပဲ"

မောင် စိတ်ဆိုးတဲ့အခါ ခိုင့်ကို နင်နဲ့ငါနဲ့ ပြောတတ်တယ်လေ။ ဒါပေမဲ့ မောင်ကစိတ်ဆိုးခဲပါတယ်။ စိတ်ဆိုးခဲပါတယ်။ စိတ်ဆိုးလဲ ခဏပဲ။

"ကိုကိုကလဲ အမြဲ ပြုံးနေတာပဲ"

"အေးပါ အေးပါ"

"ဘာလဲ နင်က ကိုကိုနဲ့ ငါနဲ့ခင်တာ မနာလိုဘူးလား"

တကယ်တော့ မောင့်ရဲ့ဆန္ဒကို အမှန်အတိုင်းသိချင်လို့ မေးတာပါ။ ကိုကိုနဲ့ပတ်သက်ပြီး မောင် ဘယ်လိုခံစားရတယ်ဆိုတာ ခိုင် သိချင်တယ်။ အဲဒီအချိန်ကသာ မောင်က ခံစားချက်အမှန်ကို ပွင့်ပွင့်လင်းလင်း ပြောခဲ့မယ်ဆိုရင် အခြေအနေတွေက တစ်မျိုးဖြစ်ချင် ဖြစ်မယ်ကွယ်။

"ဘာ မနာလိုစရာရှိလဲ၊ နင့်ဘာသာ ခင်ချင် ခင်ပေါ့"

"မောင် တကယ်ပြောတာလား"

"ကဲ မိခိုင်၊ ဂဏန်းတွက်မှာသာ တွက်စမ်းဟာ၊ နင့်ကြည့်ရတာ ခုတလော ဂနာကိုမငြိမ်ဘူး"

မောင်က အော်တယ်။ ခိုင်နဲ့မောင်က မကြာမကြာ ရန်ဖြစ်နေကျမို့ ခပ်လှမ်းလှမ်းမှာ အင်္ကျီချုပ်နေတဲ့ မေမေက "ဒီမောင်နှမ ရန်ဖြစ်နေကြပြန်ပြီလား" လို့ ပြောသေးတယ်။

"အမယ် သူများကိုများ ဂနာမငြိမ်ဘူးလေး ဘာလေးနဲ့ မောင် စာမပြပေးချင်လဲနေပါ၊ နားမလည်တာ ကိုကို့မေးလဲရတာပဲ"

"သြော်၊ ခုတော့ နင်က ဒီလိုပြောပြီလား"

"ဒီလိုမပြောရင် ဘယ်လိုပြောရမလဲ၊ ပြောလေ"



မောင် မျက်နှာလွှဲသွားတယ်။ ပြီးတော့ "ပြန်မယ်ဟာ နင့်ဘာသာ ဆက်တွက်" ဆိုပြီး မောင် ပြန်သွားတယ်။ မေမေက "ဟဲ့ မောင်မောင် ကော်ဖီသောက်သွားဦးလေ"ဆိုတာကိုတောင် လှည့်မကြည့်တော့ဘူး။

ခိုင် စိတ်မကောင်းဖြစ်မိတယ် မောင်ရယ်။ ကိုကိုဟာ မိခိုင်ကို ရင်ခုန်စေတာအမှန်ပါပဲ။ ဒါပေမယ့် ခိုင် မောင်နဲ့နေရတာလဲ ပျော်ပါတယ်။ မောင်ကသာ ခိုင့်ကို ဘယ်သူနဲ့မှ မခင်ရဘူး၊ မောင်နဲ့ပဲ နေရမယ်လို့ လိုက်လိုက်လျောလျောပြောခဲ့ရင် ခိုင် နားထောင်ခဲ့မိမှာပါ။ မောင့်ကိုဆို ဖေဖေကလဲ ယုံတယ်၊ မေမေကလဲ ယုံတယ်။ မောင်နဲ့ဆိုရင် ဖေဖေ ဖြစ်စေချင်တဲ့ ဆန္ဒတွေ၊ ခိုင့်ရဲ့ ရည်မှန်းချက်တွေလဲ ပျက်ပြယ်မှာ မဟုတ်ဘူး။ ဒါပေမယ့် မောင်က မပြတ်သားဘူး၊ မပွင့်လင်းဘူးကွယ်။

မောင် သုံးရက်လောက် မလာဘဲနေတယ်။ အောင်ဆန်းကွင်းကို ခိုင်တစ်ယောက်တည်း သွားရတယ်။ ဟိုရောက်တော့ ကိုကိုနဲ့နှစ်ယောက်ပေါ့ကွယ်။ ကိုကိုကတော့ ခိုင့်ကို ပြေးရင်းလွှားရင်းနဲ့ပဲ စကားတွေ အများကြီးပြောတယ်။ ခိုင်လှတဲ့အကြောင်း၊ တော်တဲ့အကြောင်းလဲ ပြောတယ်။ ခိုင်နဲ့မောင် နေလာတာကြာပြီ။ ခိုင်လှတယ်လို့ မောင်က တစ်ခါမှ မပြောဘူးပါလား။

ကိုကိုကတော့ ခိုင်ဟာ အချိန်မတိုင်မီ ပွင့်လန်းလာတဲ့ ပန်းကလေးနဲ့ တူတယ်တဲ့လေ။

တသက်လုံး မမေ့နိုင်လို့ ထပ်ခါတလဲလဲ အောက်မေ့နေရတဲ့ စကားလေးပေါ့ မောင်ရယ်။

"မောင်မောင်တစ်ယောက်လဲ မလာပါလား၊ နေများမကောင်းဘူးလား၊ သွားမေးပါဦး မိခိုင်"

မေမေက စိုးရိမ်ပူပန်စွာ ပြောတယ်၊ မေမေက လူတိုင်းကိုပဲ စိုးရိမ်တတ်တာ။ သားသမီးတွေနဲ့ ပတ်သက်သူတိုင်းကိုလဲ လိုက်စိုးရိမ်နေတာပဲ။ ဖေဖေကတော့ သားသမီးတွေကို လမ်းစဉ်ချမှတ်ပေးပြီး သူက ရှေ့ကသွား

နေတဲ့သူ။ ဖေဖေဟာ သူ့အရာရှိအလုပ်အပြင် ရုပ်ရှင်လုပ်ငန်းကိုလဲ လုပ်နေတယ်လေ။ ဖေဖေက ရုပ်ရှင်ပိုးတော်တော်ထတယ်လို့ မေမေက ပြောတယ်။

ဖေဖေက ခိုင့်ကို ဆယ်တန်းမြန်မြန်အောင်အောင်လုပ်လို့ တစ်ချက်လွှတ်အမိန့်ပေးထားပြီး ယုံကြည်စိတ်ချစွာ စောင့်နေတယ်။ မောင့်ကိုလဲ ယုံကြည်လို့ ခိုင့်ကို အပ်ထားတာပဲ။ မောင်က ဒါကြောင့်မို့ ပိုပြီး စောင့်စည်းထိန်းသိမ်းနေရတယ်ဆိုတာ ခိုင် နားမလည်ခဲ့ဘူးမောင်ရယ်။

မောင့်အိမ်ကို ရောက်သွားတော့ မောင့်ကို ညှိုညှိုးနွမ်းနွမ်းမြင်ရတယ်။

သိပ်ပြီး ချောင်ချောင်လည်လည်မရှိလှတဲ့ မောင်တို့အိမ်ရဲ့ အခြေအနေကိုလဲတွေ့ရတယ်။ မောင်က ဦးလေးတွေ အဒေါ်တွေနဲ့နေတယ်နော်။ မောင့်ဦးလေးက သဘောကောင်းပါတယ်။ မောင့်အဒေါ်ကတော့ တော်တော်လေးပဲ ဇွေစပ်ကပ်သပ်မယ့် ပုံစံမျိုးပါပဲ။ မောင့်အချစ်တော် မောင့်အဒေါ်အပျိုကြီး ခိုင် ရဲရဲတောင်မကြည့်ရဲဘူး။ သူက ခေတ်မီဆန်းပြားတဲ့ မိန်းကလေးတွေကို အလိုလိုနေရင်း မျက်စိ စပါးမွေးစူးနေတဲ့ပုံ။ ခိုင် သိပ်ကြောက်တယ်။

"ဟယ် မောင် တကယ်ဖျားနေတာပါကလား"

ခိုင့်ကိုမြင်တော့ မောင် ခပ်ယဲ့ယဲ့ ပြုံးတယ်။ မောင့်ကြည့်ရတာ ဖြူဖျော့အားနည်းနေသလိုပဲ။

"ဖျားဆို အိမ်မလဲ နားနားနေနေ နေတယ်မှ မရှိဘဲလေ၊ မနက်အစောကြီးသွားရ၊ ကျောင်းကပြန်လာတော့လဲ အပြင်ပြန်ထွက်ရနဲ့ ညကျတော့ စာကကျက်ရသေးတာ"

မောင့်အဒေါ်အပျိုကြီးရဲ့ အသံက ခနိုးခနဲ့နဲ့ပါကွယ်။ မောင်ကတော့ မောင့်အဒေါ်ကို သိပ်ချစ်တယ်။ မောင့်မှာ မိဘတွေ မရှိကတည်းက ဒီအဒေါ်က ကျွေးမွေးပြုစုလာတာ။ ခုလဲ ဒီအဒေါ်က အစစအရာရာ ထောက်ပံ့နေရတာလို့ ပြောတယ်။ ခိုင်လဲ အလိုက်သင့်နေလိုက်ပါတယ်။

"မခိုင် စာတွေ ရရဲ့လား"



မောင် စိုးရိမ်ပူပန်သံနဲ့ မေးတယ်။

"ရပါတယ်၊ အယ်လ်ဂျီဘရာတွေတော့ တွက်လို့မရဘူး"

ခိုင်က အထူးသဖြင့် အက္ခရာမှာညံ့တယ်။ မီးရထားပုစ္ဆာဆိုလဲ အမြဲပဲမှားတတ်တယ်ကွယ်။ စာမေးပွဲကြီးလဲနီးတော့ မောင်က စိတ်ပူရှာတယ်။

"မောင် နေကောင်းသွားမှာပါ၊ မနက်ဖြန်လာခဲ့မယ်" လို့ပြောတယ်။

"ကျောင်းပေါင်းစုံပွဲကလဲနီးတော့ အပြေးလဲ မကျင့်လို့ မဘူး မောင်ရာ၊ မောင် မြန်မြန်နေကောင်းအောင် လုပ်ပါ"

ခိုင်က ပြောမိတယ်။

"ခိုင် ကိုကိုနဲ့ တွေ့သေးလား"

မောင့်အသံကတော့ ပုံမှန်ပါပဲ။ ဒါပေမဲ့ နေမကောင်းလို့ပဲလား၊ မောင့်မျက်နှာက ညိုးနေတယ်။

"တွေ့တယ်၊ ကိုကိုကတော့ တက္ကသိုလ်ပေါင်းစုံမှာ ဗိုလ်စွဲရမယ်တဲ့၊ မောင်လဲ ပြန်လေ့ကျင့်ပါဦး၊ စံချိန်သစ်တင်မလို့ဆို"

"မောင်က ကိုကို့ကို မယှဉ်နိုင်ပါဘူးကွာ"

မောင် ဘာကိုဆိုလိုတယ်ဆိုတာ ခိုင် သိနေတာပဲ။ မောင်က ကိုကိုနဲ့ပတ်သက်ပြီး အားငယ်နေတယ် မဟုတ်လား။

"ဒါပေမဲ့ ယှဉ်ပြိုင်ခြင်းသာ အဓိကမဟုတ်လား မောင်ရဲ့"

မောင်က ခိုင့်မျက်နှာကို ငေးကြည့်တယ်။ ပြီးတော့ မျက်နှာ ပြန်လွှဲသွားတယ်။

"ပြိုင်လဲ မပြိုင်ချင်ပါဘူး မိခိုင်ရယ်" တဲ့။

ခိုင့်စိတ်ထဲမှာ ဒေါသဖြစ်လာတယ် သိလား၊ မောင့်စိတ်ထဲမှာ ဘာတွေဖြစ်နေတယ်ဆိုတာ ခိုင်သိတယ်။ ခိုင့်စိတ်တွေလဲ လှုပ်ရှားလာတယ်။ မောင်နဲ့ပတ်သက်ပြီး ပထမဆုံးအကြိမ် စိတ်လှုပ်ရှားရခြင်းပါပဲ။ ဒါပေမယ့် ဒေါသနဲ့ယှဉ်နေတယ်၊ မောင့်ကို အားမလို အားမရဖြစ်မိတယ်။

www.foreverspace.com.mm

မောင့်အဒေါ်က အနားရောက်လာလို့ စကားလဲဆက်မပြောရတော့ပါဘူး။

"နိုင်က ရုပ်ရှင်မင်းသမီး လုပ်မယ့်သူဆိုတော့ စာမေးပွဲမအောင်လဲ ဘာအရေးကြီးမလဲနော်၊ မောင်မောင်ကတော့ တက္ကသိုလ်ကျောင်းသားကြီး ဆိုတော့ အောင်မှဖြစ်မယ်ဟော့၊ ညည်းအစ်ကိုကို ကြည့်ပြောဦး၊ သူ့မှာ စာလဲ မကျက်နိုင်ဘူး"

မောင့်အဒေါ်က နိုင့်ကိုပဲ တိုက်ခိုက်နေတာပဲကွယ်။

"နိုင်က ဆယ်တန်းအောင်မှ ရုပ်ရှင်ပြန်ရိုက်မှာ"

"အို မင်းသမီးလုပ်တာများ ဆယ်တန်းအောင်ဖို့ လိုသေးလို့လား"

"တက္ကသိုလ်ကျောင်းသူတွေတောင် မင်းသမီးလုပ်နေသေးတာပဲ၊ မင်းသမီးလဲ အရည်အချင်းရှိမှ ဖြစ်တာ"

ခပ်ချဉ်ချဉ်ရှိတာနဲ့ ဘုတောမိတယ်။ ပြီးတော့ "နိုင်ပြန်မယ်"ဆိုပြီး ချက်ချင်း ထပြန်လာခဲ့တယ်။

နောက်နေ့ မောင် မနက်အစောကြီး လာခဲ့ပါတယ်။ နိုင်တောင် အိပ်ရာက မနိုးသေးဘူး။ နိုင် ကမန်းကတန်း မျက်နှာသစ် အဝတ်အစားလဲပြီး အောင်ဆန်းကွင်းဘက် ထွက်ခဲ့ကြတယ်။ ကိုကို့ကိုလဲ မတွေ့ရသေးပါဘူး။ တခြား အားကစားသမားတွေကတော့ အပြေးလေ့ကျင့်နေကြတယ်။ မောင်က နေမကောင်းဖြစ်ပြီးစမို့ ဖြည်းဖြည်းပဲပြေးတယ်။ နိုင်လဲ မောင့်ကိုစောင့်ပြီး ပြေးပါတယ်။

"နိုင် ပြေးနှင့်လေ၊ မောင် ဖြေးဖြေးပဲလိုက်ခဲ့မယ်တဲ့၊ တော်ကြာ ကိုကိုလာတော့မှာ" တဲ့။

နိုင် စိတ်ဆိုးသွားတယ် သိလား။

"ကိုကိုလာတော့ ဘာဖြစ်လဲ"

နိုင်က ပြန်ပြောမိတယ်။

"ကိုကိုက နိုင်နဲ့ စကားပြောဦးမှာ"



"ပြောတော့ ဘာဖြစ်လဲ"

"မောင်ရှိတော့ အနှောင့်အယှက် ဖြစ်နေမှာပေါ့"

"မောင်နော် နိုင့်ကို မစွပ်စွဲနဲ့၊ နိုင်တို့က ရိုးရိုးသားသားပဲ ခင်မင်နေကြတာ၊ ကိုကို့ကို နိုင်ခင်တာပဲရှိတယ်"

နိုင်က မောင့်ကို စောင့်ပြေးရင်း ပြောရတယ်။ ပြေးရတာ ပိုမောသလိုပဲ မောင်ရယ်။ မောင်နဲ့ စကားပြောရတာ သိပ်မောတယ်။ လက်သိပ်ဝင်တယ်။

"ဒီမှာနိုင် ကိုကိုက မောင့်ကိုပြောနေတာ ကြာပြီ၊ နိုင့်ကို ချစ်တယ်တဲ့၊ မောင်နဲ့ ရိုးရိုးပဲ ခင်တာလားတဲ့၊ မောင်တို့က မောင်နှမလိုပဲခင်တာဆိုတော့ မောင့်ကို ယောက်ဖတော်ချင်လို့ ကူညီမလားတဲ့၊ မောင်က ကူညီပါမယ်လို့ ပြောလိုက်ရတယ်"

နိုင်လဲ ဆက်မပြေးနိုင်တော့လို့ ရပ်လိုက်ရတယ်။ မောင့်မျက်နှာကို စေ့စေ့ကြည့်မိတယ်။

"မောင်က ဝေသန္တရာကြီးပေါ့ ဟုတ်လား၊ ဒီမှာ နိုင် ကိုကို့ကို ချစ်ရင်လဲ ချစ်မယ်၊ ဒါပေမဲ့ မောင် ပြောပေးစရာမလိုဘူး သိလား၊ နိုင် ချစ်ချင်ချစ်မှာပဲ၊ မုန်းချင်မုန်းမှာပဲ၊ အခု မောင့်ကို နိုင် မုန်းတယ်၊ ဒါပဲ"

နိုင် ပြောပြီး ဆက်မပြေးတော့ဘဲ အိမ်ဘက်ကိုသာ ပြန်လှည့်ပြေးခဲ့တယ်။

မောင် ပြေးလမ်းပေါ်မှာ ဆက်ပြေးနေသလား။ ရပ်နေသလား။ ကိုကိုရောလာရဲ့လား။ မသိတော့ပါဘူးကွယ်။

\+ + +

စာမေးပွဲတွေ နီးလာလို့ အားကစားလေ့ကျင့်မှုကိုလဲ ရပ်လိုက်ရတယ်။

ကိုကိုနဲ့လဲမတွေ့ရတော့ပါဘူး။ မတွေ့ရတော့လဲ သတိရမိတာ အမှန်ပါ။ နိုင်က အလှအပကြိုက်တယ် မဟုတ်လား။ ကိုကိုရဲ့ပြုံးမှုလှပ်ရှား

www.foreverspace.com.mm

ပုံတွေ၊ ကိုကို့ရဲ့ အပြုံးတွေ၊ ကိုကိုရဲ့ ပြောဆိုဆက်ဆံပုံတွေကို ခိုင်နှစ်သက်မိပါတယ်။ ဒါပေမဲ့ ကိုကို့ကို ချစ်တဲ့အထိတော့ မတွေးခဲ့သေးပါဘူး။ ဒါပေမဲ့ ခိုင့်ရဲ့ စိတ်တွေဟာ အရင်ကလောက် ဖြူစင်ခြင်း မရှိတော့တာတော့ အမှန်ပဲ။

မောင်ကတော့ နေ့တိုင်း မလာနိုင်တောင်မှ တစ်ပတ်မှာ နှစ်ရက်လောက်လာပြီး စာပြပေးတယ်။ စကားလဲသိပ်မပြောတော့ဘူး။ ဒီလိုနဲ့ပဲ စာမေးပွဲဖြေရတယ်။ သင်္ချာဖြေမယ့်နေ့မှာ မောင်ကစာပြပေးပြီး ပြန်ခါနီးတော့ ပြောတယ်။

"ကျောင်းလွှတ်ရင် ကိုကိုလာကြိုလိမ့်မယ် ခိုင်၊ ရော့ ဒီမှာ ကိုကို ပေးလိုက်တဲ့စာ"

ပြီးတော့ မောင် ချက်ချင်းပဲ ထပြန်သွားတယ်။ မောင့်ကို လိုက်ကြည့်တော့ ခေါင်းငုံ့ပြီး ထွက်သွားတဲ့မောင့်ကို မြင်ရတယ်။

ကျောင်းလွှတ်ချိန်မှာ အဖော်အမြဲပါတဲ့ကြားထဲက အလစ်ကိုစောင့်ပြီး ရည်းစားစာပေးတာတွေကိုလဲ ရခဲ့ဖူးပါတယ် မောင်ရယ်။ ကိုကို့ဆီက စာဆိုတော့ ခိုင် စိတ်လှုပ်ရှားမိပြန်ရော။ စိတ်ကစားတတ်တဲ့အရွယ်မို့လား၊ ခိုင်လဲ သေသေချာချာ မဆန်းစစ်သေးပါဘူး။ ကိုကို့စာကို ဖတ်ရတော့ လွှမ်းလောက်စရာမပါပဲ။ ကိုကိုက သူ နောက်နှစ်ဆို ဖိုင်နယ်ပတ်ဝမ်းရောက်ပြီ။ ဆရာဝန်ဘွဲ့ရရချင်း ခိုင့်ကို လက်ထပ်မယ်တဲ့။ ခိုင့်ကို ရုပ်ရှင်မင်းသမီးလဲ မလုပ်စေချင်ဘူး။ တက္ကသိုလ်ပဲ ဆက်တက်စေချင်သတဲ့။ ခိုင့်ကို သိပ်ချစ်တယ်ဆိုတာလဲ ပါတာပေါ့။ မနက်ဖြန် စောင့်နေမယ်ဆိုတာလဲ ပါတယ်။

နောက်နေ့ ကျောင်းအဆင်းမှာ ခိုင့်ကို ဝင်ကြိုမယ်လို့ မောင်က တစ်အိမ်သားလုံးကို ပြောသွားပြီးပြီလေ။ တကယ်တော့ မောင်က ကိုကိုနဲ့ ခိုင် တွေ့နိုင်ဖို့ လမ်းထွင်ပေးခဲ့တာပေါ့။



www.foreverspace.com.mm

စာမေးပွဲခန်းထဲကထွက်တော့ ကျောင်းဝမှာ ကိုကို စောင့်နေတယ်။ ကိုကိုကလဲ ခိုင်နဲ့ တစ်ကျောင်းတည်း။ ခိုင့်ထက် တစ်တန်းပိုကြီးတဲ့ သူညီမ လွှင်လွှင်နဲ့ မိတ်ဆက်ပေးတယ်ကွယ်။ လွှင်လွှင့် သူငယ်ချင်း တစ်ယောက်လဲ ပါလာတယ်။ ပြီးတော့ ကိုကို့ကားနဲ့ အတူတူလျှောက်လည်ကြတယ်။ ခိုင်က အိမ်က တစ်ယောက်ယောက်တွေ့သွားမှာ ကြောက်လို့ ရှေ့ခန်းကတောင် မထိုင်ရဲပါဘူး။ ဒါပေမဲ့ ပျော်တယ်ကွယ်။ ကိုကို့ညီမ လွှင်လွှင်ကလဲ ဖော်ရွေတယ်။ ယောက်မလေး ယောက်မလေးဆိုပြီး ခိုင့်ကို စကားပြောတယ်။

ခိုင်တို့ စားသောက်ဆိုင်တစ်ခုမှာ ထမင်းသွားစားကြတယ်။ ပြီးတော့ ရုပ်ရှင်ကြည့်ကြတယ်။ အပြန်မှာ ကိုကိုက ခိုင့်ကို သုံးဆယ့်နှစ်လမ်းထိပ်မှာ ချပေးတယ်။

"ခိုင် မောင်မောင်တို့အိမ် သွားလိုက်၊ မောင်မောင် စောင့်နေလိမ့်မယ်" တဲ့။

မောင်တို့အိမ်ရှေ့ရောက်တော့ မောင့်အဒေါ်ကြီးရဲ့ မျက်လုံးတွေ ကြောက်လို့ အိမ်ရှေ့ကပဲလှမ်းခေါ်ရတယ်။ မောင် ချက်ချင်းပဲထွက်လာပြီး ခိုင့်ကို အိမ်အထိ လိုက်ပို့ပေးတယ်။ မောင်က စကားတစ်ခွန်းမှ မပြောဘူး။ ခိုင်ကသာ ကိုကိုတို့နဲ့ သွားခဲ့လာခဲ့တာတွေကို ပြောပြမိတယ်။

အိမ်မှာ ဖေဖေရှိနေလို့ ခိုင် အိမ်ထဲဝင်ရတာ မဝံ့မရဲဖြစ်နေတယ်။ မောင်က ရှေ့ကဝင်သွားပြီး ဖေဖေနဲ့ စကားပြောနေလိုက်တယ်။ မောင့် သူငယ်ချင်း အစ်ကိုကျော်ကြီးလဲ ရှိတယ်လေ။ မောင်တို့ တက္ကသိုလ်ချင်း မတူလို့ မတွဲဖြစ်ကြတော့ဘူး။ ခိုင်နဲ့သာ တပူးတွဲတွဲဖြစ်ကျန်ခဲ့တယ် မဟုတ်လား။ ဒါပေမဲ့ တစ်အိမ်လုံးက မောင့်ကို ယုံကြည်စိတ်ချတယ်။

"ထိုင်ပါဦးလား မောင်မောင်၊ မင်းညီမကို သိပ်အလိုမလိုက်နဲ့နော်၊ ကျောင်းပိတ်ရင် အားကစားလဲ ပြန်လုပ်ရမယ်။ မဟုတ်ရင် ဒီကောင်မလေး

အစားပုပ်ပုံနဲ့ မင်းသမီးဖြစ်မှာ မဟုတ်ဘူး၊ ခုလဲကြည့် လူကောင်က ကလန့်ကလားနဲ့"

ဖေဖေကပြောတယ်။ ပြီးတော့ စာမေးပွဲဖြေနိုင်လား သမီးလို့ မေးတယ်။

ဖြေနိုင်ပါတယ် ဖေဖေလို့ပြောပြီး အိမ်ထဲ ဝင်ပြေးရတယ်။ တကယ်တော့ သချ်ာမဖြေနိုင်ဘူး မောင်ရယ်။ စိတ်တွေကလည်း တည်တည်ငြိမ်ငြိမ်မှ မဟုတ်တော့တာကို။

"အန်ကယ်ကတော့ ဒီသမီးတစ်ယောက်ကို အားအထားဆုံးပဲ မောင်မောင်ရဲ့၊ ကျန်တဲ့ သားသမီးတွေက အန်ကယ်လိုချင်တဲ့ ပုံစံလဲမဝင်ဘူးလေ၊ ရီရီကိုပဲကြည့်၊ အန်ကယ်က ဖယောင်းရုပ်လေးလို ပုံသွင်းပေးတာ၊ သူက တကယ့်သံမဏိရုပ်ကြီး ဖြစ်နေတယ်။ သားတွေကလဲ အင်ဂျင်နီယာတို့ စစ်ဗိုလ်တို့သာ ဖြစ်ချင်ကြတာ၊ အကြီးနှစ်ယောက်ကျတော့လဲ အစောကြီးမိန်းမယူသွားတယ်၊ ဒီသမီးတစ်ယောက်ပဲ ကိုယ်လိုချင်တဲ့ပုံစံဖြစ်အောင် ကြိုးစားရတော့မှာပဲ"

ဖေဖေကပြောတော့ မောင်က ငြိမ်ပြီး နားထောင်နေတယ်။

"တစ်ခုပဲ အန်ကယ်စိုးရိမ်တာ၊ သမီးက အရွယ်နဲ့မမျှ ထင်ပေါ်နေတော့ လူတွေက စိတ်ဝင်စားကြတယ်။ ရှင်းရှင်းပြောရရင် လိုချင်ကြမယ်ပေါ့ကွာ၊ အန်ကယ်ကတော့ ကိုယ့်ရည်မှန်းချက် မအောင်မချင်း ဘာအနှောင့်အယှက် အတားအဆီးမှ မဖြစ်စေချင်ဘူး"

ဖေဖေက မောင့်ကို စောင်းပြောနေသလားမသိပါဘူး။ နိုင်က အိမ်ထဲက နားထောင်ပြီး သက်ပြင်းချနေမိတယ်။

"ဟုတ်တာပေါ့ အန်ကယ်"

မောင်က အလိုက်သင့်ပြန်ပြောနေတယ်။

"အဲဒါ မောင်မောင်တို့ကလဲ ကိုယ့်နှမလေးကို ကူညီစောင့်ရှောက်ပေါ့ကွာ"



ဖေဖေကတော့ လူယုံအားကိုးနေပြီလို့ နိုင့်စိတ်ထဲက ပြောမိတယ်။ မောင် ငိုင်နေတယ်။ ဒါပေမဲ့ "စိတ်ချပါ အန်ကယ်"လို့ ပြန်ပြောတယ်။

မေမေကတော့ မောင် စားသွားနိုင်အောင်ဆိုပြီး ထမင်းပွဲပြင်နေတယ်။

"မောင်မောင် မင်းလဲ မင်းညီမသွားလေရာ လိုက်စောင့်ရှောက်နေရတာနဲ့ အိပ်ချင်မမှန်ဘူးထင်တယ်၊ ပိန်လိုက်တာ၊ ကျောင်းပိတ်တုန်း အိမ်မှာ ထမင်းလာစား"

မေမေက သူ့စေတနာအတိုင်း ပြောတာပါပဲ။

"မေမေကလဲ သူ့အိမ်မှာလဲစားရပါတယ်၊ သူ့အဒေါ်ကြီးက ဂရုစိုက်လိုက်တာမှ လွန်ရော၊ အမြင်တောင်ကပ်တယ်"

နိုင်က ပြောတော့ ဖေဖေက ရယ်နေတယ်။

"ဟဲ့၊ သူ့တူလေး သူချစ်လို့ ဂရုစိုက်တာ အမြင်ကပ်စရာလား"

"လွန်ပါတယ် အမေရာ"

မောင် ထမင်းစားပြီးမှ ပြန်သွားတယ်။

နိုင်တော့ ကိုကိုနဲ့တွေ့ခဲ့တာလေးတွေ တွေးပြီးတော့ ကြည်နူးနေမိတယ် မောင်ရယ်။

နိုင့်စိတ်က တကယ့်ကို မတည်ငြိမ်ခဲ့သေးတာပါ။

\+ \+ \+

နောက်တော့လဲ ကိုကိုက နိုင်တို့အိမ်ကို လာလည်ပါတယ်။ ဖေဖေက ခေတ်မီသူဖြစ်လို့ အိမ်မှာ ဧည့်သည်နဲ့ ဣန္ဒြေရရ ထိုင်စကားပြောရင် မကန့်ကွက်ပါဘူး။ ကိုကိုက လူကြီးတွေနဲ့လဲ တည့်အောင်ပေါင်းတတ်တယ်။ စကားပြောကောင်းတယ် မဟုတ်လားကွယ်။

www.foreverspace.com.mm

ဖေဖေတို့လစ်ရင်တော့ ကိုကိုက ချစ်တဲ့အကြောင်းတွေ တိုးတိုးလေး ပြောတာပဲ။

ကိုကိုက ခိုင့်ကို ကလေးလေးလိုပဲ အမြဲဆက်ဆံတယ်။ ဒါပေမဲ့ ကိုကိုဟာ ခိုင့်ကို အလှပြင်တာ၊ ပေါ်ပြူလာဖြစ်တာ၊ ကျောင်းကပွဲတွေ၊ အားကစားပွဲတွေမှာ နေရာတိုင်း ပါနေတတ်တာ မကြိုက်ဘူးကွယ်။ မိန်းကလေး ပီပီသသ နေစေချင်သတဲ့။ စာလဲတော်စေချင်တယ်တဲ့။ ရုပ်ရှင်မင်းသမီးလဲ မလုပ်စေချင်ဘူးတဲ့ကွယ်။

ခိုင်တို့အိမ်မှာ အိမ်ဖော်မထားဘဲ ကိုယ့်တစ်ကိုယ်စာ ကိုယ့်ဘာသာ လုပ်ကြရတာ။ ကိုယ့်အဝတ် ကိုယ်လျှော်ရတာ၊ ထမင်းဟင်းဝင်ချက်ရတာ။ ဒါတွေကို ကိုကိုက မသိဘူး။ သိအောင်ပြောလဲ မယုံဘူးကွယ်။ ချာတိတ်က လိမ်နေတာတဲ့။

ဒါပေမဲ့ ခိုင်ကိုကို့ကို ချစ်ခဲ့မိတယ်။ ကိုကိုက နောက်ဆုံးနှစ်ဆိုတော့ ဆရာဝန်ဘွဲ့ရရင် ခိုင့်ကိုယူမှာလို့ပဲ ယုံကြည်တယ်။ ကိုကိုနဲ့သာ လက်ထပ်ရမယ်ဆိုရင် ရုပ်ရှင်မင်းသမီးလဲ မလုပ်ချင်တော့ပါဘူး။ ဖေဖေသိရင်တော့ ခိုင့်ကိုသတ်မယ်။ ဖေဖေက မသိတာ မောင်အနားမှာ ရှိနေလို့ပဲ။ ဒါပေမယ့် ခိုင်က ဖေဖေ ခိုင်းတာတွေ အကုန်လုပ်ပါတယ်။

ခိုင် ပြေးတယ်။ ရေကူးတယ်။ သိုင်းကစားတယ်။ ပြီးတော့ အက သင်တန်းလဲ မှန်မှန်တက်ရတယ်။ ဖေဖေက ကြံ့ခိုင်သန်စွမ်းတဲ့ဘက်မှာ အလေးသာပြီး ပျော့ပျောင်းညင်သာမှု မရှိမှာ အလွန်ပဲ စိုးတယ်။

ဒီကြားထဲက ကျောင်းစာကိုလဲ တတ်နိုင်သလောက် ကျက်ရ မှတ်ရတယ်။ ခိုင် ကျင်လည်နေရတဲ့ဘဝကို ပျော်ပါတယ်။

ဒါပေမဲ့ ပျော်ရတဲ့ ဘဝလေးဟာ ခဏလေးပါ။

ခိုင့်ဘဝမှာ ပျော်ရတဲ့ အချိန်ကာလပိုင်းက နည်းပါး တိုတောင်းခဲ့ ပါတယ်။ မထင်မှတ်တာတွေသာ တစ်ခုပြီး တစ်ခု ဖြစ်လာခဲ့တယ်။



ကိုကိုနဲ့ချစ်ရတဲ့ဘဝကို သာယာကြည်နူးနေတုန်း မမျှော်လင့်တာတွေ ဖြစ်လာတာ မယုံနိုင်စရာပါပဲ။

စာမေးပွဲဖြေအပြီးမှာ ကိုကိုက ပြောလာတယ်။

‘ကိုကိုတို့ မိသားစု ကျောင်းပိတ်ရက်မှာ ခရီးထွက်ကြမယ်’တဲ့။

ကိုကိုတို့ မိသားစုဟာ ချမ်းသာကြွယ်ဝတာ မောင် အသိပါ။ ကိုကို့ကိုလဲ သိပ်ချစ်ကြတယ်တဲ့။ ခိုင်နဲ့ ကိုကိုရဲ့ ဇာတ်လမ်းကိုတော့ ကိုကို့အိမ်က သိ မသိ ခိုင် မသိပါဘူး။ သိဖို့လဲ မလိုဘူးထင်တယ်။

‘ကိုကို ဘယ်သွားမှာလဲ’

ခိုင်ကမေးတော့ ‘ပြင်ဦးလွင်’ကိုတဲ့။

‘ပြင်ဦးလွင်မှာ ခိုင် ရုပ်ရှင်ရိုက်ဖူးတယ်၊ သိပ်သာယာတာပဲ၊ ကိုကို ခရီးသွားမှာ ဘာဖြစ်လို့ ကြိုမပြောတာလဲ’

‘အိမ်သားတွေ စီစဉ်တာပါကွာ၊ ပြင်ဦးလွင်မှာ ကိုကို့အိမ်တစ်လုံး ရှိတယ်၊ မာမီလဲ နောင်းနောင်းနေမကောင်းလို့ သွားနေမှာ၊ ကိုကိုကတော့ ကျောင်းဖွင့်ရင် ပြန်လာမယ်’

‘ဒီတစ်ခါ ကျောင်းဖွင့်ရင် ကိုကို ဆရာဝန်ဖြစ်ပြီနော်’

‘အင်း ကိုကိုတို့က အောက်တိုဘာမှာ ဖြေရမယ်လေ’

ကိုကိုက ပြောတယ်။ ခိုင်တို့ဧည့်ခန်းမှာ ထိုင်စကားပြောနေကြတာ။ ကိုကိုက ခါတိုင်းလို့ ပြုံးပြုံးရယ်ရယ် မရှိသလိုပါပဲ။

‘ပြင်ဦးလွင်ကို ဘာမှာဦးမလဲ၊ လွင်လွင်လဲပါမယ်’

လွင်လွင်က ဆယ်တန်းအောင်လို့ တက္ကသိုလ်ရောက်သွားပြီလေ။

‘မှာစရာမရှိပါဘူး ကိုကိုရာ’

ကိုကိုနဲ့တွေ့ရတာ ပေါ့ရွှတ်ရွှတ်ကြီးပါပဲ။ တကယ်တော့ ကိုကိုက ခိုင့်ကို လာနှုတ်ဆက်တာပဲဆိုတာ ခိုင်မသိခဲ့ဘူး မောင်။

ကျောင်းပြန်အဖွင့်မှာ ကိုကို ရောက်မလာတော့ဘူး။

www.foreverspace.com.mm

www.foreverspace.com.mm

ခိုင့်ရဲ့ မျှော်လင့်ချက်ကမ္ဘာကြီးလဲ ပြိုကွဲပျက်စီးခဲ့ရပြီ။ ခိုင်က ကိုကို့ကို ဆရာဝန်လောင်းကြီးဆိုပြီး ချစ်ခဲ့တာ မဟုတ်ပါဘူး မောင်ရာ။ ကိုကိုရဲ့ ရုပ်သွင်နဲ့ စကားလေးတွေကို စွဲလမ်းခဲ့ရတာ။ ခုတော့ ကိုကိုက ညာရက်တယ်။

ကိုကိုက ဆရာဝန်ဘွဲ့နဲ့အတူ ကြင်သူသက်ထားကိုပါ တစ်ခါတည်း ရွေးချယ်ရယူခဲ့တယ်လေ။

ကိုကို့ရဲ့ ဦးနှောင်နဲ့ရွေးချယ်ခဲ့တဲ့ဖနီးလောင်းဟာ ဆယ်ကျော်သက် ဟိုမရောက် ဒီမရောက်ကောင်မလေး မိခိုင်မဟုတ်ပါဘူး။ လွင်လွင်လေ။

ကိုကိုနဲ့ လွင်လွင်တို့ရဲ့ စေ့စပ်ကြောင်းလမ်းသတင်းကို ခိုင်ဖတ်ရတယ်။

သြော် ကိုကိုရယ်၊ ကိုကိုဟာ အချိန်အခါနဲ့ အံဝင်ခွင်ကျအောင် ကွက်တိ စီမံပေးတဲ့ မိဘတွေနဲ့အတူ အဆင့်အတန်းချင်း၊ စည်းစိမ်ချမ်းသာချင်း ညီမျှတဲ့ ဇနီးတစ်ယောက်ကိုယူဖို့ စေ့စပ်မင်္ဂလာပွဲကြီး သွားရောက်ဆင်နွှဲမယ်ဆိုတာ ဘာလို့ ဖွင့်မပြောခဲ့တာလဲ။

ခိုင် သိပ်ဝမ်းနည်းမိတယ် မောင်။ စိတ်လဲနာမိတယ်။ ခိုင့်ကို အိမ်ရှင်မကောင်းတစ်ယောက် ဖြစ်လိမ့်မယ်လို့ မယုံခဲ့ရင် ဘာဖြစ်လို့နှနယ်ပြီး အပြစ်ကင်းစင်တဲ့ ခိုင့်နှလုံးသားကို ညစ်နွမ်းအောင် လုပ်ရသလဲ။ ခိုင်သိပါတယ်။ ကိုကိုဟာ ခိုင် ရုပ်ရှင်ရိုက်ဖူးတာ၊ လူသိများတာတွေကို မကြိုက်ဘူး။ ခိုင်ဟာ မိန်းကလေးပီသမယ်လို့ မထင်ဘူး။ ကိုကို့စကားတွေထဲမှာ ဒီသဘောတွေ အမြဲပါတယ်။ ခိုင်နားကျည်းတာ ဒီလို လုံးဝဥဿုံ မယုံကြည်ဘဲနဲ့ ခိုင့်အချစ်ကို ဘာဖြစ်လို့ အရယူခဲ့တာလဲ။

ကိုကို့အချစ်ကို လက်ခံပြီးတဲ့အချိန်မှာ ခိုင်ဟာ ကိုကို့ကိုပဲ ချစ်သူအဖြစ် သတ်မှတ်ဆက်ဆံခဲ့တယ်။ ခိုင်ဟာ ငယ်ပေမယ့် ဟိုဟိုဒီဒီ နှစ်ခွ မလုပ်တတ်ခဲ့ပါဘူး မောင်။ မောင် အသိဆုံးပဲ။ ဒါပေမယ့် ကိုကိုရဲ့ နောက်ဆက်တွဲ စွပ်စွဲချက်တွေက ခိုင့်အသည်းနှလုံးကို ပိုနာကျင်စေတယ်။



ခိုင်ဟာ မောင်နဲ့ပဲ ချစ်သင့်တယ်တဲ့။ ခိုင် တကယ်ချစ်တာ မောင်ပဲ ဖြစ်ရမယ်တဲ့။

အဲဒီ နောက်ဆုံးနှုတ်ဆက်စာလေးကို မောင်ကနေ တစ်ဆင့်ပဲ ပေးခိုင်းတယ်လေ။

ကိုကို့ဘဝအတွက် အသင့်တော်ဆုံးဖြစ်မယ့် ဇနီးလောင်းကို ရွေးခဲ့ရသလို ခိုင့်ဘဝအတွက်လဲ လက်တွဲအညီဆုံး မောင့်ကို ရွေးသင့်တယ်တဲ့။

ကိုကိုဟာ လွင်လွင့်ကို မိဘတွေရဲ့အလိုကျ စေ့စပ်ရတာပါလို့ ပြောမထားဘူးမောင်။ ဒါကြောင့် ကိုကို့ သဘောထားကို ပိုပြီး ရှင်းရှင်းလင်းလင်း နားလည်ရပါတော့တယ်။

အဲဒီစာကို မောင်က အောင်ဆန်းကွင်းရဲ့ ပြေးလမ်းပေါ်မှာ ခေါ်ပြီး ပေးခဲ့တာလေ။ ခိုင် ငိုမိတယ် မောင်။

“ကိုကို ဒီလိုလုပ်ဖို့ မကောင်းဘူး”

မောင်က ပြောတယ်။

“တို့နှစ်ယောက် ဆက်ဆံရေးကို မယုံသင်္ကာဖြစ်ရင်လဲ သူဖွင့်မေးသင့်တယ်”

မောင်တစ်ယောက်တည်း ပြောနေတာ၊ ခိုင်ကတော့ ဘာမှ မပြောနိုင်ဘူး။ ဆုံးရှုံးသွားတဲ့အရာတစ်ခုကို နှမြောသလိုပါပဲ။ ခိုင်က အိမ်မှာ အထွေးဆုံး၊ ဖေဖေက အချစ်ဆုံး။ ခိုင်လိုချင်တဲ့ အရာဆို ဘာဖြစ်ဖြစ် ရအောင်ယူနိုင်ခဲ့တာ။ လိုချင်မိရင်လဲ ချက်ချင်းရမှ ကြိုက်တာ။ ခုချိန်ထိ ခိုင့်ဘဝမှာ လိုချင်တာ မရတာရယ်လို့ မရှိသေးဘူး။ ရှိလာပြန်တော့လဲ တန်ဖိုးအကြီးဆုံးအရာ ဖြစ်နေတယ်ကွယ်။

“မိခိုင် မငိုနဲ့ဟာ” လို့ မောင်ကပြောတယ်။

မောင်က ဆက်ပြောတယ်။

“တစ်ခုတော့လဲ ကောင်းပါတယ်ဟာ၊ နင် ကိုကိုနဲ့ချစ်နေရင် အနုကယ် ဖြစ်စေချင်တဲ့ ရုပ်ရှင်မင်းသမီးဖြစ်ရမှာ မဟုတ်တော့ဘူး၊ ငါလဲ လုပ်သာ

www.foreverspace.com.mm

ပေးနေရတယ်၊ အနံကယ်သိသွားမှာ ရင်တထိတ်ထိတ်ပဲ၊ ခုတော့ ရှင်းသွားတာပေါ့မောင်' တဲ့။

ခိုင်လဲ မျက်ရည်တွေကို သုတ်လိုက်ပါတယ်။ ဘာပဲဖြစ်ဖြစ်လေ ခိုင့်အနားမှာ အားပေးနှစ်သိမ့်မယ့် မောင်တစ်ယောက်ရှိနေတာ ဖြေသာပါသေးတယ်။ မောင့်ရဲ့ ဖြူစင်တဲ့ စေတနာကိုလည်း နားလည်ပါတယ်။ နောက်ပိုင်းမှာလဲ ခိုင့် ဘဝတစ်လျှောက်လုံး ဒုက္ခရောက်တိုင်း မောင်အနားမှာ ရှိခဲ့တယ်နော်။

ပြေးလမ်းပေါ်က ခိုင် ပြန်ခဲ့တယ်။ မောင်က နောက်ကနေ လိုက်လာတယ်။

ကိုကိုကတော့ ထာဝရ ထွက်ပြေးသွားပြီကွယ်။

www.foreverspace.com.mm

၄

လှတဲ့ မိန်းမတွေဟာ အချစ်ရေးမှာ ကံခေတယ်လို့ ကြားဖူးတယ်မောင်။

ခိုင်ဟာ ဘယ်သူမှ မသိလိုက်တဲ့ အချစ်ဇာတ်လမ်းတစ်ပုဒ်ကို ပြည်ဖုံးကား ချလိုက်ပါတယ်။ ဆယ်တန်းမြန်မြန်အောင်အောင်ဖြေမယ်လို့ပဲ သန္နိဋ္ဌာန်ချထားတယ်။ သူငယ်ချင်းတွေကတစ်ဆင့် လူကြီးတွေကတစ်ဆင့် ခိုင့်အချစ်ကို ကမ်းလှမ်းလာသူတွေကိုလည်း တွေ့နေကြုံနေရတယ် မောင်။ ခိုင်အားလုံးကို ကျောခိုင်းထားပါတယ်။ အချစ်ဆိုတာကိုလဲ လန့်သွားပြီ။

ခိုင်တို့နှစ်ယောက် တစ်ပတ်မှာ ကျောင်းပိတ်ရက်နှစ်ရက်ပဲ အပြေးလေ့ကျင့်ကြတယ်။ မောင်က တက္ကသိုလ်ပေါင်းစုံမှာ အပြေးစံချိန်သစ်

တင်နိုင်လို့ ခိုင်ပဲဝမ်းသာတယ်။ မောင်လဲ တက္ကသိုလ်ကျောင်းသူလောကမှာ ကြယ်တစ်ပွင့် ဖြစ်နေပြီဆိုတာတော့ ခိုင် မသိဘူးမောင်။ ခိုင်နဲ့ မောင်တို့ နှစ်ယောက်ဟာ တစ်ယောက်နဲ့တစ်ယောက်အနီးကပ်ဆုံးနေပြီး တစ်ယောက်ရဲ့ တန်ဖိုးကို တစ်ယောက် မသိခဲ့ကြတဲ့ အဖြစ်ပါပဲ။

ကိုကို့အတွက် အချစ်နာကျနေတဲ့ ခိုင့်ကို မောင်က နှစ်သိမ့်မှုတွေ ပေးခဲ့ပါတယ်။ ခိုင်ကတော့ မောင့်ကို ပိုပြီး ခင်တွယ်လာတယ်။ ခိုင်ဟာ အချစ်ကိုလဲ လိုလားတောင့်တတတ်လာပြီလေ။ မောင်က ခိုင့်ကို တစ်နေ့နေ့ ချစ်ရေးဆိုမှာပဲလို့ မျှော်လင့်ခဲ့တယ်။ အဲဒီ တစ်နေ့ဟာ ဘယ်နေ့လဲ။

မနက်ခင်း နှင်းတွေသိပ်ကျနေတဲ့တစ်နေ့ ခိုင်နဲ့မောင် ပြေးကြရင်း ခိုင် ရုတ်တရက် ခြေခေါက်ပြီး လဲကျသွားတယ်။ မောင်က ရှေ့ကပြေးနှင့်နေတော့ ခိုင် လဲသွားတာကို မမြင်ဘူး။ အေးကလဲ အေး၊ ခြေထောက်ကလဲ နာလွန်းလို့ နေရာမှာတင်ပဲ ထိုင်ချပြီး မျက်ရည်ဝဲမိတယ် မောင်။ ကိုကိုဆိုတာလဲ ပြေးလမ်းပေါ်ကပါ ပျောက်ကွယ်သွားခဲ့ပြီလေ။ ကိုကိုတို့ စွေစပ်ပြီး မကြာခင်ပဲ လက်ထပ်လိုက်ကြတယ်။

ခိုင်တစ်ယောက်တည်း အံကိုကြိတ်ရင်း မျက်ရည်ကျနေမိတုန်း မောင် တစ်ပတ်ပြန်ရောက်လာတယ်။

"မိခိုင် ပါမလာဘူး အောက်မေ့တာ၊ ဘာဖြစ်နေတာလဲ" တဲ့။

"ဒီမှာဖြင့် နာလို့သေတော့မယ်၊ မောင်က တစ်ချက်ကလေးတောင် လှည့်မကြည့်ဘူး၊ ကိုကိုဆို ခိုင့်ကို အမြဲစောင့်တယ်"

မောင်က ထိုင်ချပြီး ခိုင်ကို ဖေးကူမယ်အလုပ် လမ်းခုလတ်မှာ ရပ်တန့်သွားတယ်။

"ခိုင် မင်းက ကိုကို့ကို မမေ့သေးပဲကိုး၊ မင်း ကိုကို့ကို မေ့နိုင်မယ့် တစ်နေ့ကို စောင့်နေခဲ့တာ"

မောင်က ခိုင် လက်နဲ့ဖိနှိပ်နေတဲ့ ခိုင့်ခြေထောက်ကို ခိုင့်လက်တွေ ဖယ်ပြီး ကြည့်တယ်။



ခိုင် မောင့်ကို အားနာသွားတယ်။ ခိုင်က ကိုကို့အကြောင်း ပြောမိတာကိုး။

"ကိုကို့ကို မေ့နိုင်တဲ့နေ့ကျရင် မောင်က ဘာလုပ်မှာမို့လဲ"

ခိုင်က မောင့်လက်မောင်းကိုတွယ်ပြီး ထရပ်ရင်း ပြန်မေးတယ်။

"ခိုင်ရယ် မောင့်ကို အပေါင်းအသင်းတွေက ကောက်ရိုးပုံစောင့်တဲ့ ခွေးလို့တောင် လှောင်နေကြပြီ၊ မောင့် စေတနာကို ခိုင် သိဖို့ကောင်းတယ်"

မောင်က ခိုင့်ကို အိမ်အထိ တွဲခေါ်လာတယ်။ အိမ်ရောက်တော့ မေမေတို့လဲ ပျာယာခတ်သွားကြတယ်။ ခြေထောက်က တော်တော်နာတယ် မောင်ရယ်။

ခိုင် နှစ်ရက်လောက် ကျောင်းမတက်နိုင်ဘူး။

ဖေဖေလဲ ခရီးထွက်သွားလို့ အိမ်မှာ မရှိဘူး။ ခိုင့်အစ်ကိုကြီး နှစ်ယောက်က အိမ်ထောင်ကျသွားပြီလေ။ အစ်ကိုကျော်က စစ်တက္ကသိုလ် တက်တယ်။ မမရီနဲ့ အမေပဲ အိမ်မှာရှိတယ်။ မောင်က တစ်ချိန်လုံး ခိုင့်အနားမှာ လာနေပေးတယ်။ တစ်ညနေ ခိုင်တို့နှစ်ယောက်တည်း အိမ်မှာရှိတုန်း ခိုင်က ခုတင်ပေါ်မှာ ခြေဆင်းရင်း ရုပ်ရှင်စာအုပ်ဖတ်နေတယ်။ မောင်က ခုတင်ဘေးက ကုလားထိုင်မှာ ထိုင်လို့။ ခိုင် ကျောင်းပျက်တဲ့ စာတွေကို ကူးပေးနေရတယ်။

"မောင်က ခိုင့်ကို ဘာဖြစ်လို့ ဒီလောက် အလိုလိုက်ရသလဲ ဟင်၊ ခိုင် ကျောင်းပျက်လဲ အရေးမကြီးပါဘူး၊ နောက်မှ ပြန်ကူးမှာပေါ့"

ခိုင်က မောင့်ကိုကြည့်ရင်း ရုတ်တရက် ပြောလိုက်မိတယ်။

"မေးနေရသေးလား ခိုင်၊ ခိုင့်ကို ချစ်လို့ပေါ့"

မောင်က မော့မကြည့်ဘဲ ပြောတယ်။

ပြောမယ့်ပြောတော့လဲ ရုတ်တရက်ကြီး မောင်ရယ်။ ခိုင် မမျှော်လင့်ဘူး။ ပြီးတော့ မောင်က စာဆက်ကူးနေတယ်။ ခိုင်က မောင့်လက်ထဲက စာအုပ်နဲ့ ဖောင်တိန်ကို ဆွဲဖယ်လိုက်ရတယ်။

www.foreverspace.com.mm

"ဘာပြောတာလဲမောင်၊ ပြန်ပြောစမ်းပါဦး"

"ပြောပြီးပြီပဲ နိုင်၊ ပေးပါ စာအုပ်တွေ၊ မနှစ်ကစာနဲ့ ဒီနှစ်စာတွေဟာ မဟုတ်ဘူး အမိရဲ့"

မောင်က စာအုပ်တွေကို ပြန်ဆွဲတယ်၊ နိုက် မပေးဘူး။ မောင့်မျက်နှာကို လိုက်ကြည့်တယ်။ မောင်က မျက်လုံးတွေကို လွှဲထားတယ်။

"မောင်က နိုင့်ကို စ နေတာလား၊ ပန်းဘဲတန်းကို အကဲမစမ်းနဲ့နော်၊ အသည်းကျွမ်းသွားမယ် သိလား"

နိုင်တို့ကျောင်းက ပန်းဘဲတန်း အမှတ် ၁ ဖြစ်နေပြီလေ။

မောင်က ဘာမှ ပြန်မပြောဘဲ စာကိုပဲ ဆက်ကူးနေတယ်။

"ကြည့်စမ်း၊ စာတွေကို မောင်မောင်က ကူးပေးနေရတယ်၊ သူ့ခြေထောက်နာတာ လက်က ကူးနိုင်သားပဲကွယ်၊ မောင်မောင် ဒီကောင်မလေးကို အလိုမလိုက်နဲ့၊ မောင်မောင့်ကိုဆို သိပ်နိုင်တယ်"

မမေ ရောက်လာလို့ စကားလဲပြတ်သွားရတယ်။

"ရပါတယ် အန်တီ၊ ကျွန်တော်က သူနိုင်ဖို့ လူဖြစ်လာတာ"

စာတွေကူးပြီးတော့ မောင် ပြန်သွားတယ်။ စာအုပ်ကြားမှာ စာရွက်လေးတစ်ရွက် ညှပ်ပေးသွားတယ်။ ပန်းဘဲတန်းကို အကဲမစမ်းဝံ့ပါဘူး၊ အသည်းကျွမ်းမှာတော့ ကြောက်ပါတယ်ဗျာတဲ့။

ဘယ်လိုနားလည်ရမှန်းလဲ မသိပါဘူး မောင်ရယ်။

\+ \+ \+

နိုင်နဲ့ မောင့်ကြားမှာ အမြဲတမ်းပဲ တံတိုင်းတစ်ခု ခြားနေတတ်တယ်လို့ ပြောခဲ့တယ် မဟုတ်လား။ ပြီးတော့ နိုင့်ဘဝဟာ မထင်မှတ်ဘဲ အပြောင်းအလဲတွေ ဖြစ် ဖြစ် လာတတ်တယ်လေ။



နိုင်နဲ့ မောင်ဟာ ချစ်သူတွေ ဖြစ်ခဲ့ကြသလား။ နိုင်လဲ ရေရေရာရာ မပြောတတ်ဘူး။ မောင့်ကို ဘယ်လိုနားလည်ရမှန်းလဲ မသိဘူး။ မောင်ဟာ ဖေဖေ့ကို ကြောက်လို့ပဲ နိုင့်ကိုရဲရဲဝံ့ဝံ့ မချစ်ဝံ့တာလား။ ဒါမှမဟုတ် မောင့်အဒေါ်တွေကြောင့်များလားလို့ နိုင် တွေးရတယ်။ မောင့်အဒေါ်တွေက နိုင့်ကို မလိုလားကြတာ နိုင် အသိဆုံးပဲလေ။

ဒီအချိန်မှာ ဦးအောင်ငြိမ်းက နိုင့်ဘဝထဲကို မထင်မှတ်ဘဲ ဝင်ရောက်ခဲ့ပြန်တယ်။

ဦးအောင်ငြိမ်းဟာ လူကြီးတစ်ယောက်ပါ။ နိုင်နဲ့လဲဆွေမျိုးမကင်းဘူး။ ဒါပေမဲ့ သူ့ဘက်က အမျိုးတွေနဲ့လဲ နိုင်တို့က သဟာဇာတ မသင့်လှပါဘူး။ နိုင်တို့ မိသားစုပုံစံက တစ်မျိုးလေ။ ပွင့်လင်းတယ်။ ခေတ်မီတယ်၊ ဖေဖေဆို သားသမီးကို အုပ်ထိန်းရာမှာ ခေတ်ရှေ့က ပြေးနေတာပဲ။

ဦးအောင်ငြိမ်းကတော့ နိုင်နဲ့ ဖေဖေ့ကို နားလည်တယ်။ နိုင့်ကိုလဲ ချစ်တယ်။ ပြီးတော့ ဦးအောင်ငြိမ်းက လူပျိုကြီး။ ဌာနတစ်ခုရဲ့ အရာရှိကြီးတစ်ယောက်ပါ။

အဲဒီနှစ်မှာ ဦးအောင်ငြိမ်းက မြစ်ကြီးနားကနေ ရန်ကုန်ကို ပြောင်းလာရတယ်။ အိပ်မရခင် နိုင်တို့အိမ်မှာ နေတယ်လေ၊ နိုင်တို့ညီအစ်မက ဦးအောင်ငြိမ်းရဲ့ ဝေယျာဝစ္စကို လုပ်ပေးရတယ်။

ဦးအောင်ငြိမ်းက တည်တည်ငြိမ်ငြိမ်နေတတ်တဲ့ လူကြီးတစ်ယောက်ပဲ။ နိုင်တို့က သူ့ဆိုရင် နှဲ့ဆိုးဆိုးကြတယ်။ သူက ဖေဖေ့ထက်လဲနိုင်တို့ကိုပိုပြီး အလိုလိုက်တယ်။ နိုင့်ကို ဖေဖေက ပုံစံဝင်အောင် လေ့ကျင့်ပေးနေတာတွေ များလွန်းတယ်လို့ ဦးအောင်ငြိမ်းက ပြောတယ်။

နိုင်နဲ့ မောင် တွဲတွဲသွားသွားနေတာကိုလဲ သိပ်ရင်းနှီးလွန်းတယ်လို့ ဦးအောင်ငြိမ်းက မေမေ့ကို ပြောတယ်။ မောင်ကလည်း ဦးအောင်ငြိမ်းရှေ့ကျရင် အနေကျုံ့တယ် ထင်ပါရဲ့။ သူရှိရင် အိမ်မှာ ကြာကြာမနေတော့ဘူး။

www.foreverspace.com.mm

တစ်နေ့ နိုင်က ဦးအောင်ငြိမ်းရဲ့ အဝတ်တွေကို မီးပူတိုက်ပေးနေတုန်း မောင် ရောက်လာတယ်။

“နိုင်က တယ်ဟုတ်ပါလား၊ ဘယ်သူ့အဝတ်တွေလဲ၊ အန်ကယ့်အင်္ကျီတွေလား”

အိမ်မှာ နိုင်က အိမ်အလုပ်ကို လုပ်ရခဲ့တယ် မဟုတ်လား။ လုပ်တတ်အောင်ဆိုပြီး မေမေက အားလုံး သင်ပေးထားပေမယ့် တကယ်ကျတော့ မေမေကချည်း အားလုံး ကျုံးလုပ်သွားတတ်တာ။

“မဟုတ်ပါဘူး၊ ဦးအောင်ငြိမ်း အဝတ်တွေပါ”

နိုင်က ပြောတော့ မောင်က နှစ်ခြိုက်ပုံ မရဘူး။

“ဒီလူကြီးက လူပျိုကြီးနော်၊ နိုင့်ကြည့်ပုံကလဲ တစ်မျိုးပဲ၊ မောင်လာတာလဲ မကြိုက်သလိုဘဲ”

နိုင်က ရယ်မိတယ်။ နိုင်နဲ့မောင်က သူငယ်ချင်းဘဝကနေ ချစ်သူတွေဖြစ်နေကြပြီလေ။ တစ်ယောက်နဲ့တစ်ယောက် နားလည်ပြီးသား ချစ်သူတွေပေါ့။ နိုင် သိတယ်။ မောင်က ဖေဖေ့ ရည်ရွယ်ချက်ကို မပျက်စေချင်ဘူး။ မောင့်မှာ ဖေဖေကိုယ်တိုင် တာဝန်ပေးထားတာလဲ ရှိတယ်မဟုတ်လား။ ဖေဖေ့အလိုကျ ဖြစ်စေပြီးမှ နိုင်တို့အချစ်ရေးလဲ အဆင်ပြေမယ်ဆိုတာ နိုင်ရော မောင်ပါ နားလည်တယ်။

“သူက လူကြီးပါ မောင်ရယ်၊ လူကြီးဆိုတော့လဲ လူငယ်တွေ နေတာထိုင်တာ ကြည့်ရတာ တစ်မျိုးဖြစ်နေမှာပေါ့”

“မဟုတ်ပါဘူး နိုင်ရာ၊ နိုင်ကကော ဘာဖြစ်လို့ ဒီလူကြီးရဲ့ အင်္ကျီတွေကို မီးပူတိုက်ပေးနေရတာလဲ”

“မောင်က သူကတစ်ယောက်တည်း၊ လုပ်ပေးမယ့်သူမှ မရှိတာ၊ ပြီးတော့ နိုင်လုပ်ပေးရင် နိုင်နဲ့ နိုင့်သူငယ်ချင်းတွေကို ရုပ်ရှင်ပြမယ်၊ မုန့်ကျွေးမယ် ပြောထားလို့”



www.foreverspace.com.mm

မောင်နဲ့ နိုင်က ကျောင်းပြန်ရင် အတူတူပြန်တယ်၊ မောင်က ကျောင်းပြီးတာနဲ့ နိုင်တို့ဆီ ရောက်လာတတ်တယ်။ ညကျတော့ စာအတူတူကြည့်တယ်။ မနက်အတူတူပြေးတယ်။ ကျန်တဲ့အချိန်မှာတော့ အတူလျှောက်လည်တာတို့၊ ရုပ်ရှင်ကြည့်တာတို့ မရှိဘူးလေ။

“နိုင်ကလဲကွာ၊ နိုင် ကလေးမဟုတ်တော့ဘူး၊ ရုပ်ရှင်ကြည့်ချင်တာနဲ့ သူ ခိုင်းတာ လုပ်ပေးရမလား”

“အို မောင်ကလဲ၊ သူက လူကြီးမို့ လုပ်ပေးတာလဲ ပါပါတယ်”

မောင်ကတော့ ကျေနပ်ပုံ မရဘူး။ နိုင့် စိတ်ထဲမှာတော့ ဘယ်လိုမှ မအောက်မေ့တာ အမှန်ပဲ။

မောင် နိုင့်ကို စိတ်ဆိုးသလား မသိဘူး။ အိမ်ကို မလာပြန်ဘူးကွယ်။ နိုင်တစ်ယောက်တည်း ကျောင်းက ပြန်ရမယ့်နေ့ဆို ဦးအောင်ငြိမ်းက သူ့ရုံးကကားနဲ့ ဝင်ကြိုတတ်တယ်။ ကျောင်းပိတ်ရက်မှာ ဦးအောင်ငြိမ်းနဲ့ နိုင်တို့ သူငယ်ချင်းတစ်သိုက် ရုပ်ရှင်လိုက်ကြည့်ကြတယ်။ မုန့်စားကြတယ်ကွယ်။ သိပ်ပျော်ကြတာပဲ။ သူငယ်ချင်းတွေကလဲ ဦးအောင်ငြိမ်းနဲ့ သွားရတာပျော်တယ်။ သဘောကောင်းတဲ့ လူကြီးမို့တဲ့။

“ဟဲ့ မိနိုင်၊ နင် အဲဒီလူကြီးကို ယူပါလား၊ သဘောလဲကောင်းတယ်၊ ဝင်ငွေလည်း ကောင်းတယ်၊ အလိုလဲ လိုက်မယ့်ပုံ”

သူတို့က အဲဒီလို စကြတယ်။ မောင့်ကိုတော့ ခင်နှင်းယုရဲ့ မွေးဝတ္ထုထဲက အတွတ်လိုပဲ ကျန်ရစ်ကြီးဖြစ်မှာပါတဲ့။

ဒီအချိန်ထိ နိုင့်စိတ်က မပြောင်းလဲသေးပါဘူး။ မောင့်ကိုပဲချစ်တယ်။

မောင်ကလဲနိုင့်ကို ချစ်နေတာပဲလို့ ယုံကြည်မိတယ်ကွယ်။

မထင်မှတ်တဲ့နေ့ မောင်တို့အိမ်ကို နိုင်ရောက်သွားတယ်။ စာမေးပွဲနီးလို့ နိုင့်စာအုပ်တွေ မောင့်ဆီရောက်နေတာ ပြန်ယူမလို့ပါ။ မောင်ကလဲ စာကျက်နေတယ်လေ။ ထုံးစံအတိုင်း မောင့်အဒေါ်ကြီးတွေ ပါးစပ်ကိုကြောက်လို့ အိမ်ထဲမဝင်ဘူး၊ အပြင်က လှမ်းခေါ်တယ်။

'ဟဲ့ မိနိုင် မောင်မောင် မရှိဘူး၊ လာလေ' လို့ မောင့် ဦးလေးက လှမ်းခေါ်တယ်။

နိုင်က မငုံ့မရဲဖြစ်နေတော့ မောင့်ဦးလေးက သူ့အခေါ်တွေကို ဘုရားလိုက်ပို့တယ် ဘယ်သူမှမရှိဘူးတဲ့။

နိုက်က စာအုပ်ယူချင်လို့ပါလို့ ပြောပြီး အိမ်ထဲဝင်တယ်။

'အဲဒါ သူ့ စားပွဲပဲ စာအုပ်သိရင် ယူသွား'

ဦးလေးက ပြောတယ်။

နိုင်လဲ မောင့်စားပွဲဆီသွားပြီး နိုင့် စာအုပ်ကို ရှာရတယ်ကွယ်။ နိုင်ကြောက်တဲ့ မီးရထား ပုစ္ဆာလေ။ မောင့်ကို တွက်ခိုင်းထားတာ။

စာအုပ်ကိုယူမယ်လို့ စားပွဲပေါ် လှမ်းကြည့်လိုက်တော့ ဓာတ်ပုံလေး တစ်ပုံ ထောင်ထားတာ တွေ့ရတယ်ကွယ်။ ဘယ်သူ့ပုံပါလိမ့်လို့ နိုင် သေသေချာချာ ကြည့်ပေမယ့် နိုင်သိတဲ့အထဲက မဟုတ်ဘူး။ နိုင်လဲ စာအုပ်ယူပြီး ပြန်ခဲ့တယ်။

နောက်နေ့ မောင်နဲ့တွေ့တော့ ဓာတ်ပုံအကြောင်း မောင့်ကို မေးတာပေါ့။ နိုင်က သိချင်တာရှိလဲ အောင့်မထားတတ်ဘူး။

'သူငယ်ချင်းပါကွာ' တဲ့။

မောင် ရယ်နေတယ်။

'သူငယ်ချင်းပုံကို စားပွဲပေါ်မှာ တင်ထားရသလား'

'တကယ်ပါ'

'နိုင့်ကို မညာနဲ့နော်၊ နိုင့်ကို တစ်ယောက်ယောက်ကညာတာ နိုင် သည်းမခံနိုင်ဘူး၊ ကိုကို့တုန်းကလဲ နိုင့်ကိုညာတယ်၊ လွင်လွင်နဲ့ သူနဲ့ မောင်နှမပါဆိုတာ နိုင် ယုံခဲ့မိတယ်'

'မောင် မညာပါဘူး နိုင်ရယ်'

ဒါပေမယ့် မောင့်အသံက တိုးလွန်းတယ်။ နိုင့်စိတ်ထဲမှာ သံသယ ဝင်ရတယ်ကွယ်။



မောင်ဟာ နိုင့်ရဲ့ အယုံကြည်ရဆုံး လူတစ်ယောက် မဟုတ်လား။ နိုင်ကတော့ ဘယ်သူ့ကိုမှ မညာခဲ့ဘူး။ ဖေဖေကလဲ မညာတတ်အောင် သင်ပေးခဲ့တယ်။ ကိုကိုနဲ့ နိုင့်အကြောင်း ဖေဖေ့ကို အသိမပေးဝံ့လို့ အသိ မပေးခဲ့တာပဲ ရှိပါတယ်။ နိုင် မညာခဲ့ပါဘူး။ တကယ်တမ်းမေးလာရင် နိုင် ဖွင့်ပြောမိမှာပဲ။

'မောင်က ကျောင်းမှာ အားကစားချန်ပီယံဆိုတော့ မောင့်ကို ကောင်မလေးတွေက သဘောကျမှာပဲနော်'

ပထမဆုံးအကြိမ် မောင့်အပေါ် သဝန်တိုစိတ်နဲ့ ပြောမိတယ်။

'နိုင့်လောက် မစွံပါဘူးကွာ၊ နိုင်သာ ကောင်ကလေးတွေက အမြဲ နောက်က တကောက်ကောက်လိုက်နေတာ၊ ဦးအောင်ငြိမ်းကဆိုရင်လဲ...'

'တော်တော့ မောင်၊ နိုင့်ကို ဒီလူကြီးနဲ့ မစနဲ့'

နိုင် စိတ်ဆိုးတော့ မောင် ဘာမှ မပြောတော့ဘူး။ ဓာတ်ပုံထဲက မိန်းကလေးနာမည်ကိုမေးတော့ မောင် မဖြေဘူး။ နိုင့်စိတ်ထဲမှာ မကျေမချမ်း ဖြစ်ရတယ်။ ဒါပေမဲ့ မောင့် အပေါ်သံသယတော့ မဖြစ်သေးပါဘူးကွယ်။ မောင်က နိုင့်တစ်ယောက်ပဲ ချစ်စရာရှိတာလို့ နိုင် ထင်ခဲ့မိတယ်။ အဲဒီကတည်းက မောင်ဟာ တွေဝေတတ်သူတစ်ယောက်ပါလားဆိုတာ နိုင် မသိခဲ့သေးဘူး။ တကယ်တော့ မောင် နိုင့်အပေါ် မငုံ့မရဲဖြစ်နေတာတွေ ပွင့်ပွင့်လင်းလင်း ချစ်ရေးမဆိုခဲ့တာတွေဟာ မောင် တွေဝေနေခဲ့လို့ မဟုတ်လား။ ဒါတွေ နိုင်နောက်မှ သိရတယ်လေ။

စာမေးပွဲနီးလို့ နိုင်လဲစာကို ဖိကျက်ရတယ်။ စာမေးပွဲကျလို့ မဖြစ်ဘူးလေ။ နိုင့်ဘဝအတွက် ပညာရေးက ဒုတိယပါ။ ဒါပေမယ့် ပညာရေးကို အရင်ပြီးအောင် လုပ်ရမယ်မဟုတ်လား။ မောင်လဲအိမ်ကို အလာကျဲ သွားတယ်။ မောင် စာကျက်နေရလို့ မလာနိုင်တာဖြစ်မှာပဲလို့ တွေးပါတယ်။

သြော် ဒါနဲ့ မောင် ကိုချစ်ဆွေကြီးကို သိတယ်မဟုတ်လား ဟင်။ သူလဲ အားကစားသမားတစ်ယောက်ပဲ။ နိုင့်ကို ပိုးပန်းနေသူတွေထဲမှာ

www.foreverspace.com.mm

သူလဲအပါအဝင်ပေါ့။ အိမ်ကို တစ်ခါ တစ်ခါ လာတတ်တယ်။ သူက ပညာရေးဘက္ကသိုလ်မှာ တက်နေတာ။ တစ်နေ့ ခိုင်တစ်ယောက်တည်း စားချက်နေတုန်း သူက ပြောတယ်။

‘မောင်မောင်တစ်ယောက် နှင့်ဆီ လာသေးရဲ့လား’ တဲ့။

‘လာပါတယ် ဘာဖြစ်လို့လဲ’

ခိုင်က မေးမိတယ်။ မောင် မပေါ်လာတာ တစ်ပတ်လောက်ရှိသွားပြီ။

‘ဪ နှင့်မောင်မောင်ကလဲ ဘယ်ဆိုးလို့လဲဟ၊ အတွဲတွေ ဘာတွေနဲ့’

ကိုချစ်ဆွေကြီးက ခိုင့်ကို စတာပဲလို့ ထင်မိတယ် မောင်ရယ်။

‘သူ့ဘာသာသူ အတွဲရှိတာ ခိုင်နဲ့ ဘာဆိုင်လဲ’

‘မသိဘူး ဆိုင်သလားလို့ပါဟာ’

စိတ်ထဲမှာ နည်းနည်းတော့ သံသယဝင်မိတယ် မောင်။ မောင့် စာသွဲ့ဆေါ်မှာ ဓာတ်ပုံတွေ့တုန်းက သူငယ်ချင်းပါလို့ပြောတယ်။ သိပ်တော့လဲ ယုတ္တိမရှိလှပါဘူး။ သူငယ်ချင်းပုံကို စာကျက်တဲ့စားပွဲပေါ် တင်ထားမယ် တဲ့လား။ မောင့် အဒေါ်တွေကလဲ မြင်မှာပဲ။ ဒါကျတော့ ဘာမှမပြောဘူး လား။

‘ကိုချစ်ဆွေ တကယ်ပြောတာလား’

ခိုင်က ထပ်မေးမိတယ်။ သိပ်တော့မယုံဘူးကွယ်။ သူကခိုင့်ကို ကြိုက်နေတာ မဟုတ်လား။

‘ဟော ခုနပြောတော့ မဆိုင်ဘူးဆို’

‘ခိုင် သိချင်လို့ပါ’

‘တကယ်ပေါ့ဟ၊ ကောင်မလေးက ပညာရေးကပဲ၊ မောင်မောင် နေ့တိုင်းလာတယ်’

‘ဪ၊ မောင်က ဒီလိုလား’

ခိုင့် စိတ်ထဲက ပြောမိတယ်။



www.foreverspace.com.mm

နောက်ရက်တွေ မောင်လာတော့ စကားကောင်းကောင်း မပြောမိဘူး မောင်ရယ်။ မောင်က ဘာပူဆာတွေ တွက်ပေးရမလဲလို့ မေးပါတယ်။ ခိုင် ခေါင်းခါမိတယ်။ မောင်က ဘာလဲ မောင့်ကို စိတ်ကောက်နေလားတဲ့။ ကောက်စရာမှမရှိဘဲ မကောက်ပါဘူးလို့ ပြောမိတယ်။

မောင့်ကို မကျေနပ်ဘူးကွယ်။ မောင်က ခိုင့်ကို ဘာဖြစ်လို့ ပွင့်ပွင့် လင်းလင်း မပြောတာလဲ။ ညာတာကို ခိုင် မကြိုက်ဘူးလို့ ပြောတယ်နော်။ ကိုကိုနဲ့ခိုင် ဖြစ်တဲ့ကိစ္စတုန်းကလဲ မောင်အစအဆုံးသိတာ၊ မောင်ပဲဆောင်ရွက် ပေးခဲ့တာပဲလေ။ မောင်ကကျတော့ ဘာဖြစ်လို့ အမှန်အတိုင်း အသိမပေး တာလဲ။

ခိုင့်အချစ်ကို တန်ဖိုးထားစရာ မလိုဘူးလို့ မောင် ထင်နေပြီလား။ ခိုင် ကိုကို့ကို ချစ်မိတာကလွဲရင် နောက်က တကောက်ကောက်လိုက်နေတဲ့ ကောင်လေးတွေကို လုံးဝ ဂရုမစိုက်ခဲ့တာ မောင် အသိပါ။ ခိုင့်ကိုလိုချင် ကြတဲ့သူတွေထဲမှာ စစ်ဗိုလ်တွေ ဆရာဝန်တွေလဲပါပါတယ် မောင်ရာ။ ခိုင် ဘယ်သူ့ကိုမှ စိတ်မဝင်စားခဲ့ဘူး။

မောင့်ကို စိတ်နာနာနဲ့ ကျောင်းစာတွေကိုလဲ ဦးအောင်ငြိမ်းကိုပဲ ပြခိုင်းတော့တယ်။ ဦးအောင်ငြိမ်းက ခိုင့်ကိုသာမက ခိုင့်သူငယ်ချင်းတွေကိုပါ စုပြီး စာပြပေးတယ်လေ။

ခိုင်လဲ လူကြီးဆန်တဲ့ ဦးအောင်ငြိမ်းကို ခင်တွယ်မိတယ်။ ခိုင်က အပြင်လောကမှာ ယောကျ်ားလေးတွေနဲ့ ခင်မင်ခွင့် မရဘူး။ သူတို့ကလဲ ခိုင့်ကိုရိုးရိုးတန်းတန်း ခင်မင်တယ်ဆိုတာ မရှိဘူး။ ချစ်ရေးဆိုဖို့ နေ့ာင့်ယှက်ဖို့ လောက်ပဲသိတာ။

ဒါကြောင့် ခိုင့်မှာ ဆန့်ကျင်ဘက် လူသားတစ်ယောက်က ရိုးရိုး တန်းတန်း ခင်မင်တာကို မရခဲ့ပါဘူး။

မကြာခင် ဦးအောင်ငြိမ်းဘက်က ပြဿနာ စလာတယ်။

ဦးအောင်ငြိမ်းက ရာထူးလဲရှိတယ်၊ လူပျိုကလည်း လူပျိုကြီးဆိုတော့ ဖေဖေက တစ်ယောက်တည်းနေတာ မကောင်းဘူး။ အိမ်ထောင်ပြုသင့်တယ်ဆိုပြီး မိန်းမ စပ်ပေးတယ်လေ။ ဆွေမျိုးတွေကလဲဦးအောင်ငြိမ်းနဲ့ သင့်တော်မယ်ဆိုတဲ့ မိန်းကလေးတွေ ပြကြတယ်။ ဦးအောင်ငြိမ်းက အားလုံးကို ငြင်းတာပဲ။

နိုင့်ဘကြီး ဦးလှမြိုင်ကိုတော့ မောင် သိတယ်မဟုတ်လား။ ပင်စင်ယူပြီး ဆွေမျိုးတွေနဲ့ ကင်းကင်းနေတဲ့ ဘုကလန့်အဘိုးကြီးလေ။ တစ်နေ့က သူ ဖေဖေ့ဆီလာရင်း ပြောတယ်။

"ဟဲ့ လှနိုင်၊ နင် အောင်ငြိမ်းကို မိန်းမပေးစားချင်လို့လား၊ လျှောက်ရှာမနေနဲ့ သူက မိနိုင်ကို သဘောကျနေတာ" တဲ့။

ဖေဖေက စိတ်ဆိုးလွန်းလို့ ညီအစ်ကိုချင်း ထိုးမယ် ကြိတ်မယ် ဖြစ်ပါရော။

ဦးအောင်ငြိမ်းကလဲ မျက်နှာပူပြီး အိမ်မှာမနေတော့ဘူး။ သူတို့ဌာနက လူပျိုတွေစုပေါင်းနေတဲ့ အရာရှိရိပ်သာမှာ သွားနေတယ်။ တကယ်တော့ ဦးအောင်ငြိမ်းကလဲ သူလိုချင်တာ နိုင့်လို မိန်းကလေးမျိုးပဲလို့ သူ့ဆွေမျိုးတွေကို ပြောပြသတဲ့ကွယ်။

ဒါပေမယ့် ဦးအောင်ငြိမ်းဘက်က ဆွေမျိုးရင်းချာတွေက နိုင့်ကို သဘောမကျကြဘူးတဲ့။ နိုင်ဟာ မိန်းမငယ်ငယ်လေးတစ်ယောက်သာ ဖြစ်တယ်။ ပြီးတော့ ရုပ်ရှင်လဲ ရိုက်ဖူးတယ်။ မောင်မောင်နဲ့လဲ တတွဲတွဲ သွားလာနေတယ်။ နိုင်ဟာ တည်ငြိမ်တဲ့ မိန်းကလေးတစ်ယောက် မဟုတ်ဘူးလို့ ပြောကြတယ်။

ဒီလိုပြောတော့ နိုင် ခံပြင်းမိတယ် မောင်။ နိုင်က မခံချင်ရင်လဲ အရွဲ့တိုက်တတ်တယ်လေ။ နိုင်ဟာ တစ်ချိန်လုံး အားကစားဘက်မှာ လိုက်စားနေတဲ့ မိန်းကလေး။ ရုပ်ရှင်ရိုက်ဖူးတာကတော့ အပြစ်လား။ ရုပ်ရှင်ရိုက်တာ လူသိများတာနဲ့ပဲ နိုင်ဟာ အကျင့်စာရိတ္တ ချွတ်ယွင်းတဲ့



မိန်းကလေးလို့ အပြောခံရတာ နိုင် နာတယ်။ ပြီးတော့ မောင်နဲ့တွဲတာကော အပြစ်လား။ မောင်နဲ့နိုင်တို့ရဲ့ ဆက်ဆံရေးဟာ ခုချိန်ထိ မှဲ့တစ်ပေါက်မစွန်းခဲ့သေးတာ ဘုရားမှ သိမှာ။

ဦးအောင်ငြိမ်းကတော့ နိုင့်ကို တကယ်ပဲ စွဲလမ်းသွားတယ် ထင်ပါရဲ့။ နိုင်ရှိရာကို တိတ်တခိုး လာတွေ့ဆဲပဲ။ နိုင် အကသင်တန်းက ပြန်တဲ့အခါ၊ သိုင်းဆရာမ သင်တန်းကပြန်တဲ့အခါ နိုင့်ကို လာလာစောင့်ကြိုတယ်။ မေမေတို့ မမရီတို့ လာကြိုတဲ့အခါလဲ တောင်းပန်ပြီး နိုင်နဲ့စကားပြောတယ်။ သူကြောက်တာ ဖေဖေတစ်ယောက်ပဲ။

မေမေကလဲ သဘောကောင်းပြီး သနားတတ်တဲ့သူဆိုတော့ တွေဝေနေတယ်။ ဦးအောင်ငြိမ်းက ရာထူးလက်ရှိ၊ တည်ငြိမ်တဲ့လူကြီးတစ်ယောက်၊ နိုင့်ကိုလဲ ချစ်တယ်၊ အလိုလိုက်တယ်။ မိန်းကလေးရှင်ပီပီ တင့်တောင့်တင့်တယ် ဖြစ်မယ်ဆိုရင် သဘောကျတာပေါ့ကွယ်။ မမရီကလဲ နိုင်ဟာ လှပြီး အင်မတန် အန္တရာယ်များတဲ့ မိန်းကလေး၊ နိုင့်ကို ထိန်းကျောင်းရတာ တာဝန်ကြီးတစ်ခု၊ အိမ်ထောင်ပြုပြီး ရုပ်ရှင်ရိုက်လဲ ရတာပဲလို့တွက်တယ်။ တခြားသူနဲ့ ကတိမ်းကပါး ဖြစ်သွားမှာလည်း စိုးတယ်ကွယ်။

ပြီးတော့ မောင်တို့အိမ်က လူတွေရဲ့ သဘောထား။ နိုင့်ကိုမလိုလားကြတာ မေမေတို့က ရိပ်မိတယ်။ ဦးအောင်ငြိမ်းကတော့ လူကြီးတစ်ယောက်မို့ သူ့တစ်ယောက်တည်းကို ယုံစားလို့ဖြစ်တယ်လေ။

နိုင့်စိတ်ကလဲ တွေဝေစပြုတယ်။ မောင်က နိုင့်အပေါ် လျှို့ဝှက်ချက်တွေနဲ့ ဆက်ဆံလာတာကိုလဲ မကြိုက်ဘူး။ မောင့်ကိုလဲ မခံချင်စိတ်ဖြစ်မိတယ်။ နိုင်က ကိုကိုနဲ့ပတ်သက်ဖူးလို့ နိုင့်ကို ကလဲ့စားချေနေတာလား။ မောင့်မှာ ချစ်သူမိန်းကလေးရှိလျက်နဲ့ နိုင့်ကိုလဲ အရိပ်အရောင်စကားတွေနဲ့ ကြိုးရှည်ရှည် လှန်ထားလေသလားလို့လဲ တွေးရတယ်မောင်။

ဒီလိုနဲ့ပဲ စာမေးပွဲ ဖြေကြရတယ်။

www.foreverspace.com.mm

စာမေးပွဲပြီးတဲ့နေ့ကျတော့ ဦးအောင်ငြိမ်းက ခိုင်တို့ကို လာကြိုပြီး ရုပ်ရှင်ပြတယ် မောင်။ ခိုင်တို့ သူငယ်ချင်းတစ်သိုက်လေ။ ထုံးစံအတိုင်း ဦးအောင်ငြိမ်းနဲ့ သွားရတယ်ဆိုရင် သူတို့က သိပ်ပျော်ကြတာ။

ရုပ်ရှင်ရုံထဲမှာ လူကြီးတစ်ယောက်ကို ချာတိတ်မတွေ ဝိုင်းပြီး ဘေးကနေ ပြောချင်ရာ ပြောနေကြတာပဲ။ ဦးအောင်ငြိမ်းက ခိုင့်ဘေးမှာ ထိုင်တယ်။ ခိုင်တို့က အချဉ်ထုပ်တွေ၊ ဖရုံစေ့တွေ မပြတ်စားပြီး ဟားတိုက်နေကြတာပဲ။

“ဒီမှာ မင်းလူကြီးက မင်းကို တကယ်ကြိုက်နေတာလား၊ တို့ သိချင်တယ်”

သူငယ်ချင်းတွေက တကယ်လောင်တယ် မောင်။

အပေါင်းအသင်းနဲ့ဆိုရင် ဘရုတ်ကျချင်တာ မမွှတာပဲ။ ခိုင်က ဦးအောင်ငြိမ်းကို မေးတယ်။

“သူငယ်ချင်းတွေက မေးနေတယ်၊ ခိုင့်ကို ဦးက တကယ်ကြိုက်သလားတဲ့”

“တကယ်ပေါ့ ကလေးရယ်”

ဦးအောင်ငြိမ်းက ဖြေတော့ ခိုင် တကယ်ရင်ဖိုတယ် သိလား။ တည်ငြိမ်ရင့်ကျက်တဲ့ လူကြီးတစ်ယောက်ဆီက အချစ်ကို ရယူခံစားရတာ ကြည်နူးချမ်းမြေ့စရာကောင်းတယ်လို့ ခိုင် ထင်တယ်။

“ဟော့ တကယ်တဲ့”

ခိုင်က သူငယ်ချင်းတွေဘက်လှည့်ပြီး ဖြေတယ်။

“လခ ဘယ်လောက်ရပြီလဲ မေးလိုက်စမ်းပါဦး”

ခိုင်က မေးရပြန်တယ်။

“လခ ဘယ်လောက်ရလဲတဲ့”

“ခြောက်ရာကျော်”

“ဟော့ ခြောက်ရာကျော်တဲ့”



“ဟာ ခြောက်ရာဆို အများကြီးပဲ၊ ယူလိုက် မိခိုင် ယူလိုက်၊ စဉ်းစား မနေနဲ့”

တကယ်တော့ ဘရုတ်ကျတာပါ မောင်ရာ၊ လူကြီးတစ်ယောက်ကို ဒီလို စိတ်လှုပ်ရှားအောင် မလုပ်သင့်ဘူးဆိုတာ ခိုင် နားမလည်ဘူး။

“နင့် မောင်မောင်က အလကား၊ ဘာမှမပြတ်သားဘူး၊ သက်သက် အိုက်တင်ခံနေတာ၊ ပညာရေးတက္ကသိုလ်မှာ တွဲနေတယ်ဆိုတာလဲ ဟုတ်မှာပဲ၊ မိခိုင်ကို အချိန်မရွေးရတယ်လို့ ထင်နေသလားမှ မသိတာ၊ ဒီလူကြီးကမှ နိပ်တာ၊ ယူသာယူ မိခိုင် သိလား”

သူငယ်ချင်းတွေက မြှောက်ပေးကြတယ်ကွယ်။

ဘြော် ပြောရဦးမယ်။ ခိုင်တို့က ဆယ်တန်းကျောင်းသူတွေဆိုပေမယ့် ငယ်ငယ်လေးတွေတော့ မဟုတ်တော့ဘူးမောင်။ ခိုင်တို့က ကောဂျီမှာ သုံးနှစ်နေရတာ။ ဦးအောင်ငြိမ်းနဲ့ လက်ထပ်တော့ ခိုင် ဆယ့်ရှစ်နှစ်။ ဒါပေမယ့် ဘဝကိုစဖို့တော့ သိပ်စောလွန်းသေးတာပေါ့ မောင်ရယ်။ ဒါတွေကိုလဲ ခိုင် နောက်မှ သိလာ မြင်လာတယ်လေ။

ဒီလိုနဲ့ပဲ ကျောင်းကြီးပိတ်တယ်။ မောင်လဲ အိမ်ကို သိပ်မလာတော့ဘူး။ လာလဲ ခဏပဲ။ လာရင်လဲ ထွက်မတွေ့ဘူး။ ဘာဖြစ်လို့လဲ ဆိုတော့ မောင် ပညာရေးတက္ကသိုလ်က မိန်းကလေးနဲ့ တွဲနေတယ်ဆိုတာ တိတိကျကျ ထပ်သိရလို့ပဲ။ ဒီတစ်ခါပြောတာက ခိုင့်အစ်ကိုကျော်ကြီးက ပြောတာ။ အဲဒီ မိန်းကလေးကို မောင့်အိမ်ကလဲ သဘောကျတယ်တဲ့။

မောင် ခိုင့်ကို ညာရက်တာကိုပဲ စိတ်ထဲမှာ တအုံနွေးနွေးဖြစ်နေတယ်။ သိပ်အရွဲ့တိုက်ပစ်ချင်တယ်။ အဲဒီစိတ်တွေကလည်း ခိုင့်ဘဝမှာ အကြီးမားဆုံး အမှားကြီးတွေ ဖြစ်လာရတယ်ဆိုတာ နောက်ဆယ်နှစ်လောက်မှ သုံးသပ်မိတော့တာပဲ။

ဦးအောင်ငြိမ်းကလည်း ခိုင်နဲ့ပတ်သက်ပြီး သိပ်စွဲစွဲလမ်းလမ်းဖြစ်နေတယ်။ သူ့မိဘတွေက ခိုင့်ကို သဘောမကျမှန်းသိလို့ သူ့ဌာနက အကြီး

www.foreverspace.com.mm

www.foreverspace.com.mm

အကဲတွေနဲ့ ခိုင့်ကို လာပြီးစေ့စပ်ကြောင်းလမ်းဖို့ ကြိုးစားလာတယ်ကွယ်။ အဲဒီနေ့ကလေ ဖေဖေပေါ့။ ကြောက်စရာကောင်းလိုက်တာ မောင်ရယ်။ ပဏ္ဏာမ သွေးတိုးစမ်းကြည့်ဖို့လာတဲ့ လူကြီးတွေကိုပဲ ထအော်ပစ်လိုက်တာ ခိုင်ဖြင့် အိမ်ခန်းထဲကတောင် မထွက်ရဲဘူး။

"ကျုပ်သမီးဟာ ကျုပ် မျက်စိထဲမှာ ကလေးပဲ၊ ပြီးတော့ ကျုပ်မှာ ဒီသမီးနဲ့ပတ်သက်ပြီး ရည်မှန်းထားတာတွေ အများကြီး၊ ဒါတွေကို အပျက်မခံနိုင်ဘူး၊ လူကြီးတစ်ယောက်အနေနဲ့ ဒီလောက် ငယ်ငယ်ရွယ်ရွယ်လေးကိုမှ လိုချင်ရသတဲ့လား"

ဦးအောင်ငြိမ်းက ကောင်းပြီးကောင်းရက် ပြောထားလို့ လာပြောပေးရတဲ့လူတွေလည်း မျက်နှာပျက်ကုန်တာပေါ့။

"သိပ်လဲ ဒေါသမကြီးပါနဲ့ ဦးလှခိုင်ရယ်၊ ဦးအောင်ငြိမ်းဆိုတာလဲ တခြားလူမှ မဟုတ်တာဗျာ၊ ခင်ဗျားတို့နဲ့ ဆွေရိပ်မကင်း မျိုးရိပ်မကင်းဘူး မဟုတ်လား၊ သူက တည်တည်တံ့တံ့လိုချင်လို့ ခုလို လေးလေးစားစား ပြောခိုင်းတာပါ၊ ပြီးတော့ သူတို့ချင်းလဲ မေတ္တာရှိ"

"ဘာ"

ဖေဖေ အော်လိုက်တာ အိမ်တစ်ခုလုံး ကွဲထွက်သွားမတတ်ပါပဲ။

ခိုင် ကြောက်လွန်းလို့ နေရာကတောင် မရွေ့ဝံ့ဘူး မောင်။ ဖေဖေက သားသမီးကို အလိုလိုက်တယ်။ ဒေါသဖြစ်ခဲတယ်။ ဖြစ်ပြန်ရင်လဲ မိုးမမြင် လေမမြင်ဘဲ။ ခိုင်လဲ ဖေဖေ့ဆီက စိတ်တွေ အမွေပါလာတာ။

"မိခိုင် လာစမ်း"

ဖေဖေဟာ ခိုင့်ကို ဘယ်တော့မှ နင့်နင့်နဲ့နဲ့ ခေါ်ဖူး ပြောဖူးတာ မဟုတ်ပါဘူး။ ဖေဖေ သိပ်စိတ်ဆိုးနေပြီဆိုတာသိရတော့ ခိုင် ကြောက်လွန်းလို့ မေမေ့ကို ပြေးဖက်ထားရတယ်။

"မေမေရယ် သမီးကြောက်တယ်၊ ဟိုလူကြီးတွေကို ပြန်ခိုင်းလိုက်ပါတော့၊ သမီး ကြောက်တယ်၊ ဖေဖေ့ကို ကြောက်လွန်းလို့ပါ"



တကယ်တော့ မေမေကလဲ ဖေဖေ ဒေါသကြီးရင် နေစရာရှိတဲ့သူ မဟုတ်ဘူး။

ဒါပေမဲ့ မေမေလဲ မထွက်မဖြစ်တော့လို့ အိမ်ရှေ့ကို အရဲစွန့်ပြီး ထွက်ရတယ်။ မေမေ့ခမျာလဲ ကြောက်ကြောက်နဲ့ ထွက်ရတာ။ ဦးအောင်ငြိမ်း ကလဲ မေမေ့ဘက်ကတော်တဲ့ အမျိုးဆိုတော့ ပိုကြောက်တာပေါ့။

"ကဲပါရှင်၊ သမီးရဲ့သဘောထားကိုလဲ သေသေချာချာ မေးကြည့်ပါရစေဦး၊ နောက်တော့ အေးအေးဆေးဆေး ပြောကြတာပေါ့"

မေမေက လာတဲ့လူကြီးတွေကို ပြောရတယ်။ ဖေဖေကတော့ မီးဝင်းဝင်းတောက်နေတဲ့ မျက်လုံးတွေနဲ့ မေမေ့ကိုပါ ကြည့်နေတော့တာပဲ။ လာတဲ့လူကြီးတွေလဲ မကျေမနပ်နဲ့ ပြန်သွားကြတယ် မောင်။

"ဟင်း သမီးအထွေးဆုံးဆိုပြီး အလိုလိုက်ထားတာ၊ သူထင်ရာ သူလုပ်တယ်ပေါ့၊ တယ်ကောင်း၊ ဖအေက သူ့အတွက် ရည်ရွယ်ပြီး လုပ်ကိုင်ထားရတာတွေ သူက ဖျက်ပစ်တော့မယ်ပေါ့၊ လင် တော်တော် လိုချင်သလားဟင်၊ ယောကျ်ားဆိုတာ အချိန်မရွေးရတယ်၊ မိခင်ကြည့် ဒါ နင့်စနက်တွေလဲ ပါတယ် မဟုတ်လား"

မေမေ ဘာမှမပြောရဲဘူး။ ခိုင်လဲ အိပ်ခန်းထဲပြေးဝင်ပုန်းနေရတယ်။

"အေး ငါသေမှ ယူချင်ယူဟေ့၊ ငါမသေခင်ယူလို့ကတော့ နင့်ကို အသတ်ပဲ"

ဖေဖေက ခိုင့်ကိုဘာမှမလုပ်ပေမဲ့ ဒေါသဖြစ်ဖြစ်နဲ့ တစ်အိမ်လုံး ဝုန်းဒိုင်းကြဲလိုက်တာ ကြောက်စရာပါပဲ မောင်။ နံရံကို လက်သီးနဲ့ထိုးတယ်။ ဖန်ခွက်တွေလဲ ခွဲပစ်တယ်။ ရုပ်ရှင်ရိုက်တုန်းက အလှရိုက်ထားတဲ့ ခိုင့် ဓာတ်ပုံကြီး ချိတ်ထားတာကိုလဲ ရိုက်ခွဲပစ်တယ်။

ပြီးတော့ ပြောသေးတယ် မောင်။

"ဒင်းရဲ့အလှကို ငါက မွေးမြူထားရတာ၊ ဒင်းက အလှအားကိုးနဲ့ ထင်ရာလုပ်ချင်သလား၊ ဒီမျက်နှာလေးလှလို့ လိုချင်သူတွေ ပေါ်တာ၊ ဒီမျက်နှာကို ငရဲမီးနဲ့ ပက်ပစ်မယ်" တဲ့။

www.foreverspace.com.mm

နောက်နေ့တွေမှာ ခိုင် အိမ်ထဲကတောင် မထွက်ဝံ့တော့ပါဘူး။

ဦးအောင်ငြိမ်းနဲ့လဲ မတွေ့ရတော့ဘူး။ ဒါပေမဲ့ ဦးအောင်ငြိမ်းက ဒီအတိုင်းမနေဘူး မောင်။ သူကလဲ ခိုင့်ကို မရနိုင်ဘူးဆိုလေ လိုချင်လေ ဖြစ်နေပြီ။ ဒီကြားထဲ မောင် ခိုင်တို့အိမ်ကို ရောက်လာတယ်။

ကောင်းသောလာခြင်းတော့ မဟုတ်ပါဘူး၊ မောင်ရယ်။

မောင်ဟာ အမြဲတမ်း အေးအေးဆေးဆေး နေတတ်တဲ့သူပါ။ ဒါကြောင့်လဲ တစ်အိမ်လုံးက မောင့်ကို ယုံကြည်စိတ်ချကြတာပေါ့။ ဒါပေမဲ့ အဲဒီနေ့က မောင် ဘာဖြစ်လာသလဲ ခိုင်လဲမစဉ်းစားတတ်ဘူး။ မောင်တစ်ခါမှ အရက်သောက်တာ မတွေ့ဖူးဘူးနော်။ အဲဒီနေ့ကတော့ မောင် မူးနေတယ် ထင်တယ်။ မောင် တမင် သောက်လာတာလားကွယ်။

ဖေဖေလဲ အိမ်မှာမရှိဘူး။ အလုပ်က ပြန်မလာသေးဘူးလေ။ အရေးကြီးလို့ဆိုလား။ ဖေဖေက ခိုင့်ကို အလွတ်ပေးတော့တာ မဟုတ်ဘူး။ ယောက်ျားနောက်လိုက်ရင် သားအမိနှစ်ယောက်လုံး သတ်မယ်လို့လဲ ကြိမ်းမောင်းထားတာ။

မောင် ရောက်လာတော့ ခိုင် ထွက်တွေ့ပါတယ်။ ခိုင်လဲ စိတ်လှုပ်ရှားရ စိတ်ညစ်ရလို့ ပိန်ကျသွားတယ်။ ကောင်းကောင်းလဲ နေမကောင်းဘူးကွယ်။ မောင်က ခါတိုင်းလို အိမ်ရှေ့ခန်းမှာ အရင်မထိုင်ဘဲ အိမ်ထဲဝင်လာတယ်။ မေမေက မောင့်ကိုချစ်ပါတယ်။ ဒါပေမဲ့ ပြဿနာက ရှုပ်ထွေးနေလို့ မောင် ရောက်လာတာ သိပ်မကြိုက်ဘူး။

ဒီကြားထဲ မောင် စကားပြောတာ ခါတိုင်းထက် ရဲတင်းနေတယ်။

"မိခိုင် နင်က ဦးအောင်ငြိမ်းကို ယူတော့မလို့ဆို"

မောင်က မထီတထီကြည့်ရင်း မေးတယ်။ မောင် ခိုင့်ကို အဲဒီလို အထင်သေးရှုတ်ချတဲ့ မျက်နှာနဲ့ ဘယ်တော့မှမကြည့်ဖူးဘူး။ ခိုင် ဒေါသဖြစ်သွားတယ်။

"ခိုင့်ဘာသာ ယူချင်ယူမယ် ဘာဖြစ်လဲ"



"သြော် နင်က ဒီလိုလား၊ နင်က အရာရှိကတော်ကြီး သိပ်ဖြစ်ချင်တယ်ပေါ့လေ"

"ငါ့ဘာသာ ဘာဖြစ်ဖြစ်၊ နင်နဲ့ ဘာဆိုင်လဲ"

"ခိုင် နင်ဟာ ငါ့ရည်းစားပဲ၊ နင် ဘယ်သူ့ကိုမှ မယူရဘူး"

"အိုး ဘာဆိုင်သလဲ၊ နင်နဲ့ငါ ပြတ်ပြီးသား၊ နင့်မှာ ရည်းစားရှိတာ ငါ သိပြီးပြီပဲ၊ နင် ပြန်သွား၊ ငါ့ကို ဘာမှ လာရှုပ်မနေနဲ့"

"မိခိုင် နင် ဘယ်သူ့ကိုမှမယူရဘူး၊ တစ်နေ့ကျ နင် ငါ့ကိုပဲယူရမှာ"

မောင်က ခိုင့်လက်မောင်းကို လှမ်းဆွဲတယ်။ ခိုင် ရုတ်တရက် မင်တက်သွားမိတယ်။ ပြီးတော့ ခိုင့်လက်ကို တအားရုန်းထွက်ရတယ်။ မောင်က ခိုင့်ကို အတင်းဖက်ဖို့ ကြိုးစားတယ်။ သိပ်အရုပ်ဆိုးတယ် မောင်ရယ်။

ရိုးရိုးစကားပြောတယ်ထင်လို့ အမှတ်တမဲ့နေတဲ့ မေမေလဲ ဆူဆူညံညံအသံကြားလို့ ဝင်လာတယ်။ မောင်က ခိုင့်ကို ဆွဲလား လွဲလား လုပ်နေတာမြင်တော့ မေမေက အော်ပါလေရော။

"ဘာလုပ်တာလဲ မောင်မောင်၊ မင်း ငါ့အိမ်ကိုလာပြီး ငါ့သမီးကို မစော်ကားနဲ့"

မေမေက ခိုင့်ကို ဝင်ဆွဲတယ်။

ခိုင်လဲ စိတ်ဆိုးဆိုးနဲ့ မောင့်ပါးကို လွှဲရိုက်လိုက်မိတယ်။ ဒါပေမယ့် မထိပါဘူး။

မောင်က ခိုင့်ကို စွေခနဲကြည့်ပြီး ပြန်သွားတယ်။

မောင်က နောက်တော့ ပြောပြတယ်လေ။ သူ အဲဒီလို လုပ်လိုက်မိကတည်းက ခိုင့်ကို ဆုံးရှုံးတော့မယ်ဆိုတာ သိလိုက်တယ်တဲ့။

ခိုင် ယူကျုံးမရဖြစ်လို့ ငိုမိတယ် မောင်။ ခိုင့်ကို မောင် ဘာကြောင့် စော်ကားမော်ကား လုပ်ဝံ့ရသလဲ။ ခိုင့်အပေါ် လေးစားချစ်ခင်တဲ့စိတ်ထားတွေ မောင့်မှာ မရှိတော့ဘူးလား။ ခိုင့်ဘဝဟာ ဘယ်တော့မှ အေးအေးဆေးဆေး

www.foreverspace.com.mm

မနေရတော့ဘူးလား။ နိုင့်အလှဟာ အမြဲပဲ နိုင့်အတွက် အန္တရာယ်ဖြစ်နေသလား။

ဘာပဲပြောပြော ဦးအောင်ငြိမ်းက နိုင့်ကို ကြင်နာတယ်။ ညှာတယ်။ ကလေးတစ်ယောက်လို ယုယစောင့်ရှောက်နိုင်လိမ့်မယ်လို့ ထင်တယ်။

ဦးအောင်ငြိမ်းကလဲ နိုင်နဲ့တွေ့ဖို့ကြိုးစားနေရတယ်။ မောင် နိုင့်ဆီလာတဲ့ သတင်းလဲ သူ့ဆီ ရောက်သွားတယ်။ သူက နိုင့်ကို အရယူဖို့ကြိုးစားနေပြီ။ နိုင်ကတော့ ဖေဖေ့ရှေ့မှာ အခြေမပျက် နေ နေရတယ် မောင်ရယ်။

အဲဒီနှစ် နွေရာသီမှာ နိုင်တို့အိမ်မှာ အလှူလုပ်တယ်။ အစ်ကိုတွေက ပဋ္ဌင်းခံတယ်။ ဖေဖေက သူ့မြေးတွေကို ရှင်ပြုတယ်လေ။ အလှူရှိတော့ အမျိုးတွေ ဝင်ကြ ထွက်ကြနဲ့ ရုတ်ရုတ်သဲသဲပေါ့ မောင်ရယ်။

ဦးအောင်ငြိမ်းလဲ ဖေဖေ့ကို အယုံသွင်းပြီး ဣန္ဒြေမပျက်လာတော့ ဖေဖေလဲ ဆွေမျိုးမို့ မပြောသာဘူး။ ဖေဖေက ဦးအောင်ငြိမ်းကို လေးစားပြီးသားပါ။ နိုင်နဲ့ပတ်သက်လို့သာ ဒေါသဖြစ်ရတာကိုး။

ဦးအောင်ငြိမ်းက သူ့ကားနဲ့ နိုင်တို့အိမ်သားတွေကို ဘုန်းကြီးကျောင်းပို့ပေးတယ်။ အသွားအပြန် ကူသယ်ခေါက်သယ်ပါပဲ။ တကယ်တော့ ဦးအောင်ငြိမ်းက အကွက်ချောင်းနေတာ။ ဖေဖေကတော့ နိုင်တို့ကိစ္စ သွေး အေးသွားပြီလို့ ထင်တယ်။

နောက်ဆုံးအခေါက်မှာ မမရီရယ် မေမေရယ် နိုင်ရယ် ပါတယ်။

လမ်းတစ်ဝက်မှာ ဦးအောင်ငြိမ်းက ကားရပ်ပြီး ပြောတယ်။

"ကျွန်တော့် နိုင့်ကို ခေါ်သွားတော့မယ်"တဲ့။ မေမေက မျက်လုံးပြူးတာပေါ့။

"မလုပ်ပါနဲ့ အောင်ငြိမ်းရယ်၊ ငါ့ကို သူ့အဖေက သတ်လိမ့်မယ်၊ ရှိကြီးခိုးပါရဲ့"



"ကျွန်တော် မနေနိုင်တော့ဘူး မမကြည်၊ ကျွန်တော် နိုင့်ကို သိပ်ချစ်တယ်၊ စိတ်လဲမချဘူး"

"အမယ်လေး မဖြစ်ပါဘူးကွယ်"

"ဘယ်လိုလဲနိုင်"

ဦးအောင်ငြိမ်းက နိုင့်ဘက်ကိုလှည့်ပြီး မေးတော့တယ်ကွယ်။ နိုင် ဘယ်လိုဖြေရမလဲ မသိဘူး။ ဦးအောင်ငြိမ်းကို သနားလဲသနားတယ်။ သူ နိုင့်ကို တကယ်ချစ်တယ်ဆိုတာကို နိုင် သိတယ်။ လူကြီးတစ်ယောက်ကို မလှည့်စားချင်ဘူး မောင်ရယ်။

ပြီးတော့ မောင့်အကြောင်း တွေးမိတယ်။ မောင်က နိုင့်ကိုချစ်တော့ချစ်တယ်။ ဒါပေမဲ့ မဝံ့ရဲဘူး။ အဲဒါ ဘာကြောင့်လဲ။ ဖေဖေကြောင့်ချည်းပဲ မဟုတ်ပါဘူးနော်။ မောင့် အဒေါ်တွေက နိုင့်ကို သဘောမကျဘူး မဟုတ်လား။ မောင်ဟာ အဒေါ်တွေရဲ့ သြဇာကို မလွန်ဆန်ရဲဘူး။ ပြီးတော့ မောင်နဲ့ တွဲနေတယ်ဆိုတဲ့ မိန်းကလေး။

နိုင် ချက်ချင်းပဲ ဆုံးဖြတ်လိုက်တယ်။

"သမီး လိုက်သွားမယ် မေမေ"

နိုင်ကပြောတော့ မေမေကပိုပြီး အထိတ်တလန့်ဖြစ်ပြီး ငိုပါလေရော။

"စိတ်မြန်ကိုယ်မြန် မလုပ်ပါနဲ့ မိနိုင်၊ ဦးအောင်ငြိမ်းကလဲ ဒီအချိန်မှာ ပြဿနာပေါ်ရင် ဘယ်ကောင်းပါ့မလဲ၊ နောက်နေ့တွေမှ ချိန်းကြပါလား"

မမရီက ဝင်ပြောတယ်။ မမရီက နိုင်ဟာ ဒီအတိုင်း မနေသင့်ဘူးလို့ ယူဆတယ်။ နိုင်က လှတယ်။ ထင်ပေါ်တယ်။ နိုင့်ကို ဘယ်သူက ကြာရှည် ထိန်းသိမ်းစောင့်ရှောက်ထားနိုင်မှာလဲ။ ပြီးတော့ အလကားနေရင်း အပေါ်ယံကြည့်ပြီး နိုင့်ကို အထင်သေးနေတဲ့ လူတွေရှိတယ်။ နိုင်သာ ဦးအောင်ငြိမ်းလိုလူနဲ့ အတည်တကျ လက်ထပ်လိုက်ရင် အားလုံး ပါးစပ်ပိတ်သွားမယ်လို့ ယူဆတယ်။

www.foreverspace.com.mm

ဦးအောင်ငြိမ်းလဲ မမရီပြောတာ နည်းလမ်းမှန်လို့ ဘာမှမပြောတော့ဘဲ ကားကို ဆက်မောင်းသွားတယ်။

“ဒါပေမဲ့ စကားတော့ နည်းနည်းပြောချင်တယ် ရီရီ၊ မမကြည်ကို အရင်ပို့ပြီး ခဏလေး ခေါ်သွားပါရစေ”

“ဟုတ်ရဲ့လား အောင်ငြိမ်းရယ်”

မေမေကလေ ရိုးလဲရိုးတယ်။ ကြောက်လဲ ကြောက်တတ်တယ်ကွယ်။ ဒါပေမဲ့ ဦးအောင်ငြိမ်းကို မောင်နှမဝမ်းကွဲမို့ ချစ်လဲချစ် အထင်လဲကြီးတယ်။ ဦးအောင်ငြိမ်းရဲ့ အမေဘက်က မေမေနဲ့ အမျိုးတော်တာ၊ ဦးအောင်ငြိမ်းရဲ့ အဖေဘက်က အမျိုးတွေကတော့ မေမေတို့နဲ့ သိပ်မသင့်မြတ်လှဘူးကွယ်။ ပြီးတော့လဲ အဲဒီဘက်က အစ်မတွေက ဦးအောင်ငြိမ်းကို ဘယ်လိုမိန်းကလေးနဲ့မှ တန်တယ်လို့ မထင်ဘူးတဲ့ကွယ်။ ခိုင်တို့ မိသားစုကိုလဲ အထင်မကြီးပါဘူး။

ဦးအောင်ငြိမ်းက မိန်းကလေးတစ်ယောက်ကို ချစ်ခဲ့ဖူးတယ်။ ဒါပေမဲ့ ဦးအောင်ငြိမ်းဘက်က စီးစီးပိုးပိုး ပြောလွန်းတဲ့ အစ်မတွေကြောင့် ကွဲသွားကြတာတဲ့။ မမရီက ပြောပြတယ်။ ခိုင့်မှာ ဘယ်သူနဲ့ပဲ ချစ်ရ ချစ်ရ ကိုယ့်ကို မလိုလားတဲ့လူတွေနဲ့မှ တွေ့တွေ့နေရတာ အချစ်ကံနည်းလို့ပဲ ထင်ပါရဲ့။

“စိတ်ချပါ မမကြည်၊ ကျွန်တော် ခိုင်နဲ့ ခဏလေး စကားပြောပြီး လာပို့ပေးပါ့မယ်၊ အစ်ကိုကြီးလဲ အလုပ်များနေလို့ သတိထားမိမှာ မဟုတ်ပါဘူး”

မေမေက ကြောက်ကြောက်နဲ့ပဲ ခွင့်ပြုလိုက်ရတယ်။ မေမေတို့ သွားနှင့်ပြီး ခိုင် နေမကောင်းလို့ အိမ်မှာကျန်ရစ်တယ်၊ ညနေမှ လာမယ်လို့ ပြောထားတယ်။ ဖေဖေလဲ ဧည့်သည်တွေနဲ့မို့ အမှုမဲ့ပဲ။

နှစ်ယောက်တည်း စကားပြောရတော့ ဦးအောင်ငြိမ်းက ခိုင့်ကို မေးတယ်။



“ခိုင် မောင်မောင်နဲ့ တကယ်ပြတ်ရဲ့လား” တဲ့။

“ပြတ်ပါတယ် ဦးရယ်၊ ခိုင့်ကို မယုံဘူးလား၊ မယုံရင်လဲ မယူနဲ့ပေါ့”

“ဒီလိုမပြောပါနဲ့ မိခိုင်ရယ်၊ ဦးက မိခိုင်ကို တကယ်ချစ်တာ၊ နောက်မှ စိတ်ဆင်းရဲရမှာစိုးလို့ မေးတာပါ”

ခိုင်ကလဲ တစ်စုံတစ်ခုကို ဆုံးဖြတ်ပြီးရင် နောက်မဆုတ်တတ်ဘူးကွယ်။ နောင်တလဲ မရတတ်ဘူး။ အဲဒီလို ရှေ့တိုးတတ်တဲ့ စိတ်တွေကြောင့်လဲ ခိုင့်ဘဝမှာ မကြာ မကြာ မရှုနိုင် မကယ်နိုင် ဖြစ်ရတယ်။

“မောင်မောင့်ကို မိခိုင် မေ့လိုက်ပြီ၊ မိခိုင် ဘဝထဲမှာ မောင်မောင် မရှိတော့ဘူး”

မောင့်ကိုလဲ စိတ်နာနာနဲ့ပြောမိတယ်။ ကိုကိုနဲ့မတွေ့ခင်ကတည်းက ခိုင့်ကို ချစ်ရေးမဆိုခဲ့တာ၊ ခိုင့်ကိုချစ်တယ်လို့ပြောပြီး တခြား မိန်းကလေး တစ်ယောက်နဲ့ တွဲနေတာ ခိုင် စဉ်းစားပြီး ခံပြင်းမိတယ်။

နောက်တော့ မောင်က ပြောပြတယ်လေ။ မိခိုင်က ရည်းစားစာပေးတဲ့ ကောင်လေးတွေ၊ စကားပြောတဲ့ ကောင်လေးတွေကို အမြဲပဲ စိတ်ဆိုးမာန်ဆိုးနဲ့ ရန်တွေ့တယ်တဲ့။ မောင် ချစ်တဲ့အကြောင်းပြောရင်လဲ စိတ်ဆိုးသွားမှာ စိုးလို့တဲ့။ ဟုတ်ရဲ့လား မသိပါဘူး မောင်ရာ။

ခိုင့်မှာတော့ မောင့်အချစ်ကို ရယူတဲ့အထိ စောင့်စားခဲ့ရတာ ဘဝတစ်ခုလုံး မောနေတာပဲ။ ခိုင်နဲ့ မောင်ဟာ နောက်ဆုံး ဆုံဆည်းရတဲ့အချိန်ထိ မရှင်းနိုင်တဲ့ ပြဿနာတွေနဲ့ ပြည့်နှက် ရှုပ်ထွေးနေတာပဲနော်။

“မိခိုင် မောင်မောင့်ကို တကယ် မေ့နိုင်တယ်ဆိုရင် ဦးကို လက်ထပ်ပါကွယ်၊ ဦး အကြာကြီးလဲ မစောင့်နိုင်တော့ဘူး”

ခိုင်က ခေါင်းညိတ်မိပြန်တယ် မောင်။

“သေသေချာချာ နားထောင်ခိုင်၊ စနေနေ့ နေ့လယ် ရုံးဆင်းချိန် ဦး ရုံးအောက်က စောင့်နေမယ်၊ ခိုင် ရောက်အောင်လာခဲ့ပါ” တဲ့။

www.foreverspace.com.mm

တကယ်ပဲ စွန့်စားရတော့မယ်ဆိုတော့ နိုင် ရင်တွေခုန်လာတယ်။ မောင်ရယ်။ ဖြစ်ပါ့မလား၊ ငါ မှားများ မှားမလားလို့လဲ တွေးပူလာတယ်။ ဒါပေမယ့် ခေါင်းညိတ် အဖြေပေးလိုက်မိတယ်။

ဦးအောင်ငြိမ်းက နိုင့်ကို ပြန်ပို့တယ်။ ညအထိ ဖေဖေတို့နဲ့ ရယ်ရယ်မောမော စကားပြောပြီးမှ ပြန်သွားတယ်ကွယ်။

နိုင်တော့ စနေနေ့ကို ရင်တထိတ်ထိတ်နဲ့ စောင့်နေရတယ်။

နိုင့်ဘဝတစ်လျှောက်လုံး စနေနေ့တွေဟာ စိတ်လှုပ်ရှားမှုတွေ၊ စိတ်ဆင်းရဲမှုတွေကို ပေးခဲ့တော့တာပါပဲ မောင်။

www.foreverspace.com.mm

# ၅

စနေနေ့ ရုံးဆင်းချိန်ကို ရင်တထိတ်ထိတ်နဲ့ စောင့်နေခဲ့ရတယ်။

ဖေဖေ မသိအောင်လဲ ဣန္ဒြေမပျက် နေရတယ်ကွယ်။ စနေနေ့ မနက်ပိုင်းမှာ နိုက်က သိုင်းသင်တန်းတစ်ခုမှာ သွားသင်ပြရတယ်။ နိုင့်ဆရာကို ကူတာပါ။ ကြားဖြတ်ပြောရဦးမယ် မောင်။ နိုင်က သိုင်းပညာမှာ ဆရာဖြစ်လက်မှတ် ရထားပေမယ့် ကနေ့အထိ သိုင်းကို စီးပွားဖြစ် လုပ်မစားသေးဘူး မောင်။ နိုင် ဌာနဆိုင်ရာ သင်တန်းတွေမှာပဲ လခနည်းနည်းနဲ့ သင်ခဲ့တယ်။ ဒါပေမဲ့ နိုင် ဒုက္ခရောက်နေတဲ့ တစ်ချိန်မှာ ဒီပညာနဲ့ အနိုက်အတန့် ရပ်တည်ခဲ့ရဖူးပါတယ်။

သင်တန်းကို အကြောင်းပြပြီး နိုင် အပြင်ထွက်ရတယ်။

သင်တန်းကပြီးတော့ နိုင့်မှာ အချိန်တွေပိုနေတယ်။ နိုင့်မှာလဲ သားရေအိတ်လေးတစ်လုံးနဲ့ အဆတ်တစ်ထည် ကိုယ်တစ်ခုပါပဲ။ ဘာမှလဲ ယူမလာရဲဘူးလေ။ ဗိုလ်ချုပ်ဈေးမှာ လျှောက်ပတ်ပြီး အချိန်ဖြုန်းရတယ်။ ရုံးဆင်းချိန်မှ အတွင်းဝန်ရုံးဘက်ကို ခြေလျင်လျှောက်ရတယ် မောင်ရယ်။

www.foreverspace.com.mm

ရုံးအောက်မှာ ဦးအောင်ငြိမ်းရဲ့ ကားကို အဆင်သင့်တွေ့ရလို့ စိတ်အေးသွားတယ်။ နိုင့် တစ်ကိုယ်လုံး ကြောက်လွန်းလို့ တုန်ယင်နေပြီလေ။

ဦးအောင်ငြိမ်းက "နိုင် တကယ်လာတယ်နော်၊ လာမှ လာပါ့မလားလို့ ကလေးရယ် စိတ်ပူလိုက်ရတာ" တဲ့။

နိုင် ကားပေါ်ရောက်တာနဲ့ တစ်ခါတည်း ကားကို မောင်းထွက်သွားတာပဲ။ အဝေးကြီးကို မောင်းသွားတာ မောင်ရယ်။ မြို့ပြင်အထိ ထွက်သွားတယ်။ နိုင်လဲ မျက်စိစုံမှိတ်ပြီး လိုက်သွားတာပဲ။

ဦးအောင်ငြိမ်းက ကားကို အပြင်းမောင်းသွားတယ်။ မှော်ဘီ အထိလေ။ အိမ်နဲ့တစ်စတစ်စဝေးလာတော့ နိုင် နောင်တရသလိုပဲ။ အထူးသဖြင့် ဖေဖေ။ ဖေဖေက နိုင့်မျက်နှာကို ငရဲမီးနဲ့ပက်မယ်လို့ ကြိမ်းမောင်းထားတာကို တကယ်တွေးပြီး ကြောက်နေမိတယ် မောင်ရယ်။

ဦးအောင်ငြိမ်းကလဲ စကားတစ်ခွန်းမှ မပြောနိုင်ဘူး။ ကားကိုသာ အမြန်ဆုံး မောင်းနေတော့တာပဲ။ နိုင် စိတ်ပြောင်းပြီး ပြန်သွားမှာ စိုးလွန်းလို့တဲ့ကွယ်။

မှော်ဘီက ဦးအောင်ငြိမ်းရဲ့ မိတ်ဆွေတစ်ယောက်ရဲ့ ခြံကြီးထဲကို ခေါ်သွားတယ်။ ဦးအောင်ငြိမ်းရဲ့ မိတ်ဆွေက မှော်ဘီက အရာရှိကြီးတစ်ယောက်ပါပဲ။ နိုင်တို့ကိုမြင်တော့ သူလဲ ထိတ်ထိတ်ပျာပျာဖြစ်သွားတယ်။ ဒါပေမယ့် ဖြစ်လာမှတော့ ကူညီရတော့မှာပဲဆိုပြီး နိုင့်ကို စောင့်ရှောက်ထားပါတယ်။ သူ့နာမည်က ဦးခင်မောင်ကြည်တဲ့။

"ကလေးမ မင်းအသက် ဘယ်လောက်ရှိပြီလဲ"

ဦးခင်မောင်ကြည်က မေးတယ်။

"ကျွန်မ ဆယ့်ရှစ်နှစ်ပြည့်ပြီးပြီ"

"ကောင်းပြီ၊ မင်းမှာပါတဲ့ လက်ဝတ်လက်စားတွေ ချွတ်ပြီး သိမ်းထားလိုက်" တဲ့။



နိုင်က အသက်ငယ်ငယ်လေး၊ ဦးအောင်ငြိမ်းက အသက်ကြီးကြီး လူကြီးတစ်ယောက်ဆိုတော့ ပတ်ဝန်းကျင်ကလူတွေကလည်း ရုတ်ရုတ်သဲသဲပေါ့ မောင်ရယ်။ နိုင်လဲကြောက်လွန်းလို့ ဦးခင်မောင်ကြည့်တို့ အိမ်သားတွေနဲ့ ရောနေရတယ်။ ဦးအောင်ငြိမ်းကလဲ ဖေဖေ သိသွားပြီလားဆိုပြီး တထိတ်ထိတ်ပဲ။

ကံကဆိုးချင်တော့ မောင်ရယ်။ နိုင် ပြန်မရောက်တာသိတော့ ဖေဖေက မြေလှန်ရှာတာပေါ့။ ဦးအောင်ငြိမ်းဘက်က အမျိုးတွေဆီကို ချက်ချင်း အကြောင်းကြားပြီး ရာဇသံပေးတယ်။ သမီးကို နေ့ချင်းပြန်အပ်ရမယ်ပေါ့။ ဟိုဘက်ကအမျိုးတွေကလည်း ဦးအောင်ငြိမ်းက အရာရှိကြီးတစ်ယောက်၊ သူတို့ ဖြစ်စေချင်တာက အရွယ်ရောက်ပြီး တည်ငြိမ်တဲ့ မိန်းမတစ်ယောက်နဲ့ အိမ်ထောင်ရက်သား ကျစေချင်တာ၊ နိုင့်လို မလောက်လေး မလောက်စား ကောင်မလေးတစ်ယောက်နဲ့ ဘယ်သဘောတူနိုင်ပါ့မလဲတဲ့။ နိုင်က ရုပ်ရှင်မင်းသမီးလဲ လုပ်ဦးမယ်၊ ပြီးတော့ မောင်နဲ့ နေ့နေ့ညည တတွဲတွဲသွားလာနေတာလဲ မမြင်ချင်အဆုံးတဲ့၊ ဦးအောင်ငြိမ်းကို အမိဖမ်းတာ မခံနိုင်ပါဘူးဆိုပြီး သူတို့က ဦးဆောင်ရှာကြတယ်လေ။

ဦးအောင်ငြိမ်းရဲ့ အစ်မဝမ်းကွဲ အန်တီရိုစီတို့ဆို အကဲဆုံးပဲမောင်။ သူက နိုင့်ကို လုံးဝကြည့်လို့ရတာ မဟုတ်ဘူး။ တကယ်ဆို သူက မေမေနဲ့ ညီအစ်မဝမ်းကွဲတော်တာပါ။ ပစ္စည်းဥစ္စာလေး နည်းနည်းရှိတာနဲ့ မောက်မာချင်တယ် မောင်။

နောက်တော့ ဦးခင်မောင်ကြည့်ရဲ့ အိမ်ကို ခြေရာခံမိသွားကြတော့တာပဲ။ အန်တီရိုစီကပဲ ဖုန်းဆက်တာတဲ့။ ကိုယ့်သမီးကိုယ် အချိန်မီ ထိန်းသိမ်းချင်တယ်ဆို အဲဒီကိုသာ လိုက်သွားတဲ့လေ။

ညနေစောင်းလာတော့ နိုင်တို့လဲ စိတ်အေးစပြုတယ်။ အိမ်ကတော့ မသိနိုင်တော့ဘူးလို့ ထင်တယ်။ ဦးခင်မောင်ကြည်က သူနဲ့ပတ်သက်ရာ လူကြီးတွေ ချက်ချင်းခေါ်ပြီး နိုင်တို့နှစ်ယောက်ကို လက်မှတ်ထိုးနိုင်း

www.foreverspace.com.mm

ထားတယ်။ အိမ်သူအိမ်သားတွေ ခြံနီးနားချင်းတွေ တရုံးရုံးနဲ့ ခိုင်လဲ ပျော်လာတယ်။

ညနေခြောက်နာရီလဲ ထိုးခါနီးရော ဖေဖေရယ် ဒေါသတကြီးကြီးနဲ့ ရောက်လာတော့တာပဲ။ ဖေဖေက သူ့ ရပ်ရှင်ကုမ္ပဏီကကားနဲ့ လိုက်လာတာ။ ကားလဲမြင်ရော ခိုင်က အိမ်ခန်းထဲပြေးဝင်ပြီး ပုန်းတော့တာပဲ။ ခိုင့်မျက်နှာကို ငရဲမီးနဲ့ပက်မှာ ကြောက်လိုက်တာ မောင်ရယ်။ အိမ်သားတွေက ခြံတံခါးပိတ်ပြီး ဣန္ဒြေမပျက် နေကြတယ်။ ဒါပေမဲ့ ဖေဖေက သိပ်ဒေါသ ဖြစ်နေတယ်။

"ဟေ့ တံခါးဖွင့်ကြ၊ ငါ့သမီးကို ငါ ပြန်ခေါ်မယ်၊ မင်းတို့ကို တရားစွဲမယ်၊ ခွေးမသားအောင်ငြိမ်း ငါ့အိမ်မှာနေသွား၊ ငါ့ထမင်းကိုစားပြီး ငါ့သမီးကို ခိုးသွားတာ သတ်မယ်"

ဖေဖေ့ကို ဦးခင်မောင်ကြည်က ထွက်တွေ့တယ်။

"ဦးရဲ့ သမီးက အသက်လဲပြည့်ပြီးပါပြီ။ သူ့မှာပါတဲ့ အဖိုးတန် ပစ္စည်းတွေလဲယူပါ၊ သူတို့ချင်း အလိုတူတာမို့ မဖျက်ပါနဲ့တော့" လို့ တောင်းပန်တာပေါ့။ ဖေဖေကတော့ အတင်းကို ကြိမ်းမောင်းပြစ်တင်တာပဲ။ နောက်ဆုံး ဖေဖေ့ကို အားနာလို့ ခြံတံခါးဖွင့်ပေးပြီး ဆွေးနွေးကြတယ်။ ဦးအောင်ငြိမ်းကလည်း ဖေဖေ့ကို ရင်မဆိုင်ရဲလို့ ရှောင်နေတယ်။

ခိုင်လေ အခန်းတံခါးကြားကနေ ချောင်းကြည့်ပြီး ကြောက်လိုက်တာ မောင်။ မေမေလဲ ပါလာတယ်။ မေမေ့မျက်နှာက ဇီးကင်းလောက်လေး ဖြစ်နေတာ သနားလိုက်တာ။ မမရီကလဲ မေမေ့ဘေးမှာ။ မမရီက အခန်းနား ကပ်လာပြီး "ညီမလေးရှိတယ်မဟုတ်လား၊ ခဏထွက်လာပါ၊ ဒီလိုအရင်စလို လုပ်သွားတာ မကောင်းဘူး၊ မိန်းကလေးတစ်ယောက်အနေနဲ့ သိပ်ပြီး သိက္ခာကျတယ်၊ တင့်တင့်တယ်တယ် ယူပစေပေါ့၊ ဖေဖေ့ ဒေါသကိုလဲ သိသတယ် မဟုတ်လား" တဲ့။



"ဟင့်အင်း ခိုင်တို့ လက်မှတ်ထိုးပြီးပြီ ပြန်မလိုက်ပါရစေနဲ့၊ လိုက်လဲ မလိုက်ချင်တော့ဘူး"

ခိုင်က ပြန်ပြောတော့ ဖေဖေက အားလုံး ဆွဲထားတဲ့ကြားက ခိုင့် အခန်းတံခါးဆီ ထလာတာပဲ။

"ပြန်လိုက်ခဲ့ သမီး၊ သမီးကို အသက်နှစ်ဆယ့်ငါးနှစ် မပြည့်မချင်း အိမ်ထောင်မပြုရဘူးလို့ ပြောထားတယ် မဟုတ်လား၊ ခု အချိန်မီ ပြုပြင်လို့ ရသေးတယ် ပြန်လိုက်ခဲ့ပါ သမီးရယ်" တဲ့။

ဖေဖေ့ အသံကိုကြားတော့ ခိုင် ဝမ်းနည်းတယ်။ ငိုမိတယ် မောင်။

"ဟင့်အင်း ဖေဖေ သမီးကိုရိုက်မှာပဲ၊ မလိုက်ပါရစေနဲ့ ဖေဖေ၊ သမီး မလိုက်ပါရစေနဲ့"

ဆိုပြီး ငိုတာပေါ့။

ရပ်ကွက်ထဲက လူကြီးတွေကော အရာရှိတွေကော ဖေဖေ့ကိုလာပြီး တောင်းပန်ကြတယ်။ ဦးခင်မောင်ကြည်ကလဲ ဩဇာအာဏာရှိတယ် မဟုတ်လားကွယ်။ ဖေဖေက ရှက်လည်းရှက် ဒေါသလည်ဖြစ်ပြီး

"ငါပြန်မယ် မိခင်ကြည်၊ နင့်သမီးကို နင်ရအောင်ပြန်ခေါ်ခဲ့၊ ပါမလာရင် အသတ်ပဲ" ဆိုပြီး ပြန်သွားတယ် မောင်ရယ်။

မေမေတို့ သားအမိ မျက်စိသူငယ်နဲ့ ကျန်ခဲ့တာပေါ့။

ဖေဖေပြန်သွားတော့မှ ခိုင် အပြင်ထွက်ရဲပြီး မေမေ့ကိုဖက်ပြီး ငိုရတယ်။

"သမီး မလိုက်ပါရစေနဲ့တော့ မေမေရယ်၊ သမီးတို့ လက်မှတ်လဲ ထိုးပြီးပြီ၊ သမီးမှာ နာမည်ပျက်ပြီးကျန်ခဲ့မှာ၊ မထူးပါဘူး သမီး နေခဲ့ပါရစေ"

ခိုင်က ငိုပြီး တောင်းပန်တယ်။ ဦးအောင်ငြိမ်းကလဲ မေမေ့ကို တောင်းပန်တယ်။ မမရီကတော့ "နင် ဒီလောက် အတင့်ရဲလိမ့်မယ် ငါ မထင်ဘူး၊ နင် သိပ်မှားတယ်" လို့ ပြောတယ်။

www.foreverspace.com.mm

တဖြည်းဖြည်း ညဉ့်နက်လာပြီး မေမေလဲ အတိုက်အခံပြောရတာ မောလာပြီ။ မမရီကလဲရှက်လာပြီ။ နိုင့်ကိုလဲစိတ်ပျက်လာပြီ။ ဦးအောင်ငြိမ်းကလဲ ဘယ်နည်းနဲ့မှ ပြန်မထည့်နိုင်ဘူးလို့ ပြောတယ်။

မေမေကလဲ နိုင်မပါဘဲ အိမ်မပြန်ရဲဘူးတဲ့။

ဦးခင်မောင်ကြည်တို့က မေမေ့ကို ဖျောင်းဖျပြီး ပြန်ပို့ပေးမယ် လုပ်ကြတယ်။

"သမီး ဆုံးဖြတ်ချက်ကို ပြင်ပါဦး၊ နောက်မှ လက်ထပ်ယူကြပါ"လို့ မေမေက ပြောပါသေးတယ်။ ဦးအောင်ငြိမ်းကတော့ နိုင့်ကို အခု ပြန်ထည့်လိုက်ရင် တစ်သက်လုံး ဆုံးရှုံးရတော့မယ်ဆိုပြီး မထည့်နိုင်ဘူးလို့ပဲ ငြင်းတယ်။ နောက်ဆုံး မေမေတို့ကို ဒေါ်လေးမေအိမ်ကို လိုက်ပို့လိုက်ကြရတယ်။ ဒေါ်လေးမေတိုတာလဲ မေမေ့ရဲ့ ညီအစ်မဝမ်းကွဲပါပဲ။ ဒါပေမဲ့ အန်တီရိုစီတို့နဲ့တော့ စိတ်ထားချင်းကွာတယ်။ ဒေါ်လေးမေက ပြဿနာတစ်ခု ဖြစ်လာရင် ဒုက္ခရောက်နေတဲ့သူဘက်က ဖေးမကူညီလိုစိတ် ရှိတယ်။ ပြီး သူ့ခင်ပွန်းက နာမည်ကျော် ရုပ်ရှင်မင်းသားကြီး တစ်ယောက်ပဲလေ။ မောင် သိတယ်မဟုတ်လား။

ဒေါ်လေးမေက ထုံးစံအတိုင်း ပြဿနာကို သူရှင်းပေးမယ်ပေါ့။ မေမေတို့ကို အိမ်မှာထားပြီး ဖေဖေ့ဆီ သွားဖျောင်းဖျကြတယ်။ မေမေလဲ နိုင် ပြန်ပါမလာဘူးဆိုတာသိရတော့ စိတ်ကိုလျှော့ချလိုက်တာ အသက် ဆယ်နှစ်လောက် အိုစာသွားသလား ထင်ရတယ်လို့ အန်တီမေက ပြောတယ်ကွယ်။

"သွားပြီ၊ ငါ တစ်သက်လုံး မျှော်လင့်အားထားခဲ့ရသမျှ သွားပြီ မိအေ၊ ဒင်း အမိုက်မျက်နှာလဲ ငါမကြည့်ချင်တော့ဘူး၊ ငါ့မျက်စိရှေ့ကိုလဲ ဘယ်တော့မှ ရောက်မလာစေနဲ့" ပြောတယ်တဲ့။ ဖေဖေက သိပ်စိတ်ကြီးတယ်ကွယ်။ နိုင့်အပေါ် သိပ်လဲမျှော်လင့်ချက်ထားခဲ့တယ်ဆိုတော့ အဲဒီကတည်းက ဖေဖေဟာ စိတ်ရောလူပါ ကျဆင်းသွားလိုက်တာ သေသည်



www.foreverspace.com.mm

အထိပဲ။ ဒီအကြောင်းတွေ စဉ်းစားရင် နိုင် ကြေကွဲတယ်။ နိုင်က ငယ်သေးတော့ လူတစ်ယောက် ဒီလောက် ခံစားတတ်လိမ့်မယ်လို့ မထင်ခဲ့ဘူး။

ဒေါ်လေးမေကပဲ ဦးဆောင်ပြီး နိုင်တို့ မင်္ဂလာဆောင်ကို ဆန်းကဖေးမှာ လုပ်ပေးပါတယ်။ ပျော်စရာတော့ ကောင်းပါတယ် မောင်ရယ်။ ရင်းနှီးတဲ့ အပေါင်းအသင်း မိတ်ဆွေတွေနဲ့ပေါ့။ ဒါပေမဲ့ နိုင်တို့မင်္ဂလာဆောင်မှာ နှစ်ဘက်လူကြီးမိဘတွေ မပါဘူးမောင်ရယ်။

နိုင့်ဘဝမှာ အရုပ်ဆိုးစရာတွေ ဖြစ်ခဲ့ရတာ နိုင်ရဲ့ ကံကြမ္မာပါပဲ။ အမြဲတမ်းပဲ နိုင်ဟာ အထင်သေး ရှုတ်ချမှုကို ခံခဲ့ရတယ်။ မိန်းကလေး တစ်ယောက် လှတာ ထင်ပေါ်တာဟာ အများအမြင်မှာ အထင်သေးစရာ ဖြစ်နေလေ့ရှိတာ နိုင် နားမလည်ဘူး။ နိုင်ကတော့ လှတဲ့ မိန်းမတွေကို အထင်ကြီးတယ်မောင်။ သူတို့မှာ သူတို့ရဲ့ အလှကို ထိန်းသိမ်းတတ်တာကိုက အရည်အချင်းတစ်ရပ်ပဲ မဟုတ်လား။ ပြီးတော့ နိုင်က မိန်းကလေးတိုင်းကို လှနေစေချင်တဲ့ ဆန္ဒရှိတယ်။

အန်တီရိုစီတို့ဘက်က နိုင့်ကို လုံးဝမကျေနပ်ဘူး မောင်။ ပြီးတော့ ဖေဖေ့ မာနနဲ့ သိက္ခာကိုလဲ ကျစေချင်သလား မသိပါဘူး။ ဦးအောင်ငြိမ်းကိုလဲ သူတို့ရည်မှန်းထားတဲ့ အမျိုးသမီးကိုမယူဘဲ သူထင်ရာ လုပ်တဲ့အတွက် မကြည်ဖြူဘူး။ ဒါကြောင့်ပဲ နိုင့်ကို အတိအလင်း တိုက်ခိုက်ကြတော့တယ်။

ရုပ်ရှင်မင်းသမီး မိမိနိုင်နှင့် နိုင်ငံခြားရေးဌာန အတွင်းဝန် ဦးအောင်ငြိမ်းတို့၏ ထိမ်းမြားလက်ထပ်ခြင်းကို လုံးဝသဘောမတူ ကန့်ကွက်ပါသည်တဲ့။

စာလုံးမည်းကြီးတွေနဲ့ သတင်းစာမှာ ကြော်ငြာတယ် မောင်။ အဲဒီအချိန်ကတော့ သတင်းစာမှာလဲကြော်ငြာမျိုးဆို ထည့်လို့ရတယ် မဟုတ်လားကွယ်။ နိုင်ကတော့ အရှက်ရပြီးရင်း ရရင်းပေါ့။ ဒါပေမဲ့ အန်တီမေက

အောင်ငြိမ်းကို သူတို့ချည်း မောင်တော်တာ မဟုတ်ဘူး၊ တို့ကလဲတော်တာပဲ၊ ဆွေမျိုးချင်းအတူတူ သူ သဘောမတူတိုင်း ကန့်ကွက်လို့ ရမလားဆိုပြီး ဦးအောင်ငြိမ်းနှင့် ရုပ်ရှင်မင်းသမီး မိမိခိုင် ထိမ်းမြားလက်ထပ်ပြီးစီးခြင်းဆိုပြီး စာလုံးအကြီးကြီးနဲ့ ပြန်ကြော်ငြာတယ် မောင်ရယ်။

ဒီလိုနဲ့ပဲ ခိုင့်ဘဝ အစဟာ မပြေမလည်နဲ့ စခဲ့ရပါတယ်။

ဦးအောင်ငြိမ်းက ခိုင့်ကို ကလေးငယ်တစ်ယောက်လိုပဲ သိပ်ချစ်သိပ်အလိုလိုက်ခဲ့ပါတယ် မောင်ရယ်။ ဒါပေမဲ့ မောင်ရယ်၊ အဲဒီအချိန်က ခိုင်ဟာ အချစ်ဆိုတာကို သေသေချာချာ သဘောမပေါက်ခဲ့ဘူးဆိုတာ ခုမှ တွေးတတ်တော့တယ် မောင်။ ခိုင်ကတော့ စိတ်ထဲမှာ လှုပ်ရှားတာကို အချစ်ပဲလို့ ထင်ခဲ့တယ်။

ဦးအောင်ငြိမ်းရဲ့ ရင်ခွင်မှာ မှီခိုရင်း ခိုင်ဟာ သူ့ကို တကယ်ချစ်မိရဲ့လားလို့ မကြာမကြာ တွေးမိတယ် မောင်။ သူ့ရဲ့ အယုအယမှာ တကယ်သာယာရဲ့လားဆိုတာ ခိုင် စဉ်းစားမိပေါင်း မနည်းဘူး။ တစ်ခါ တစ်ခါတော့လဲ အထိတ်တလန့်ဖြစ်ရလွန်းလို့ ဘာကိုမှ မစဉ်းစားတော့ဘူး။

ဦးအောင်ငြိမ်းက လူကြီးတစ်ယောက်ဆိုတော့ တည်ငြိမ်တယ်။ သူ့အချစ်ကလဲ တည်ငြိမ်တယ်။ ပြီးတော့ သူက သိပ်ပြီး စိတ်ရှည်လက်ရှည် ချော့မြှူမနေတတ်ဘူး မောင်ရယ်။ မင်္ဂလာဧည့်ခံပွဲ ပြုလုပ်ပြီးတဲ့ညက ခိုင်က ဦးအောင်ငြိမ်းရဲ့ ကျောပြင်ကိုငေးမောကြည့်ပြီး သူကကော ငါ့ကို တကယ်မှ ချစ်ရဲ့လားလို့ တွေးနေမိတယ် မောင်။

သူ့ဘာသာသူ အလုပ်များနေလို့ နားအေးပါးအေး နေနေတဲ့အခါ၊ ပင်ပန်းလို့ အိပ်မောကျနေတဲ့အခါ ဒီလူကြီးဟာ ငါ့လင်ယောကျ်ား၊ ဒါပေမဲ့ ငါနဲ့ ဝေးကွာနေပါကလားလို့ ဇဝေဇဝါဖြစ်မိတဲ့အခါလဲရှိရဲ့။

ဒါပေမဲ့ ခိုင်ဟာ ကိုယ့်လင်ယောကျ်ားအပေါ်မှာ မိန်းမတစ်ယောက်ရဲ့ ဝတ္တရားမှန်သမျှ ကျေပွန်အောင် ထမ်းဆောင်ခဲ့ပါတယ်။ ဒီအတွက် ခိုင့်ကိုယ်



ခိုင် စိတ်နှလုံးသန့်ရှင်းတယ်မောင်။ ခိုင် အိမ်ရှင်မကောင်းတစ်ယောက်ဖြစ်အောင် ကြိုးစားခဲ့တယ်။

ဖေဖေက ခိုင့်ကို လုံးဝအတွေ့မခံဘူး။ မေမေတို့လဲ အဝင်အထွက်သိပ်မလုပ်ရဲဘူး။ ပြီးတော့ ဝမ်းနည်းစရာကောင်းတာက ဖေဖေဟာ နှလုံးရောဂါကိုစတင်ခံစားရတယ်လေ။ ခိုင်လဲ ပြုမိသမျှတွေ ကိုယ့်ဘာသာကိုယ်ပဲ ခံယူဖို့ ဆုံးဖြတ်ပြီး ရောက်တဲ့နေရာမှာ အံဝင်ခွင်ကျအောင် ကြိုးစားတယ်။ ဦးအောင်ငြိမ်းဘက်ကလဲ အဆက်အသွယ်မပြုကြလို့ ခိုင်တို့နှစ်ယောက်ပဲ သီးခြား ထူထောင်ရပါတယ်။ ဦးအောင်ငြိမ်းက ဝင်ငွေအားဖြင့် တောင့်တင်းသူဖြစ်လို့ စားဝတ်နေရေးတော့ မပူပင်ရပါဘူး။ ခိုင်က ငယ်လဲငယ် နုတ်လဲချိုလို့ ဌာနဆိုင်ရာလူကြီးတွေရဲ့ အလယ်မှာလဲ မျက်နှာပန်းလှပါတယ်။

ခိုင့်ရဲ့ အိမ်ရှင်မဘဝ အစကတော့ နည်းနည်း ကသောင်းကနင်းဖြစ်တယ် မောင်။

ဘာကြောင့်လဲဆိုတော့ ခိုင်တို့အိမ်မှာ အိမ်မှုကိစ္စကို မေမေကသာ သိမ်းကျုံးလုပ်ခဲ့တာ။ ခိုင်တို့ညီအစ်မတွေက အားကစားနဲ့ အချိန်ကုန်တာဆိုတော့ အောက်ခြေသိမ်း မလုပ်တတ်ဘူး မောင်။ ခိုင်ဆို ဈေးမဝယ်တတ်သေးဘူး။ ဦးအောင်ငြိမ်းက ခိုင့်လက်ထဲကို လခ ခုနစ်ရာလုံးအပ်လိုက်တော့ ခိုင့်မှာ နည်းမှန်းများမှန်းလဲ မသိဘူး။ ပိုက်ဆံကိုင်ပြီး ဈေးဝယ်တော့ ဦးအောင်ငြိမ်းက လိုက်လာပြီး စောင့်ကြည့်ပေးတယ်။

သိပ်ရယ်ရတယ် မောင်ရယ်။ ခိုင်က ကြက်သွန်နီတစ်ပိဿ၊ ကြက်သွန်ဖြူ တစ်ပိဿ၊ ငရုတ်သီးတစ်ပိဿဆိုပြီး ဝယ်တာပေါ့။

ငရုတ်သီးတစ်ပိဿဆိုတော့ ဈေးသည်က မျက်လုံးလှန်ကြည့်တယ်။ ခိုင်ကတော့ ခပ်တည်တည်ပဲ။

'ကလေးက ငရုတ်သီးတစ်ပိဿဝယ်တာ မေမေတို့ အိမ်အတွက်ကောလား'

www.foreverspace.com.mm

ဦးအောင်ငြိမ်းက လူမကြားအောင် တိုးတိုးမေးတယ်။ သူက နိုင့်အများကို တိုက်ရိုက်မပြောဘူးကွယ်။ နိုက် ရှက်သွားမှာစိုးလို့၊ ဒါမှမဟုတ်လဲ စိတ်ကောက်ပြီး အိမ်ပြန်သွားမှာစိုးလို့တဲ့။

'မဟုတ်ပါဘူး။ နိုင်တို့အိမ်အတွက်ပဲလေ'

နိုင်က မျက်လုံးလေး ကလယ်ကလယ်နဲ့ပြောတော့

'အိမ်အတွက် တစ်ပိဿဆို မများဘူးလားကွယ်၊ ငရုတ်သီး တစ်ပိဿဆိုတာ ဒီလောက်ကြီးရတာ'

လက်နှစ်ဘက်ကိုကားပြီး ပြတယ်။ နိုင်လဲ ဣန္ဒြေမပျက် ဈေးသည်ဘက်လှည့်ပြီး

'ငရုတ်သီးတစ်ဆယ်သား'လို့ ပြန်ပြင်ပြောရတာပေါ့။

နိုင်တို့အိမ် ခြံကြီးရဲ့နောက်မှာ စာရေးစာချီတွေ အလုပ်သမားတွေ နေတဲ့ အိမ်တန်းလျားရှိတယ်။ အဲဒီ အိမ်ရှင်မတွေက နေ့တိုင်း ပုလင်းလေးတွေနဲ့ ဆီဝယ်တာကို နိုင်က မြင်တယ်။ သူတို့က ချက်ခါနီးမှ တစ်ဆယ်သား နှစ်ဆယ်သား ဝယ်ကြတာကိုးကွယ်။ နိုင်က ဆီဆိုတာ ဒီလိုပဲ ဝယ်ရတယ်ထင်ပြီး ဈေးသွားတိုင်း တစ်ဆယ်သားစီ ဝယ်တာပေါ့။

အစတော့ ဦးအောင်ငြိမ်းက ကြည့်နေသေးတယ်။ နောက်တော့မှ မနေသာတော့ဘဲ

'ချာတိတ်ရဲ့ ဆီဆိုတာ တစ်ခါတည်း တစ်ပိဿ နှစ်ပိဿ ဝယ်ထားရတာ၊ ဒါမှမဟုတ် တစ်လစာ ဝယ်ထားရတယ်၊ နည်းနည်းချင်း ဝယ်တော့ ခဏ ခဏ ဝယ်နေရတာပေါ့' တဲ့။

ဟုတ်တယ်လေ။ ဟင်းချက်ခါနီး ဆီကုန်တိုင်း ပြေးပြေးဝယ်နေရတာ။ သူများတွေ မတတ်နိုင်လို့ နည်းနည်းချင်း ဝယ်ရတာပါလားဆိုတာ နိုင် မသိဘူး။ ဒီလိုပဲဝယ်ရတယ် ထင်တာကိုး။ ဦးအောင်ငြိမ်းက နိုင် မလုပ်တတ် မကိုင်တတ်ဖြစ်နေတာကိုပဲ ချစ်စရာတစ်မျိုးအနေနဲ့ သည်းခံပြီး သင်ပေးရှာတယ်။ နိုင် ချက်သမျှကိုလဲ ကောင်းကောင်း မကောင်းကောင်း


www.foreverspace.com.mm

စားတာပဲ။ ထမင်းလဲ ချက်ခါစမှာ တူးသေးတယ်။ ဦးအောင်ငြိမ်းက 'တူးတာလေးပဲ ကြိုက်ပါတယ်'ဆိုတော့ နောက်နေ့တွေမှာ မတူးတူးအောင် တမင်ချက်ရတယ် မောင်။

သုံးရက်လောက်ကြာမှ

'ထမင်းက တူးတာ ဘယ်စားကောင်းပါ့မလဲ ချာတိတ်ရယ်'တဲ့။ သိပ်ရယ်ရတယ်နော်၊ ဟင်းချက်ရင်လဲ ချိုအောင်ဆိုပြီး သကြားတွေ ထည့်ထည့်ချက်တယ်ကွယ်။ နိုင်တို့အိမ်ကို လာလာလည်တတ်တဲ့ ဦးအောင်ငြိမ်းရဲ့ ရုံးက သူ့လက်ထောက် လူပျိုကြီး ကိုရန်နိုင်က နိုင်ကျွေးတဲ့ ဟင်းတွေစားပြီး

'ချိုလိုက်တာဗျာ ဘာတွေ ထည့်ချက်သလဲ' တဲ့။

နိုင်က သကြားထည့်ချက်တာလို့ ခပ်ကြွားကြွားပြောတော့ ရယ်လိုက်တာ မျက်ရည်ထွက်မတတ်ပဲ။ အဲဒီကတည်းကစပြီး နိုင့်နာမည်ကိုလဲ 'ဒေါ်ဓေယျဝတီ' လို့ တွင်တော့တာပဲကွယ်။

နိုင်က အရာရှိကတော်တွေထဲမှာ အသက်လဲငယ်တော့ ကိုယ့်အထက်က လူကြီးကတော်ဆိုရင်လဲ တည့်အောင်ပေါင်းရတယ်ကွယ်။ ကိုယ့်အောက်က ငယ်သူတွေဆိုလဲ နိုင့်ကို ချစ်အောင်လို့ ပေးကမ်းတယ်။ ဈေးသွားတိုင်း သူများဖို့ပါဝယ်မှ ကောင်းမယ်ထင်ပြီး အပိုလက်ဆောင်တွေ ဝယ်ရတာနဲ့ နိုင့်လက်ထဲက ဦးအောင်ငြိမ်းရဲ့ တစ်လစာလဲ လဝက်မကျိုးခင် ကုန်တော့တာပဲ။

ဒီတော့မှ နိုင် ထိတ်ထိတ်ပျာပျာနဲ့ ဦးအောင်ငြိမ်းကို ပိုက်ဆံမရှိတော့ဘူးလို့ ပြောရတယ်။

'မရှိရင် ဘယ်လိုလုပ်မလဲ ချာတိတ်ရဲ့၊ အဲဒါ ဦးရဲ့လစာ အကုန်ပဲ၊ နောက်မှတ်ထား'

ဦးအောင်ငြိမ်းက နိုင် လုပ်တတ် ကိုင်တတ်အောင် သင်နေတာကိုး။ နိုင် စိတ်ညစ်သွားတာပဲ။

www.foreverspace.com.mm

"ဒီလိုဆို ဘယ်လိုလုပ်ရမလဲ၊ နောက်ရက်တွေ ဘာနဲ့စားရမလဲ ဟင်"

နိုင်က စိုးရိမ်တကြီးပြောတော့

"မစားဘဲ နေကြရတော့မှာပေါ့"

"အို နိုင့်မှာ ဆွဲကြိုးတွေ လက်ကောက်တွေ ပါတယ်၊ ရောင်းမယ်နော်"

ဖေဖေ မေမေတို့က နိုင့်ကိုယ်ပေါ်က လက်ဝတ်လက်စားတွေကို ပြန်ယူမသွားခဲ့ကြပါဘူး။

"မရောင်းပါနဲ့ကွယ်၊ ဦး သူများဆီက ငွေချေးပေးမယ်" တဲ့။

ဦးအောင်ငြိမ်းမှာ ဘဏ်မှာ ငွေရှိတယ်ဆိုတာလဲ နိုင် မသိဘူး။ ဘယ်ရွေ့ဘယ်မျှရှိမှန်းလဲ မသိပါဘူး မောင်ရယ်။ အဲဒီနောက်မှ နိုင်လဲ ပိုက်ဆံကို စည်းကမ်းတကျ သုံးတတ်တော့တယ်။

နိုင်လေ ရောက်ရာဘဝမှာ ပျော်တတ်ပါတယ်။ နိုင် ငယ်ငယ်ရွယ်ရွယ်နဲ့ ဘဝကို စခဲ့မိလို့ အစမှာ အနည်းငယ်ထိုင်ပေမဲ့ နိုင် ကြိုးစားခဲ့တယ်။ နိုင်ကို တစ်ယောက်တည်း ပစ်ထားကြလဲ နိုင့်ဘာသာ မိန်းမကြီးတစ်ယောက်လို ရပ်တည်နိုင်အောင်ကြိုးစားခဲ့ပါတယ်။ နိုင် အားကစားမှန်မှန်လေ့ကျင့်တာ လှလှပပ ပြုံပြုံပြင်ပြင် နေတတ်တာကလွဲရင် ဦးအောင်ငြိမ်းကိုလဲ သခင်တစ်ယောက်လို မြတ်မြတ်နိုးနိုးထားခဲ့ပါတယ်။ လေးလေးစားစား ပြုစုယုယခဲ့ပါတယ်။

ဒါပေမဲ့ လူတွေက ခက်တယ်မောင်။ အပြင်ပန်းကိုပဲကြည့်ပြီး လွယ်လွယ် ဆုံးဖြတ်ချင်ကြတယ်။ နိုင်ဟာ အမြဲပဲ ပေါ့ပေါ့လျှံလျှံနေတဲ့ မိန်းကလေးလို့ သတ်မှတ်ကြတယ်။

မိန်းကလေးတစ်ယောက်ကို အငြိုးကြီးကြီးနဲ့ တိုက်ခိုက်တဲ့လူတွေ လောကမှာ ရှိခဲ့ပါကလားလို့ တွေးမိတိုင်း ခုချိန်ထိ အံ့သြတယ်မောင်။ နိုင်ဟာ လူမှန်းသိတတ်ကတည်းက အများရဲ့ တိုက်ခိုက်မှုကိုခံခဲ့ရသလား မပြောတတ်ဘူး။ ဦးအောင်ငြိမ်းရဲ့ ဆွေမျိုးတွေကလည်း ရုပ်ရှင်မင်းသမီး



ပေါက်စတစ်ယောက်ကို ယူလိုက်လို့ ဘဝကျဆုံးသွားပြီ၊ လူရာမဝင်တော့တဲ့ပုံ ရှုတ်ချကြတယ်။

www.foreverspace.com.mm

တကယ်တော့ ဦးအောင်ငြိမ်းမှာ နိုင့်အတွက် ဂုဏ်သိက္ခာ ကျဆင်းစရာ မဖြစ်ခဲ့ရပါဘူး။

ဌာနဆိုင်ရာ ဧည့်ခံပွဲတွေမှာ နိုင်ဟာ ဣန္ဒြေရရနဲ့ လှအောင် ဆင်ယင်နိုင်လို့ လူကြီးတွေက ချီးကျူးကြတယ်။ ပြီးတော့ နိုင်ဟာ မြန်မာ ဆန်ဆန် နုညက်အောင်လဲ က တတ်တယ် မဟုတ်လားကွယ်။ ဖေဖေ့ရဲ့ ကျေးဇူးတွေပေါ့။

တစ်ည မင်းပေါင်းစုံတဲ့ ဧည့်ခံပွဲတစ်ခုမှာ နိုင် ဦးအောင်ငြိမ်းဘေးမှာ ဣန္ဒြေအပြည့်နဲ့ ထိုင်နေတုန်း အရာရှိကတော်တစ်ယောက်က မြန်မာအကနဲ့ ဧည့်ခံတယ်လေ။ နိုင် အေးအေးဆေးဆေးပဲ ကြည့်နေပါတယ်။ နိုင်က အရာရာကို သတိထားနေရတဲ့အချိန်လေ။ ဒီအချိန်မှာ တီးဝိုင်းအဖွဲ့ ခေါင်းဆောင် နိုင့်ရဲ့ဆရာ မောင်ကိုကိုက နိုင့်ကို မြင်သွားတယ်။ သူက ပန်တျာကျောင်းမှာကတည်းက နိုင်နဲ့ ရင်းနှီးခဲ့တာ၊ နိုင်က အရုပ်မြင့်တော့ ကလိုက်ရင် မီးတိုင်ကြီးကိုင်ထားတဲ့ အမေရိက လွတ်လပ်ရေးရုပ်ကြီးနဲ့ တူတယ်ဆိုပြီး နိုင့်ကို အမြဲစတယ်။

"ဒီပွဲမှာ မြန်မာအက ကောင်းကောင်းကတတ်တဲ့ အမျိုးသမီး တစ်ယောက် ရှိပါတယ်ဗျာ၊ ကျွန်တော်တို့ နာမည်ခေါ်ရမလား၊ ကိုယ့်ဘာသာ စင်ပေါ်တက်လာမလား" တဲ့။

နည်းနည်းပါးပါး ရိပ်မိတဲ့သူတွေက နိုင့်ကို လှည့်ကြည့်ကြတယ်။ နိုင် ခေါင်းငုံ့နေရတယ်။ နောက်တစ်ကြိမ်ထပ်ခေါ်တော့ အားလုံးက ဝိုင်းကြည့်နေကြပြီ။ နိုင်က ရုပ်ရှင်မင်းသမီး လုပ်ခဲ့မှန်းတော့ သိနေကြတာကိုး။ ဒါပေမဲ့ သူတို့က နိုင် ကတတ်မယ်လို့ မထင်ဘူး။

နိုင့်ကို အနုပညာခုန်မင်တတ်အောင် အနုပညာရဲ့ သဘောကိုလဲ သိအောင် ဖေဖေက သင်ပေးခဲ့တာ။ အက သင်ရတယ်ဆိုတာ အခြေခံ

www.foreverspace.com.mm

ကိုချည်းပဲ လေးနှစ်ကြာအောင် သင်ခဲ့ရတာ မောင်ရယ်။ လက်ကလေးချိုးတား ကွေးတာကိုပဲအချိန်အကြာကြီး လေ့ကျင့်နေခဲ့ရတာ။ အမြင်မှာကြည့်ရင် ပျင်းစရာပဲ။ ဒါပေမဲ့ အခြေခံကို သဘောပေါက်ခဲ့လို့ နောင်ဘာသီချင်း ဘယ်လို တီးကွက်ကိုပဲ ကြားရ ကြားရ အချိုးပြေအောင်ကတတ်တာ အခြေခံပညာရဲ့ ကျေးဇူးပါပဲ။

ဦးအောင်ငြိမ်းက သူတို့လောကရဲ့ လူမှုဆက်ဆံရေးအရ လုပ်သင့်တာကို လုပ်ရမယ်ဆိုတာ သဘောပေါက်လို့ "သွားလိုက် မိနိုင်၊ စင်ပေါ်သွား က လိုက်ပါ" လို့ တိုးတိုးပြောတယ်။ နိုင်လဲချက်ချင်း သဘောပေါက်လို့စင်ပေါ်ကို ဣန္ဒြေရရသွားပြီး ကပြရတယ်ကွယ်။ ကိုယ့်ဆရာသမားနဲ့ကိုယ်ကျွမ်းတဲ့အရာဆိုတော့ နိုင် သေသေသပ်သပ် ဆောင်ရွက်ပြနိုင်ပါတယ်။ ဒါကြောင့် နိုင့်သတင်းက ပျံ့နှံ့ပြီး လူကြီးတွေက သဘောကျလို့ ဦးအောင်ငြိမ်းကိုရော နိုင့်ကိုပါ မင်းတို့ ဒီမှာနေရ နောက်တစ်နှစ်ပဲ၊ အမေရိကကိုသွားရမယ်လို့ အားပေးခဲ့တယ်။

တကယ်ဆို နိုင့်အတွက် ဦးအောင်ငြိမ်းမှာ ဂုဏ်သိက္ခာ မညှိုးနွမ်းရပါဘူး မောင်။

ဒါပေမဲ့ လူဆိုတာ ကိုယ့်ထက် အဆင့်နိမ့်လွန်းသူနဲ့ အပေါင်းအသင်းလုပ်ရင်လဲ သင့်လျော်အောင်မနေတတ်ဘူးလို့ အဝေဖန်ခံရတယ်။ ကိုယ့်ထက်အဆင့်မြင့်သူတွေနဲ့ ကျွမ်းဝင်ပြန်ရင်လဲ အမုန်းခံနေရတတ်တယ်ဆိုတာ နိုင် တဖြည်းဖြည်း သဘောပေါက်လာတယ်။

နိုင့်ရဲ့ ပေါ်လွင်မှု အပေါင်းအသင်း ဝင်ဆံ့မှုဟာ တစ်ဘက်မှာအကျိုးရှိသလို တစ်ဖက်ကလဲ အချင်းချင်းမနာလိုမှု၊ ပြစ်တင်ရှုတ်ချမှုကို ခံရတယ်မောင်။ နိုင့်အပေါ် အမုန်းပွားပြီး မခေါ်နိုင် မပြောနိုင် ဖြစ်လာသူတွေကိုပါမြင်ရတော့ နိုင် အံ့သြတုန်လှုပ်မိတာနဲ့အမျှ သြော် လူတွေဟာ ဒီလိုသဘောရှိပါလားလို့ နားလည်ရတော့တယ်။

ဒါပေမဲ့ နိုင်တို့ ကမ္ဘာလေးဟာ အေးအေးချမ်းချမ်းပဲ ရှိခဲ့ပါတယ်။

\+ + +



www.foreverspace.com.mm

လူတစ်ယောက်ရဲ့ ရင်ထဲမှာ သံသယဟာ မသိမသာ ခိုဝင်နေတတ်ပါကလားဆိုတာ တစ်ချိန်မှာ နိုင် သိရပြန်တယ်။ လူတွေဟာ အိမ်ထောင်မကျမချင်းဘာကို မသိသေးဘူးလို့ ပြောတာကိုလဲ နိုင် တဖြည်းဖြည်း သိလာတယ်။

နိုင်ဟာ အရွယ်ငယ်ငယ်နဲ့ အိမ်ထောင်ကျတော့ အရွယ်ငယ်ငယ်နဲ့ဘဝအကြောင်းသိရတော့တယ် မောင်။ ဒီနေရာမှာလဲ နိုင်ဟာ အချိန်မတိုင်မီပွင့်ရတဲ့ပန်းပါပဲ။

နိုင် သိမြင် နားလည်လာရတာတွေဟာ သိရတဲ့အချိန်မှာ အထိတ်တလန့် ဖြစ်ရတာတော့ အကျည်းတန်ပါတယ် မောင်ရယ်။ ဝမ်းနည်းစရာလဲကောင်းပါတယ်။

ပြောပါရစေ မောင်ရယ်။

နိုင် ဦးအောင်ငြိမ်းနဲ့ လက်ထပ်ပြီး မကြာခင်ပဲ သားဗိုလ်ဗိုလ်ကိုကိုယ်ဝန်ဆောင်ရတယ် မောင်။ မိန်းမတို့ရဲ့သဘာဝ လစဉ်မြင်နေကျအရာကိုမမြင်ရတော့ နိုင်ကလဲ အမှန်အတိုင်းပဲ ကိုယ့်လင်သားကို ဖွင့်ပြောတယ်။ သူ တွေဝေသွားတယ် မောင်။ ဒါပေမဲ့ ဘာမှတော့ မပြောဘူး။ သူနဲ့လက်ထပ်တဲ့လမှာပဲ နိုင်က မိခင်လောင်းအဖြစ် ကူးပြောင်းတယ်ဆိုတော့ သူဘာကြောင့် တွေဝေသွားတယ်ဆိုတာ နိုင် နောက်မှစဉ်းစားမိတယ်။ နိုင့်ရဲ့ဘဝမှာ သူတစ်ပါးရဲ့အထင်သေးခံရဖို့ ကံဇာတာ အမြဲပါခဲ့လေသလားမသိပါဘူး မောင်။

နိုင် မောင်နဲ့ အတူသွား အတူလာ နေခဲ့ကြတာ ဖြူစင်သန့်ရှင်းခဲ့တာလူတွေက လက်မခံဘူး မောင်။ မိတ်ဆောင်ဖွားတွေအလယ်မှာ နေခဲ့ပါလျက်နိုင်ရဲ့ ထင်ပေါ်မှုတစ်ခုကိုကြည့်ပြီး အထင်သေးရက်သူတွေကိုလဲ နိုင်နာကျည်းတယ်။ ဖေဖေဟာ သူ့စိမ်ကိန်းနဲ့သူ ထားခဲ့တာ။ မောင့်သဘောထားကိုလဲ နားလည်တယ်။ ပြီးတော့ တစ်နေ့မှာ နိုင်နဲ့မောင် ယူကြမှာပဲ။ ဒါပေမဲ့ ဖေဖေ့ဆန္ဒတွေကို မောင်ကလဲသိတော့ ချက်ချင်းယူကြဦးမှာမဟုတ်ဘူး။ မောင်က ဖေဖေဖြစ်စေချင်သလိုဖြစ်တဲ့အထိ စောင့်နိုင်မယ်ဆိုပြီး

www.foreverspace.com.mm

ဖေဖေက မောင့်လက်ကို ယုံကြည်စွာအပ်နှံထားခဲ့တာတဲ့။ ဒါကြောင့် ဦးအောင်ငြိမ်းက အလျှင်စလို တောင်းခံလာတော့ ဖေဖေ အကြောက်အကန် ငြင်းတာ။ ဒါတွေကို အချိန်ကာလတွေကြာမှ မြင်လာတာ။ နိုင်ကတော့ အားလုံးကို နှောင်းမှ သိရတာချည်းပဲ။

အန်တီရိုစီတို့ဘက်ကတော့ နိုင်ဟာ မောင်နဲ့ဖြစ်ချင်တိုင်းဖြစ်ပြီးမှ ဦးအောင်ငြိမ်းကို ရာထူးမက်လို့ ဖမ်းတာဆိုပြီး ဦးအောင်ငြိမ်းနားပေါက်အောင် အမျိုးမျိုး သတင်းလွှင့်တာပဲ။ သည်တော့ သူက စဉ်းစားတယ်နဲ့တူပါတယ်။ ဒီကြားထဲ နိုင်က စောစောစီးစီး ကိုယ်ဝန်ရှိတော့ သူ သံသယဖြစ်တယ် မောင်။

ဘယ်လောက် ဝမ်းနည်းစရာကောင်းသလဲ မောင်ရယ်။ ခုပြန်တွေးရင် ပိုဝမ်းနည်းတယ်။ လင်သားတစ်ယောက်ရဲ့ သံသယကို ခံယူရတာ ဘယ်လောက်ဝမ်းနည်းစရာကောင်းတယ်ဆိုတာ နိုင် ငယ်သေးတော့ သိပ် မသိဘူး။

ကိုယ်ဝန်ခုနစ်လမှာ နိုင့်စိတ်ထဲ သရိုးသရီဖြစ်တယ်ထင်ပြီး ဗိုက်များ နာသလားမသိဘူး ဦးရယ်လို့ ပြောတော့ သူ သိပ်မျက်နှာပျက်သွားတယ် မောင်။ ဒီအချိန်ထိလဲ နိုင် မသိသေးဘူး။

နောက်တော့ ဦးအောင်ငြိမ်းက ပြောတယ်။

"ခုနစ်လနဲ့တော့ မမွေးလိုက်ပါနဲ့ ချာတိတ်ရယ်၊ မင်း သိပ်နာသွား လိမ့်မယ်" တဲ့။

"ဘာကိုပြောတာလဲ ဦးရယ်"

ဆိုတော့

"မမွေးစေချင်လို့ပေါ့" တဲ့။

"ကလေးဆိုတာ ခုနစ်လနဲ့လဲ မွေးတယ် မဟုတ်လား"

နိုင်က မသိသားဆိုးရွားစွာ ပြောမိပြန်တယ်။

"အေး၊ ဒါပေမဲ့ မင်း မမွေးရဘူး" တဲ့။



www.foreverspace.com.mm

ကံကောင်းလို့၊ ဒါမှမဟုတ် ကံတရားက နိုင့်ဘက်က သနား ညှာတာစွာ ရပ်တည်ပေးခဲ့လို့ သားကို ကိုးလလွယ်ပြီး ဆယ်လမှ မွေးဖွား သန့်စင်ရပါတယ် မောင်။

ဒါတောင် ဒီသားကို အန်တီရိုစီတို့က မောင်နဲ့ရတဲ့သားလို့ ပြောရက် ကြတာ နိုင့်တစ်သက် မမေ့နိုင်အောင် နာပါတယ် မောင်။ ဦးအောင်ငြိမ်းက အညာသားဆိုတော့ အသားမည်းတယ် မဟုတ်လားကွယ်။ ဒါပေမဲ့ နိုင်တို့ ဖေဖေက အသားဖြူပါတယ် မောင်။ နိုင်လဲ အသားဖြူပါတယ်။ ကလေးက အသားဖြူတာဟာလဲ အပြစ်ကြီးတစ်ခု ဖြစ်ရပြန်တယ်။

သြော် ဖေဖေ့အကြောင်း ပြောရဦးမယ်နော်။

ဖေဖေကလဲ စိတ်အင်မတန်ပြင်းတာ မောင်ရယ်။ နိုင့်ကို လုံးဝဆို လုံးဝ မကြည့်တော့ဘူး။ အင်မတန်ချစ်တဲ့ သမီးကို လုံးလုံး မျက်နှာလွှဲ ထားလိုက်တာ နိုင် ထင်တောင် မထင်ပါဘူး။ နောက်ပိုင်း နိုင်နဲ့အတူ ပြန်နေတဲ့တိုင်အောင် နိုင့်ကို စကားဟဟ ပြောမသွားခဲ့ဘူး မောင်။ ဖေဖေ့ ကို နိုင် သနားတယ်။ ဖေဖေဟာ နိုင့်ကိုချစ်တဲ့ မျှော်လင့်တဲ့ဒဏ်ကို သေသည်အထိ ခံသွားရတယ်။

နိုင့်ကြောင့် ဖေဖေ နှလုံးရောဂါရတာဆိုပြီး နိုင့်ဘက်က ဆွေမျိုး ညီအစ်ကိုမောင်နှမတွေကလဲ မိနိုင်ကိုပဲ အပြစ်ဖို့ကြတယ်မောင်။ နိုင်က ဘယ်ဘက်မှာမှ မျက်နှာမရခဲ့ပါဘူး။ ဒါကြောင့် ခုချိန်မှာဆိုရင် နိုင်ဟာ အားလုံးအပေါ်မှာ သံသရာကြွေးတွေ ဆပ်နေရတယ်မောင်။

ပြောခဲ့သလိုပဲ၊ ဖေဖေ နိုင့်ကြောင့် (နိုင့်ကြောင့်လို့ပဲ ထားလိုက်ပါ) နှလုံးရောဂါ ရရှာတယ်။ ဖေဖေ ဆေးရုံတက်ရတယ် သတင်းကြားတော့ နိုင်သွားချင်တာပေါ့ မောင်။ ဖေဖေ့ကို သိပ်တွေ့ချင်တယ်။ နိုင်ကတော့ ဖေဖေဟာ နိုင့်မျက်နှာကို ပြန်မြင်ရရင် ပြန်သနားမှာပဲ၊ ပြန်ချစ်မှာပဲလို့ ထင်တယ်။ နိုင် လာတွေ့ပါရစေလို့ မေမေကတစ်ဆင့် ပြောခိုင်းရတယ်။

မေမေကတော့ ဖေဖေ မသိအောင် ခိုင့်ဆီကို ခဏတစ်ဖြုတ် လာတွေ့ပါတယ် မောင်။

ခိုင် ပြန်ကြားရတဲ့စကားကတော့ အားငယ်စရာပါ မောင်ရယ်။

"ငါ မတွေ့ချင်ဘူး၊ သူလာတယ်ဆိုတာနဲ့ ငါ ဆေးရုံကို ခုနစ်ပတ်ပတ်ပြီး ပြေးပစ်လိုက်မယ်"

ခိုင့်ကို အတွေ့မခံဘဲ သူ့ကိုယ်သူ သေအောင်လုပ်ပစ်မယ်ဆိုတဲ့ သဘောပါပဲ မောင်ရယ်။ ဒါကြောင့် ခိုင်လဲ သွားမတွေ့ခဲ့ရဘူး။

ခိုင့် ဝမ်းဗိုက်ထဲက ကလေးကတော့ ဘယ်သူ့ကလေးပဲဖြစ်ဖြစ် ခိုင့် ရင်သွေးပေါ့ မောင်ရယ်။ ဘယ်သူတွေက ဘယ်လောက်ပဲပြောကြပြောကြ ခိုင့်သားကို ခိုင်ချစ်တယ်။ သားအတွက် ခိုင် အမြဲတိုက်ပွဲဝင်ခဲ့တယ် မောင်။ ခိုင့်ဘဝဟာ ဒီသားပဲ။

သားကို မွေးခါးနီးမှာ ထူးထူးဆန်းဆန်း အိပ်မက်တွေမက်တယ် မောင်။ ဒါပေမဲ့ အိပ်မက်ကမကောင်းဘူး မောင်ရယ်။ ခိုင့်ဘဝမှာ အိပ်မက်အထူးအဆန်းတွေကလဲ နိမိတ်သဖွယ် ဖြစ်ခဲ့ရတယ်။

တစ်ညမက်တဲ့အိပ်မက်ထဲမှာ ခိုင့်တစ်ကိုယ်လုံး မြွေကြီးပတ်ထားတာ ခံရတယ် မောင်။

ပြီးတော့ ဦးအောင်ငြိမ်းက ရေပြင် အကျယ်ကြီးထဲမှာ လှေကလေးတစ်စင်းနဲ့ မျောပါပျောက်ကွယ်သွားတယ်တဲ့။ အိပ်မက်က လန့်နိုးတော့ ခိုင် ငိုလိုက်ရတာ။ ဦးအောင်ငြိမ်းက ခိုင် ဘာဖြစ်လို့လဲတဲ့။ ခိုင်က ဦးအောင်ငြိမ်းက လှေပေါ်မှာ အိပ်ပျော်ရက်သား ရေထဲမျောပါသွားတာ မြင်ယောင်ပြီး ငိုပြီး အိပ်မက်အကြောင်း ပြောပြတယ်။ သူက ကိုယ်ဝန်ရှိချိန် အစားပျက် အအိပ်ပျက်ဖြစ်လို့ ကယောင်ချောက်ချား မက်တာပါလို့ ပြောတယ်။

တိုက်တိုက်ဆိုင်ဆိုင် သားကို ဗိုက်နာတဲ့နေ့ဟာ စနေနေ့ကြီး မောင်ရယ်။ ခိုင်က အိပ်မက်တွေကို ရတ်တရက် သတိရတယ်။ မြွေဆိုတာ



စနေပဲ မဟုတ်လား မောင်။ ပြီး ခိုင် စနေကို ကြောက်တယ်။ စနေနေ့မှာ သားဦးမွေးရင် ခိုင်နဲ့ ဦးအောင်ငြိမ်းတို့ ကွဲကွာရမယ့် နိမိတ်များလာလို့ တွေးနေမိတယ်။ ပြီးတော့ သားဦးစနေဆိုတဲ့ ဆိုရိုးစကားလဲရှိတယ် မဟုတ်လား မောင်ရယ်။

ခိုင်က အားကစားသမားတစ်ယောက်ဆိုတော့ မီးဖွားရတာ လွယ်မှာပဲလို့ သိတယ်။ ဒါပေမဲ့ စနေနေ့မှာ မမွေးချင်ဘူးမောင်။ ခိုင် ဆေးရုံပေါ်ရောက်တော့ မေမေတို့လဲရောက်လာပါတယ်။ အပြင်မှာစောင့်နေကြတယ်လေ။ မောင် မမဂျူနုဗင်းကို သိတယ်မဟုတ်လား။ အဲဒီတုန်းက သူက ဒပ်ဖရင်မှာ ဆရာမလေ။ မမဂျူနုဗင်းက ခိုင့်ခုတင်နားမှာ စောင့်ပေးနေတယ်။

"ထရီဇာ နင် အားကစားပဲ၊ မြန်မြန်မွေးချလိုက်စမ်းဟာ" တဲ့။

နာရီလှမ်းကြည့်တော့ ဆယ့်တစ်နာရီပဲ ရှိသေးတယ်မောင်။ စနေနေ့ည ဆယ့်တစ်နာရီပါ။

"မမွေးချင်သေးဘူး မမရယ်၊ ဟိုဘက်ရက်ကူးအောင် စောင့်မယ်" ဆိုတော့

"နင် အရူးလား" တဲ့။

မွေးတော့မယ့် အချိန်ပိုင်းက နီးလာပြီဆိုတာ ခိုင် သိတယ် မောင်။ ရေမြွှာပေါက်တော့ မမဂျူနုဗင်းက ပြောပြန်တယ်။

"ထရီဇာ မင်း ဘယ်လိုဖြစ်နေတာလဲ၊ တို့ ကလေးခေါင်းကိုတောင် စမ်းလို့ရနေပြီ မွေးတော့" တဲ့။ နာရီကိုကြည့်တော့ ဆယ့်တစ်နာရီ လေးဆယ့်ငါး။ ခိုင်က မမွေးဘဲအောင့်ထားတယ်။ ကလေးကို မမွေးဘဲအောင့်ထားလို့ ရတယ်ဆိုတာ သူငယ်ချင်းတွေကို ပြောပြတော့ ရယ်ကြတယ် မောင်။ ရတယ်လို့ သူတို့ မယုံဘူး။ မြန်မြန်တွေးအောင် ညှစ်လို့ရတယ်သာ ကြားဖူးတယ်တဲ့။ ခိုင်က အနှစ်နှစ်ဆယ်ကျော် အားကစားလိုက်စားလာတဲ့ မိန်းမတစ်ယောက်ပဲ။ အခုလဲ ခိုင့်သင်တန်းမှာ သားအိမ်ကျုံ့အောင်လုပ်နည်း

လေ့ကျင့်ခန်းကိုသင်တော့ ကောင်မလေးတွေ ရယ်ကြတယ်။ ရှက်လဲရှက်ကြတယ်။ ခိုင်က ယုံယုံကြည်ကြည်ပြောတယ်။ ရေးလဲ ရေးတယ်။

နာရီက တစ်ချက်ချက်နဲ့ သွားနေတာပဲ။ ခိုင်ကတော့ ဆယ့်နှစ်နာရီထိုးအောင် စောင့်ရတာ ဆယ်ကမ္ဘာလောက် ကြာတယ်လို့ ထင်မိတယ်မောင်။ ချွေးသီးချွေးပေါက်တွေလဲကျလာတယ်။ သားကို ဘယ်နည်းနဲ့မှ စနေသားလေး မဖြစ်စေရဘူး မောင်။ စနေမွေးရင် ခိုင် ဒုက္ခရောက်မယ်လို့ ထင်နေတယ်။ ဦးအောင်ငြိမ်းနဲ့ ခွဲရမယ်လို့ ထင်တယ်။ ခိုင်ဟာ အိမ်ရှင်မကောင်း တစ်ယောက်ဖြစ်အောင် ကြိုးစားနေသူပါ မောင်။ ခိုင် တစ်ခုလပ်မုဆိုးမ မဖြစ်ချင်ဘူး။

မမ ဂျူဗင်းက ပြောတယ်။ ထင်ရှားတဲ့ နိုင်ငံခေါင်းဆောင်ကြီးတွေလဲ စနေမွေးတွေပါတဲ့။ စနေသားတွေဟာ ထက်မြက်တယ်တဲ့။

ခိုင်ကတော့ ကိုယ့်အစွဲအလမ်းနဲ့ ကိုယ်မို့ စနေကျော်အောင် စောင့်တယ်။

နာရီကြီးကိုပဲ လှမ်းကြည့်နေတယ်။ နာရီလက်တံက ဆယ့်နှစ်ဂဏန်းကို ကျော်သွားတာနဲ့ စိတ်ကိုလျှော့ချလိုက်ရတယ် မောင်။ တစ်ကိုယ်လုံး တင်းထားသမျှ အကြောတွေကို လျှော့လိုက်ရတာပေါ့။

ခိုင့် အသိမှာ သားကို ဆယ့်နှစ်နာရီ တစ်မိနစ်စွန်းမှာ မွေးတယ်။ တနင်္ဂနွေ ရောက်ပြီးပေါ့။ ခိုင် မောမောနဲ့ အိပ်ပျော်သွားတာပဲ။ ဒါပေမဲ့ ခိုင့် မျက်စိနှစ်လုံးပွင့်လို့ မှတ်ချက်တွေရေးထားတဲ့ ကျောက်သင်ပုန်းကြီးကိုမြင်ရတော့ ခိုင် ဟီးချပြီး ငိုမိတယ် မောင်ရယ်။

မိမိခိုင်၊ ရိုးရိုးမွေး။ အရှင် ၁၁၊ ၅၅ စနေနေ့တဲ့ မောင်။

နောက်မှသိရတာက အဲဒီ နာရီကြီးက ငါးမိနစ် မြန်နေတာတဲ့ မောင်။

ကဲ ခိုင့်ဘဝမှာ ကံကြမ္မာက ဘယ်လောက်ဆန်းကြယ်လဲ။



ခိုင် တရှုတ်ရှုတ်ငိုနေတော့ နောက်ဂျူတီပြောင်းလာတဲ့ ဆရာမလေးတွေက

"ဘာဖြစ်လို့လဲ ကောင်မလေး၊ အိမ်ထောင်ရေး အဆင်မပြေလို့လား"

တဲ့။

ခိုင်က တဟီးဟီးငိုပြီး စနေမွေးလို့ဆိုတော့ သူတို့က ရယ်ကြတယ် မောင်ရယ်။

ဒါပေမဲ့ ခိုင့်သားလေးကို ဦးအောင်ငြိမ်းရော ခိုင်ပါ ငုံမတတ် ချစ်ခဲ့ကြတယ်။ ဦးအောင်ငြိမ်းက တင်ထွန်းအောင်လို့ မှည့်ခဲ့ပေမယ့် ခိုင်က ဗိုလ်ဗိုလ်အောင်လို့ ပြောင်းပစ်တယ်။ သားရဲ့ဇာတာမှာ ကြာသပတေးကထိပ်မှာရှိတယ် မောင်ရဲ့။ ခိုင်က အဲဒီလိုလဲ အယူရှိတော့ ဦးအောင်ငြိမ်းက ခိုင့်ကို အရူးမတဲ့။

ခိုင်ဟာ တဖြည်းဖြည်းတော့ ရင့်ကျက်လာပါတယ် မောင်။ ခိုင်သားကောင်းမိခင် ပီသအောင်နေတယ်။ ခိုင်လဲ အိမ်ရှင်မဘဝမှာ အနည်ထိုင်လာတော့ အားကစားကိုလဲပြန်လေ့ကျင့်တယ်။ အိမ်မှုကိစ္စလဲလုပ်တယ်။ သားကိုလဲ ကိုယ်တိုင် မိခင်နို့နဲ့ကြီးပြင်းစေတယ် မောင်။ ခိုင်တို့ဘဝဟာ သာယာချမ်းမြေ့ခဲ့ပါတယ်။ ဘယ်သူတွေ ဘာပြောပြော ဦးအောင်ငြိမ်းက သားကို သိပ်ချစ်တယ်။ သားကို ဘယ်သူဘယ်ဝါရဲ့ ရင်သွေးဖြစ်နိုင်တယ်လို့ ဘယ်လောက်ပဲ အပုပ်ချပေမဲ့ ဦးအောင်ငြိမ်းက သူ့သားဆိုတာ ယုံကြည်တယ်။ ပတ်ဝန်းကျင်ရဲ့ ဒဏ်ကို ကြံ့ကြံ့ခံနိုင်ခဲ့ကြပါတယ်။

ခိုင့်ဘဝလဲ စိုပြည်လန်းဆန်းလာတယ်။ ဦးအောင်ငြိမ်းက နိုင်ငံခြားကို သံအရာရှိကြီးအဖြစ်နဲ့ သွားရမှာ။ ခိုင် ရုပ်ရှင်ပြန်ရိုက်ဖို့လဲ စိတ်မကူးတော့ဘူး။ ခိုင် ကိုယ်တိုင်တော့ တစ်သားမွေး တစ်သွေးလှဖြစ်အောင် ဂရုစိုက်တယ်။

သားလေး မွေးပြီးရင်တော့ ဖေဖေက ခိုင့်ကို စိတ်ပြေမှာပဲလို့ မျှော်လင့်တယ်။ ဖေဖေက ခိုင့်ကို အလွန်ပဲလှစေချင်တော့ ဖေဖေနဲ့

ပြန်တွေ့ရင် ပုံပျက် ပန်းပျက်ကြီး ဖြစ်မနေအောင် အားကစားပြန်လုပ်ရတယ် မောင်။

ရယ်စရာပြောရဦးမယ် မောင်။ ခိုင် သားကို ကိုယ်ဝန်လွယ်ထားရတဲ့အချိန် မေမေတို့ဆီကို ဖေဖေ့အလစ်မှာ သွားတွေ့ဖို့ ကြိုးစားခဲ့ပါသေးတယ်။ ခိုင်ကလေ အကျီပွပွ ပုံပျက်ပန်းပျက်နဲ့ပေါ့။ အိမ်ရှေ့အရောက်မှာ ဖေဖေ မရှိဘူးလို့ထင်ပြီး အိမ်ထဲဝင်မယ်အလုပ် မမရီက ဖေဖေရှိတယ် ပြန်ပြန်ဆိုပြီး လက်ရိပ် လက်ခြေပြတယ်။ ခိုင်က ကိုးရိုးကားရားနဲ့ ပြေးရတာပေါ့။ အဲဒါကို ဖေဖေက မြင်ဖြစ်အောင် မြင်သွားတယ် မောင်ရယ်။

ဖေဖေက ခိုင့်ကိုကြည့်ပြီး ဒေါသတကြီးနဲ့ အော်တယ်တဲ့။ မကြည့်ပဲလဲ မနေနိုင်ဘူးလေ။ မြင်ပြန်တော့ သူဖယောင်းရုပ်လေးလို လှအောင်ပြုပြင် ဖန်တီးထားတဲ့ သမီး။ ခု မြင်ရတဲ့ပုံက သူ မျှော်လင့်ထားတာနဲ့ လားလားမှ မဆိုင်။ သူ့မျက်စိထဲမှာ ရိုင်းစိုင်း အရုပ်ဆိုးနေလေတော့

"ဟင်၊ အမယ်လေး ဘယ်လိုပုံကြီးဖြစ်နေတာလဲ"

ဆိုပြီး ကရုဏာစိတ်၊ ဒေါသစိတ် ယှက်နွှံမရ စိတ်နဲ့ အော်တော့တာပဲတဲ့။

ဖေဖေဟာလေ အဲဒီ ဒေါသစိတ်တွေကို သေသည်အထိ သယ်ဆောင်သွားတော့တာပဲ မောင်။ ခိုင် ဘယ်လိုပဲ ဖြေဖြေ မပြေပါဘူး။ ခိုင်က ဖေဖေ့ မေတ္တာကို ပြန်ရဖို့ကြိုးစားခဲ့ပေမယ့် အချည်းနှီးပါပဲ။ သားကို မွေးပေမယ့် ဖေဖေက ပြန်မခေါ်ခဲ့ဘူး။

ခိုင့်မှာပဲ လင်နဲ့ သားနဲ့ ပျော်မွေ့အောင်နေရတယ်။ ဦးအောင်ငြိမ်းကလဲ အိမ်ထောင်သက်ရလာတော့ ခိုင့်ကို အိမ်ရှင်မတစ်ယောက်အဖြစ်သာ မြင်တယ်။ ခိုင် ဘယ်လိုပဲရင့်ကျက်အောင် ကြိုးစားပေမယ့် အသက်နှစ်ဆယ် မပြည့်သေးတဲ့ အရွယ်မှာ တစ်ခါတစ်ခါတော့လဲ လင်သားကို ဆိုးချင် နွဲ့ချင်တယ် မောင်။



ဒါပေမယ့် ဦးအောင်ငြိမ်းက တည်ငြိမ်လွန်းတယ်။ အရွယ်ကြောင့်ရယ်၊ အလုပ်များတာကြောင့်ရယ် သူ့မှာ မိန်းမတစ်ယောက်ကို စိတ်ရှည်လက်ရှည် ချော့မော့မနေနိုင်ဘူးလေ။ ခိုင် စိတ်ကောက်နေတဲ့အခါ "ဘာဖြစ်လို့ စိတ်ကောက်တာလဲ"လို့ တစ်ခွန်းပဲမေးတယ်။ နောက် ဆက်မမေးတော့ဘူး။

"ခဏ ခဏ စိတ်မကောက်နဲ့ ကလေးရဲ့၊ ဦးက မချော့တတ်ဘူး" တဲ့။

တစ်ခါ တစ်ခါတော့လဲပြောတယ်။ သူ့မှာ ကလေးတစ်ယောက်ကို ယူထားရတာ။ ပြီးတော့ သူများရည်းစားကိုယူထားရတာ (သူက ခိုင့်ကို မောင့်လက်ထဲက ရယူထားရတာလို့ ယူဆတယ်။) သိပ်ပြီးစိတ်မောရတယ်တဲ့။ ခိုင်က ငယ်ပြီးလှတော့ အညှီရိုရာ ယင်အုံချင်ကြတယ်၊ စိတ်မချဘူးလို့လဲ ပြောတယ်။ ခိုင်ကလဲချစ်သူရဲ့ အပြုအစု အယုအယလေးတွေနဲ့ နွေးထွေး ပျော်မွေ့ချင်တော့ သူခိုင့်ကို တကယ်ကော ချစ်ရဲ့လားလို့ မကြာ မကြာ တွေးမိရတယ်ကွယ်။

ခိုင်တို့ရဲ့ တိုတောင်းလှတဲ့ အိမ်ထောင်သက်တမ်းတစ်လျှောက်မှာ ဒီလောက်မှုပဲ တစ်ယောက်နဲ့တစ်ယောက် ပြောစရာရှိပါတယ်။ ဘာပြဿနာမှ မရှိခဲ့ပါဘူးမောင်။ ဦးအောင်ငြိမ်းက သားအတွက်ဆိုပြီး ကစားစရာ ကားလေးတစ်စီးကို သူကိုယ်တိုင်လုပ်ပေးတယ်၊ အဲဒီ မပြီးဆုံးသေးတဲ့ ကားလေးကို သားကြီးလာတဲ့အခါ ပေးဖို့ ခိုင် သိမ်းထားခဲ့တယ် မောင်။

သားလေးက လှုပ်လှုပ်ရှားရှား ဆော့ကစားတတ်တဲ့အရွယ်၊ ခိုင်တို့ အိမ်ထောင်လေးဟာလဲ ခိုင့်ရဲ့ စနစ်တကျ ပြင်ဆင်မွမ်းမံမှုလေးတွေနဲ့ ထုံမွှမ်းစပြုတဲ့အချိန် ကြမ္မာဆိုးက ဝင်ရောက်ခဲ့တာပါပဲ မောင်။ လူ့ဘဝဆိုတာ မထင်မှတ်တဲ့အချိုးအကွေ့ကို ရောက်လာတတ်တယ်ဆိုတာ သိခဲ့ပေမယ့် ဒီလောက်တော့ မြန်မြန်ဆန်ဆန် ပြောင်းလဲလိမ့်မယ်လို့ မထင်ခဲ့ဘူးမောင်။

www.foreverspace.com.mm

နိုင်က နိုင့်ဘဝဟာ အခြေကျစပြုပြီ။ ဘယ်သူတွေ ဘာပြောပြော နိုင်ဟာ လင်ကောင်းသားကောင်းနဲ့ မိန်းမကောင်း မိန်းမမြတ် စာရင်းဝင်ပြီ၊ သာယာချမ်းမြေ့တဲ့ ရိပ်မြုံလေးမှာ ပျော်နေရပြီလို့ ထင်မှတ်ခဲ့တယ်။

ဖေဖေလဲ တစ်နေ့ကျ နိုင့်ကို နားလည်လာမယ်၊ အားလုံးကလဲ တည်ငြိမ်တဲ့ နိုင့်ဘဝကို အားကျ အထင်ကြီးလာမယ်၊ နိုင်လဲအခြေကျရင် အားကစားသမားကောင်းတစ်ယောက်ဖြစ်အောင် ပြန်ကြိုးစားမယ်။ အဲဒီလို ရည်ရွယ်ချက်တွေနဲ့ ပျော်ပါတယ်မောင်။

ဒါပေမဲ့ အိပ်မက်ဆိုးတွေက နိုင့်ဘဝထဲကို ဝင်ရောက်ခဲ့ပြန်တယ်။

ချောက်ချားစရာကောင်းတဲ့ အိပ်မက်က နိုင့်ကို နှိပ်စက်တယ်၊ သားလေးကို စနေမွေးရလို့ စိတ်ထဲမှာ မကောင်းဘူး။ ဒါပေမဲ့ သားလေးကို သိပ်ချစ်၊ သိပ်အလိုလိုက်ခဲ့ကြပါတယ်။ ကြာတော့ မေ့သွားတယ်ဒီအချိန်မှာ နောက်ထပ် အိပ်မက်ဆိုးက ချောက်လှန့်ပြန်တယ်။ နိုင့်ရဲ့ သွားတွေအားလုံး ကျွတ်ထွက်ကုန်တယ်လို့ အိပ်မက်မက်တယ်မောင်။ မောင်ကတော့ ဒါတွေ အယုံအကြည် မရှိပါဘူးနော်။ နိုင်လဲ စွမ်းလမ်းမှုမထားချင်ပေမယ့် တိုက်ဆိုင်တာတွေ ဖြစ်နေတယ်။ သုံးညဆက်ပြီး ဒါတွေပဲမက်နေတော့ နိုင် စိတ်မောလာတယ် မောင်။ နိုင်တို့ မိသားစုမှာ ကြမ္မာဆိုးကျရောက်ချိန် တန်ပြီလားလို့ စိတ်ထင့်မိတယ်။

တစ်ခုသော စနေနေ့ကို ရောက်လာပြန်တယ် မောင်ရယ်။ ကြောက်စရာကောင်းတဲ့ စနေနေ့ပါ။ အဲဒီမနက်က နိုင် ထမင်းချက်နေတုန်း လျှပ်စစ်မီးဖိုက ရှော့ဖြစ်သွားလို့ နိုင်လဲအထိတ်တလန့် ဖြစ်သွားတယ်။ ဦးအောင်ငြိမ်းက ရုံးအားရက်မှာ ဂေါ့ဖ်ကစားတတ်လို့ သူ စောစော စားသောက်သွားနိုင်အောင် ပြင်ဆင်ပေးရမယ်။ ဒါကြောင့် ရေနံဆီမီးဖိုကို ပြောင်းမွေးရတယ် မောင်။

ရေနံဆီမီးဖိုကလဲမီးတွေ ဟုန်းခနဲထတောက်လိုက်တာ နိုင်တော့ ထိုင်ငိုချင်စိတ် ပေါက်သွားတာပဲ။



"နေပစေတော့ မိနိုင်၊ ဦး မစားတော့ဘူး" ဆိုပြီး ဦးအောင်ငြိမ်းက သွားဖို့ပြင်တယ်။ နိုင်လဲ သူ့ရဲ့ဘောင်းဘီ၊ အင်္ကျီတွေ၊ တခြားပစ္စည်းတွေကို ပြင်ဆင်ပေးပါတယ်။ နိုင်လဲ ဒီနေ့ ကြက်တောင်ရိုက်ဖို့ ချိန်းထားတာရှိတယ်။ ကလေးကို နို့တိုက်နေတုန်း ဦးအောင်ငြိမ်းက နိုင်တို့သားအမိကို မွှေးမွှေး ပေးပြီး နှုတ်ဆက်တယ် မောင်။

ဦးအောင်ငြိမ်း ထွက်သွားတော့ နိုင်လဲ သူ့ကျောကို ငေးကြည့်နေမိသေးတယ်။

ပြီးတော့ သားလေးကို ပြင်ဆင်ပေး၊ နိုင် ကိုယ်တိုင်လဲ အားကစားအင်္ကျီလေးဝတ်ပြီး ကလေးချီပြီး ထွက်လာတယ် မောင်။ ကစားတဲ့နေရာရောက်ရင် သူသယ်ချင်းဟောင်းတွေက ကလေးကို တစ်လှည့်စီ ချီပေးကြတယ်။ အောင်ဆန်းကွင်းဘက် ခြေဦးလှည့်ရတိုင်း အိမ်ကို သတိရပေမယ့် နိုင် ခြေဦးမလှည့်ပံ့သေးဘူး။ မေမေတို့၊ မမတို့က နိုင့်သားလေးကို ဘယ်လောက်ချစ်စရာကောင်းကြောင်း ဖေဖေ့ဆီ နားသွင်းကြပေမယ့် ဖေဖေကတော့ ခေါင်းမာဆဲပဲ။ နိုင်လဲ ကိုယ့်ဘာသာ အားကစားပြန်လုပ်၊ ကြံ့ခိုင်အောင် ပြန်လေ့ကျင့်နေရတယ်။

သားလေးကို လက်ကချီ၊ အဝတ်အထိုးထုပ်လေးကို တစ်ဘက်ကဆွဲပြီး နိုင် ထွက်လာခဲ့တာ လမ်းတစ်ဝက်ပဲရောက်ပါသေးတယ်။ ကြုံရာကားကို စီးပြီး သွားမယ်လို့ စဉ်းစားနေတုန်း ကားတစ်စီးက နိုင့်အနား လာရပ်တယ်။ ဦးအောင်ငြိမ်းရဲ့ ရုံးကကားမှန်း သိလိုက်တော့ နိုင့်အတွက် လွှတ်ပေးတာလားလို့ လှည့်ကြည့်လိုက်တုန်း ကိုရန်နိုင်ကို ကားပေါ်မှာ မြင်လိုက်ရတယ်။

"ဒေါ်ဖေယျဝတီ ခဏနေပါဦး၊ ဘယ်သွားမှာလဲ" တဲ့။

"ကျွန်မ အောင်ဆန်းကွင်းသွားမှာ" တဲ့။

"လိုက်ခဲ့ဦးဗျာ" တဲ့။

နိုင်လဲ ခပ်တွေတွေဖြစ်သွားတယ်။ နိုင့်ကို လာကြိုတာ မဟုတ်ဘူး။ ဒါပေမယ့် နိုင့်ကိုခေါ်နေတယ်။ လမ်းကြုံလို့ခေါ်တာလားလို့ တွေးမိပြန်တယ်။

ဘာပဲဖြစ်ဖြစ်လေ ဆိုပြီး ကားပေါ်တက်လိုက်တယ်။ သူက ဆေးရုံကြီးဘက်ကို ခေါ်သွားနေတာ နိုင် မသိသေးဘူး။

ဆေးရုံဝင်းထဲဝင်လာတော့ နိုင်က

"ဘယ်သူ ဘာဖြစ်လို့လဲ" လို့ မေးမိတယ် မောင်ရယ်။

"နိုင်တို့ သားအမိကိုမြင်ရင် ကောင်းသွားမှာပါ" တဲ့။

ဒီအချိန်အထိ စိတ်ပူရကောင်းမှန်း မသိသေးဘူးမောင်။ ဦးအောင်ငြိမ်းက ခုတလော အလုပ်လုပ်ရတာ သိပ်များတယ်၊ ခေါင်းမူးတယ်၊ ပရက်ရှာ တက်သလား မသိဘူးပြောတော့ ရုတ်တရက် ခေါင်းတွေ ဘာတွေမူးတယ် လို့ပဲ ထင်လိုက်မိတယ်။

ဆေးရုံဝင်းထဲဝင်လာပြီး သူ ဦးဆောင်တဲ့နောက် လိုက်သွားတယ်။ သားကိုချီလို့။ သူက အရေးပေါ်လူနာ ခွဲစိတ်ခန်းရှေ့မှာရပ်တော့ နိုင် တွေဝေသွားတယ်။

"ဒေါ်ဧယျာဝတီ ခဏထိုင်ဦးနော်" တဲ့။

အထူးလူနာ အရေးပေါ်ခွဲစိတ်ခန်း အပြင်ခုံတန်းလျားလေးမှာ မျက်စိသူငယ်နဲ့ ထိုင်ချလိုက်ရတော့တယ် မောင်ရယ်။ ဘုရား ဘုရား၊ သူ ဘာဖြစ်တာလဲ။ နိုင့်ဘဝမှာ မထင်မှတ်တဲ့ ကြမ္မာဆိုးတွေ ဝင်ရောက်လာပြီ လားလို့ စိုးရိမ်ပူပန်စ ပြုလာတယ်။

ကိုရန်နိုင် ပြန်ထွက်လာပြီး "နိုင် ဝင်ကြည့်ချင်ကြည့်လိုက်" တဲ့။

ကလေးကို ကိုရန်နိုင်လက်ထဲထည့်ပြီး နိုင် အရေးပေါ်အခန်းထဲ ဝင်လာရတယ်။

မြင်လိုက်ရတဲ့ မြင်ကွင်းကတော့ နိုင် တုန်လှုပ်ချောက်ချားလွန်းလို့ မျက်စိကို စုံမှိတ်လိုက်ရတယ်။ ဦးခေါင်းထဲမှာလဲ မိုက်ခနဲဖြစ်သွားတယ် မောင်ရယ်။ ဦးအောင်ငြိမ်းက ခုတင်ပေါ်မှာ အစနဲ့သား။ ဆံပင်တွေလဲ ပြောင်အောင်ရိတ်လို့။ ဘေးမှာလဲ နိုင် နားမလည်တဲ့ ပစ္စည်းကိရိယာတွေ တပ်ဆင်ထားတာမြင်တော့ ဆောက်တည်ရာမရ ဖြစ်သွားတော့တာပဲ။



နိုင်က အနားတိုးသွားပြီး "ဦးရယ် နိုင်လေ" လို့ တိုးတိုးခေါ်မိတယ်။

ဦးအောင်ငြိမ်းက မျက်စိလဲမဖွင့် အသံလဲမထွက်နိုင်ဘဲ "အင်း အင်း" လို့သာ ပြောနိုင်တယ်။ နိုင်လေ ဝမ်းနည်းလွန်းလို့ ရုတ်တရက် ငိုက်လိုက်မိတော့ ဘေးက ဆရာမတစ်ယောက်က နိုင့်ပါးစပ်ကို အသာ လှမ်းပိတ်ပြီး အပြင်ကို တွဲထုတ်ခဲ့တယ်ကွယ်။

အခြေအနေဟာ အတော်စိုးရိမ်စရာ ကောင်းတယ်ဆိုတာ နိုင် နားလည်လိုက်ပါတယ်။ ကိုရန်နိုင်က ဦးအောင်ငြိမ်း ဂေါ့ဖ်ကစားရင်း ရုတ်တရက် မူးလဲတော့ ဆေးရုံခေါ်ခဲ့ကြောင်း၊ လောလောဆယ် စစ်ဆေးမှု အရ ဦးနှောက်သွေးကြောပြတ်တာလို့ ယူဆကြောင်း ဆက်ပြီး တတ်နိုင်သမျှ ခွဲစိတ်ကုမယ့်အကြောင်း ပြောပါတယ်။ နိုင် ကြားတစ်ချက် မကြား တစ်ချက်ဖြစ်ပြီး သတိလက်လွတ်လဲဖြစ်ချင်လာတယ်။ သားက ရုတ်တရက် ငိုတော့ ကယောင်ကတမ်းနဲ့ သားကို နို့တိုက်နေရတယ်ကွယ်။

ဆရာဝန်တွေ ဝင်လိုက်ထွက်လိုက် အလုပ်များနေတာကိုကြည့်ပြီး နိုင် ငိုင်နေမိတယ်။ ဘာတွေဖြစ်နေတာလဲ၊ ဘာတွေဖြစ်လာဦးမှာလဲဆိုတာ မတွေးဝံ့အောင်ပါပဲ။ နိုင့်ဘဝမှာ အခြေကျစပြုပြီ။ အနာဂတ်အတွက် မျှော်လင့်စရာတွေလဲ ရှိနေပြီဖြစ်တဲ့ အချိန်ကျမှ ရုတ်တရက် မမျှော်လင့် တာတွေ ဖြစ်လာတာ နိုင် အံ့သြမိတယ် မောင်။ ပြီးတော့ အိမ်မက်ကို နိုင် သတိရတယ်။ ရုတ်တရက် ငိုချလိုက်မိပြန်တယ် မောင်ရယ်။

"ဒေါ်ဧယျာဝတီ မငိုပါနဲ့ဗျာ၊ ဒါနဲ့ ဒေါ်ဧယျာဝတီရဲ့ အိမ်ကို အကြောင်းကြားရင် ကောင်းမယ်ထင်တယ်၊ ဖုန်းရှိသလား"

"ဟင့်အင်း မရှိဘူး"

အိမ်ကို ဖုန်းဆက်လဲအကြောင်းထူးမယ် မထင်ဘူး မောင်။ ဖုန်း ဆက်လို့ရပြီး ဘယ်လိုမှ လိုက်မလာရင် နိုင် ပိုပြီး အရှက်ကွဲမယ် မဟုတ် လားကွယ်။ ပြီးတော့ ကိုယ့်ဘဝကိုယ် ထင်ရာစိုင်းခဲ့ပြီး ဒုက္ခရောက်မှ

www.foreverspace.com.mm

ပြေး တ ရတာမျိုးလဲ မဖြစ်ချင်ဘူး။ ဖြစ်လာသမျှ ကိုယ့်ဘာသာ ခံတော့မယ်လို့ တွက်တယ်။

'တခြားနီးစပ်တဲ့ ဖုန်းနံပါတ်ကော မရှိဘူးလားဗျာ'

သည်တော့ နိုင် ဒေါ်လေးမေကို သတိရတယ်။ ဒေါ်လေးမေကတော့ နိုင် ဒုက္ခရောက်နေတာသိရင် ပြေးလာမှာပဲ၊ ဒါပေမယ့် ဒေါ်လေးမေရဲ့ ဖုန်းနံပါတ်ကို ဘယ်လိုမှ စဉ်းစားမရအောင် ဖြစ်နေတယ်ကွယ်။ အရင်က အလွတ်ရနေတဲ့ နံပါတ်ပါ။ အခု သတိမရတော့ဘူး။ နိုင် ငိုမိပြန်တယ်။

'စဉ်းစားပါဦး ဒေါ်ဗေယျာဝတီ၊ ဦးအောင်ငြိမ်းရဲ့ အိမ်ကိုတော့ အကြောင်းကြားလိုက်လို့ သူတို့ လိုက်လာကြလိမ့်မယ်၊ ဒီဘက်ကလဲ ရောက်သင့်နေတယ် မဟုတ်လား'

'ဟုတ်ပါတယ်။ ဒါပေမဲ့ နိုင် ဦးနှောက်တွေ ပျက်ကုန်ပြီလား မသိပါဘူး။'

'အိမ်က ဘယ်မှာလဲ၊ ကျွန်တော် လိုက်သွားရင်လဲ ခင်ဗျား တစ်ယောက်တည်း ဖြစ်နေမယ်ဗျာ'

ဒေါ်လေးမေတို့အိမ်က အင်းယားမြိုင်မှာ။ သူ ပြောသလိုပဲ နိုင် တစ်ယောက်တည်းလဲ မနေရဲဘူး။ ဦးအောင်ငြိမ်းဘက်က အမျိုးတွေလာရင် ရင်ဆိုင်ရမှာလဲ ကြောက်တယ်။ ကြောက်စိတ်တွေ အလိုလိုဝင်လာတယ် မောင်ရယ်။

သားလေးကလဲ ကိုယ်ပူရှိန်တွေ တက်လာသလိုပဲ။ သားကို တအား ဖက်ထားမိတယ်။

ဦးအောင်ငြိမ်းကို အရေးပေါ်ခွဲစိတ်မှုတစ်ခု ထပ်လုပ်ရမယ်လို့ ပြောတယ်။ နိုင် ဘာမှမပြောနိုင်တော့ဘူး။ ခေါင်းကိုပဲ တွင်တွင် ညိတ်နေရတယ်။ တစ်ကိုယ်လုံးလဲ တုန်ယင်လာတယ်။ နိုင် ကိုယ်တိုင်လဲ ကိုယ်တွေ ပူလာသလိုပဲ။



'ရော့ ဒီစီးကရက်ကလေး သောက်နေလိုက်၊ ကျွန်တော် အခြေအနေ ကြည့်လိုက်ဦးမယ်' တဲ့။

ကိုရန်နိုင်က သူ့လက်ထဲက စီးကရက်ကို လှမ်းပေးတယ်။ နိုင်က မသောက်တတ်ဘူးပြောတော့ သူက သောက်ကြည့်လိုက်တဲ့။ နိုင် အဲဒီ နေ့ကစပြီး စီးကရက်သောက်တတ်လာတာ မောင်။

သိပ်တော့ ရယ်စရာကောင်းတယ်။ နိုင်က အိမ်ထဲက အပြင်ထွက်ရင် အမြဲပဲပြုပြုပြင်ပြင်လုပ်ပြီးမှ ထွက်တတ်တယ် မဟုတ်လား။ နိုင့် ဝါသနာ ပဲလေ။ နိုင့်မျက်နှာမှာ ပါးနီနဲ့ မျက်လုံးမွှေးဆွဲလို့ လိုင်နာဆွဲလို့။ ကလေး တစ်ဘက်ချီ နှိုတိုက်လို့။ စီးကရက်သောက်လို့။ ဘယ်လောက်များ ကသောင်း ကနင်း ဖြစ်နေတယ်ဆိုတာ စဉ်းစားသာကြည့်တော့။

ဟိုဘက်က အမျိုးတွေလာမှာ သတိရလို့ မျက်နှာပေါ်မှာ ခြယ်သထား တာတွေ ဖျက်ရတယ်။ တကယ်တော့ ဘာမှမဆိုင်ပါဘူး မောင်ရယ်နော်။ ဒါပေမယ့် လူတွေဟာ အပေါ်ယံကို သိပ်အကဲခတ်ကြတယ် မဟုတ်လား ကွယ်။

ထင်တဲ့အတိုင်းပဲ ဦးအောင်ငြိမ်းရဲ့ ပွဲတိုင်းကျော်အစ်မကြီး အန်တီရိုစီ ရယ်၊ တခြား ဆွေတော်မျိုးတော်တွေရယ် အုပ်နဲ့သင်းနဲ့ ရောက်လာကြတာ ဆေးရုံတစ်ခုလုံးပြိုးပြက်သွားတာပဲ မောင်။ အမယ်လေး ဖြစ်မှဖြစ်ရလေဆိုတဲ့ ယူကျုံးမရ မျက်နှာတွေနဲ့။ နိုင့်မှာ အပြစ်ရှိတဲ့ ကလေးတစ်ယောက်လို ခုံတန်းလျားရဲ့ ထောင့်စွန်းမှာ ကလေးပိုက်ပြီး ကုပ်ကုပ်ကလေး ထိုင်နေရ တယ်။ သင့်တော်တယ် မသင့်တော်တယ်မသိဘူး၊ ကိုရန်နိုင်ရဲ့ လက်မောင်း ကို အားကိုးတကြီးဆွဲပြီး အနားမှာ ထိုင်ခိုင်းထားရတယ်။

ဘယ်လိုဖြစ်ရတာလဲ။ ဘယ်ကို ထိတာလဲ၊ ခု ဘာလုပ်ထားသလဲ၊ ဒီလိုနဲ့ပြီးမလား၊ ဘာမလုပ်ဘူးလား၊ ညာမလုပ်ဘူးလား၊ မေးခွန်းတွေ ဆူလို့ ညံလို့။ ကိုယ်တိုင် ဘာတစ်ခုမှ ဝင်လုပ်လို့မရတဲ့ အရာကို ပျာယာ ခတ်အောင် ပြောနေကြတာ နိုင်ကြည့်ပြီး တရားကျတယ်။

www.foreverpage.com.mm

ဦးနှောက်သွေးကြောပြတ်တယ်ဆိုတာ သွေးတိုးရှိလို့နေမှာပေါ့။ သွေးတိုးမှာပေါ့ စိတ်ညစ်နေရတာကို။ ဟင်း၊ ကိုယ့်ဒုက္ခ ကိုယ်ရှာတာ ခုထိပြီလေ။

ဘာဆိုင်သလဲ မောင်ရယ်။ လူတွေဟာ နိမ့်တဲ့နေရာက မြေကြီးကိုမှ ရွေးတူးပြီး မြင့်နေတဲ့ တာလမ်းကို ဖို့ကြမြဲနော်။ ခိုင် နည်းနည်းတော့ ရင့်ကျက်စပြုလာလို့ အားလုံးကိုဥပေက္ခာပြုနေလိုက်ပါတယ်။သူတို့ဘက်က ဆွေမျိုးတွေ သဲသဲလှုပ်နေချိန် ခိုင့်ဘက်က တစ်ကောင်တစ်မြီးမှ မရှိတော့ ပိုပြီး ပြစ်တင်ရှုတ်ချတဲ့ မျက်နှာတွေနဲ့ ခိုင့်ကို မသိကျိုးကျွန် ပြုကြတယ်။ လူနာနဲ့ ပတ်သက်တာ သူတို့သာလျှင် အထင်ရောက်စေတယ်။

တကယ်တမ်းဆိုရင် ဦးအောင်ငြိမ်းသာ သတိရကြည့်။ သူ့အလိုလား ဆုံးသူဟာ မိခိုင်ကလွဲလို့ ဘယ်သူဖြစ်မှာလဲ။ ခိုင်ဟာ သူ့အပေါ်မှာ ဘာတစ်ခုမှ ဝတ္တရားမပျက်အောင် နေခဲ့တယ်။ ယုယုယယ ပြုစုခဲ့တယ်။ နွေးထွေးတဲ့ အချစ်ကို ပေးခဲ့ပါတယ် မောင်ရယ်။ ခိုင် ဘယ်သူ့ကိုမှ ရင်မဆိုင်ဝံ့စရာ မရှိပါဘူး။ သည်အတွက် ခိုင့်ရဲ့ စိတ်နှလုံးသန့်ရှင်းပါတယ်။ ဦးအောင်ငြိမ်းဟာ သူ့အတွက် စိတ်ဆင်းရဲစရာ မဖြစ်ခဲ့ပါဘူး။ ကြည်နူးလန်းဆန်းစရာသာ ဖြစ်ခဲ့တာပါ။

အချိန်နှောင်းလာပေမယ့် ဘာမှအကြောင်းထူးမလာဘူး။ စိုးရိမ်စရာ အခြေအနေသာ တွေ့လာကြရတယ်။ မျှော်လင့်ချက်တွေ တစ်စတစ်စ ကုန်ဆုံးလာတာသိရတော့ ခိုင်လဲ အရုပ်ကြိုးပြတ်ပဲ။ သည်လိုနေတုန်း ခိုင် ဖြုန်းခနဲ ဒေါ်လေးမေတို့အိမ်ရဲ့ ဖုန်းနံပါတ်ကို သတိရလိုက်တယ်။

"ကိုရန်နိုင်၊ ကျွန်မ ဖုန်းနံပါတ် သတိရပြီ" ဆိုတော့

"ပြောစမ်းဗျာ မြန်မြန်" တဲ့။

ခိုင် ဖုန်းနံပါတ်ပြောလိုက်တော့ နာရီဝက်အတွင်း ဒေါ်လေးမေရောက်လာတာပဲကွယ်။ ဒေါ်လေးမေက ဘယ်နေမလဲကွယ်။ မေမေနဲ့ မမရီကိုပါ အပါခေါ်လာတာပေါ့။ အို မလိုအပ်တဲ့ နေရာမှာပေမယ့် နောက်ခံအင်အား



နောက်ခံအင်အားဆိုတာ တယ်အသုံးဝင်တာပဲနော်။ သူတို့ရဲ့ ခိုင့်ထက်စီးနင်း အမူအရာတွေ ငြိမ်ဝပ်သွားတယ်။

ဒါပေမယ့် လူနာအတွက် ဘာမှ မတတ်နိုင်ကြပါဘူးကွယ်။

တဖြည်းဖြည်းညဉ့်နက်လာတော့ တကယ့်တကယ် သက်ဆိုင်သူသာ ခိုင်ခိုင်မြဲမြဲ ကျန်ရစ်တာပေါ့။ အချိန်ကြာလာရင် ဟန်ဆောင်မှု အရေခွံဆိုတာ ကွာကျစမြဲပါ မောင်ရယ်။

သားလေးကို မေမေတို့က အိမ်ခေါ်သွားတယ်။ ကျွေးမွေးသုတ်သင်ပေးရအောင်ပေါ့။ ခိုင်ရယ်၊ ဒေါ်လေးမေရယ်၊ ကိုရန်နိုင်ရယ် အမောခံကျန်ရစ်ကြတယ်။ ညဉ့်နက်လာတော့ ဆရာဝန်တွေကပြောတယ်။ သူတို့လဲတတ်နိုင်သလောက် လုပ်စရာရှိတာ လုပ်ထားပြီးပြီတဲ့။ စိုးရိမ်စရာတော့ ရှိသေးတယ်။ ဒါပေမဲ့ ကောင်းချင်လဲကောင်းလာမယ်။ မပြောနိုင်ဘူးတဲ့။ ချက်ချင်းတော့ ဘာမှမဖြစ်နိုင်သေးပါဘူး။ အိမ်မှာ ပြန်နားနေကြရင် ကောင်းမယ်တဲ့ကွယ်။

ခိုင်လဲပင်ပန်းလှပြီ။ ဒါကြောင့် အိမ်ကို ခဏလေးပြန်နားဖို့ သဘောတူကြတယ်။

စိတ်မချစွာနဲ့ပဲ ခဏ ပြန်လာခဲ့ရတယ်ကွယ်။ အရေးပေါ်ခန်းထဲ တစ်ခေါက်ဝင်ကြည့်တော့ မမြင်ရက်စရာ။ လည်ပင်းမှာ အပေါက်ကြီး တစ်ပေါက် ဖောက်ထားတဲ့ မြင်ကွင်းကိုကြည့်ပြီး မိုက်ခနဲဖြစ်သွားလို့ ဒေါ်လေးမေက ခိုင့်ပခုံးကိုဖက်ပြီး သူ့အိမ်ကို ခေါ်သွားတယ်။

ဖေဖေရှိတဲ့ အိမ်ကို ခိုင် မပြန်ဘူး မောင်ရယ်။ ခိုင့်ဘဝက နားခိုစရာ မရှိတဲ့ ဘဝကို ပြန်ရောက်သွားတယ်။ အဲဒီနေ့ကစပြီး ခိုင့်ရဲ့ အိမ်ဂေဟာလေးကို ခိုင် ပြန်မရောက်တော့ဘူး မောင်။ ကြက်တောင်ကစားဖို့ အားကစားဝတ်စုံလေး တစ်စုံသာအပိုပါတဲ့ခိုင်ဟာ ဝတ်နေကျ ဆွဲကြိုးလေးတွေ၊ လက်ကောက်လေးတွေတောင် ဘုရားစင်ပေါ်တင်လျက်သား ကျန်ခဲ့တာ မောင်။

www.foreverspace.com.mm

နိုင် ဒေါ်လေးမေအိမ်ကို လိုက်လာရတယ်။ သားလေးကို မေမေက လာပို့ပေးတယ်။ ဆေးရုံက အကြောင်းထူးရှိရင် သိနိုင်အောင်ဆိုပြီး မေမေလဲ ဒေါ်လေးမေတို့အိမ်မှာ အိပ်တယ်။ နိုင်လဲ စိတ်ပင်ပန်းလွန်းလို့ ခဏမှေးလိုက်မိတယ်။ မနက်အစောကြီး ဆေးရုံပြန်သွားမယ်ပေါ့။

ဒါပေမဲ့ နိုင် ပြန်သွားအောင်တောင် မစောင့်ပါဘူး မောင်ရယ်။

လင်းအားကြီးမှာ တယ်လီဖုန်းမြည်ကတည်းက နိုင့်ရင်ထဲမှာ တလှပ်လှပ်ခုန်ပြီး သည်တစ်ခါတော့ သွားပြီဆိုတာ သိလိုက်တယ်။ နိုင် ကလေးကောက်ချီပြီး နားစွင့်နေလိုက်တယ်။ ဒေါ်လေးမေက ဖုန်းနားထောင်ပြီး

'လိုက်သွားကြစို့ နိုင်၊ အသက်မီအောင် အမြန်ဆုံးလိုက်လာပါတဲ့'

အို နိုင် ဦးရဲ့အသက်ကို မီချင်ပါတယ်။ ဦးဟာ မနက်ကထွက်သွားကတည်းက နိုင့်မျက်နှာကို ပြန်မကြည့်တော့တာပါကလား၊ ကလေးဆိုးတစ်ယောက်လို ချစ်ခဲ့၊ အလိုလိုက်ခဲ့တဲ့ဦးကို နိုင် မတွေ့ချင်ဘဲဘယ်နေပါ့မလဲနော်။ ကလေးရယ်၊ ချာတိတ်ရယ်၊ မိနိုက်ရယ်လို့ ခေါ်တာလေးတွေကို နိုင် ကြားချင်လိုက်တာ။

ဒေါ်လေးမေက စိတ်လဲမြန်သူဖြစ်လို့ ကားကို တအားမောင်းတာပဲ မောင်။ မေမေကတော့ မျက်စိကို စုံမှိတ်ပြီး ဘုရားစာရွတ်နေတာပဲ။ သားလေးကို မထားခဲ့နိုင်လို့ ပွေ့ခေါ်လာရတယ်။ နိုင့်မှာ တကယ် မပဋ္ဌာဓာတ်ပါ မောင်ရယ်။

အလှအပဆိုတာလဲ နိုင့်မှာမရှိတော့ဘူး။ တတ်နိုင်ရင် ချက်ချင်း ရောက်သွားချင်တယ်။ ဦးရဲ့ နောက်ဆုံး ထွက်သက်လေးကိုပဲဖြစ်ဖြစ် မြင်လိုက်ချင်ပါသေးတယ်။ မမြင်ရက်ဆမယ့် မြင်ချင်ပါတယ်။ ဒီလိုမှန်းသိ နိုင် အိမ်ကို ဘယ်ပြန်ပါ့မလဲကွယ်။

ဒါပေမဲ့ ဦးက နိုင့်ကို မစောင့်ခဲ့ဘူး မောင်။



အရေးကြီးလူနာခန်းရဲ့ ရှေ့မှာပဲ ဦးမရှိတော့ဘူးဆိုတာ သိလိုက်လို့ နိုင် ပုံလဲသွားပါတယ်။

ဦးရဲ့ ဂေါ်ဖ်ကစားရာမှာ ဆောင်းတဲ့ ဦးထုပ်ဖြူဖြူလေးက လူနာခန်းရဲ့ အဝင်အဝမှာ ချိတ်လျက်သားပါလား မောင်ရယ်။

www.foreverspace.com.mm

## ၆

ဖြစ်သမျှအကြောင်းတွေက လျင်မြန်လွန်းလို့ အိပ်မက်လိုပါပဲ။

တစ်နှစ်နဲ့ခြောက်လဆိုတာ ဘာကြာလို့လဲမောင်။

ဒါပေမယ့် နိုင့်ရဲ့ ဘဝကတော့ လုံးဝပြောင်းလဲသွားခဲ့ပြီ။ ကမ္ဘာအသစ်တစ်ခုကို ရောက်သွားရသလိုပါပဲ။ ကမ္ဘာအသစ်မှ အဝေးကြီးမှ ကမ္ဘာအသစ်ပါ မောင်ရယ်။ ဘဝတစ်ခုခြားသွားတယ်ဆိုရင် ပိုမှန်မယ်။

နိုင်ဆိုတာလဲ နိုင်မဟုတ်တော့သလိုပါပဲ။ အလှအပတွေ၊ ရွှင်လန်းတက်ကြွမှုတွေ၊ အချစ်တွေနဲ့ ထုံလွှမ်းခဲ့တဲ့ နိုင်ဟာ ခုတော့ ပူဆွေးမှုတွေ၊ သောကတွေ၊ စိတ်ဓာတ်ကျဆင်းမှုတွေနဲ့ ပြည့်ဝနေတဲ့ ဒုက္ခသည်မလေး မိနိုင် ဖြစ်သွားခဲ့ပြီ။ သည်လောက်တိုတောင်းတဲ့ ဘဝသက်တမ်းအတွင်းမှာ ဒီလောက် ဘဝပြောင်းသွားလိမ့်မယ်လို့ ဘယ်ထင်ပါ့မလဲမောင်ရယ်။

ဦးအောင်ငြိမ်းရဲ့ အသုဘကိစ္စတွေကို ဒေါ်လေးမေတို့အိမ်ကနေပဲ စီစဉ်ရတယ် မောင်။ နိုင်က သူဆုံးတဲ့အချိန်မှာ ဒေါ်လေးမေတို့အိမ်မှာ ရောက်နေတာ မဟုတ်လား။ နိုင်တို့ အိမ်ကိုလဲ နိုင် မပြန်ချင်တော့ဘူး။



ဦးအောင်ငြိမ်း မရှိတော့တဲ့နေရာကို နိုင် ပြန်သွားနိုင်လောက်အောင် သတ္တိမရှိဘူး ဖြစ်နေတယ် မောင်ရယ်။

အမှုသည် ဒုက္ခသည်မ မိနိုင်ကို သနားကြတယ်ကော ထင်လားမောင်။ မသနားတဲ့အပြင် ကဲ့ရဲ့ရှုတ်ချမယ့်သူတွေက အသင့်ရှိနေတယ်မောင်။ နိုင်ဟာ ငယ်ငယ်ရွယ်ရွယ် လှလှပပနဲ့ မုဆိုးမဖြစ်သွားပြီ။ ဒါပေမဲ့ ဟင်းတစ်နှစ်တောင် ခံပါ့မလား၊ နောက်ယောကျ်ားယူမှာပေါ့လို့ ကြိုကြိုတင်တင် ဟောကိန်းထုတ်ပြီး ဝမ်းသာအားရပြောသူတွေ ရှိနေပြီ မောင်။ နိုင် ဒါတွေပြန်ကြားရလဲ မဖြုံတော့ဘူး။ တစ်သက်လုံး အပြောအဆိုခံလာရတဲ့သူပဲ မောင်ရယ်။ ခုတော့ လောကဓံတရားကိုလည်း နိုင် သိသင့်သလောက်သိပြီ။ ကြံ့ကြံ့ခံနိုင်ဖို့ အင်အား မွေးရတော့မယ်။

နိုင်ဟာ လူကသာ နိုင်ဆိုတဲ့ မိန်းမငယ်ငယ်လေးဖြစ်နေပေမယ့် ဘဝကတော့ အသစ်ဖြစ်သွားပြီ။ ရင့်ကျက်တည်ငြိမ်ပြီး ရင်သွေးငယ် တစ်ယောက်အတွက် ဘဝကို ရင်ဆိုင်ရမယ့် မိန်းမကြီးတစ်ယောက်ဖြစ်သွားပြီမောင်။

ဦးအောင်ငြိမ်းရဲ့ အသုဘအခမ်းအနားဟာ စည်ကားသိုက်မြိုက်ပါတယ်မောင်။ အရာရှိကြီးတစ်ယောက်ရဲ့ အသုဘပဲလေ။ ဒါပေမဲ့ ဝန်ကတော်ဆရင် တစ်ရာ၊ ဝန်မင်းသေတော့ ငါးကျပ်ဆိုတဲ့စကားရှိတယ် မဟုတ်လား။ ဒီနေရာမှာလဲ နိုင်ဟာ လူ့လောကသဘာဝကို ပိုသိလာရတာပဲ။ စေတနာနဲ့ အားပေးစကား ပြောကြားလာသူတွေရှိသလို သူတစ်ပါး သောကရောက်နေတဲ့အချိန်မှာတောင်မှ ရင်ထဲက မလိုတမာစိတ်ထားကို မျိုသိပ်မထားနိုင်သူတွေကိုလဲ တွေ့ရရဲ့။

"ဦးအောင်ငြိမ်းက အသက်အာမခံတွေ အတော်ရမှာပဲနော်၊ စုဆောင်းငွေတွေလဲ နည်းမှာမဟုတ်ဘူး၊ အိမ်ဆောက်ဖို့လဲ စီစဉ်ပြီးသားဆို"

နိုင် အဲဒါတွေ ဘာမှမသိဘူး မောင်။ နိုင်က ကလေးပဲဆိုပြီး ဦးအောင်ငြိမ်းက အစစအရာရာလဲ အသိမပေးခဲ့ဘူး။ ဒါပေမဲ့ သူဟာ နိုင့်

အပေါ် ချစ်မေတ္တာ ထားခဲ့တဲ့သူ။ ရှေ့ရေးအတွက် စီစဉ်လုပ်ကိုင်ပေးခဲ့တာတွေ နောက်မှ ခိုင် သိရတယ်။ ဒါပေမဲ့ လူတွေက ခိုင်ဟာ ခင်ပွန်းသည်အတွက် တကယ်ပူဆွေးရဲ့လား၊ ကျန်ခဲ့တဲ့ စည်းစိမ်ဥစ္စာအတွက် ကြိတ်ပြီး ဝမ်းသာနေသလားလို့ စူးစမ်းချင်ကြတယ်။ သူတစ်ပါးကိုများ အထင်သေးဖို့ ဆိုရင် နည်းနည်းမှ ဦးမလေးကြဘူးနော်။

မုဆိုးမ ငယ်ငယ်ချောချောလေးဆိုပြီး စပ်စပ်စုစု လာကြည့်သူလဲရှိရဲ့။ သူက ရုပ်ရှင်မင်းသမီးဆို၊ ငယ်ငယ်လေးရှိသေးတာ။ ရုပ်ရှင်မင်းသမီး ပြန်လုပ်ရင်ရသေးတာပေါ့။ အို သူ့ရုပ်သူ့ရည်နဲ့ ဘာမှလုပ်စရာမလိုပါဘူး။ အရာရှိတစ်ယောက်ယောက်ကတော့ ထပ်ပြီး မျက်စိကျနိုင်သေးတာပဲ။ သူကလဲ ခုလောက်ဆို အကွက်မြင်ပြီးသားပေါ့။ ကလေးတစ်ယောက်နဲ့ ဆိုပေမယ့် အပျိုတွေ ဘယ်ယှဉ်နိုင်မလဲ။ အတွေ့အကြုံကလဲရှိပြီလေ။

အသုဘ အခမ်းအနားမှာတောင် စိတ်ထဲကရှိတာကို တီးတိုး ပြောဝံ့ကြတာ နည်းတဲ့သတ္တိမဟုတ်ဘူးနော်။ ခိုင့်မှာ အားလုံးရဲ့ မျက်လုံးဒဏ်ကို ကြိတ်မှိတ်ခံနေရတယ်။ ခိုင့်ရင်ခွင်ထဲက ဘာမှမသိနားမလည်သေးတဲ့ သားလေးကို တင်းတင်းကျပ်ကျပ် ပွေ့ပိုက်ပြီး အံကို တင်းတင်းကြိတ်ထားရတယ်။ ခံလိုက်စမ်း မိခိုင်။ ခံလိုက်စမ်းပေါ့။ ခိုင် အလွန်အားကိုးမျှော်လင့်တဲ့ ဖေဖေကလဲမလာဘူးလေ။ ဖေဖေ စိတ်ပြတ်ပုံကတော့ မပြောနဲ့တော့ မောင်။ ခိုင်လဲ ဝမ်းနည်းရုံကလွဲလို့ ဘာမှ မတတ်နိုင်ဘူး။

ဖေဖေ မေမေတို့ဘက်က ကြည့်ရင်လဲသမီးတစ်ယောက်ကို ဆုံးရှုံးရတာပါပဲမောင်။ အသက်မဆုံးရပေမယ့် ဘဝဆုံးရတာပါ။ ဒါပေမဲ့ လိုအပ်တာထက်ပိုပြီး ငါးရံ့ပြာလူးဖြစ်နေတဲ့ အန်တီရိုစီက ငိုတာတောင် အနှောင့်အသွား မလွတ်ဘူးမောင်ရဲ့။

'အရင်ကတော့ ရှုံးရတယ်၊ ခုတော့ အသက်ပါဆုံးပါရောလား' တဲ့။



ပြီးတော့၊ အောင်ငြိမ်းရယ် ကုသိုလ်ကံဆိုးလှတယ်လို့ အော်ကြီးဟစ်ကျယ် ငိုတတ်လေ။

ခိုင့်ကို လက်ထပ်နိုက်ခြင်းဟာ ဆုံးရှုံးခြင်းလို့ သူတို့ သတ်မှတ်ကြတယ်။ အသက်ဆုံးရတာ ခိုင့်ကြောင့်လိုလို ထင်ယောင်ထင်မှားဖြစ်အောင် စွပ်စွဲတယ်။ ဦးအောင်ငြိမ်းက နှလုံးရောဂါနဲ့များ သေရရင် သည့်ထက်မက အော်ငိုမယ်ထင်တယ်မောင်။ တကယ်တော့ ခိုင့်မှာသာ ဖေဖေ နှလုံးရောဂါ ရသွားတာ သေသည်အထိ ခိုင့်အပြစ်မကင်းပါဘူး။ ခိုင်က ဘဝတစ်ခုလုံးနဲ့ လဲပစ်လိုက်ရတာတော့ကော။

ဒါပေမယ့် လူဆိုတာ ကိုယ့်ဘက်ကိုပဲကိုယ်ကြည့်တတ်ကြတာနော်။

အများသနားအောင် ဒါမှမဟုတ် အပြစ်မရှိဘူးထင်အောင် ဒါမှမဟုတ် တကယ်ဝမ်းနည်းပါတယ်ဆိုတာ ထင်ရှားအောင် ခိုင် အော်ဟစ်ခုန်ပေါက် လူးလှိမ့်ပြီး ငိုပြရမလား။

ခိုင့်သားကို တင်းတင်းဖက်ပြီး ရှိုက်ရှိုက်နေရတဲ့ခိုင်ဟာ တစ်ရက်ကို တစ်ကမ္ဘာလောက်ထင်ရအောင် ပင်ပန်းဆင်းရဲလှပါတယ် မောင်ရယ်။ ကိုယ့်အပေါ်မှာ မေတ္တာစေတနာကြီးမားသူ ခင်ပွန်းတစ်ယောက်ရဲ့ ဆုံးရှုံးမှုအတွက် သူ့အတွက် ဝမ်းနည်းယူကျုံးမရဖြစ်ရခြင်းကို ဘယ်လိုမှ ဖော်ပြနိုင်စွမ်း မရှိပါဘူး။ ခုလို ပြန်ပြောပြတော့လဲ ခိုင် မျက်ရည်ကျရပါတယ်။ နှစ်တွေ ကြာလာပေမယ့် ပြန်တွေးရင် ရင်ထဲမှာနာကျင်ဆဲ။ ဒါကို မောင်လဲ နားလည်ခွင့်လွှတ်ပါတယ်နော်။ ဒါပေမယ့် လူကြားကောင်း လူမြင်ကောင်းအောင် အော်ဟစ်ငိုယိုခဲ့သူတွေက သူ့ကို မေ့လောက်ပါပြီ။ အဲဒါတွေ ပြန်တွေးရင် ခိုင် ရယ်တောင်ရယ်ချင်သေးတယ်။

လူမှုဝတ္တရားကျေပွန်ဖို့အတွက် တစ်နာရီ နှစ်နာရီလောက် အချိန်ပေးလာကြရတဲ့သူတွေလဲအချိန်တန်တော့ စဲသွားတောပေါ့ မောင်ရယ်။ မဖော်ပြနိုင်အောင် ဖိစီးတဲ့ သောကဒဏ်ကိုခံရင်း ခိုင်ဟာ ကိုယ့်အိမ်မဟုတ်တဲ့

www.foreverspace.com.mm

အိမ်ကို ပြန်လာရတယ်။ ဒေါ်လေးမေတို့အိမ်မှာ ရက်လည်အောင်နေရဦးမယ် မောင်။ ရှေ့ခရီးက ဘယ်သောင်ကမ်းဆိုက်မယ် မသိပါဘူး။

သားငယ်ကို ရင်ခွင်ပိုက်ပြီး ခေါင်းငိုက်စိုက်ချ ထိုင်နေတဲ့ နိုင် ရှေ့မှောက်မှာ ခြေအစုံ လာရပ်တယ်။ နိုင့်အဖို့ တစ်ကမ္ဘာလုံး ချာချာလည် သွားသလိုပါပဲ မောင်ရယ်။

အဲဒီ ခြေအစုံဟာ ဘယ်သူ့ခြေထောက်တွေလဲဆိုတာ နိုင် ချက်ချင်း သိလိုက်လို့ပါ။

တင်းထားသမျှ စိတ်တွေလဲ လက်လွှတ်ခြေလွှတ်ဖြစ်သွားမတတ် ပါပဲ။ ရင်ထဲမှာလဲ မဖော်ပြနိုင်လောက်တဲ့ ဝမ်းနည်းယူကျုံးမရမှုတွေ တလိပ်လိပ် တက်လာတယ်။ မေါက်ကွဲမတတ်ပါ မောင်ရယ်။ နိုင် မောင့်ကို မတွေ့ချင်ဘူး။ ဒီအချိန်မှာ ပိုပြီးတော့မတွေ့ချင်ဘူး။ နိုင့်ဘဝမှာလဲ နှလုံးသားနဲ့ ပတ်သက်ပြီး ဘယ်လို အပြောင်းအလဲမျိုးကိုမှလဲ မဖြစ်ချင်ဘူး။

နိုင်နဲ့ မောင့်ကြားမှာ တံတိုင်းကြီးတစ်ခု၊ အကြီးမားဆုံး တံတိုင်းကြီး တစ်ခု ဒါမှမဟုတ် ကမ္ဘာကြီးတစ်ခု ခြားသွားခဲ့ပါပြီ။

"ကလေး မောင့်ကိုပေးပါ နိုင်"

တစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေတဲ့ နိုင့်လက်ထဲက ကလေးကို မောင် လှမ်းချီလိုက်တယ်။

စကြာဝဠာတစ်ခုလုံး မှဲ့တင်မြည်သွားသလိုပဲ၊ နိုင် ဆောက်တည်ရာ မရတော့တဲ့ ကြိတ်မှိတ်မျိုသိပ်ထားသမျှ ဖွင့်အန်ပြီး ငိုချလိုက်မိပါတော့တယ်။

# အပိုင်း ၂

www.foreverspace.com.mm

## ၁

နိုင့်ဘဝဟာ ထွယ်ရာမဲ့။ အသိုက်အမြုံကင်းတဲ့ ဘဝကို ရောက်သွားတယ်။ နိုင် ဖေဖေ့ဆီလဲ မပြန်ရဲဘူး။ ငယ်စဉ်ကတည်းက ရည်ရွယ်လာခဲ့ရတဲ့ မင်းသမီးလဲမဖြစ်၊ အိမ်ထောင်ရှင်မလဲ မဟုတ်တော့ဘူး။ ဘာဆိုဘာမှ မရေရာတော့ပါဘူးကွယ်။

ဒေါ်လေးမေနဲ့ ရှေ့ရေးကို တိုင်ပင်ကြရတယ်။ ဦးအောင်ငြိမ်း ချန်ထားရစ်တဲ့ ငွေလေးနဲ့ တစ်နည်းတစ်ဖုံ ကြိုးစားမတည်ဖို့ပေါ့။ တကယ်ဆော့ လင်ဆေးရင် မယားရတဲ့ ထုံးစံမို့သာ နိုင် ရသင့်ရထိုက်တာတွေ ရတာ။ နိုင် ဘာမှ သိခဲ့ နားလည်ခဲ့တာ မဟုတ်ပါဘူး။

တစ်ဘက်ကလဲ မေမေတို့ မမရီနဲ့ ကိုကိုကျော်တို့က နိုင့်ကို အိမ်ပြန်ခေါ်ရေးအတွက် လုံးပန်းကြတယ်လေ။ အတိဒုက္ခရောက်နေတဲ့ နိုင့်ကို ဖေဖေက စိတ်ထဲကတော့ သနားတယ်။ ဒါပေမဲ့ မာနက ဖေဖေ့ကို တားဆီးနေတယ်။ ဖေဖေက စကားကုန် ပြောခဲ့တယ်မဟုတ်လားကွယ်။ သူသေရင်တောင် နိုင့်ကို မလာစေနဲ့လို့။



www.foreverspace.com.mm

မေမေက ကလေးကို နေ့တိုင်းပဲ လာခေါ်တယ်။ ဖေဖေ့ရှေ့မှာ ကလေးကို သွားလာလှုပ်ရှားစေခြင်းဖြင့် ဖေဖေ့နှလုံးသားကို ပျော့ပျောင်းလာအောင် ကြိုးစားကြရတယ်ကွယ်။

ဖေဖေ့မျက်နှာက တင်းမာနေတဲ့ အကြောအခြင်တွေ လျော့ပါးနေတဲ့အချိန် အစ်ကိုကျော်ကြီးက သားလေးကို ဖေဖေ့နောက်ကနေပြီး ပခုံးပေါ် ခွစီးပေးလိုက်တယ်တဲ့။

ဖေဖေက "ဟေ့ကောင်ကြီး" ဆိုပြီး သားရဲ့ လက်နှစ်ဘက်ကို လှမ်းဆွဲတယ်တဲ့။

မေမေနဲ့ မမရီက ဖေဖေ့ရဲ့ နှလုံးသားကို ဆွဲဆောင်နိုင်ပြီရယ်လို့ ဝမ်းသာလွန်းလို့ မျက်ရည်တောင် ကျရတယ်တဲ့ မောင်ရယ်။

မေမေက သမီးပြန်လာလို့ရပြီလို့ ဝမ်းသာအားရ လာပြောတယ်။

နိုင်တစ်ယောက်တည်း ကြိုးပမ်းရပ်တည်ချင်ပါတယ်။ နိုင့်မှာလဲ မာနတရားတွေ မခံချင်စိတ်တွေ လူတွေအပေါ် ပြန်လည်အနိုင်ယူပြချင်စိတ်တွေ ဆူဝေနေပြီလေ။ နိုင့်ကို ပေါ့ပေါ့တန်တန် မိန်းကလေးတစ်ယောက်၊ ယောကျ်ားသေလို့ ရက်မလည်ခင် နောက်ယောကျ်ားယူမှာ မလွဲလို့ အထင်သေး ရှုတ်ချထားတဲ့မုဆိုးမတစ်ယောက်၊ ဘာမှအလေးအနက်ရှိမယ် မထင်တဲ့ မိန်းမတစ်ယောက်က ဘဝကို လက်ချည်းပလာနဲ့တောင် ရင်ဆိုင်ပြလိုက်ချင်တယ်။ နိုင်က အရင်ကလို ပီဘိ မိန်းမငယ်လေး မဟုတ်တော့ဘူးလေ။ လောကအကြောင်း၊ ဘဝအကြောင်းလဲ သိသင့်သလောက် သိခဲ့ပြီ၊ ရင့်ကျက်သင့်သလောက်လဲ ရင့်ကျက်ခဲ့ပြီ၊ လူတွေရဲ့ စိတ်နေ စိတ်ထားကိုလည်း အမှန်အတိုင်း မှန်းဆသိမြင်တတ်နေပြီ။ နိုင် ဘဝကို ရင်ဆိုင်ဖို့ ဦးမလေးတော့ပါဘူး။

ပြီးတော့ နိုင့်အတွက် အရေးကြီးဆုံး ရပ်တည်ချက်ဟာ ဖခင်မဲ့သွားတဲ့ သားလေးအတွက်ပဲ။ ဒီသားကို နိုင် လူတစ်လုံး သူတစ်လုံးဖြစ်အောင် မွေးမယ်။ ဒီသားဟာ ဘာအကြောင်းနဲ့မှ ကတိမ်းကပါး အောက်ကျနောက်ကျ

မဖြစ်စေရဘူး။ ခိုင့်မှာ ရည်မှန်းချက်တွေ အင်အားသစ်တွေနဲ့ ဘဝအသစ်က ခိုင်ပါ မောင်။

ခိုင့်အကျိုးကို လိုလားသူအားလုံးက ခိုင်ဟာ မိဘအရိပ်ကို ပြန်လည်ခိုဝင်ပြီးမှ အရာရာကို ရင်ဆိုင်သင့်တယ်လို့ ဆုံးဖြတ်အကြံပေးကြပါတယ်။ ခိုင်လဲ စဉ်းစားတယ်။ သည်လိုအချိန်မှာ ကိုယ့်အပေါ် စေတနာမှန်သူတွေရဲ့ စကားကိုလဲ မပယ်ရှားချင်ဘူး။ ပြီးတော့ လောလောဆယ် ခိုင် ဘာကိုမှ လုပ်မပြနိုင်သေးခင် လုံခြုံအေးချမ်းတဲ့ နေရာမှာ ခိုင် ရောက်နေသင့်တယ်ဆိုတာ တွေးမိပါတယ်။

ဖေဖေ့ဆီ ပြန်ဖို့ ခိုင် ဆုံးဖြတ်တယ် မောင်။

ဖေဖေ့ဆီ ပြန်တဲ့နေ့မှာ ခိုင်ဟာ အိမ်ကထွက်လာတုန်းကလို အဝတ်တစ်ထည် ကိုယ်တစ်ခုပါပဲ။ ခိုင်တို့အိမ်ကလေးကို ပတ်ဝန်းကျင်ကပဲ ထိန်းသိမ်းပေးထားတယ်။ ခိုင်လဲ ဘာတစ်ခုမျှ ပြန်ကြည့် ပြန်မြင်နိုင်တဲ့ သတ္တိမရှိသေးဘူး။ အဲဒါတွေ ပြန်မြင်ရရင် ခိုင် စိတ်ဆင်းရဲလွန်းလို့ ပုံလဲသွားမှာ စိုးတယ်။ ဒါကြောင့် ဖေဖေ့ဆီကို အိမ်ကထွက်လာတုန်းက အတိုင်း အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ ပြန်လာခဲ့တယ် မောင်။

သို့သော်လည်း ခိုင်ဆိုတဲ့ မိခိုင်ကတော့ လွန်ခဲ့တဲ့ တစ်နှစ်ကျော် ကာလအတွင်းမှာပဲ ဘဝသစ်က မိန်းကလေးတစ်ယောက် ဖြစ်သွားခဲ့ပါပြီ။ ဖေဖေ ယုယုယယ ပြုစုပျိုးထောင်ခဲ့တဲ့ ယမင်းရုပ်ကလေး ခိုင် မဟုတ်တော့ဘူး။ တိုတောင်းတဲ့အချိန်ကာလအတွင်းမှာ လောကဓံတရားရဲ့ အလှည့်အပြောင်းကို ခံစားခဲ့ရပြီးဖြစ်တဲ့ ခိုင်အဖြစ် ပြောင်းလဲခဲ့ပြီ။ သည်အတွက် ဖေဖေ့ကို ခိုင် ဘယ်လို ကျေရာကျေကြောင်း တောင်းပန်ရမလဲ။ တောင်းပန်လို့လဲ မရတော့ဘူးလေ။ ဖေဖေကလဲ သေသည်အထိ ခိုင့်ကို ခွင့်လွှတ်မသွားဘူးမောင်။ သည်အကြောင်းတွေးမိတိုင်း ခိုင့်ဘဝမှာ မပြေပျောက်နိုင်တော့တဲ့ ဒဏ်ရာဒဏ်ချက်ကြီး ဖြစ်ရပါတယ်။



ဒါပေမယ့် ဖေဖေဟာ လက်ရှိအခြေအနေမှာ ခိုင့်ကို ပြန်လက်ခံခဲ့ရတယ်။ သည်အတွက် သူ့ရဲ့ မာနနဲ့ ပုဂ္ဂလိက ဂုဏ်သိက္ခာကို အများကြီး အလျှော့ဆင်း အနစ်နာခံလိုက်ရတယ်ဆိုတာ ခိုင် သိတာပေါ့။ ဘယ်သူမှမသိပေမယ့် ခိုင် သိတယ်။

အိမ်အဝင် မြေနီလမ်းကလေးအတိုင်း ခိုင် ဖြည်းဖြည်းချင်း လျှောက်ခဲ့တယ်။ ခိုင့်လက်ထဲမှာ ဦးအောင်ငြိမ်းဆုံးတဲ့နေ့က ခိုင် ကိုင်လာတဲ့ အထုပ်ကလေးနဲ့။ အဲဒီ အထုပ်ကလေးထဲမှာ ခိုင့်ရဲ့ အားကစားဝတ်စုံလေး တစ်စုံပါတယ်။

ခိုင်တို့ ငယ်ငယ်က ပျော်ပျော်ရွှင်ရွှင်ဆော့ကစားခဲ့တဲ့ နေရာလေး။ ပြီးတော့ မနက်တိုင်း မောင်နဲ့အတူတူထွက်ပြီး အောင်ဆန်းကွင်းဘက် လျှောက်ခဲ့တဲ့လမ်း။ ပြီး လှမ်းမျှော်ကြည့်ရင် ခိုင့် အသည်းနှလုံးကို ပထမဆုံးအကြိမ် လှုပ်နှိုးခဲ့တဲ့ ကိုကိုနဲ့တွေ့တဲ့နေရာ။ အားလုံးဟာ နေရာဟောင်းတွေ။

ဒါပေမယ့် ခိုင်ကတော့ ဘဝအသစ်က ခိုင်အသစ်ဖြစ်ခဲ့ပါပြီ။

\+ \+ \+

တစ်နေ့ကုန် မနားတမ်း အလုပ်လုပ်တတ်တဲ့ မေမေဟာ အလုပ်တစ်ခု ပိုလာခဲ့ပြီ။

မြေးကို ချီပိုး ထိန်းကျောင်းရတယ်လေ။ မမရီက ဆေးကျောင်းတက်နေတုန်း။ အစ်ကိုကျော်ကတော့ သူ့တစ်ကိုယ်စာ သူ နိုင်ပါတယ်။ စိတ်ဓာတ်ရော လူပါ ကျဆင်းနေသော ဖေဖေပဲ။ ဖေဖေ့မှာ ကျန်းမာရေးကြောင့် အလုပ်က အနားယူရတော့မယ်။ အလုပ်က အနားယူရင် နေစရာအိမ်တစ်လုံး ဖန်တီးရမယ်။ ဖေဖေ ရှယ်ယာပါထားတဲ့ ရုပ်ရှင်လုပ်ငန်းကလဲ ကျဆင်းနေတယ်။ ဖေဖေကိုယ်တိုင် တက်တက်ကြွကြွ မလုပ်တော့တာ

ကြောင့်လဲပါတယ်။ ဖေဖေက ဒီလုပ်ငန်းကို နိုင့်အတွက် ရည်ရွယ်ပြီး လုပ်ခဲ့တာ မဟုတ်လား။

အိမ်မှာ နိုင်က အရင်ကလို အငယ်ဆုံးမိန်းကလေး မဟုတ်တော့ဘူး။ တာဝန်အရှိဆုံး မိန်းမကြီးဖြစ်သွားပြီ။

နိုင်က ဖေဖေ့ ဝေယျာဝစ္စ၊ အိမ်ကိစ္စတွေကို အတတ်နိုင်ဆုံးလုပ်ရပါတယ်။ မေမေ့ကိုလဲ သနားတယ်။ လင်သားရဲ့ မျက်နှာရိပ် မျက်နှာကဲကို အမြဲကြည့်နေရတဲ့ မိန်းမ။ သည်ကြားထဲ ဖေဖေက စိတ်တိုင်းမကျတာတွေ များတော့ အရင်ကထက်ပိုပြီး ခက်ထန်တင်းမာနေတယ်။ နိုင်နဲ့ တစ်အိမ်တည်းနေပေမယ့် နိုင့်ကိုလဲ ရှောင်နေတတ်တယ်။ ဖေဖေ့ ဒုက္ခကလည်း ကြီးပါတယ် မောင်ရယ်။

မောင်က အရင်ကလိုပဲ နိုင်တို့အိမ်ကို ဝင်ထွက် သွားလာနေလျက် ရှိနေတာ တွေ့ရတော့လဲ နိုင် စိတ်ထဲမှာ မကောင်းဘူး။ နိုင်က ဘဝပြောင်းခဲ့ပေမယ့် မောင်က မပြောင်းလဲသေးပါဘူး။ မောင်က နိုင်မရှိတော့တဲ့ နောက်ပိုင်းမှာလဲ ဖေဖေ မေမေတို့ကို ယခင်အတိုင်း အဝင်အထွက်မပျက် သွားလာဝင်ထွက်ပြီး အစ်ကိုကျော်မရှိတဲ့အခိုက် ကူညီစရာရှိလဲ ကူတယ်လို့ မေမေက ပြောတယ် မောင်။

မေမေကတော့ နိုင်တို့ အိမ်ထောင်ရေးမှာ ပေါ့စေလိုလို့ ကြောင်ရုပ်ထိုးခဲ့တာ ဆေးအတွက်လေးရလို့ စိတ်ဆင်းရဲနေရတယ်။ ဖေဖေကတော့ အစကတည်းက မောင့်ကိုသာ လိုလားခဲ့တာ။ ခုတော့လဲ အားလုံးကိုပြည်ဖုံးကားချပြီး ဟန်မပျက်နေကြရတယ်လေ။

အခြေအနေက မလှူသာ မလွှဲသာပါ။ နိုင့်မှာ အင်မတန် တင်းကျပ်တဲ့ သံမဏိ စည်းမျဉ်းကြီးကို ကိုယ့်ဘာသာချမှတ်ပြီး အဲဒီသံမဏိဘောင်ထဲမှာ နေကျင့်ရအောင် နေရတယ်မောင်ရယ်။ ဘာကြောင့်ဆို နိုင့်ရင်ထဲမှာ စွဲစွဲမြဲမြဲ ချမှတ်ထားတဲ့ စည်းမျဉ်းက နိုင်ဟာ ကလေးတစ်ယောက်အမေမှဆိုးမဖြစ်ခဲ့ပြီ။ အရင်က နိုင်ဟာ ပျားပိတုံးတွေ ရစ်ဝဲတဲ့ ပန်းကလေး



တစ်ပွင့်လို ဘယ်လိုပဲ စိုစိုပြည်ပြည် လန်းလန်းဆန်းဆန်း နေထိုင်ခဲ့ပေမယ့် ခုတော့ နိုင်ဟာ လန်းဆန်းနုပျိုတဲ့ ပန်းတစ်ပွင့် မဟုတ်တော့ဘူး။ မိုးဒဏ် လေဒဏ် ကြွံကြွံခံမယ့် ပန်းတစ်ပွင့်သာ ဖြစ်တော့တယ်။

တစ်ချိန်က နိုင့်အပေါ် အထင်သေးရှုတ်ချခဲ့တဲ့သူတွေဟာ ခုချိန်မှာလဲ မျက်စိဒေါက်ထောက် ကြည့်နေကြပြန်ပြီ။ နိုင်က ပိုပြီးတော့ တည်တည်ငြိမ်ငြိမ်နေပြရမယ် မဟုတ်လား။ ဒါကလည်း နိုင့်အတွက်ထက် နိုင့်သားလေးအတွက် ပိုအရေးကြီးတယ်။ နိုင် ကြိုးစားရမယ်။ နိုင့်သားလေးဟာ ဘာမဟုတ်တဲ့ သာမန်မိန်းမတစ်ယောက်ရဲ့သား မဖြစ်စေရဘူး။ သားက ဖခင်တစ်ယောက်ရဲ့အရိပ် မရှိတော့ပေမယ့် ဖခင်ရဲ့ဂုဏ်သိက္ခာ အငွေ့အသက်က သားကို လွှမ်းခြုံပေးထားမယ်။ နိုင်က နိုင့်ရဲ့ ဂုဏ်သိက္ခာနဲ့ ထပ်ဆင့်ပြီး လွှမ်းခြုံပေးရမယ် မဟုတ်လားကွယ်။

ဒါကြောင့် နိုင်ပြောခဲ့တာပေါ့။ နိုင်နဲ့မောင့်ကြားမှာလဲ အကြီးမားဆုံး တံတိုင်းကြီးတစ်ခု ခြားခဲ့ပါပြီလို့။

သည်တံတိုင်းကြီးကို ချိုးဖောက်ဖို့ နိုင် မကြိုးစားချင်ဘူး မောင်။ ဒါပေမယ့် ရင်ထဲက သံယောဇဉ်နဲ့ သန့်စင်တဲ့မေတ္တာတရားကို နိုင်ကိုယ်တိုင်လဲ မတားဆီးနိုင်ခဲ့ဘူး။ မောင်ကကော ဒုက္ခသည်မလေး မိနိုင်ကို ဘာကြောင့် ဥပေက္ခာ မပြုနိုင်သလဲ။

နောက်တစ်ချိန်ကျတော့ မောင်က ပြောတယ်။ နိုင် ထင်သလို အေးသီတာနဲ့ မောင်နဲ့ ဘာမှမဖြစ်ခဲ့ကြသေးဘူးတဲ့။ မောင် တွဲခဲ့တယ်လဲ မှန်တယ်။ မောင် မပြတ်သားခဲ့တာလဲ မှန်တယ်။ ဒါပေမဲ့ နိုင် မောင့်အပေါ် အထင်လွဲပြီး အလျှင်စလို ဆုံးဖြတ်လုပ်ကိုင်သွားပြီးတဲ့နောက်မှာ (မောင့်အပြော နိုင် ဦးအောင်ငြိမ်းနောက် လိုက်သွားတဲ့နေ့)မောင်တစ်ယောက်တည်း မိုးရေထဲ လျှောက်သွားနေမိတယ်တဲ့။ ကျောင်းမှန်မှန်မတက်ဘဲ ထင်ရာလျှောက်သွားနေတဲ့ မောင့်ကို အေးသီတာက ထိန်းသိမ်းခဲ့ရတယ်လို့ မောင်က ဆိုတယ်။ ဒီနောက်မှ မောင်တို့ အတိအလင်း ချစ်ခဲ့ကြတယ်လေ။ နောက်

www.foreverspace.com.mm

မောင်နဲ့ အေးသီတာ ဘာကြောင့်ကွဲသွားသလဲဆိုတော့ မောင် ကနေ့ထက်ထိ တိတိကျကျ မပြောဘူး။

ဘာပဲဖြစ်ဖြစ်လေ သည်အချိန်မှာ မောင်နဲ့နိုင်ဟာ ကမ္ဘာတစ်ခု ခြားနေတော့ နိုင် အရင်ကလို ပွင့်ပွင့်လင်းလင်း မဆက်ဆံရဲတော့ဘူး။ မောင်နဲ့ပတ်သက်ပြီး နိုင့် ဘဝမှာ အနစ်နာဆုံး စွဲချက်ကလဲ ရှိခဲ့ဖူးပြီ။ သားကိုတောင် မောင်နဲ့ရတဲ့သားလို့ အစွပ်စွဲခံရတာ မိန်းကလေးတစ်ယောက်အတွက် သည့်ထက်ထိခိုက်နစ်နာတာ ရှိနိုင်ဦးမလားကွယ်။ ဒါကိုချေဖျက်ရမယ့် တာဝန်ကြီးက နိုင့်ဘဝမှာ အကြီးလေးဆုံးပါပဲ။

မောင် အိမ်ကိုလာတဲ့အခါ နိုင်က တည်တည်ငြိမ်ငြိမ်နဲ့ ဧည့်ဝတ်ပြုပါတယ်။ နိုင် မရှိပေမယ့် မောင် လာမြဲလာနေခဲ့တာမို့ နိုင်က မလာနဲ့လို့လဲ မတားသာပါဘူး။ မောင်က အစ်ကိုကျော့်အစား နိုင်တို့ မိသားစုကိုကူညီ စောင့်ရှောက်တယ်လို့ဆိုတယ်။

မောင်ကလဲ နိုင့်ကို အရင်ကလို ဟက်ဟက်ပက်ပက် နောက်နောက် ပြောင်ပြောင်မနေတော့ဘူး။ လာရင်တော့ မောင်က သားကို ချီးပိုးတတ်တယ်။ ချော့ကစားတတ်တယ်။ အဲဒီမြင်ကွင်းကို မြင်ရရင် နိုင့်အသည်းနှလုံးတွေ နာကြင်လာတယ် မောင်။ ငိုလဲ ငိုချင်လာတယ်။

နိုင်က အိမ်မှာ ထမင်းချက် ဟင်းချက်ဘဝနဲ့ တည်တည်ငြိမ်ငြိမ် တစ်နည်းအားဖြင့် ညှိုးညှိုးငယ်ငယ်နေနေရတယ်။ နိုင် တစ်ခုခုလုပ်ချင်ပေမယ့် ဘာလုပ်ရမယ်ဆိုတာ နိုင်မသိသေးဘူး။ နိုင်က လင်ယောကျ်ားထားရစ်ခဲ့တဲ့ ငွေလေးနဲ့ အေးအေးလူလူ ဘဝကိုပုံချပြီးတော့ မနေချင်ပါဘူး။ ပျိုရွယ်စဉ်က ထားရှိခဲ့တဲ့ အားမာန်မျိုး အပြည့်မဟုတ်တောင်မှ တစ်စွန်းတစ်စ ပြန်ရချင်တယ်။

ဖေဖေက နိုင့်ကို စကားဟဟ မပြောခဲ့ပေမယ့် နိုင့်အတွက် စဉ်းတော့ စဉ်းစားနေတာ နိုင် သိလာပါတယ်။

နိုင်က အိပ်မက်ဆန်းဆန်း မက်တတ်တယ်နော်။



အိပ်မက်ထဲမှာ မီးတွေ နိုင့်ဘေးပတ်ဝန်းကျင်မှာ မီးတွေ ဟုန်းဟုန်း တောက်လောင်ပြီး နိုင်က ငယ်ငယ်ကနေခဲ့တဲ့ စိန့်မေရီကျောင်းမှာ စာပြန်သင် နေရတယ်လို့ မက်တယ် မောင်ရယ်။ တစ်ချိန်က နိုင်ဟာပညာရေးအတွက် အောင်မြင်စပြုတဲ့ ရုပ်ရှင်မင်းသမီးဘဝကို စွန့်လွှတ်ခဲ့ရတယ်။ နောက်တစ်ခါ အိမ်ထောင်ရေးအတွက် ပညာရေးကို စွန့်လွှတ်ခဲ့ရပြန်တယ်။ နိုင် နောက်ဆုံး ဖြေတဲ့ စာမေးပွဲက မအောင်မြင်ခဲ့ဘူးလေ။

"ထရီဇာ၊ ဆယ်တန်းအောင်အောင် ပြန်ဖြေပါလား" တဲ့။

ဖေဖေက အမှတ်မထင် ပြောတယ်။ ဒါပေမဲ့ နိုင် သိပါတယ်။ ဒါ အလေးအနက်ပြောလိုက်တာပဲဆိုတာ။ ဖေဖေက နိုင့်ကို ထရီဇာလို့ခေါ်တာ စိမ်းစိမ်းကားကား ခေါ်လိုက်တာမောင်။

ဖေဖေက နိုင့်အတွက် လမ်းတစ်ခုချပေး ထွင်ပေးတယ်ဆိုရင်ပဲ နိုင် ဝမ်းသာကျေနပ်လှပါပြီ။ နိုင့်မှာ တအားတက်ရပါတယ်။ ဟုတ်တယ်။ ပထမဆုံး နိုင် ဆယ်တန်းအောင်အောင် ပြန်ဖြေမယ်။ ပြီးမှ ရှေ့ဆက်လုပ်ရမယ့် အလုပ်ကို စဉ်းစားမယ်။ နိုင် တစ်နှစ်တည်းအောင်အောင် ပြန်ဖြေမယ်လို့ ဆုံးဖြတ်လိုက်တယ်။

"ဖေဖေ၊ ဖေဖေ့ကို နိုင် နိုပ်ပေးမယ်နော်"

နိုင်က ညစဉ် ဝတ္တရားတစ်ခုလို ဖေဖေ့ကိုခြင့်တောင်းပြီး နှိပ်ပေးရတယ် မောင်။ နိုင် တတ်နိုင်သမျှ ဖေဖေ့ အကျက်တော်ပြေစေဖို့ ကြိုးစားနေရတာပါ မောင်ရယ်။ ဖေဖေက "အင်း" တစ်ခွန်းပဲပြောတယ်။

နိုင် ဖေဖေ့ကို နှိပ်ပေးရင်း အနာဂတ်ရေးကို စဉ်းစားနေရတယ် မောင်ရယ်။ ဆယ်တန်းအောင်အောင် ဖြေမယ်။ ပြီးရင် အားကစားဘက် ပြန်လုပ်ရမယ်။ နိုင့် သိုင်းဆရာကလဲနိုင့်ကို ပြန်ခေါ်နေတယ်။ အားကစား တစ်ခုခု ထူးချွန်အောင် ပြန်လုပ်မယ်။ ရုပ်ရှင်မင်းသမီးတော့ နိုင် မလုပ်ချင် တော့ဘူး။ ဖေဖေကလဲ (စိတ်ကုန်လို့ထင်ရဲ့) မတိုက်တွန်းတော့ဘူး။

www.foreverspace.com.mm

ဖေဖေ့ကို နှိပ်ပေးရင်း ရှေ့ရေးအတွက် စဉ်းစားနေရတယ် မောင်ရယ်။ သားလေးအတွက်လဲ ခိုင့်ရဲ့ အစွမ်းအစနဲ့သာ ပြုစုပျိုးထောင်ပေးချင်တယ် လေ။ ဘယ်သူ တစ်စုံတစ်ယောက်ရဲ့ ကူညီထောက်ပံ့မှုနဲ့မှ သားကို လူလား မမြောက်စေချင်ဘူး။

အဲဒီအချိန်မှာ မောင် ရောက်လာတယ် မဟုတ်လား။

မောင် လာနေကျလာတာပဲမို့ ခိုင့်အတွက် ဘာမှ မထူးခြားပါဘူး။ ဖေဖေ့ကို ဆက်နှိပ်ပေးနေတယ်။ မောင်က ခိုင်တို့နားကို လာထိုင်တယ်။ ပြီးတော့ ခိုင့်ကိုမကြည့်ဘဲ ပြောတယ်။

‘ကျွန်တော် ဖိတ်စာလာပေးတာ အန်ကယ်’

မောင်က ဖိတ်စာကတ်လေးတစ်ခု ဖေဖေ့ဘက် ကမ်းပေးတယ်။

‘သြော်၊ ဘာဖိတ်စာလဲကွဲ့’

ခိုင့်ရင်ထဲမှာ တလှပ်လှပ်ခုန်လာတယ် မောင်။ ဘာကြောင့် ဒီလို ဖြစ်ရသလဲ။ ခိုင် ကိုယ့်ကိုယ်ကိုစိတ်ဆိုးမိတယ်။ မောင်နဲ့ ခိုင်ဟာ တံတိုင်းကြီး တစ်ခုခြားပြီးသား။ ပြီးတော့ ခိုင်ဟာ ခိုင့်ကို စောင့်ကြည့်နေကြမယ့် မျက်လုံး တွေကို ခုခံကာကွယ်နေရတဲ့အချိန်။ မောင့်အတွက် ခိုင့်မှာ ဘာခံစားချက်မှ ရှိမနေသင့်တော့ပါဘူး။

‘မင်္ဂလာဆောင်ဖိတ်စာပါ အန်ကယ်’

ရင်တွေ တဒိန်းဒိန်းခုန်လာတယ် မောင်ရယ်။ သြော် သူနဲ့ ငါဟာ သည်ကမ္ဘာမှာ ဝေးပြီးရင်း ဝေးရင်းပါလားလို့။

‘ဟုတ်လား၊ အင်းလေး မင်းလဲဘွဲ့ရပြီး အလုပ်ရပြီးပြီဆိုတော့’

ဖေဖေက ဒီလောက်ပဲပြောပါတယ်။ ‘သမီးတော်ပြီ’လို့ ခိုင့်ကို ပြောတယ်။ ခိုင်လဲ မောင့်ကို ရင်မဆိုင်ချင်တော့တာနဲ့ အိမ်ခန်းထဲ ဝင်ခဲ့ တယ်။ မောင်က သားလေးကို ခဏချီပိုးနှုတ်ဆက်ပြီး ပြန်သွားတယ်။

မောင် သိပ်ဆိုးတာပဲကွယ်။ ခိုင် စိတ်လဲဆိုးတယ်သိလား။ မောင်က ခိုင့်ကို သိနေသလားလို့ တွေးပြီးတော့လဲ ရှက်သွားမိတယ်။ မောင်ပေးခဲ့တဲ့



www.foreverspace.com.mm

ဖိတ်စာကို ခိုင်ဖွင့်မရဲ ဖတ်ကြည့်တော့ အိမ်တက်မင်္ဂလာဖိတ်စာဖြစ်နေတယ်။ မောင်တို့ အိမ်ပြောင်းသွားပြီလေ။ ဖေဖေကတော့ မောင်မောင်က ဆော်တော် နောက်တယ်လို့ပဲ ပြောတယ်။ ခိုင်ကတော့ ရှက်လဲရှက်မိ မောင့်ကို ဒေါသလဲဖြစ်။

ဒါပေမယ့် မောင်ရယ်၊ ခိုင့်ဘဝက မောင် ခိုင့်ကို နောက်ရက်သလား လို့တောင် မပြောအပ်တဲ့ဘဝပါ။ ဘာကိုပဲလုပ်လုပ် ခိုင့်မှာ အနှောင်အဖွဲ့နဲ့ပါ။ စိတ်ကူးထဲမှာတောင် ဝံ့ဝံ့စားစား မတွေးရဲတဲ့ ဘဝပါကွယ်။

မောင်ဟာ တစ်နည်းနည်းနဲ့ ခိုင့်စိတ်ကို သိနေတယ်ဆိုတာ တွေးမိ တော့လဲ ဝမ်းနည်းရပြန်တယ်။ ခိုင်ဟာ မုဆိုးမဘဝနဲ့ နေနေရတာ မောင်။ ယောကျ်ားသေလို့ ရက်မလည်ခင် နောက်လင်ယူမယ့် မိန်းမလို့ အပြောခံထား ရတာ။ ခိုင်က ဒါတွေကို ကျော်လွှားရဦးမှာ။

နောက်နေ့မှာ ခိုင် သားလေးကို ကျွေးမွေးသန့်စင်ပြီး အပြင်ထွက်ဖို့ ပြင်ရတယ်။ ခိုင့်အတွက် သားရဲ့ဖေဖေဆုံးမှ ပထမဆုံးအကြိမ် အပြင်ပြန်ထွက် တာ။ ခိုင်က ပြုပြုပြင်ပြင် နေတတ်တာတော့ ဝါသနာပဲနော်။ ပြီးတော့ တစ်သားမွေး တစ်သွေးလှလို့ ဆိုကြတယ် မဟုတ်လား။ ခိုင့်အလှကိုတော့ ခိုင် အားကိုးတစ်ခု မပြုပါဘူး။ ခိုင်အားကိုးတာ ကိုယ့်ရဲ့ ပင်ကိုအစွမ်းအစပဲ။

ခိုင် အိမ်ကထွက်အလာ လမ်းမှာ မောင့်ကို တွေ့တယ်။ မောင်က အိမ်ကို လာတာလေ။

‘ခိုင် ဘယ်သွားမလို့လဲ’ မောင်က မျက်နှာထားတည်တည်နဲ့မေး တယ်။ ခိုင် ပထမဆုံးအကြိမ် ပြုပြုပြင်ပြင်နဲ့ အပြင်ထွက်တာ မောင်က အဆန်းတကြယ်ကြည့်နေတယ်။ မောင့်လေသံကလဲ အစ်ကိုကြီးတစ်ယောက် က ညီမတစ်ယောက်ကို မာန်မဲငြူစူတဲ့အသံ။

ခိုင်က မောင် မနေ့က ခိုင့်စိတ်ကို ကသိကအောက်ဖြစ်အောင် စခဲ့တာ သတိရတယ်။

"နိုင် သူငယ်ချင်းတွေနဲ့ လျှောက်လည်မလို့၊ မောင် ကလေးခဏ ကြည့်ထားပေးပါနော်"

နိုင်က ခပ်တည်တည်နဲ့ပြောတော့ မောင့်မျက်နှာ ညိုမည်းသွားတာပဲ။

"ဘာ၊ ကလေးထားပြီး လျှောက်လည်မလို့၊ ဟုတ်လား"

"အင်းလေ၊ ဘာဖြစ်လဲ"

နိုင်က မထီတထီပြောတော့ မောင် စိတ်ဆိုးမာန်ဆိုးပုံနဲ့ အိမ်ဘက်ကို လျှောက်သွားတယ်။

နိုင် တစ်ယောက်တည်းပြုံးပြီး ကျောင်းဘက်ကို လျှောက်လာခဲ့တာပေါ့။ သြော် မောင်ရယ်။ နိုင်တို့ဟာ အမြဲပဲ တစ်ယောက်ကိုတစ်ယောက် နားလည်ပါလျက် ကျောခိုင်းမိလျက်သား ဖြစ် ဖြစ် နေကြတယ်နော်။

လွန်ခဲ့တဲ့ တစ်နှစ်ကျော်က နိုင် မိုက်မဲစွာ ကျောခိုင်းခဲ့တဲ့ နိုင့်ရဲ့ ပညာရင်နို့သောက်စို့ရာ ကျောင်းလေးကိုရောက်တော့ ဝမ်းနည်းလိုက်တာ မောင်ရယ်။ ငယ်ရွယ်စဉ် ကျောင်းနေရတဲ့ ဘဝကလေးဟာ ကြည်နူး လွမ်းဆွတ်စရာလေးပါ။ အရင်ကနပျိုလန်းဆန်းပြီး အရာတိုင်းဟာလဲ ကိုယ့်အတွက် အားတက်စရာ ယုံကြည်မျှော်လင့်စရာတွေအပြည့်ပါ။ သည် ကျောင်းမှာ နိုင်ဟာ အားလုံးက စိတ်ဝင်စားရတဲ့ ငေးမောအားကျရတဲ့ ကြယ်လေးတစ်ပွင့်အဖြစ် ရှွန်းလက်ခဲ့ရတာကို ပြန်သတိရတယ်။

မောင်နဲ့အပြစ်ကင်းစွာ သွားခဲ့လာခဲ့တာ၊ ပြီးတော့ ကိုကို။ နိုင်ရဲ့ နှလုံးသားကို ပထမဆုံး လှုပ်နိုးခဲ့တဲ့ ကိုကို။ ပြီးတော့ နိုင့်ကို စေတနာ အပြည့်နဲ့ချစ်ခဲ့တဲ့၊ နိုင့်ဘဝကို ကန့်လန့်ကာခြားပေးလိုက်တဲ့ ဦးအောင်ငြိမ်း။ နေရာဟောင်းကိုရောက်တော့ အဖြစ်ဟောင်းတွေ သတိရတယ် မောင်ရယ်။

ကျောင်းက ဆရာမတွေ သူငယ်ချင်းတွေက နိုင့်ကို မြင်တော့ ဝမ်းသာအားရ ဝိုင်းလာနှုတ်ဆက်ကြတယ်။ တချို့ သူငယ်ချင်းတွေက ဆယ်တန်းမအောင်ကြသေးဘူး။ သူတို့ဘဝက အရင်ကလိုပဲ ကလေးဘဝ ပျော်ပျော်ရွှင်ရွှင် တက်တက်ကြွကြွ။ နိုင်ကတော့ ခဏတာ အချိန်လေးမှာ



အများကြီး ပြောင်းလဲသွားပြီ။ အတွေ့အကြုံအရသာ ပြောင်းလဲတာ၊ နိုင့် ရုပ်သွင်ကတော့ အရင်အတိုင်းပဲလို့ သူတို့ကပြောကြတယ်။ နိုင့်အကြောင်းကို မေးလဲမေးကြ၊ စုပ်တသတ်သတ်နဲ့ ယူကျုံးမရလဲဖြစ်ကြ၊ အံ့လဲအံ့သြ သနားလဲသနားကြတာပေါ့။

နိုင် ငယ်ငယ်ကကြားဖူးတဲ့ ပုံပြင်လေးတစ်ပုဒ်ကို သတိရတယ်။ နတ်ပြည်က နတ်သမီးလေးတစ်ပါးဟာ လူ့ဘုံလောကကြီးအကြောင်း သိချင်လို့၊ လူ့ဘဝမှာ ပျော်မွေ့ကြည့်ချင်လို့၊ လူ့အဖြစ်ကို ဝင်စားကြည့်ချင်လို့ လူ့အဖြစ်ကို ဝင်စားကြည့်သတဲ့။ သူက ကြက်မကြီးတစ်ကောင်ရဲ့ ဝမ်းထဲ သွားဝင်စားတော့ ကြက်ဥလေးဘဝ ရောက်ရတာပေါ့။ အဲဒီအချိန် လူတစ် ယောက် ကြက်ဥကို ပြုတ်စားလိုက်တော့ သူဟာ လူ့လောကက စုတေရပြီး နတ်ဘုံပြန်ရောက်လာတာပေါ့။

သူ့ရဲ့ နတ်သမီး အပေါင်းအဖော်တွေက လူ့ဘုံလောကကြီးက ဘယ်လိုနေလဲလို့ ဝိုင်းဝန်းမေးကြတယ်တဲ့။ ဒီတော့ သူက လူ့လောကကြီး ဘယ်လိုနေတယ် သိဖို့နေနေသာသာ ခြေတောင် မချခဲ့ရပါဘူးအေလို့ ပြောတယ်တဲ့။

ဒါပေမဲ့ နိုင်ကတော့ သာပါတယ်။ ခြေတစ်ဘက် နင်းခဲ့ရတယ်လေ။ သူငယ်ချင်းတွေကိုတော့ ရယ်ရယ်မောမောပဲ ဖြေသိမ့်လိုက်ရတယ်။ ခြေတောင် မချခဲ့ရပါဘူးပေါ့။ တချို့ကလဲ နိုင့်မှာ ကလေးတစ်ယောက် ရခဲ့တာကို မသိကြဘူး။ အသိမပေးသင့်ဘူးထင်တဲ့သူတွေကို နိုင် အသိမပေး ဘူး။ နိုင် ကြိတ်ပြီး ကြိုးစားရမယ့် အပိုင်းတွေ ရှိနေသေးတယ်။

နိုင် ညကျောင်းတက်ဖို့ကျောင်းထွက်လက်မှတ် ယူရတယ်။ ဆရာမ တွေက ကျောင်းမှာလဲ နောက်နားက လာထိုင်ပြီး စာသင်တာ နားထောင် နိုင်တဲ့အကြောင်း ပြောတယ်။ ဆရာသမားတွေရဲ့ စေတနာကိုလဲ နိုင် လေးစားရပါတယ်။

www.foreverspace.com.mm

www.foreverspace.com.mm

နိုင့်ရဲ့ မထင်မှတ်တဲ့ ဘဝအလှည့်အပြောင်းကို တွေးရင်း အပေါ်ထပ် စာသင်ဆောင်ရဲ့ ပြတင်းပေါက်ကနေ အပြင်ကို လှမ်းမျှော်ကြည့်မိတယ်။ နိုင်တို့ ကျောင်းရဲ့ ပြတင်းပေါက်ကနေ လှမ်းကြည့်ရင် ဗဟိုအစိုးရ အထက်တန်းကျောင်းရှေ့က သရက်ပင်ကြီးကို လှမ်းမြင်ရတယ် မောင်။ အရင်တုန်းက ကျောင်းလွှတ်ရင် မောင်က အဲဒီ သရက်ပင်ကြီးအောက်က ရပ်စောင့်နေတတ်တယ်လေ။

နိုင် အံ့ဩသွားတယ် မောင်။ နိုင့် မျက်စိကိုတောင် နိုင် မယုံဘူး။ မျက်စိမှားနေတာလား၊ စိတ်ထင်တာလား၊ အိပ်မက်လားလို့ သေသေချာချာ ထပ်ကြည့်မိတယ်။ ဟုတ်ပါတယ်။ မောင်မှ မောင်အစစ်ပါပဲ။ သရက်ပင် အောက်မှာ ရပ်လို့။

နိုင် တုန်လှုပ်မိတယ်။ ဝမ်းလည်းသာတယ်။ ဝမ်းနည်းနည်းတယ် မောင်ရယ်။ သားရဲ့ဖေဖေ ဆုံးပြီးစမို့ မောင် နိုင့်ရှေ့မှာလာရပ်ပြီး သားကို ယူချီတုန်းကလဲ အဲဒီလို ခံစားရမှုမျိုး ခံစားခဲ့ရပြီ၊ ပြီးတော့ မပြောင်းလဲချင်တဲ့ နိုင့်ဘဝကို ထပ်ပြီး ပြောင်းလဲလာဦးမှာလား။ တစ်ခုခုဖြစ်လာဦးမလားလို့ စိတ်ထဲမှာ ထင်မိတယ်မောင်။

မောင် ဘာကြောင့် နိုင့်နောက်ကို လိုက်လာရသလဲ။

နိုင်ဟာ မောင့်အတွက် မပန်ထိုက်တဲ့ ပန်းပါ။ နိုင့်ရဲ့ မုဆိုးမဆိုတဲ့ ဘဝကို မေ့ထားလို့ရရင် မေ့ထားချင်လိုက်တာ မောင်ရယ်။ ဒါပေမယ့် နိုင့်သားကို နိုင် မေ့မထားနိုင်ဘူး။ မောင်ကကော မေ့နိုင်မလား။ မေ့လို့ ရကောင်းတဲ့အရာမှ မဟုတ်တာနော်။

နိုင် ကျောင်းပေါ်က ပြန်ဆင်းလာခဲ့တယ်။

နိုင့်ဘဝကို အစက ပြန်စမယ်လို့ စတင်လှုပ်ရှားတဲ့နေ့မှပဲ မောင့်ကို နေရာဟောင်းမှာ ပြန်တွေ့ရတယ်။ နိုင် အားတက်ရမလား၊ ပိုအားငယ်သွားသလား မပြောတတ်နိုင်အောင်ပါပဲ။



နိုင် သရက်ပင်အောက်ကို လျှောက်လာခဲ့တယ် မောင်။ အရင်ကလဲ ကျောင်းကပြန်တိုင်း ဒီလမ်းက ပြန်နေကျပဲလေ။ မောင့်နားကို ရောက်လာတယ်။ မောင် ရပ်ပြီးစောင့်နေတာလဲ သိတယ်။ နိုင်ခေါင်းငုံ့ပြီး လျှောက်လာတော့ မောင်က နိုင့်ရှေ့ ဆီးရပ်လိုက်တယ်။

"မိနိုင် မောင့်ကို ဘာလို့ညာတာလဲ" တဲ့။

နိုင် "ဘာညာလို့လဲ" ဆိုတော့

"ကျောင်းကိုလာမယ့်ဟာ၊ ဘာဖြစ်လို့ လျှောက်လည်မယ်လို့ ပြောတာလဲ" တဲ့။

"မောင်ကကော ဘာဖြစ်လို့ မင်္ဂလာဆောင်တော့မယ်လို့ ညာသလဲ"

မောင် ရယ်တယ်။ နိုင်နဲ့ မောင်က အပေါ်ယံက ဟန်ဆောင်နေကြတာ သိပ်ကို မသိသာလွန်းဘူးလား။ ဒါပေမဲ့ နိုင့်ရင်ထဲမှာ ချက်ချင်းပဲ လေးလံသွားတယ်။ မောင်နဲ့ တွေ့ရတိုင်း နိုင့်နောက်က တစ်စုံတစ်ရာက တွဲဆွဲထားသလိုပဲ စိတ်ထဲမှာလဲ အမြဲမောနေတယ်။

"နိုင် ကျောင်းပြန်တက်မှာလား"

မောင်က နိုင်နဲ့တွဲလျှောက်လာရင်း ပြောတယ်။ ငယ်ငယ်ကတည်းက နိုင်နဲ့ မောင်ဟာ အချိန်ကာလမရွေး အတူသွား အတူလာ နေခဲ့ကြတာ၊ ခုတော့ နိုင့်စိတ်ထဲမှာ တစ်ယောက်ယောက်မြင်သွားမှာ ကြောက်နေမိတယ်။

"ညကျောင်း ပြန်တက်မယ်"

နိုင်က တိုးတိုးပြောမိတယ်။

"ကောင်းတယ် နိုင်၊ မောင်လဲ ပြောမလို့ပဲ၊ နိုင် ဆယ်တန်းအောင်အောင် ပြန်လုပ်ပါ၊ မောင်ကလဲ တတ်နိုင်သလောက် ကူညီမယ်"

"ကျေးဇူးပဲ မောင်"

"သြော်၊ နိုင်က မောင့်ကို ကျေးဇူးတင်စကားတွေဘာတွေ ပြောတတ်နေပြီလား"

www.foreverspace.com.mm

မောင်က ဆွေးဆွေးမြည့်မြည့်ပြန်ပြောနေတယ်။ နိုင် စိတ်မကောင်းဘူး။ စကားပြောချင်စိတ်လဲ မရှိတော့ဘူး မောင်ရယ်။ မနက်က အားတက်ပြီး ရွှင်ရွှင်လန်းလန်းဖြစ်ခဲ့သမျှပဲ ပြန်ပြီး ကျဆင်းသွားတယ်။ နောက်ပိုင်းမှာလဲ မောင်နဲ့တွေ့ရတိုင်း နိုင့် စိတ်ဓာတ်တွေဟာ ပြန်ပြီး ကျဆင်းသွားတယ် မောင်။ အားအင် ကုန်ခန်းသွားသလိုပဲ။

နိုင်နဲ့ မောင်နဲ့ တိတ်တိတ်ဆိတ်ဆိတ်ပဲ အိမ်ကို လျှောက်လာကြတယ်။ မောင် အိမ်အထိ လိုက်လာပါတယ်။ စကားမပြောဖြစ်ကြဘူး။ အိမ်မှာ ဖေဖေလဲ ရှိနေတယ်။

ဖေဖေက မောင်နဲ့ပြန်လာတာကို ဘာမှမပြောပါဘူး။ မေမေကတော့ ခပ်တွေတွေကြည့်နေတယ်။ မောင် နိုင်မရှိဘဲ အိမ်ကိုလာမြဲလာနေခဲ့တာဆိုတော့ ဖေဖေ မေမေတို့က ဘာမှမပြောသာပါဘူး။ ဒါပေမယ့် သူတို့လဲ နိုင့်ရဲ့ တဖြစ်လဲဘဝအတွက် စိတ်ထင့်နေကြရပုံရတယ်။ အားလုံးဟာ နိုင့်အတွက် စိတ်ဆင်းရဲနေကြရတာပါပဲ။

မောင်ကတော့ သားကို ချီပိုးပြီး ဆော့ကစားနေတယ်။

"မင်းအမေ အပျိုလုပ်ပြီး ကျောင်းပြန်တက်ရင် မင်းကို တို့ ကလေးထိန်းလုပ်ပေးရမယ်" လို့ ရယ်မောပြောဆိုနေတယ်။

မောင်ပြန်သွားတော့ မောင့် ကျောပြင်ကို ငေးကြည့်နေမိတယ် မောင်။ သြော်၊ မောင် တကယ် လက်ထပ်သွားရင်လဲ ကောင်းမှာပါပဲလို့ နိုင် တွေးနေမိတယ် မောင်ရယ်။

## ၂

လူဆိုတာ အလုပ်တစ်ခုကို လုပ်သင့်လုပ်ထိုက်တဲ့အချိန်အခါမှာ မလုပ်ဘဲ အချိန်လွန်မှ လုပ်ရတဲ့အခါ ပိုပြီးတော့ ခက်ခဲပင်ပန်းပါတယ် မောင်။

အိမ်ထောင်ရှင်မဘဝကို တစ်နှစ်ကျော်ခြေချပြီးမှ ကျောင်းသူဘဝကို ပြန်သွားရတာ စိတ်ထဲမှာ အနည်မထိုင်သလို စာတွေ ကျက်ရမှတ်ရတာလဲ ဦးနှောက်က ထက်ထက်သန်သန် တက်တက်ကြွကြွ မရှိနိုင်တော့ဘူး။ သို့သော်လဲ ဒါဟာ ငါ့ဘဝရဲ့ လှေကားထစ်တစ်ခုပဲလို့ သဘောထားပြီး စိတ်ကို မြှုပ်နှံကြိုးစားရတယ်။

ကျောင်းကို မောင်ကိုယ်တိုင် လိုက်အပ်ပေးတယ်။ မောင်နဲ့သိတဲ့ မိတ်ဆွေတချို့က စေတနာရှင်ကျောင်း ဆရာတွေလေ။

"သူက ဦးနိုင်ဇော်တဲ့၊ မှတ်ထားနော် နိုင်"

တခြားဆရာတွေနဲ့လဲ မောင်က မိတ်ဆက်ပေးတယ်။ ဦးနိုင်ဇော်ဆိုသူကတော့ နိုင့်ကို ထူးထူးခြားခြားပဲ အကဲခတ်နေတယ်။ လိုအပ်တာရှိရင် ပြောပါ၊ တတ်နိုင်သမျှ အကူအညီပေးမယ်လို့လဲ ပြောပါတယ်။

www.foreverspace.com.mm

ညကျောင်းကိုပြန်တက်ရတော့ ခိုင့်မှာ ထင်သလောက် မချောမွေ့ဘူးမောင်။ မောင်ကလဲ စမ်းချောင်းဘက်ကို အိမ်ပြောင်းသွားတယ်။ ညဘက်တွေမှာ ခိုင်တို့အိမ်ကို သိပ်မလာနိုင်ဘူး။ လာနိုင်ပြန်တော့လဲ အိမ်ကိုပြေးပြီး သားကိုထိန်းပေးတယ်လေ။ မေမေက ကောင်းကောင်းမကျန်းမာတဲ့ ဖေဖေ့ကိုလဲပြုစုရတယ်။ မမရီကလဲ ဆေးကျောင်းသူဆိုတော့ စာသိပ်ကျက်ရတယ်။ အိမ်အလုပ် မလုပ်နိုင်ဘူး။ မြေးတစ်ယောက်ထိန်းရတာနဲ့ဆိုတော့ မေမေပင်ပန်းပါတယ်။ ခိုင် နေ့လယ်ဘက်မှာ တတ်နိုင်သလောက် မေမေ့ကို ကူပါတယ်။ စာပြန်ကျက်ရတာ တော်တော်ပင်ပန်းတယ် မောင်။ ခိုင် မဖြေတော့ဘူးလို့တောင် စိတ်ကူးမိသေးတယ်။

ခိုင့်မှာ ဘယ်သူ့ကိုမှ မပြောရဲတဲ့ အခက်အခဲက ခိုင့်နောက်ကို တချို့ကျောင်းသားတွေက တကောက်ကောက်လိုက်ကြတယ် မောင်။ ကျောင်းရောက်ရင်လဲ စာရေးခုံထဲမှာ ရည်းစားစာတွေ တွေ့တွေ့နေရတယ်။ တွေ့တွေ့ဆိုင်ဆိုင် ရင်ဆိုင်ရင်လဲ ခိုင်ဟာ ကလေးတစ်ယောက်အမေဖြစ်ကြောင်း ရှင်းပြဖို့ ဝန်မလေးပါဘူး။ ခိုင့်ဘဝကို ခိုင် ဖုံးကွယ်ဖို့မကြိုးစားဘူး။ ဒါပေမယ့် မကြားတကြား မထိတထိ စလာသူတွေကို ခိုင် ဘယ်လိုရင်ဆိုင်ရမလဲ။ အေးအေးနေလိုက်ရင် ပြီးသွားမှာပဲလို့ သဘောထားရတယ်။

ခိုင် အတန်းထဲကိုဝင်လာရင် စာသင်တဲ့ ကျောက်သင်ပုန်းပေါ်မှာ လက်ဆော့တဲ့သူတွေက ဆွဲထားတဲ့ ခိုင့်ရဲ့ ပုံတူကြီးကို အရင်ဆုံးသွားဖျက်ရတယ်မောင်။ ဆင်ယင်ထုံးဖွဲ့မှုက ခိုင့်ပုံကို ဆွဲထားမှန်း လူတိုင်းသိတယ်။ လူစုံတက်စုံမရောက်ခင် ခိုင့်ရဲ့ ပုံတူကြီးကို သွားဖျက်ရတာ အလုပ်တစ်ခုပဲမောင်။

တစ်ရက်က နှစ်ရက် နှစ်ရက်က သုံးရက်ဖြစ်လာတော့ ခိုင် စိတ်ညစ်တယ်။ အရင်တုန်းကတော့ ကိုယ့်ရဲ့အလှကို သူများတကာက စိတ်ဝင်စားတယ်ဆိုရင်ပဲ ပျော်စရာတစ်ခုပါ။ ခုလို အရာရာကို တွေးတော



www.foreverspace.com.mm

အားငယ်နေတဲ့အချိန်မှာ သိပ်စိတ်ညစ်မိတာ အမှန်ပဲ။ နောက်ဆုံးတော့ ခိုင် ဝမ်းပန်းတနည်း ငိုချလိုက်မိတယ်မောင်။

"မိမိခိုင် ဘာဖြစ်လို့လဲဗျာ" လို့ ဆရာဦးနိုင်ဇော်က လာမေးတယ်။

ခိုင် ရှက်ရှက်နဲ့ ပြောပြလိုက်တယ်။

"မိမိခိုင်ကို ကြည့်ရတာ ကျွန်တော့်စိတ်ထဲတစ်မျိုးပဲ၊ တစ်ခုခုကို တွေးပြီး ကြောက်နေသလိုပဲ" တဲ့။ "ဒီကိစ္စ ကျွန်တော်ရှင်းပေးပါ့မယ်ဗျာ" တဲ့။ ပြီးတော့ "မိမိခိုင်နဲ့ ကိုမောင်မောင်မြင့်နဲ့ ဘယ်တုန်းကသိကြလဲ" လို့ မေးတယ်။

ခိုင်က အံ့သြပြီး "ဘာဖြစ်လို့မေးတာလဲ ဆရာ" ဆိုတော့ "သူက ကျွန်တော်နဲ့ တက္ကသိုလ်မှာ အတူတူနေလာတာ၊ ခိုင်က အခုမှ ဆယ်တန်းဖြေတုန်းမို့" တဲ့။

"ခိုင်တို့နဲ့ မောင်မောင်နဲ့ ဆွေမျိုးမကင်းပါဘူး" လို့ပဲ ဖြေလိုက်ရတယ်။

ဆရာဦးနိုင်ဇော်က အတန်းသားအချင်းချင်း စိတ်အနှောင့်အယှက်ဖြစ်အောင် မနောက်ပြောင်ကြဖို့ တောင်းပန်ပါတယ်။ ညကျောင်းဆိုတော့ လူစုံတယ်မဟုတ်လား မောင်ရယ်။ နောက်တော့ ခိုင့်ကို နားလည်သွားကြပြီး မနောက်တော့ပါဘူး။

ကျောင်းသားတွေထဲမှာ ခိုင့်ကို တကယ်ပဲစိတ်ဝင်စားပြီး သဲသဲမဲမဲ လိုက်လာသူတွေကို ခိုင်ဟာ ကလေးတစ်ယောက်အမေပါလို့ ဖွင့်ပြောလိုက်တယ်။ လူတွေက ရယ်ရတယ်မောင်။ ခိုင်ဟာ ကလေးတစ်ယောက်အမေ မှုဆိုးမဆိုတာ သိလိုက်ရတော့ တစ်ချီတည်း လန့်ပြေးသွားကြတာပဲ။ သြော်၊ သူတို့က ခိုင့်အလှကို လိုချင်တာကိုး။ ခိုင့်ဘဝထဲကို ဘယ်သူမှ မဝင်ရဲဘူးဆိုတာ ကြာလေ နားလည်လာလေပဲ။

ဒါကြောင့် ခိုင်ဟာ အားလုံးနဲ့ ခပ်စိမ်းစိမ်းနေတယ်။ လူတွေကိုလဲ ရှောင်တယ်။ သီဟောင်း ကျွမ်းဟောင်းတွေကိုလဲ ရှောင်တယ် မောင်။

တစ်ခါတစ်ခါတော့လဲ နိုင့်ရဲ့ အစိုးရိမ်လွန်မှုကြောင့် ရိုင်းပျသလိုတောင် ဖြစ်ခဲ့ရပါတယ်။

တစ်ယောက်ယောက်က နိုင့်ကို အရေးတယူရှိလာရင်ပဲ ငါ့ကို မုဆိုးမမို့ အထင်သေးပြီး အရောတဝင်ပြုတာလားဆိုတဲ့ အစွဲကြီးနဲ့ ခါးခါးသီးသီး ဖြစ်မိတယ်။ ကိုတင်အေးကို မောင် သိတယ်မဟုတ်လား။ ဦးအောင်ငြိမ်းတို့ဌာနက အရာရှိတစ်ယောက်ပဲလေ။ သူနဲ့နိုင် တစ်နေ့က ဘဏ်မှာသွားတွေ့တယ်။ နိုင်လဲ ဦးအောင်ငြိမ်းထားခဲ့တဲ့ ငွေလေးကို တတိတတိ ထုတ်သုံးနေရတယ်လေ။ ဖေဖေတို့ အခြေအနေကလဲ ယိုင်နဲ့စပြုလာလို့ နိုင့်အတွက် ဘယ်သူ့ကိုမှ တာဝန်မယူစေပါဘူး။

ကိုတင်အေးက စေတနာနဲ့ပါ။

"နိုင် ကျွန်တော့်ကားနဲ့ လိုက်ခဲ့ပါလား၊ ကျွန်တော် အိမ်လိုက်ပို့ပေးပါ့မယ်" တဲ့။

ကိုတင်အေးက နည်းနည်းရုပ်ဖြောင့်တယ် မဟုတ်လား မောင်ရယ်။ သူ့မိန်းမကလဲ အင်မတန် သဝန်တိုတတ်တာ။ နိုင် သိတာပေါ့။

"နိုင့်ကို ကားကြုံခေါ်သွားတာ အိမ်ကမိန်းမက ကြိုက်ပါ့မလား" လို့ ခပ်တည်တည်ပြောလိုက်မိတယ်။ ကိုတင်အေး မျက်နှာကြီး နီရဲသွားပုံက အံ့သြစရာပါပဲ။ နိုင် ချက်ချင်း မှားမှန်းသိလိုက်ပါတယ်။

နိုင့်ကို နှုတ်တောင်မဆက်နိုင်ဘဲ ကားကို မောင်းထွက်သွားတယ်။ နောက်တော့ တခြားလူတွေကို ပြောပြတယ်တဲ့။ ဒေါ်မိမိနိုင်က အင်မတန် ရိုင်းစိုင်းနေပါကလားလို့လေ။ ဦးအောင်ငြိမ်းရဲ့ ဌာနက အကြီးအကဲတွေကလည်း နိုင့်ကို သူတို့ဌာနက အရာရှိလူပျိုတွေနဲ့ လက်ဆက်ဖို့ စကားကမ်းလှမ်းလာကြပါတယ်။ နိုင် အားလုံးကို ငြင်းရတယ်မောင်။ ပြောလာတဲ့ လူတွေက စေတနာပါတာလဲရှိရဲ့၊ စေတနာမဲ့တာလဲပါရဲ့။ မိန်းမတစ်ယောက်က ဆိုရင် နိုင့်ကို သေသေချာချာကြည့်ပြီး



"နိုင်က ကလေးတစ်ယောက်အမေဆိုပေမယ့် အပျိုရှုံးအောင်လှသေးတာကိုး၊ အရွယ်ကလဲ ငယ်တော့ ကယ်တင်ချင်သူတွေ ပေါတာပေါ့။ လူပျိုတွေမဆိုထားနဲ့ အိမ်ကလူတောင် နိုင့်ဆိုသနားလှချည်ရဲ့ ဖြစ်နေတာ" တဲ့။

တချို့မိန်းမတွေက အကျည်းတန်တာလဲမပြောနဲ့လေ မောင်ရယ်။ သူတို့ စိတ်ရင်းထဲမှာကိုက မလိုတမာစိတ်တွေ ပွားများနေတာ။ တကယ်တော့ နိုင့်ကို သူတို့ယောက်ျားတွေနဲ့တောင် စိတ်မချချင်ကြတာကို မဖုံးကွယ်နိုင်ကြဘူး။ ဒါကြောင့် နိုင်က မိန်းမရှိတဲ့ ယောက်ျားကိုလဲ ရှောင်ရတယ်မောင်။ နိုင့်အလှဟာ နိုင့်ကို စိတ်ချမ်းသာမှု မပေးပါဘူး။

ဒါတွေကို ကျော်လွှားအောင်မြင်နိုင်အောင် နိုင့်ဘဝမှာ အောင်မြင်မှုတွေရမှဖြစ်မယ်။ ဒါကြောင့် နိုင် စိတ်ကမထက်သန်ပေမယ့် ဆယ်တန်းအောင်အောင် ကြိုးစားပါတယ်။

ဆရာဦးနိုင်ဇော်က မကြာခင် နိုင်တို့အိမ်ကို ရောက်လာပါတယ်။ နိုင့်အတွက် စာမေးပွဲနီးတော့ စိတ်မချနိုင်တာကြောင့်တဲ့။ နိုင့်ဘဝကိုလဲသူ သိရှိနားလည်သွားတယ်။ သည်တော့ ပိုပြီး စေတနာထားတယ်တဲ့။

မောင်က အိမ်ကိုလာရင်း သားသားကိုချီပိုးရင်း နိုင့်ကို အမြဲပဲ အရိပ်ကြည့်နေတယ်။ တစ်နေ့ ဦးနိုင်ဇော်က နိုင့်ကို စာသင်ပေးရင်း

"ကိုမောင်မောင်က နိုင်နဲ့ ဘာမှမတော်ဘူး မဟုတ်လား" တဲ့။

နိုင်က "ဘာဖြစ်လို့မေးပြန်တာလဲ" ဆိုတော့

"စတွေ့ကတည်းက ကျွန်တော် ရိပ်စားမိပါတယ်ဗျာ၊ သူက နိုင့်ကို တော်တော်လေး ဂရုစိုက်တယ်နော်" တဲ့။ နိုင်တို့က ငယ်ငယ်ကတည်းက ခင်ကြတာပါလို့ ပြောရတယ်။

အဲသည်တုန်းက မောင်က ဝန်ကြီးများရုံး စီမံကိန်းဌာနမှာပဲ ရှိသေးတယ်နော်။ ဦးနိုင်ဇော်က ပြန်ကြားရေးဌာနမှာ လုပ်တယ်လို့ပြောတယ်။ ရုံးချင်းတော့ အတူတူပဲတဲ့။ ဦးနိုင်ဇော်က နိုင့်ကို စေတနာထားလို့ နိုင်ကလဲ ခင်ပါတယ်။ မောင်ကိုယ်တိုင်အပ်ပေးထားတာ မဟုတ်လား။ သည့်ထက်လဲ

www.foreverspace.com.mm

www.foreverspace.com.mm

ပိုပြီး စိတ်မပင်ပန်းပါဘူး မောင်။ ခိုင် ဆယ်တန်းအောင်အောင် ဖြေဖို့ပဲ အာရုံထဲမှာ ရှိပါတယ်။

ဒါပေမဲ့ ခိုင် တည်တည်ငြိမ်ငြိမ်ရှိမယ်ကြံရင် အကြောင်းတစ်ခုခုက လာလာနှောက်တာပဲ။ တစ်နေ့ ဦးနိုင်ဇော်က စာပြပေးရင်း ခိုင့်ကိုပြောတယ်။

"ကိုမောင်မောင်နဲ့ ခိုင်နဲ့ ဘာမှ မပတ်သက်ဘူးနော်" တဲ့။

"ဘာကြောင့် ခဏခဏမေးတာလဲ ဆရာ၊ ခိုင်တို့က ငယ်ငယ်ကတည်းက ခင်လာခဲ့ကြတာပါ"

ခိုင်က ပြောရတယ်။ ဆရာဦးနိုင်ဇော်က စဉ်းစားနေပါသေးတယ်။

"အင်းလေ၊ ကျွန်တော်က ခိုင်တို့ချင်း သံယောဇဉ်ရှိနေသလားလို့ပါ"

ခိုင့်စိတ်ထဲမှာ သံသယရှိလာတယ်။

"ငယ်ငယ်ကတည်းက ခင်တာဆိုတော့ သံယောဇဉ်ရှိပါတယ်ဆရာ၊ ဒါပေမယ့် ခု ခိုင်က မုန်းမလေ"

"အင်း ဟုတ်တယ်၊ ခိုင့်ကို ကျွန်တော် နှမအရင်းလို ခင်ပါတယ်၊ ဒါကြောင့် သတိပေးချင်တာ ခိုင်တို့က သိပ်ခင်တဲ့ သူငယ်ချင်းဆိုတော့ ကျွန်တော် ပြောလို့မှ ကောင်းပါ့မလားလို့"

"ပြောစရာရှိရင် ပြောပါ ဆရာ၊ ကျောင်းမှာလဲ ဆရာ ကျွန်မကို ကူညီစောင့်ရှောက်တာ ဆရာ့စေတနာကို ကျွန်မ လေးစားပါတယ်"

ဦးနိုင်ဇော်က တစ်ခုခု ဆုံးဖြတ်လိုက်သလို ဖွင့်ပြောတော့တယ်။

"ကိုမောင်မောင်က ရုံးမှာ မိန်းကလေးတစ်ယောက်နဲ့ တွဲနေတာလေ၊ အင်းလေ ပြောမယ့်သာ ပြောရ သူက လူပျိုပဲ၊ အတွဲရှိနေတာ အဆန်းတော့ မဟုတ်ပါဘူး" တဲ့။

ခိုင့်နားထဲမှာ တစ်မျိုးကြီးပဲ မောင်ရယ်။

နောက်ဆုံး သူကလူပျိုပဲအတွဲရှိနေတာ အဆန်းတော့ မဟုတ်ပါဘူး ဆိုတာ စွဲကျန်ရစ်တယ်။ ခိုင် ဘာမှုမဖြစ်သလို ဟန်ဆောင်နေရပါတယ်။

သည်ကိစ္စကို မောင့်ကို ဖွင့်မေးဖို့လဲ မလိုပါဘူးနော်။ မောင်ဟာ လွတ်လပ်တဲ့ ယောကျ်ားတစ်ယောက်။ ပြီးတော့ မောင့်မှာ အလုပ်အကိုင်လဲ



www.foreverspace.com.mm

ရှိနေပြီ။ မောင်တို့အရင်က ချို့ချို့တဲ့တဲ့နေရပေမယ့် ခုချိန်မှာ မောင့်တာဝန်တွေလဲပေါ့သွားလို့ မောင်တို့အဒေါ်တွေလဲ စီးပွားရေးလေး ဘာလေး ပြောင်းလုပ်တာ ပြေလည်တယ်လို့ သိထားပါတယ်။ ခိုင်တို့ကအကျ၊ ကျပြီးရင်း ကျနေတဲ့အချိန်ပါ။ ဖေဖေဆို ရုံးကနေ ခွင့်ရှည်ယူထားရတယ်။

ခိုင် စာမေးပွဲအောင်အောင် နှစ်ဆလောက် ကြိုးစားရပါတယ် မောင်ရယ်။ ခိုင်က နဂိုကတည်းက ပညာရေးမှာ ညံ့ဖျင်းတယ် မဟုတ်လား။

ကံကောင်းထောက်မလို့ ခိုင် အဲဒီနှစ် ဆယ်တန်းအောင်ပါတယ်။ ခိုင် စာမေးပွဲအောင်တော့ ပထမဆုံး ဝမ်းသာအားရပြေးပြောတာ မောင်ပါပဲ။ နောက် ဆရာ ဦးနိုင်ဇော်လေ။

ခိုင့်ဘဝမှာ အောင်မြင်မှုတစ်ခုကို ပထမဆုံးအကြိမ် စရတော့ ခိုင် ဝမ်းသာလို့မဆုံးဘူး။ သည်အချိန်မှာရတဲ့ အောင်မြင်မှုက ခိုင့်အတွက် သိပ်တန်ဖိုးရှိပါတယ် မောင်ရယ်။

ခိုင် ရုပ်ရှင်ရိုက်စက အောင်မြင်မှု ရခဲ့ပါတယ်။ သည်တုန်းကလဲပျော်ခဲ့ ကျေနပ်ခဲ့တယ်။ ဒါပေမဲ့ မတူပါဘူးမောင်။ အရင်တုန်းက ဘဝဆိုတာ ဒီလောက် ခက်ခဲမှန်း ခိုင် မသိသေးတာ။ အောင်မြင်မှုဆိုတာ လုပ်ယူရင် ရတာပဲလို့ ထင်ခဲ့တယ်။ခုလို အချိန်နှောင်းမှ ခက်ခက်ခဲခဲရတဲ့ အောင်မြင်မှုကို ခိုင် ဘာနဲ့မှ မလဲနိုင်ဘူး။

ဒါပေမဲ့ မောင်ရယ်။

ခိုင့်ဘဝဟာ ဘယ်တော့မှ လုံးဝဥဿုံ ပျော်ရွှင်မှုကို မရခဲ့ဘူး။

စိတ်ချမ်းသာမှု တစ်ခုရပြီးရင် စိတ်ဆင်းရဲမှုတစ်ခုက အမြဲနောက်က ကပ်ပါလာတယ်။

ဖေဖေ့ နှလုံးရောဂါက ပြန်ဖိစီးလာလို့ ဖေဖေ့ကို ဆေးရုံတင်ရတယ် မောင်ရယ်။

ပြောခဲ့သလိုပဲ ဖေဖေဟာ အင်မတန် စိတ်ဓာတ်ပြင်းထန်တဲ့သူ။ သည်လိုလူတစ်ယောက်ဟာ ဘာကိုမှ တက်တက်ကြွကြွမရှိတော့လောက်

www.foreverspace.com.mm

အောင် စိတ်ရောလူပါ ကျဆင်းသွားတာ နိုင့်ကြောင့်ပဲ။ ဖေဖေက နိုင်ဒုက္ခ ရောက်နေချိန် သမီးတစ်ယောက်အနေနဲ့ ပြန်လက်ခံခဲ့ပါတယ်။ ဒါပေမယ့် ဖေဖေ နိုင့်အပေါ်ထားရှိတဲ့ မပြေနိုင်တဲ့ မျက်မာန်တော်ဟာ သေသည်အထိ ပါသွားလေရဲ့။ ဖေဖေဟာ နိုင့်ကို သမီးရယ်လို့တောင် ဟဟမခေါ်ခဲ့တာ နိုင် သိတာပေါ့ မောင်ရယ်။ ကျန်တဲ့ သားသမီးတွေက ဘယ်လိုပဲထွန်းပေါက် အောင်မြင်ပေမယ့် သူ့လိုအင်ဆန္ဒကို ပြည့်ဝအောင် မဖန်တီးပေးနိုင်ကြဘူး။ သူ မျှော်မှန်းခဲ့တာ နိုင်ပဲ မဟုတ်လား။

ဝေဒနာ ပြင်းပြင်းထန်ထန်ခံစားနေရတဲ့ ဖေဖေ့ကိုကြည့်ပြီး နိုင် ဝမ်းနည်းယူကျုံးမရ ဖြစ်မိတယ် မောင်။ ဖေဖေ့ကို နိုင် မသေစေချင်ဘူး။ ဖေဖေ့ကို နိုင့်ရဲ့ အောင်မြင်မှုတွေကို မြင်သွားစေချင်တယ်။ ဖေဖေ ကြိတ်ခံစားနေရတဲ့ စိတ်ဝေဒနာကို နိုင် သိတယ်၊ နိုင် ကလေးတစ်ယောက်နဲ့ ကသီလင်တဖြစ်နေရတဲ့ဘဝဟာ ဖေဖေမြင်ချင်တဲ့ဘဝ မဟုတ်ဘူး။ ဒါကို ဖေဖေ နေ့စဉ်မြင်နေရတော့ ဖေဖေ ပိုပြီး စိတ်ဆင်းရဲမှာပဲ။

ပြီးတော့ ဖေဖေဟာ မောင့်ကို လိုလားခဲ့တယ်။ နိုင်နဲ့ သင့်တော်မယ့် သူဟာ မောင်ပဲဆိုတာ ဖေဖေ ယုံတယ်။ ဒါပေမယ့် နိုင် ကလေးတစ်ယောက် အမေ ဖြစ်လာတဲ့ဘဝ၊ မဆိုးမဘဝမှာ ဖေဖေက မောင့်ကိုလဲ နိုင့်အတွက် မမျှော်မှန်းတော့ဘူး။ ဒီအတွက်လဲ ဖေဖေ စိတ်ဆင်းရဲမှာပဲ။

ဖေဖေ ခုလိုဖြစ်ရတာ နိုင့်ကြောင့်လို့ မေမေကိုယ်တိုင်ကပါပြောတော့ နိုင် ပိုပြီး ကြေကွဲရတယ်။ ကျန်တဲ့ မောင်နှမတွေကလဲ နိုင့်ကိုပဲယိုးစွပ်ကြ တယ်။ ဖေဖေ့ကို နိုင် အတတ်နိုင်ဆုံး ပြုစုချင်ပါတယ်။ ဒါပေမယ့် ဖေဖေက နိုင့်ရဲ့အပြုအစုကိုတောင် ခံယူမသွားခဲ့ဘူး။ သားရဲ့ဖေဖေတုန်းကလဲ နိုင် မပြုစုလိုက်ရပါဘူး။ သည်အတွက် နိုင့်ဘဝမှာ အမြဲပဲကံကြီးထိုက်ခဲ့ရသလား မသိပါဘူး မောင်ရယ်။

ဖေဖေဟာ သူ့ဝေဒနာကို သူ့ဘာသာ ကြိတ်ခံစားရင်း အသက်ဆုံး သွားပါတယ်။

နိုင့်ရဲ့ ဘဝလဲ ဒုတိယအကြိမ် အမှောင် ကျရောက်ခဲ့ရပါတယ် မောင်ရယ်။

www.foreverspace.com.mm

၃

နိုင် ဆယ်တန်းအောင်ရင် သားရဲ့ဖေဖေထားခဲ့တဲ့ ငွေလေးနဲ့ တက္ကသိုလ် ဆက်တက်ရကောင်းမလားလို့ ရည်ရွယ်ထားခဲ့တာလေးလဲ ပျက်ပြယ်သွား ပြန်ပါတယ်။

မိသားစုရဲ့ တာဝန်ဟာ နိုင့်အပေါ် လုံးလုံးကျရောက်ခဲ့ပြီလေ။

သိတဲ့အတိုင်းပဲ ဖေဖေမရှိတော့ နိုင်တို့ဘဝဟာ လက်မဲ့ပါ။ နေစရာ အိမ်ကိုတောင် ရှာကြရတော့မယ်။

အိမ်ထောင်သည် အစ်ကိုကြီးနှစ်ယောက်မှာ တစ်ယောက်က နိုင်ငံခြားမှာ။ တစ်ယောက်ကတော့ နယ်မှာပါ။ လခစားသမားများမို့ အသင့်အတင့် ကူညီထောက်ပံ့နိုင်ပေမယ့် အားကိုးတစ်ခုပြုလို့ မဖြစ်တော့ ဘူးလေ။ အစ်ကိုကျော်ကြီးက တတ်နိုင်သလောက် ထောက်ပံ့ပါတယ်။ ဖေဖေ ခွင့်ရက်ရှည်ယူထားရတည်းက အစ်ကိုကျော်ကြီးရဲ့ လစာနဲ့ မေမေ့မှာ ကျားကန်ထားရတာလို့ ဆိုပါတယ်။

မိဘဆိုတာ သားသမီးဆီက မျှော်ကိုးရိုးထုံးစံမရှိဘူး မဟုတ်လား။

www.foreverspace.com.mm

မမရီက သူ့အတွက် မေမေ့မှာ ဝန်လေးနေမယ်၊ ကျောင်းကထွက်ပြီး အလုပ်လုပ်မယ်လို့ ပြောပါတယ်။ သည်လိုတော့ မေမေကရော နိုင်ပါ အဖြေမခံနိုင်ဘူး။ မမရီက စာတော်တယ်။ တည်ကြည်တယ်။ ဖေဖေမရှိလို့ မမရီ ဆေးကျောင်းကတောင် ထွက်လိုက်ရတယ်ဆိုတာ ဘယ်အဖြစ်ခံနိုင်ပါ့မလဲ။ နိုင်က ကျောင်းမတက်ရသေးတဲ့သူ ကိစ္စမရှိဘူး။ ပြီးတော့ နိုင်က မုဆိုးမ ကလေးတစ်ယောက်အမေ။ နိုင့်ဘဝမှာ ဒါကို ခဏခဏထည့်စဉ်းစားရတာ အသည်းနာတယ်။ ဒါပေမယ့် ပတ်ဝန်းကျင်နဲ့တကွ အားလုံးသော သူတွေက ဒါကိုပဲ လက်ညှိုးထိုး ပုံကြီးချဲ့နေကြတာကလား။ သည်တော့ ကျောင်းမနေချင်းမနေရင် နိုင်ပဲ မနေရမှာပေါ့။

နိုင့်မှာ သားရဲ့ဖေဖေ ကျေးဇူးကြောင့် ငွေလေးနည်းနည်းပါးပါး ရှိပါတယ်။ အစကတော့ ဒီငွေနဲ့ နိုင့်ပညာရေး၊ သားရဲ့ပညာရေးကို သုံးဖို့ပါ။ ခုတော့ တစ်နည်းတစ်ဖုံ ပြောင်းလဲရတော့မယ်။ နိုင်တို့မိသားစုအတွက် သင့်တော်မယ့် အိမ်လေးတစ်လုံးကို ရှာပါတယ်မောင်။

သည်နေရာမှာလဲ နိုင် လူတွေအကြောင်း ထပ်သိရတာပဲ။ ဖေဖေ ရှိစဉ်က ဖေဖေအောင်မြင်စဉ်က ဥဒဟိုဝင်ထွက်သွားလာနေသူတွေ ခုတော့ တဖြည်းဖြည်း ရှဲသွားပြီလေ။ ပြီးတော့ ပြောစရာ ဝေဖန်စရာရှိတော့သာ အားမနာတမ်း ပြောကြ အပြစ်တင်ကြတာပါ။ တကယ့်အရေးကျတော့ ကိုယ့်အရေးကို ကိုယ့်ဘာသာဖြေရှင်းရတာ။ ဘယ်သူကမှလာပြီး လက်တစ်ဘက်မကမ်းပါဘူး မောင်။

မောင်ကတော့ နိုင်တို့အပေါ်မှာ အမြဲတမ်း မပြောင်းမလဲ ရပ်တည်ခဲ့ပါတယ်။ အဲဒါတစ်ခုတည်းနဲ့ပဲ နိုင်ဟာ မောင့်အပေါ် အားလုံးခွင့်လွှတ်နိုင်ခဲ့တယ်။ ဒါတွေ မောင် အသိပါနော်။

နိုင်တို့မိသားစု နေလောက်တဲ့အခန်းကလေးတစ်ခန်းရတယ် မောင်။

ရေကျော်မှာ။ ပတ်ဝန်းကျင်က သိပ်ပြီး ရှင်းရှင်းသန့်သန့် မဟုတ်ပေမယ့် နေလို့သင့်ပါတယ်။ အိမ်ကလေးကလဲ အောက်ထပ် တစ်ထပ်လုံး



www.foreverspace.com.mm

ကောင်းကောင်းနေလို့ရပါတယ်။ မေမေကတော့ ပတ်ဝန်းကျင်နဲ့ နေသားမကျတော့ အစပထမ စိတ်ဆင်းရဲတာပေါ့ မောင်ရယ်။ ဒါပေမယ့်လဲ သမီးတစ်ယောက်ကို ပြန်မှီခိုရတဲ့ဘဝဆိုတော့ မေမေ တစ်ခွန်းမညည်းရှာဘူး။

နိုင်က အလုပ်တစ်ခုခုလုပ်ဖို့ စဉ်းစားရတယ်။ နိုင်ဆယ်တန်းအောင်ပြီဆိုတော့ သားရဲ့ဖေဖေ မိတ်ဆွေဟောင်းတွေက ရုံးမှာ ဝင်လုပ်မလားလို့ ကူညီမယ့်သဘော ပြောကြပါတယ်။ နိုင်စဉ်းစားတယ်။ ဆယ်တန်းအောင်ရုံဆိုတော့ စာရေးမဘဝနဲ့ နေရမှာပေါ့ မောင်ရယ်။ နိုင်တို့မိသားစု စားလောက်ပါ့မလား။ မမရီရဲ့ ပညာရေးက ရှိသေးတယ်။

သည်လိုအချိန်မှာ နိုင် တစ်ယောက်တည်း ရုန်းကန်ရပ်တည်စပြုတာကို ရိပ်စားမိလာတဲ့ သားရဲ့ ဖေဖေ အသိုင်းအဝိုင်းက နိုင့်ကို နားလည်စပြုလာကြတယ် ထင်ပါတယ်။ နိုင်ဟာ သားအတွက် ဆွေဆက် မျိုးဆက် မပြတ်စေချင်ဘူးမောင်။ ဒါကြောင့် သားရဲ့ မွေးနေ့ရောက်တိုင်း သားနဲ့ ပတ်သက်တဲ့ အကြောင်းအရာတိုင်းကို သားဖေဖေ အသိုင်းအဝိုင်းဆီကို အမြဲသတိပေးတယ်။ အဲဒီလို လုပ်တတ်အောင် မေမေက သင်ပေးတာ။ သွေးသားဆိုတော့ မပြတ်ကောင်းဘူးတဲ့။ ကိုယ်နဲ့မဆိုင်ပေမယ့် သားနဲ့ ဆိုင်တယ်တဲ့။

"မိမိနိုင်လဲ အရွယ်ရှိသေးသား၊ သင့်တော်မယ့် ယောကျာ်းရှိရင် လက်ထပ်ပါလား"

နိုင်က ရယ်ချင်တယ်။ ရက်မလည်ခင် နောက်ယောကျာ်းယူမယ့် မိန်းမလို့ ပြောခဲ့တာ သတိရတယ်။ သားလေး သုံးနှစ်သား ရောက်လာပြီ။ နိုင်က ဘဝကို ပြန်စဖို့ အားယူတန်း။ နိုင့် နှလုံးသားထဲမှာရှိတဲ့ အချစ်ကိုတောင် နည်းအမျိုးမျိုးနဲ့ ဆုံးမချေဖျက်နေရတယ်။ မောင်နဲ့သာ ယူလိုက်ရင် နိုင့်အပေါ် သဘောထားတွေ ကောင်းနိုင်ကြတော့မှာ မဟုတ်ဘူး။ အစက မပြောလားဆိုတာတွေ လာကြတော့မယ်။ မပြေးသော် ကန်ရာရှိပေါ့ မောင်ရယ်။

သူတို့က နိုင့်ကို လက်ထပ်စေချင်တာ သားရဲ့ နောင်ရေးအတွက် စိတ်ချယုံကြည်ပြီး အားကိုးအားထားပြုနိုင်တဲ့ ယောက်ျားတစ်ယောက်ယောက် ပေါ့ မောင်ရယ်။

နိုင့်ဘဝမှာ အမှားတွေ ထပ်ခါတလဲလဲမလုပ်ချင်တော့ဘူး မောင်။ နိုင်ဆိုလိုတာ နားလည်ရဲ့လားဟင်။ အချစ်နဲ့ပတ်သက်လို့ ပြောတာ မောင်ရယ်။

ကိုကို့ကို နိုင် ချစ်ခဲ့ စွဲလမ်းခဲ့တယ်။ ခုထိလဲ ကိုကို့အကြောင်းတွေးရင် ရင်ထဲမှာ ပူနွေးဆဲ။ မြေနီကုန်းမှာ ကိုကို့နဲ့တွေ့ပြီး ကိုကိုက သူ့အဆင်မပြေတဲ့ အိမ်ထောင်ရေးအကြောင်း တစ်စွန်းတစ်စပြောတော့ နိုင် စိတ်မကောင်း ဖြစ်တယ်။ ဝမ်းလဲသာတယ်လို့ ပြောခဲ့တယ်နော်။ ဘာကြောင့်ဆို ကိုကို နိုင့်အပေါ် သစ်စိမ်းချိုးချိုးခဲ့တာကို စိတ်နာလွန်းလို့။ မောင်မသိတဲ့အကြောင်း ရှိသေးတယ်။

ကိုကို လက်ထပ်သွားပြီး သိပ်မကြာခင် နိုင်လဲ အလူးအလဲခံစား နေရတဲ့အချိန် ကိုကို့နဲ့ တစ်ခါဆုံတယ်။ သူငယ်ချင်းတွေနဲ့ ဘုရားသွားကြတာ မောင်။ ဘုရားကအဆင်းမှာ ကိုကို့နဲ့တွေ့တာ။ ကိုကိုကတစ်ယောက်တည်း။ ယောက္ခမတွေကို ဘုရားလိုက်ပို့ရင်း အောက်မှာ ကားစောင့်နေတာတဲ့လေ။

သူငယ်ချင်းတွေက ဟိုမှာ ကိုကို ကိုကိုရယ်ဆိုပြီး ပြကြတာပေါ့။ နိုင် မတွေ့ချင်လို့ ရှောင်ပြီး တစ်ဘက်လမ်းက လျှောက်သွားတယ်။ ကိုကိုက နိုင်တို့ဆီ ပြေးလာတယ်။ ဒီအချိန်မှာ နိုင်ဟာ ကိုကို့နဲ့ပတ်သက်ပြီး အရှက်ရခါစ။ နိုင် ဘယ်လောက်ပဲ ရုပ်လှပြီး ထင်ပေါ်သည်ဖြစ်စေ ဆရာဝန်လောင်းတစ်ယောက်က မယူဘဲ ပစ်ပြေးတယ်ဆိုတာ နိုင့်မှာ သိက္ခာကျဆင်းစေတာပေါ့ မောင်။ ကိုကို လက်မထပ်သေးဘဲ နေရင်တောင် နိုင်ဟာ အပေါင်းအသင်းတွေအလယ်မှာ ဝင့်ထည်နေနိုင်ဦးမှာ။ ဒါကြောင့် ကိုကို့ကို မြင်တော့ ဒေါသစိတ်တွေ ဆူလာတယ်။



ကိုကိုကတော့ နိုင်နဲ့ပတ်သက်ရင် သူပဲအနိုင်ရမယ်လို့ထင်နေဆဲ။ ကိုကိုက အနားရောက်လာတော့ နိုင် ဘုရားလာသလား၊ ကျောင်းစာတွေ လိုက်နိုင်ရဲ့လားဆိုပြီး ဟန်မပျက် မေးတယ်လေ။ နိုင်က မျက်နှာကို ချက်ချင်း တစ်ဘက်လှည့်ပြီး ရှောင်သွားတော့ ကိုကိုက နိုင့်လက်မောင်း လှမ်းဆွဲတယ်။

"နိုင် ကိုကို့ကို စိတ်ဆိုးတုန်းပဲလားကွာ၊ ကိုကို့ကို ခွင့်လွှတ်ပါ၊ နော် ခွင့်လွှတ်နော်" တဲ့။

ကိုကိုဟာ သူ့ကိုယ်သူ ယုံကြည်လွန်းတယ်။ နိုင့်စိတ်ကိုလဲ သိနေတာကိုး။ ဒါပေမဲ့ နိုင် သူငယ်ချင်းတွေရှေ့မှာ ရှက်လဲ ရှက်လို့ ဒေါသဖြစ်ရင် အလိုလိုမြောက်တက်လာတဲ့ ညာဘက်လက်နဲ့ ကိုကို့ပါးကို လှမ်းရိုက် လိုက်မိတယ်။ အရှိန်ကတော့ ခပ်ပျော့ပျော့ပါ။

မောင်ကပြောတယ်နော်။ တစ်ဆိတ်ရှိ လက်က ပါပါလာတတ်တာ ဂျပန်သွေးလို့ ဝင်စားသလားတဲ့။

သည်တုန်းက ရှက်စိတ်နဲ့ လုပ်လိုက်မိတာ။ ကိုကိုလဲ လှည့်ပြန် သွားတာပဲ။ ဟော အခု အနှစ်နှစ်ဆယ်လောက်မှာ ကိုကို့နဲ့ ပြန်တွေ့တော့ နိုင်က ကောင်းကောင်းမွန်မွန်ပဲ စကားပြောလိုက်ပါတယ်။ ဘာကြောင့်လဲ ဆိုတော့ ကိုကို့ကို နိုင် စိတ်မနာတော့ဘူး။ စိတ်နာတာနဲ့ ချစ်တာကို နိုင် ခွဲခြားသိပြီလေ။

မောင် နိုင့်ကို ရှောင်ဖယ်ဖယ် လုပ်ခဲ့တာ၊ မပြတ်သားခဲ့တာ၊ အေးသီတာနဲ့ တွဲခဲ့တာ၊ အဲဒါတွေက နိုင် သားရဲ့ဖေဖေနဲ့ အလျင်စလို လက်ထပ်ဖြစ်အောင် စေ့ဆော်ခဲ့တယ်။

ချစ်တာနဲ့ လက်ထပ်တာကို တခြားစီလား အတူတူလား နိုင် မခွဲခြား တတ်ပါဘူး။ ဒါပေမယ့် လူတိုင်းဟာ ချစ်သူနဲ့ပဲ အတူတူ နေချင်ကြတယ် မဟုတ်လား။

ဒါကြောင့် ခိုင့်ဘဝမှာ အမှားတွေ ထပ်ခါတလဲလဲ မလုပ်ချင်တော့ဘူးလို့ ပြောတာ။

ခုတစ်ကြိမ်မှာ ခိုင် ဘယ်သူ့ကိုမှာ အလျှင်စလို လက်ထပ်ဖို့ စိတ်မကူးဘူးမောင်။ အမှားလဲ မခံနိုင်တော့ဘူး။ ပြီးတော့ အရေးကြီးဆုံးအချက်က ခိုင့်မာန။ အစက ခိုင် မာနဒီလောက် မရှိပါဘူး။ ဒါပေမဲ့ ခိုင့်ရဲ့အလှ ခိုင့်ရဲ့ဘဝကို ချိုးကြ နှိမ်ကြလွန်းလို့ ခိုင် မာနကြီးတတ်လာတယ်။ ခိုင့်အလှနဲ့ ခိုင့်ဘဝကို မာနနဲ့ ကာကွယ်ရမယ် မောင်။

ခိုင်ဟာ သားရဲ့ ဖေဖေ အရာရှိအသိုင်းအဝိုင်းနဲ့ အခါအားလျော်စွာ ဆက်ဆံရတယ်။

သားရဲ့ဖေဖေနဲ့ အရင်းနှီးဆုံး မိတ်ဆွေတစ်ယောက် ဆုံးသွားတော့ ခိုင့်မှာ လူမှုဝတ္တရားအရ သွားရ သတင်းမေးရတယ် မောင်။ တစ်ချိန်က အရာရှိကတော်ချင်းကိုး။

ခိုင် အလှအပကြိုက်တာ၊ အိမ်ရှင်တောင် လှလှပပပဲ အိမ်ရာဝင်တတ်တာ၊ အိပ်ရာကထတာနဲ့ ကိုယ့်ကို ပြုပြုပြင်ပြင်နေတတ်တာ မောင် အသိပဲနော်။ ခုဆို ခိုင်က ကိုယ့်ကိုယ်ကို ပိုတောင်လှအောင် ဂရုစိုက်ရသေးတယ်။ ဘာကြောင့်ဆို လှအောင်နေတာကိုက ခိုင့်ရဲ့ အလုပ်တစ်ခု ဖြစ်နေပြီလေ။ အလုပ်သဘောတွေ ပါနေပြီလေ။

ယောကျ်ားဆုံးတော့လဲ ခိုင် ဝမ်းနည်းပူဆွေးတာ တခြား၊ အလောင်းမြေကျပြီး နောက်နေ့ကစပြီး ခိုင် နေမြဲအတိုင်း နေခဲ့တာပါပဲ။ဒါကိုပဲလူတွေက ကြည့်မရ ရှုမရ ဖြစ်နေတာ ခိုင် နားမလည်ဘူး။

အလှကြိုက်တဲ့သူဟာ မိမိကိုယ်ကို ပိုပြီး သတိချပ်တယ်ဆိုတာ သူတို့က သတိမထားမိကြဘူး။ အကျင့်စာရိတ္တ ချွတ်ယွင်းသူဆိုတာ အကျည်းတန်တဲ့သူမှာကော မရှိနိုင်ဘူးလား။ မောင် တကယ်တပ်အပ်ပြောရဲသလား။ ဘယ်နေရာမှ ကြည့်မလှတဲ့ မိန်းမတစ်ယောက်ဟာ ရာဂရမ္မက်ကြီးမားပြီး ယောကျ်ားနဲ့ တစ်ရက် အတူမနေရ မနေနိုင်တာ မောင်မြင်ဖူး



သလား။ အကိုနဲ့ လုံချည်ကိုတောင် အဆင်ပြေလိုက်ဖက်အောင် မဝတ်မဆင်တတ်တဲ့မိန်းမတစ်ယောက်ဟာ မျက်စိတစ်မှိတ်အတွင်းမှာ လင်တစ်ယောက်ပြီး တစ်ယောက်ပြောင်းသွားတာကောင် မောင် ကြားဖူးသလားဟင်။ ခိုင်ပြောတာ ကြမ်းတမ်းရင် ခွင့်လွှတ်ပါ မောင်။

လှချင်တဲ့သူဟာ နေရာတကာ ဂရုစိုက်ရတယ် မောင်ရယ်။ ဘယ်နေရာက ချိန်စက်ကြည့်ကြည့် သူတစ်ပါးရဲ့ စိတ်နှလုံးမှာ နှစ်သက်သဘောကျနေစေမှ အလှဟာ ပြည့်စုံတယ် မောင်။ လှချင်တာနဲ့ လျှပ်ပေါ်လော်လီတာနဲ့ တခြားစီပါ မောင်။

ခိုင် လှမြဲအတိုင်း လှနေတာမြင်ရတော့ အသုဘသတင်းလာမေးတဲ့ တခြား အရာရှိကတော် တစ်ယောက်က

"မင်းကတော့ အလှမပျက်နေနိုင်တယ်နော်၊ ဟိုမှာဖြင့် သူ့ယောကျ်ားအတွက် ပူလို့ ဆွေးလို့ အိမ်ပြင်တောင် မထွက်နိုင်ရှာဘူး" တဲ့။

ဘယ်အချိန်ကတည်းက ငြိုးထားလေတယ်မသိ။ ခိုင့်ကိုပြောင်ပြောင်တင်းတင်း ဝေဖန်လိုက်တော့ ခိုင် ဒေါသဖြစ်လိုက်တာ။ ရုတ်တရက် ဘာပြန်ပြောရမှန်းလဲ မသိတော့ဘူး။ လူတွေရှေ့မှာ အစော်ကားခံရတော့ အသား တဆတ်ဆတ်တုန်တယ်။

အတေးအမှတ်ဆိုတာ မထားကောင်းဘူး။ ခိုင် နားလည်ပါတယ်။ ဒါပေမဲ့ ရင်ထဲကမကျေနပ်ဘူး။ သိပ်ရယ်စရာကောင်းတယ် မောင်။နောက်ခြောက်လလောက်အကြာမှာ အဲဒီ မုဆိုးမက နောက်အိမ်ထောင်ပြုသွားတယ်။ ဒါ သူ့အကြောင်းနဲ့သူပေါ့။ မဟုတ်ဘူးလား။

ဒါပေမဲ့ ဟိုအမျိုးသမီးကိုတော့ ချေပချင်သေးတယ်။ ခိုင်က စာတစ်စောင် ရေးလိုက်တယ်။

ယောကျ်ားသေလို့ အိမ်ထဲက အိမ်ပြင် မထွက်နိုင်တဲ့ ဒေါ်အေးအေးတစ်ယောက်တော့ အားကိုးမရှိလို့ထင်ရဲ့ နောက်အိမ်ထောင်ပြုသွားပြီ၊

နိုင်ကတော့ ကိုယ့်အားကိုယ်ကိုးပြီး အပြင်မှာ ရပ်တည်ဆဲ။ နိုင့်သားလေးလဲ ကျောင်းသားပြီးပါပြီလို့။

ဒီစာကို ရေးလိုက်တဲ့အချိန်မှာ နိုင်ဟာ ဆရာမ လုပ်နေတယ်။ တစ်အိမ်လုံးကို လုပ်ကျွေးနေတယ်။ မုဆိုးမချင်းအတူတူ ဟိုတစ်ယောက်က မိဘဆွေမျိုး စီးပွားရေး တောင့်တင်းတယ်လေ။

ဘာပြောကောင်းမလဲ မောင်၊ အဲဒီပါးစပ်သရမ်းတဲ့ အရာရှိကတော်နဲ့ သူ့ယောက်ျားပါ နိုင့်ဆီကိုရောက်လာပြီး တောင်းပန်ကြတယ်။

နိုင့်ဘဝမှာ မောင့်အပေါ် သံယောဇဉ်မပြတ်နိုင်တာ တစ်ခုတည်းနဲ့ အရာရာကို အရှုံးပေးခဲ့ရတာပါ မောင်။ ကျန်တာ နိုင် အားလုံးရင်ဆိုင်ရဲတယ်။

နိုင်က ဆယ်တန်းအောင်ထားတော့ သားကို မူကြိုကျောင်းပို့ရင်းနဲ့ လုပ်အားပေးဆရာမလေး ဝင်လုပ်တယ် မောင်။ နိုင့်ရဲ့ ဆရာကခေါ်လို့ သိုင်းကျောင်းမှာလဲ အချိန်ပိုင်းပြန်လုပ်ရတယ်။ အလုပ်နှစ်ခုပေါင်း လေးရာကျော်ရလို့ နိုင်တို့ အိမ်စရိတ်စုမိပါတယ်။ ကျန်တာတော့ မေမေ့မှာရှိတဲ့ လက်ဝတ်လက်စားလေးတွေရောင်းပြီး စားနေကြရတာပေါ့။

ဆင်းရဲတဲ့ဘဝကို နိုင်းအားမငယ်ခဲ့ပါဘူး။ တစ်အိမ်လုံးအတွက် ငါးကျပ်လောက်နဲ့ ဈေးသွားပြီး လောက်အောင်စားခဲ့ကြတာပဲ။ စားဝတ်နေရေးအတွက် အိမ်ထောင်ပြုရမယ်ဆိုတာကိုလဲ နိုင် လက်မခံနိုင်ဘူး။

မောင်က နိုင်တို့အိမ်မှာ အဝင်အထွက်များတာကို ပတ်ဝန်းကျင်အသစ်က အကဲခတ်ကြတယ်။ ပတ်ဝန်းကျင်အဟောင်းက မောင့်ကိုအမြင်ရိုးနေပမယ့် ပတ်ဝန်းကျင်အသစ်ကတော့ အမြင်ဆန်းနေတယ်လေ။

ကျောင်းပိတ်ရက် စနေ တနင်္ဂနွေမှာ နိုင်က သိုင်းသင်တန်းကျောင်းသွားရတယ်။ မောင်က သားသားနဲ့ လာနေပေးတယ်။ နိုင်တို့ ဒုက္ခရောက်နေမှန်းသိလို့ မောင်က တတ်နိုင်သလောက် ကူညီချင်တယ်။ နိုင် လက်မခံခဲ့ဘူး။

တစ်နေ့မှာ မောင်က စကားအဆန်း ပြောလာတယ်။



"နိုင် မောင် ဌာနပြောင်းလိုက်ပြီ" တဲ့။

"ဟုတ်လား ဘယ်ဌာနလဲ"

"နိုင်ငံခြားရေးဌာန"

နိုင့် စိတ်ထဲ တစ်မျိုးဖြစ်သွားတယ်။ မောင် ဘာပြောချင်တာလဲ။

"ဘာဖြစ်လို့ ပြောင်းတာလဲ"

နိုင်က သားသားအတွက် ဆွယ်တာထိုးနေတာ။ ခုဆို နိုင်က အလုပ်နဲ့လက် မပြတ်အောင် နေတတ်နေပြီ။ သားသားက မောင်ပစ်ပေးတဲ့ ဘောလုံးကို လိုက်ကောက်နေတယ်။

"မောင် အရာရှိဖြစ်ရင် နိုင့်ကိုယူမယ် နိုင်"

ရုတ်တရက် နိုင့်ခန္ဓာကိုယ် တောင့်တင်းသွားတယ် မောင်။

မမျှော်လင့်တဲ့ စကားကို မမျှော်လင့်တဲ့အချိန်မှာ မောင် ပြောလိုက်တာပဲ။ နိုင် ရှက်လဲရှက်တယ်။ ဒေါသလဲဖြစ်တယ်။ ဒီတစ်ခါတော့ လက်မပါ ပါဘူး။ နိုင် မောင့်ကို မော့မကြည့်ဘူး။

နိုင်က သားရဲ့ဖေဖေကို အရာရှိကြီးတစ်ယောက်မို့ ကောက်ယူခဲ့တာလို့ မောင် စွပ်စွဲတယ်ပေါ့။ နိုင် အံကြိတ်လိုက်မိတယ်။

"မောင် နိုင့်ဆီ မလာနဲ့တော့"

တစ်ခွန်းပဲပြတ်ပြတ်ပြောပြီး နေရာက ထလာခဲ့တယ်။

နောက်ဖေးခန်းကို မောင် လိုက်လာတယ်။

"နိုင် မင်းကို မောင် ချစ်တယ်။ အရင်ကလဲ ချစ်ခဲ့တယ်၊ ကိုကိုနဲ့ မင်း မတွေ့ခင်ကတည်းက ချစ်ခဲ့တာ"

မောင် နိုင့်လက်မောင်းကို အတင်းဆုပ်ကိုင်ရင်း ပြောတယ်။ နိုင် ရုန်းလိုက်တော့ မောင် နောက်ဆုတ်သွားတယ်။ နိုင် မောင့်ကို စိမ်းစိမ်းကားကား ကြည့်မိတယ်။

"အရာရှိဖြစ်မှ နိုင့်ကို လက်ထပ်မယ်လို့ ဆုံးဖြတ်ရင် မောင်နိုင့်ကို ချစ်ဖို့မလိုဘူး၊ ပြီးတော့ နိုင့်ကို ခဏခဏ မလှည့်စားပါနဲ့ မောင်၊ နိုင့်ဘဝနဲ့

www.foreverspace.com.mm

နိုင် တစ်ယောက်တည်း ရုန်းကန်နေရတာ ကျေနပ်တယ်၊ မောင် လာလာကူနေတဲ့အတွက် နိုင်တို့မိသားစုမှာ ပိုလို့တောင် လူပြောသူပြော ခံရတယ်ဆိုတာ မောင် သိရဲ့လား"

"မောင်က နိုင့်ကို ဘာလှည့်စားလို့လဲ" မောင် ခပ်တွေတွေနဲ့ပြောတယ်။

"သြော် မလှည့်စားဘူး ဟုတ်လား၊ အရင်တစ်ခါကလဲ မောင် လှည့်စားခဲ့တာပဲ၊ ခုလဲမောင် မပြတ်မသားနဲ့ နိုင့်ကို ညာဦးမယ်ပေါ့"

"ဘယ်သူပြောသလဲ"

မောင့် မေးခွန်းဟာ အဖြေပဲ မဟုတ်လား။

မေမေ ဈေးကပြန်ရောက်လာလို့ စကားပြတ်သွားတယ်။ မေမေက နိုင်တို့ အနေအထားကိုကြည့်ပြီး မျက်နှာထား တင်းနေတယ်။

မောင် ပြန်သွားတော့ နိုင့်ကို အိမ်ထောင်ရေးနဲ့ ပတ်သက်ပြီး ဘာမျှ မပြောခဲ့တဲ့ မေမေက စကားပြောလာတယ်။

"တစ်ပင်လဲမှ တစ်ပင်ထူတဲ့၊ ယောကျ်ားသေလို့ နောက်ယောကျ်ား တစ်ယောက်ယူတာ မဆန်းပါဘူး၊ ကိုယ်က အရွယ်ရှိသေးတာပဲ၊ဒါပေမယ့် ကိုယ့်ထက် အသက်ကြီးကြီး၊ ကိုယ့်သားလေးအတွက်ရော ကိုယ့်အတွက်ပါ အားကိုးတစ်ခုပြုနိုင်လောက်မှ အများအမြင်လဲတင့်တယ်မယ်၊ ကိုယ်လဲ စိတ်ချမ်းသာမယ်" တဲ့။

ပြီးတော့ ဆက်ပြောတယ်။

"မောင်မောင်ဟာ တို့မိသားစုအပေါ် ကောင်းရှာပါတယ်၊ အနစ်နာလဲ ခံတယ်၊ ဒါပေမဲ့ သမီး စိတ်မကောင်းဖြစ်မှာစိုးလို့ မပြောတာ၊ သူ့အဒေါ်တွေက ခု စီးပွားလေးကလဲတောင့်လာတော့ ပိုတောင်တင်းတယ်၊ ဒီအိမ်သွားတာ မကြိုက်ဘူးလို့ လူတကာကိုပြောနေတာ ပြန် ပြန် ကြားနေရတယ်" တဲ့။



နိုင်တစ်ခွန်းမှ ပြန်မပြောပါဘူး။ မေမေလဲ စကားသိပ်ပြောတဲ့မိန်းမ မဟုတ်ဘူး။ ပြီး မေမေဟာ ဖေဖေဆုံးပြီးကတည်းက စိတ်ဓာတ်ကျဆင်းနေတာ။ ငွေရေးကြေးရေးလဲမပြေလည်တော့ မေမေ စိတ်ဆင်းရဲနေရှာတယ်။ ဖေဖေ မရှိတော့ အစုရှယ်ယာတွေလဲ ကုန်သလောက်၊ တချို့လဲ ပြန်မရတော့ဘူး။ သမီးငယ်ရဲ့ ပိုက်ဆံနဲ့အိမ်ငှားနေရတယ်။ သားပို့တဲ့ လခလေးနဲ့ ခရီးဆက်ရတော့ မေမေဟာ လင်သားလုပ်စာလောက် မပိုင်နိုင်ဘူးထင်ပါရဲ့။ ဒါကြောင့် မေမေ့ကို အတိုက်အခံ မပြောချင်ဘူး။

မောင့်အကြောင်းတွေးတော့လဲ နိုင် စိတ်နာတယ်။ စိတ်ထဲက မောင့်အပေါ် သံယောဇဉ် မပြတ်နိုင်တာကိုလဲ ကိုယ့်ဘာသာ သိနေတယ်။ နိုင်နဲ့မောင်ဟာ တစ်ယောက်ကပြေးရင် တစ်ယောက်က လိုက်နေသလိုပါပဲ။

နောက်နေ့ ဆရာဦးနိုင်ဇော် ရောက်လာတယ်။ နိုင် စာမေးပွဲအောင်ပြီးကတည်းက သူနဲ့ မတွေ့တော့တာ။ သူက နိုင့်အပေါ် တော်တော်လေးပဲ ခင်တွယ်နားလည်တာ နိုင် သိတယ်။

"နိုင် ကိုမောင်မောင့်ကို ဘာပြောလိုက်သလဲ" တဲ့။

"ဘာဖြစ်လို့လဲ" နိုင်က ပြန်မေးတော့

"အေးဗျာ၊ ကိုမောင်မောင် ခင်ဗျားအပေါ် ဘယ်လိုစိတ်ထားတယ်ဆိုတာ ကျွန်တော် အစကတည်းက ရိပ်မိပါတယ်၊ ဒါကြောင့် ကျွန်တော် နိုင့်အပေါ် ဘယ်လိုသဘောထားတယ်ဆိုတာကိုတောင် ဖွင့်မပြောခဲ့တာ"

"လာပြန်ပြီလား တစ်ယောက်"လို့ နိုင့်စိတ်ထဲက ပြောမိတယ်။ ခုတလော နိုင့်မှာ ကံကောင်းတာလား ကံဆိုးတာလားမသိ။စကားကမ်းလှမ်းသူတွေတယ်ပေါတာပဲ။ ဒါပေမယ့် နိုင် ရယ်ချင်တယ်။နိုင်က ကိုယ့်ဘဝကိုယ် တစ်ယောက်တည်း ရင်ဆိုင်နေပြန်တော့လဲ လူတွေက ကောင်းကောင်း ကြည့်မနေချင်ကြပါကလားလို့။

"ဆရာ၊ ကျွန်မ ဘာမှမသိချင် မကြားချင်တော့ဘူး၊ ကျွန်မသားနဲ့ ကျွန်မ မိသားစုအတွက် ကျွန်မတစ်ယောက်နဲ့ပဲ လုံလောက်နေပြီ"

www.foreverspace.com.mm

“မဟုတ်ဘူးဗျာ၊ ပြဿနာက ဒီလို”

“ပြောပါဦးဆရာ၊ လူတွေက ကျွန်မအတွက် ပြဿနာ ဖြစ်ဖြစ်နေကြတာ ကျွန်မက ပြဿနာကောင်ကြီး ဖြစ်နေပြီ”

ဦးနိုင်ဇော်နဲ့ စကားပြောနေတော့ မေမေလဲ ရှိတယ်။ မမရီလဲ ရှိတယ်။ သူတို့က ဦးနိုင်ဇော်ကို လိုလားကြပါတယ်။

“ကိုမောင်မောင်က ကျွန်တော့်ဆီကို လာတယ်ဗျာ၊ ခင်ဗျားတို့နှစ်ယောက်ကြားမှာ ကျွန်တော် ရှုပ်နေတယ်လို့ ထင်တယ်၊ ကျွန်တော်ကလဲ ပြောလိုက်မိတယ်၊ ခင်ဗျား နိုင့်ကို တကယ်လက်မထပ်နိုင်ရင် နိုင့်ဆီမသွားသင့်ဘူးလို့”

“အဲဒီတော့”

နိုင် မောင့်သဘောထားကို သိချင်ပြန်တယ်။ နိုင်ကိုကလဲ မောင်နဲ့ ပတ်သက်လာရင် မပြတ်သားဘူးလေ။

“သူက ကျွန်တော့်ကို ဆွဲထိုးတယ်ဗျ”

“ဟင်”

ဆရာဦးနိုင်ဇော် ပြန်သွားတယ်။

နိုင် တွေးနေမိတယ်။ ဆရာဦးနိုင်ဇော်ကိုယ်တိုင်လဲ နိုင်ရဲ့ မုဆိုးမဘဝကို ရင်မဆိုင်ရဲဘူး။ မောင်လဲ ရင်မဆိုင်ရဲဘူး။ ဒါပဲ မဟုတ်လား။

မောင့်ကို မေ့ပစ်ဖို့ ကြိုးစားရပါတယ်။

www.foreverspace.com.mm

# ၄

နိုင်ဟာ အသက်ဆယ့်ရှစ်နှစ်မှာ အိမ်ထောင်ကျတယ် မောင်။ ဆယ့်ကိုးနှစ်မှာ ကလေးတစ်ယောက်အမေ မုဆိုးမ ဖြစ်ခဲ့တယ်။ ဒီနောက်ပိုင်းမှာ ဘဝရဲ့ ပျော်ရွှင်မှုဆိုတာတွေလဲ နိုင့်အတွက် ချုပ်ငြိမ်းသွားခဲ့ပြီ။ ဖေဖေကလဲမရှိတော့တဲ့နောက်ပိုင်းမှာ ဘဝဆိုတာ ရုန်းကန်လှုပ်ရှားဖို့ သက်သက်ပဲဖြစ်ခဲ့ရတယ်။

နိုင်လဲ ပုထုဇဉ် လူသားတစ်ယောက်ပဲ၊ ပျော်ပျော်ရွှင်ရွှင် နေချင်သေးတာပေါ့ မောင်ရယ်။ ပြီးတော့ နိုင့်အသက်အရွယ်ဟာ ရွှင်ရွှင်လန်းလန်း တက်တက်ကြွကြွနေဖို့ အကောင်းဆုံးအရွယ်ပဲရှိသေးတယ် မဟုတ်လား။

ဒါပေမယ့် နိုင် မပျော်ရဲဘူး မောင်။

ပျော်ရွှင်စရာတစ်ခုခုကို လုပ်မယ်ကြံတိုင်း နိုင့်ကို တစ်စုံတစ်ခုက တုပ်နှောင်ထားသလိုပဲ ခံစားရတယ်။ တစ်ခါတလေ သိုင်းသင်တန်းကျောင်းက သင်တန်းသားတွေစုပြီး ပျော်ပွဲစားထွက်ကြတယ်။နိုင့်ကိုလည်း လိုက်စေချင်ကြတယ်။ နိုင်ကတည်း လိုက်ချင်တယ်။ နိုင်ငယ်ငယ်က ကျောင်းနေရတဲ့ ဘဝဟာ ကျောင်းသူဘဝသက်သက်ပဲ။ အခုလို စိတ်လက်ပေါ့ပေါ့ပါးပါး နေရတဲ့ဘဝမဟုတ်သေးဘူး။ သူငယ်ချင်းတွေနဲ့ ရုပ်ရှင်ကြည့်ကြတာလောက်ပဲ ပျော်စရာရှိတာ။ ခုလို လွတ်လပ်တဲ့ဘဝမျိုးမှာ စိတ်လွတ်ကိုယ်လွတ် ပျော်ချင်တာပေါ့။

www.foreverspace.com.mm

ဒါပေမယ့် မလိုက်ဝံ့ဘူး မောင်။

တစ်ခုခုကို လုပ်မယ်ကြံတိုင်း အစဉ်းစားလွန်တဲ့ အကျင့်က ဝင်နေတော့ ခိုင် စဉ်းစားတယ်။ပျော်ပွဲစားထွက်တာဆိုတော့ ပျော်ကြမယ်။ လွှတ်စုံမယ်။ လွတ်လွတ်လပ်လပ် ပြောကြဆိုကြမယ်။ ရင်းရင်းနှီးနှီး လက်ပွန်းတတီး နေကြမယ်။

သူများတွေကတော့ ဘယ်လိုနေနေ တင့်တယ်ပါတယ် မောင်ရယ်။ ခိုင်နေမိရင် တစ်မျိုးမြင်ကြတော့မယ်။ ခါတိုင်း တည်တည်တံ့တံ့နေသူက ဒီလိုအချိန်မှာ ခိုင့်ကို ရင်းရင်းနှီးနှီးဆက်ဆံလာရင်လဲ ခိုင်ပဲ စိတ်ဆင်းရဲရမယ်။ သူများ အဆင်သေးရွတ်ချလာမှာကို မခံနိုင်ဘူးလေ။ ဒီတော့ ဒီလို ပျော်ပွဲရွှင်ပွဲလေးမျိုးကိုတောင်မှ သတိကြီးစွာနဲ့ ရှောင်ခဲ့တယ် မောင်။ ပြောပြီကော။ ခိုင် မရှောင်နိုင်တာ မောင်တစ်ယောက်ပဲ။

မောင်က ခိုင်တို့အိမ်ကို လာမြဲ။ ဘယ်သူ့မှ ဂရုစိုက်မနေနိုင်ဘူးတဲ့။

ခိုင် မင်း အပြင်က မောင့်ကို ဘယ်လိုပဲစိမ်းစိမ်း ရင်ထဲက မစိမ်းနိုင်ဘူးဆိုတာ မောင် သိပါတယ်တဲ့။

မောင် ခိုင့်ကို ပထမဆုံးအကြိမ် စာလေးတစ်စောင် ရေးပေးသွားတယ်လေ။

ခိုင့်စိတ်ကို မောင် သိနေတယ်ဆိုတဲ့ သဘောပေါ့။ ခိုင် ဘာမှ မချေပချင်တော့ဘူးမောင်။ ခိုင်နဲ့ မောင်ဟာ တစ်ချိန်ကလဲ ဟန်မဆောင်သင့်ပဲ ဟန်ဆောင်ခဲ့မိကြတယ် မဟုတ်လား။ မောင့်အကြောင်းကိုလဲ ခိုင် သိနေတာပဲ။ လောကမှာ ဟန်ဆောင်ချုပ်တည်းရတာတွေ များလွန်းလို့ ဟန်ဆောင်မှုလေးကို ခဏတော့ခွာချထားချင်တာ အမှန်ပါပဲ မောင်ရယ်။

ဒါကြောင့် ခိုင် ဆုံးဖြတ်တယ်။ ဒီတစ်ခါ ကိုယ့်ကိုယ်ကို မညာတော့ဘူးလို့ပေါ့။

ဒါပေမယ့် ခိုင် အချိန်ကို စောင့်ချင်တယ်။ ဒီတစ်ခါ ကြိုးစားရမှာ မောင် မဟုတ်ပါဘူး။ ခိုင်ပါ မောင်။ မောင် အရာရှိကြီးဖြစ်မှ ခိုင်က မောင့်ကို လက်ထပ်မယ်လို့ မောင်တွေးတာ တရားလွန်ပါတယ်။ ခိုင်က



သားရဲ့ဖေဖေကို အရာရှိကြီးမို့ ရွေးချယ်ခဲ့တာလား။ ငယ်တဲ့စိတ်နဲ့ တဖွတ်ထိုး လုပ်ခဲ့မိတာ မောင် နားလည်ပါလျက် သက်သက် ခိုင့်ကို ခနဲ့ချင်တာပဲ မဟုတ်လားမောင်။

ဒီအချိန်မှာ ခိုင်ဟာ မောင့်ထက် အစစအရာရာ နိမ့်ကျနေတဲ့အချိန်ပါ။ မောင့်ကို လက်ထပ်နိုင်အောင် ခိုင့်ဘဝ မြင့်မားလာမှ ဖြစ်မယ်မောင်။ မောင်ဟာ လူပျိုလူလွတ်ဖြစ်နေတယ်ဆိုတဲ့ အချက်တစ်ခုတည်းနဲ့ကိုပဲ မောင့်ဘက်က အများကြီး မြင့်နေပြီလေ။

ဒါကြောင့် ခိုင် ကြိုးစားတယ်။

သားလေးကိုလဲ ကျန်းမာသန်စွမ်းအောင် ခိုင် ပြုစုတယ်။ တစ်ဘက်ကလဲ ခိုင့်အလုပ်ကို ခိုင် ပိုပြီးအောင်မြင်အောင် လုံးပန်းတယ်။ ခိုင့် ပင်မအလုပ်က အားကစားပဲလေ။ ဖေဖေမရှိတော့ ရုပ်ရှင်ကိုတော့ ခိုင် စွန့်လွှတ်လိုက်ပြီ။ သိုင်းပညာမှာတော့ ဆရာရဲ့ လက်ရုံးတစ်ဆူ ဖြစ်လာခဲ့ပါတယ်။ သိုင်းလောကမှာလဲ နာမည်ရခဲ့ပါတယ်။သိုင်းအဖွဲ့ချုပ်ကဆရာဖြစ်လက်မှတ်ကို ရထားလို့ ပညာရေးတက္ကသိုလ်နဲ့ အထက်တန်းကျောင်းတွေ ဝိဇ္ဇာသိပ္ပံတက္ကသိုလ်တွေမှာ အချိန်ပိုင်း ဆရာမ လုပ်ပေးရတယ် မောင်။

ခိုင် အပင်ပန်းခံတယ်။ နှစ်ဆယ့်လေးနာရီပတ်လုံး အလုပ်လုပ်နေရပါတယ် မောင်ရယ်။ ခိုင် အပင်ပန်းခံတာ တစ်နေ့ အကျိုးခံစားရမယ်လို့ ယုံကြည်တယ်။ ယုံကြည်တဲ့အတိုင်း ဖြစ်လာတာပဲ။

ခိုင် လုပ်အားပေးဆရာမအဖြစ်နဲ့ တစ်နှစ်အလုပ်လုပ်ပြီး ဆရာမတွေက ခိုင့်ကို ခင်မင်နှစ်လိုကြလို့ ဆရာမတစ်ယောက်အဖြစ် ကျောင်းကို ကိုယ်တိုင် ဦးစီးဦးဆောင်လုပ်နိုင်အောင် နည်းပေး လမ်းပြကြတယ်။

ခိုင် အိမ်မှာပဲနေ့ကလေးထိန်းကျောင်းလေးတစ်ခု ဖွင့်လိုက်တယ်။ အလုပ်တစ်ခုကို ဦးဆောင်လုပ်ရတာ အစပထမတော့ ဘယ်လွယ်မလဲ မောင်ရယ်။ ဒါပေမဲ့ ခိုင် တတ်စွမ်းသမျှ စေတနာရော အလုပ်ပါ ကြိုးစားနိုင်ခဲ့လို့ တစ်နှစ်အတွင်းမှာ ခိုင်ဟာ အောင်မြင်တဲ့ ကိုယ်ပိုင်မူကြို ကျောင်းလေး ဖွင့်နိုင်ခဲ့တယ် မောင်။

ကြည့်လေ။ ခိုင့်ကျောင်းမှာ ကျောင်းသား ငါးဆယ်လောက်ရှိတယ်။ လက်ထောက်ဆရာမ နှစ်ယောက် ခန့်ထားရတယ်။ ဝင်ငွေလဲကောင်းတယ်။ ခိုင့်မှာ ဂုဏ်လဲရှိ အများကလည်း လေးစားတာပေါ့ မောင်ရယ်။

ခိုင် စားဝတ်နေရေးလဲ မပူရတော့ဘူး။ ဣန္ဒြေရရလဲနေနိုင်လာပြီ။ ဒီအချိန်မှာ ဘဝကို ရဲရဲရင်ဆိုင်ဝံ့လာပြီ။ ခိုင်ဟာ တခြားယောက်ျားတစ်ပါးကို အားကိုးအားထားပြုစရာ မလိုတော့ပါဘူး။ မောင့် အသိုင်းအဝိုင်းကိုလဲ ခိုင် မကြောက်တော့ဘူး။ ကလေးတစ်ယောက်နဲ့ အတိဒုက္ခရောက်နေတဲ့ မိန်းမတစ်ယောက် မဟုတ်တော့ဘူးလေ။ ကိုယ့်ကိုယ်ကို ယုံကြည်မှုတွေ ရလာတယ်။

ခိုင့်ရဲ့ နာမည် ဂုဏ်သတင်းလဲ သင်းပျံ့လာတယ်။ ခိုင်ဟာ လှလှပပနဲ့ ဣန္ဒြေရရနေတဲ့ မိန်းမတစ်ယောက်။ ကံဇာတာတက်လာတဲ့အချိန် ရောက်တော့ အောင်မြင်မှုဆိုတာ နောက်က လိုက်လာတာပဲ။

တရုတ်ပြည်က ဝူရှုးသိုင်းသင်တန်းတက်ဖို့ ခိုင် အရွေးခံရပါတယ်။

ရုပ်ရှင်သမားတွေက ခိုင့်ဆီ လိုက်လာကြပေမယ့် ခိုင် မလုပ်တော့ဘူး။

မောင်ကလဲ မလုပ်စေချင်ဘူးလေ။

ဘယ်သောအခါမှ သံယောဇဉ်မပြတ်နိုင်တဲ့ ခိုင်နဲ့ မောင်ဟာ တတွဲတွဲ ပြန်ဖြစ်လာခဲ့တယ်။ ဒါပေမယ့် မောင်နဲ့ လက်မထပ်ချင်သေးဘူး မောင်။ ခိုင် ဒီထက်မကအောင်မြင်အောင်ကြိုးစားချင်သေးတယ်။တစ်နေ့မှာ ခိုင်နဲ့မောင် လူလိုနတ်လို ပေါင်းစည်းနိုင်လိမ့်မယ်လို့ ခိုင် ယုံကြည်တယ်။ အဲဒီ ယုံကြည်ချက်လေးနဲ့ ခိုင် မနားမနေ ကြိုးစားတာပဲ။

ခိုင်ဟာ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်တဲ့ မိန်းမတစ်ယောက် ဖြစ်လာရင် မောင့်အသိုင်းအဝိုင်းကလဲပြစ်တင်ရှုတ်ချတော့မယ် မဟုတ်ဘူးလို့ ခိုင် မျှော်လင့်ပါတယ်။

ဒါပေမယ့် ခိုင်က အချစ်ရေးမှာ အမြဲကံဆိုးခဲ့လေသလား မသိပါဘူး မောင်ရယ်။

ခိုင်နဲ့မောင် တတွဲတွဲနေတာ ခိုင့်ဘက်မှာ ပြဿနာမရှိပေမယ့် ပတ်ဝန်းကျင်ကတော့ ပြဿနာဖြစ်အောင် စေ့ဆော်တာပဲမောင်။



ခိုင့်အစ်ကိုလတ်ဟာ သူ့ဘာသာ အေးအေးဆေးဆေးနေတဲ့သူ တစ်ယောက်ပဲ။ တစ်နေ့ သူရှူးရှူးဒိုင်းဒိုင်းနဲ့ အိမ်ကိုရောက်လာတော့ ခိုင် အံ့အားသင့်သွားတယ်။ ခိုင်က ခိုင့်ကျောင်းက ကလေးတွေကို ထမင်းကျွေးပြီး သိပ်ထားတဲ့အချိန်။ စနစ်တကျ ပြုစုလေ့ကျင့်ပေးထားတဲ့ ကလေးငယ်တွေကိုကြည့်ပြီး ခိုင် ကျေနပ်အားရနေဆဲ။ သားသည်အမေတွေကလဲ ခိုင့်ကို ယုံယုံကြည်ကြည်နဲ့ သူတို့ ရင်သွေးလေးတွေကိုအပ်နှံပြီး အလုပ်ခွင် သွားကြတာ ဘယ်လောက်ကြည်နူးဖို့ကောင်းလဲ။ခိုင်ကလဲ ကိုယ့်ဘဝကိုကိုယ် ကျေနပ်ဂုဏ်ယူဆဲ။ အနာဂတ်ကိုတွေးပြီးတော့လဲ နှစ်သိမ့်နေဆဲ။ မောင် အလုပ်ခွင်မှာ အတည်တကျဖြစ်ရင် ခိုင့်ကို လက်ထပ်ခွင့်တောင်းမှာပဲ။ ဒီတစ်ခါ ဘယ်သူတွေ ဘာပြောပြော မငြင်းတော့ဘူးလို့ အားတင်းနေဆဲပါ မောင်။

"နင် မောင်မောင့်ညီ အောင်လင်း သိတယ်မဟုတ်လား"

အစ်ကိုလတ်က ခိုင့်ကို ချစ်တယ်။ သူ တတ်နိုင်သလောက် ခိုင့်ကို ကူညီခဲ့သူပါ။ ဒါပေမဲ့ သူက လူအေး။ ခိုင့်လို စိတ်မထက်ဘူး။ ဖေဖေနဲ့လဲ မတူဘူး။ ဒါပေမယ့် ကိုလတ်မျက်နှာ နီရဲနေတယ်။

"ဘာဖြစ်လို့လဲ ကိုလတ်"

ခိုင်က ဒီအချိန်မှာ လူတကာကို ကြောက်ရွံ့မနေတော့ဘူးလေ။

ခပ်ရဲရဲ ပြန်မေးတော့

"အောင်ဝင်းနဲ့ သူ့သူငယ်ချင်း လျှောက်သွားတာ ငါက နောက်က ရောက်နေတယ်၊ သူတို့က ငါ့မမြင်ဘူး၊ ဘာတွေပြောနေကြသလဲမှတ်သလဲ ဟင်"

စိတ်ထဲမှာ ထင့်လိုက်မိတယ်။ လာပြန်ပြီလား ပြဿနာရယ်လို့။ ခိုင့်ဘဝမှာ အေးအေးပဲ မနေရတော့ဘူးလား။

"ဘာပြောကြလို့လဲ"

ခိုင်က မရဲတရဲပြန်မေးမိတယ်။ ရုံးမှာ မောင် တခြားမိန်းကလေးနဲ့ တွဲနေတာကို ပြောဦးမှာလားလို့သာ ထင်လိုက်မိတယ်။ ဒီအကြောင်းကို မောင့်ဆီက ဖြေရှင်းချက်ရပြီးပြီ။ မောင်က ပြောတယ်။ ရိုးရိုးသဲခင်တာပါတဲ့။ အေးသီတာနဲ့ပတ်သက်တုန်းက မောင်ပြောတာမယုံခဲ့လို့ မဖြစ်သင့်တာတွေ ဖြစ်ခဲ့ရတယ်။ ဒီတစ်ခါ ခိုင်ယုံလိုက်တယ်။ ပြီးတော့ မောင်ဟာ ခိုင့်အပေါ် ခွင့်လွှတ်နားလည်သူတစ်ယောက်။ ဒီလောက်တော့ ခိုင်လဲနားလည်ရမယ်။ မောင်ဟာ လွတ်လပ်တဲ့ ယောကျ်ားတစ်ယောက် ခင်မင်ပြီစွန်းတာ ရှိချင်ရှိမှာပဲ။ ဘယ်သူတွေနဲ့ ဘယ်လောက်ပဲဖြစ်ဖြစ် မောင့်စိတ်ဝမ်းထဲမှာ ခိုင်ဟာ အမြဲရှိနေတယ်ဆိုတာ ခိုင် သိနေပြီပဲ။

အစ်ကိုလတ်ပြောတာက ခိုင် မမျှော်လင့်တဲ့ စကား။ မကြားဝံ့တဲ့ စကား။

"အောင်ဝင်း သူငယ်ချင်းကပြောတယ်။ မင်း အစ်ကိုဝမ်းကွဲဆိုတဲ့ ကိုမောင်မောင်မြင့်က အမျိုးသမီးတစ်ယောက်နဲ့ တွဲတွဲနေတာ တွေ့တယ်၊ လှတယ်နော် ဘယ်သူလဲတဲ့"

"ဒီတော့ အောင်ဝင်းက ဘာပြန်ပြောတယ် မှတ်သလဲ၊ လှပေမယ့် ကလေးတစ်ယောက်အမေ မုဆိုးမပေါ့ကွာ၊ စားရလို့ တွဲနေတာတဲ့"

ခိုင် ရှက်လွန်းလို့ နားကို ပိတ်ထားမိတယ်။

ယုံကြည်ချက်ကမ္ဘာလဲ တစ်ခါတည်း ပြိုကျသွားတာပဲ။

ခိုင်နဲ့မောင် တစ်သက်လုံး တွဲလာခဲ့တာပဲကွယ်။ ခုဆို ခိုင်တို့ဟာ လူကြီးတွေလဲဖြစ်လာပါပြီ။ ကိုယ့်ဘဝကိုယ်ဆုံးဖြတ်နိုင်ပြီပဲ။ အချိန်ကိုသာ စောင့်နေကြရတာ။

မေမေနဲ့ မမရီလဲ ဒီအကြောင်းသိသွားတော့ ဒေါသဖြစ်ကြတယ်။ ဒါ ဟိုဘက်က သဘောထားအမှန်ပဲ ဖြစ်ရမယ်တဲ့။ မေမေက ပြောတယ်။ ကိုယ့်မှာ မုဆိုးမပေမယ့် ခုအခြေအနေလဲ တောင့်တင်းလာပြီ။ ဘယ်သူ့ အကူအညီမှ မယူဘဲ ကိုယ့်ဘာသာ ရပ်တည်လာကြတာ၊ ဘယ်သူ့ကိုမှလဲ



အောက်ကျနောက်ကျ ခံစရာမလိုတော့ဘူး။ ကိုယ့်ရုပ်ကိုယ့်ရည်နဲ့ဆို လိုချင်တဲ့ အရာရှိအရာခံတွေလဲ ပြည့်လို့ပေါ့။ ကိုယ့်အပေါ် ချိုးချိုးနှိမ်နှိမ်နိုင်လွန်းတဲ့ အသိုင်းအဝိုင်းကြားကို ဘာလို့ ဝင်ရမလဲ။ တင့်တောင့်တင့်တယ်ယူမယ့် ယောကျ်ားရှိတယ်ဆိုတာ ပြရမယ်တဲ့။

မေမေက သူ့အတွေးနဲ့သူ ပြောသလို မမရီကလဲ ခိုင့်ကို တောင်းပန်တယ်။

"ခိုင်ရယ် အရင်တစ်ခါ ဖေဖေ့ဆန္ဒကို ဆန့်ကျင်ခဲ့လို့ စိတ်ဆင်းရဲခဲ့ရပြီ၊ဒီတစ်ခါ မေမေ့ဆန္ဒကို လိုက်လျောလိုက်ပါ၊လူဆိုတာ သူများအတွက်လဲ ငဲ့ရမယ်၊ ကိုယ့်စိတ်အလိုချည်း မလိုက်ရဘူး" တဲ့။

အစက မောင်နဲ့ ခိုင် အဆက်အဆံကို အေးအေးဆေးဆေး သဘောထားနိုင်ခဲ့သူတွေဟာ ခုတော့ မအေးနိုင်တော့ဘူး မောင်။ ပြတ်ပြတ်သားသားကို ဆုံးဖြတ်စေချင်တဲ့ သဘောတွေ ပါလာပြီ။

မောင် နောက်နေ့တွေ အိမ်လာတော့ ခိုင် မတွေ့အောင် ရှောင်နေတယ်။မေမေတို့ကလဲ ခပ်တန်းတန်းတွေဖြစ်ကုန်တော့ မောင် နားမလည်နိုင်အောင်ဖြစ်နေတယ် မဟုတ်လား။ မောင် ခိုင်တို့မိသားစုအပေါ်ထားရှိတဲ့ စေတနာကိုတော့ နားလည်ကြပါတယ် မောင်ရယ်။ ဒါပေမဲ့ သစ်ငုတ်ကို တောင် တိုက်ပါများတော့ နဲ့သေးတာ၊ ပတ်ဝန်းကျင်ရဲ့ ရိုက်ပုတ်မှုကို ခံရဖန်များတော့ စိတ်ဓာတ်ကျဆင်းတယ် မောင်ရယ်။ မောင့်ကိုလဲမတွေ့ချင်တော့လောက်အောင် ဖြစ်မိတယ်။

ခိုင်က အခုဆိုရင် ရင်သွေးငယ်တွေကို ထိန်းကျောင်းပြုပြင်ရတဲ့ ဆရာမတစ်ယောက်။ပိုပြီးတော့ ဣန္ဒြေသိက္ခာရှိသင့်တယ် မဟုတ်လားမောင်။ ခိုင့်ဘဝမှာ သိက္ခာကျဆင်းပြီးရင်း ကျဆင်းရတဲ့ အဖြစ်တွေကိုလဲ မခံနိုင်တော့ဘူး။ ဒီတစ်ခါ မောင့်ကို အပြီးအပိုင်မေ့မယ်လို့ ဆုံးဖြတ်မိတယ်။

မတွေ့ရတဲ့ရက်တွေ ကြာလာတော့ မောင် မကျေမနပ်ဖြစ်လာတယ် မဟုတ်လား။ ခိုင်ကလဲ မောင်လာတတ်တဲ့ ညနေပိုင်းတွေမှာ တမင်ပဲ

အပြင်ကို အကြောင်းရှာပြီး ထွက်နေတယ်။ စိတ်ထဲမှာတော့ ကင်းကင်းပြတ်ပြတ်ဖြစ်ရတော့မယ်ဆိုတာ သိလေ ဝမ်းနည်းလာလေပဲ။ အရင်ကတော့ ခိုင်တို့ ဘယ်လိုပဲ အနေစိမ်းနေကြပစေ စိတ်ထဲမှာတော့ တစ်ယောက်ကို တစ်ယောက် ယုံကြည်အားထားမှုလေး ရှိနေတယ်။ ခင်တွယ်မှုလေး ရှိနေတယ်။ မျှော်လင့်ချက်လေး ရှိနေတယ်မဟုတ်လား မောင်။ မောင်ရေးခဲ့သလို အပြင်မှာစိမ်းနေပေမယ့် ရင်ထဲက မစိမ်းဘူးလေ။ ခုလို တစ်ယောက်ကို တစ်ယောက် မတွေ့အောင်ရှောင်နေရတော့ ပိုခံစားရတယ်။

ကိုယ့်အဖြစ်ကိုလဲကိုယ် နာကျည်းမိတယ်။ အကြိမ်ကြိမ်အဖန်ဖန် လွဲရတဲ့ ကံအကြောင်းကိုပဲ ပုံချရမလိုဖြစ်နေတယ်။ ခိုင့်ဘက်က မောင့်ကို အဆင့်မီအောင်ကြိုးစားခဲ့ပေမယ့် အချည်းအနှီးပဲ။ ခိုင်ဟာ အပျိုမဟုတ်ဘူးဆိုတဲ့ အချက်တစ်ခုတည်းနဲ့ပဲ မောင့်ကို ရှုံးနေရတယ်။

ဒါကြောင့် ခိုင်ပြောခဲ့တယ် မဟုတ်လား။ မောင့်နဲ့ ခိုင့်ကြားမှာ တံတိုင်းကြီးတစ်ခု ခြားခဲ့ပါပြီလို့။

မောင်ကတော့ ချိုးဖျက်ဖို့ ကြိုးပမ်းအားထုတ်ချင်သေးတယ်။

တက္ကသိုလ်က မနက်ပိုင်းသင်တန်းပေးပြီးအပြန် မောင့်ကို အခန်းဝမှာ ဘွားခနဲ တွေ့လိုက်ရတယ်။

"ခိုင့်ကို မရှောက်ယှက်ပါနဲ့တော့ မောင်၊ခိုင့်ဘဝနဲ့ ခိုင်ပဲ အေးအေးဆေးဆေး နေပါရစေတော့"

"နားမလည်ဘူး အပိုတွေလဲပြောမနေနဲ့တော့ ခိုင်၊ မင်းကို ဒီတစ်ခါငါ လက်လွှတ်မခံနိုင်တော့ဘူး"

ဟော ဒီတစ်ခါလဲ မောင် မူးလာပြန်ပြီ၊ ခိုင့်မှာ ဆရာဂုဏ်နဲ့ လုပ်စားနေရတာ မောင့် အပြုအမူတွေက ခိုင့်ကို ထိခိုက်စေတယ်။

"မောင် နောက်မှ အေးအေးဆေးဆေးပြောပါ၊ ခိုင် ပြန်တော့မယ်"

"မရဘူး ခိုင်၊ အခု စကားပြောချင်တယ်၊ ခိုင် မောင့်ကို ဒီလိုရှောင်နေရင် ကားတင်ပြေးမယ် သိလား၊ နောက်မှ အဆိုးမဆိုနဲ့"



ဒီခေတ်ထဲမှာ ခိုင့်ကို မောင် ကားတင်ပြေးလို့ ရမလား။ ပြီးတော့ ခိုင်က သာမန် မိန်းမတစ်ယောက် မဟုတ်ဘူးလေ။ မောင် မေ့နေပြီလား။ ခိုင်က မောင့်ရဲ့ ဖွတ်တရွတ် အမူအရာတွေကိုကြည့်ပြီး စိတ်ညစ်လာတယ်။

ခိုင်က တက္ကသိုလ်နဲ့ မကျွမ်းကျင်ပါဘူး။ဒါပေမဲ့ မောင့်ကို အင်းလျားကန်အထိ ချော့ခေါ်လာရတယ်။

"မောင် ခိုင်ဟာ ကလေးတစ်ယောက်အမေ မုဆိုးမဆိုတာ သိတယ်နော်"

"အဲဒါ ဘာဖြစ်သလဲ"

မောင်က ခပ်တင်းတင်းမေးတယ်။ ခိုင့် လက်တစ်ဘက်ကိုလဲ မလွှတ်တမ်း ဆုပ်ကိုင်ထားတယ်။

"မောင် ခိုင့်ကို တကယ်လက်ထပ်ရဲသလား"

"အခု ရုံးမှာသွားလက်ထပ်မယ်"

ခိုင် အချိုပြုံး ပြုံးမိပါတယ်။

"အဲဒီလိုပြောတာ မဟုတ်ဘူး မောင်၊ မောင့်ဘက်က အုပ်ထိန်းသူတွေကို ခိုင့်မေမေဆီ ခေါ်လာပါ၊ ခိုင်နဲ့မောင့်ကို သဘောတူပါတယ်လို့ တစ်ခွန်းပဲပြော၊ ကျန်တာ ခိုင် အားလုံးရင်ဆိုင်မယ်"

မောင့် ခန္ဓာကိုယ် တောင့်တင်းသွားတာ ခိုင် သိတာပေါ့။ မောင် အမူးပြေသွားပြီ မဟုတ်လား။

"ကောင်းပြီ ခိုင်"

မောင် ဒါပဲပြောတယ်။ ခိုင်တို့ အတူပြန်လာကြတယ်။ ခိုင့်ရင်တွေ တဒိတ်ဒိတ်ခုန်လာတယ် မောင်ရယ်။ မောင် တကယ်ပဲသတ္တိရှိလာပြီလား။

ခိုင်တို့နှစ်ယောက် လက်တွဲပြီး ပြန်လာခဲ့ကြတယ်။

# ၅

မောင် ရာထူးတက်ဖို့ သိပ်မဝေးတော့ဘူးတဲ့။ အခုဆိုရင် မောင်ရတဲ့လခဟာ မောင့်အဒေါ်လက်ထဲအပ်ပြီး မောင် ပြန်တောင်းသုံးတာနဲ့တောင် မကာမိဘူးတဲ့။ ဒါကြောင့် လက်ထပ်ရေးကို ရွှေ့ဆိုင်းထားရတာလို့ မောင်ကဆိုတယ်။

နိုင်က မောင့်လခကို မမျှော်ကိုးပါဘူး။ ခုဆို နိုင့်မှာ အောင်မြင်တဲ့ ကျောင်းတစ်ကျောင်းကို လက်ထောက် နှစ်ယောက် သုံးယောက်နဲ့ လုပ်ကိုင်နေရတာ။ မမရီကလဲကျောင်းပြီးတော့မယ်။ အစ်ကိုကျော်ကလဲ ဗိုလ်ကြီးဖြစ်နေပြီ။ နိုင်တို့ မိသားစု မတ်လာပြီလေ။

ဒါပေမယ့် မောင့်ကို နိုင် စိတ်ရှည်လက်ရှည် စောင့်ကြည့်ချင်သေးတယ်။

နိုင်နဲ့မောင် အရင်ကလို ထင်ထင်ပေါ်ပေါ် မတွဲရဲတော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီတစ်ခါ နိုင့် အသိုင်းအဝိုင်းက မောင့်ကို မလိုလားတော့ဘူး။ အမြဲတမ်း နိုင့်ဘက်ကရှိခဲ့တဲ့ ဒေါ်လေးမေကတောင် အိမ်ကိုရောက်လာပြီး မောင်နဲ့ မတွဲဖို့ ပြောတယ်။ တခြား အရာရှိ အရာခံတစ်ယောက်ယောက်ကို ယူစေချင်တယ်တဲ့။ မောင်မောင်က မပြတ်သားဘူး။



နိုင့်ကို တွဲရုံသက်သက် တွဲနေတာပါလို့ ပြောတယ်။ ရှင်းရှင်းပြောရရင် အချောင်တွဲနေတယ်ဆိုတဲ့ သဘောပဲ မောင်ရယ်။

နိုင်ကတော့ မောင်ပြောသလို ဒီတစ်ခါ ထင်မလွဲချင်တော့တာ အမှန်ပါပဲ မောင်။

ဒါကြောင့် နိုင် ဘယ်သူ့ကိုမှ အသိမပေးဝံ့တော့ဘူး။

နိုင်တို့နှစ်ယောက် ရုံးပိတ်ရက်တွေမှာ ရုပ်ရှင်အတူတူကြည့်ကြတယ်။ မြို့ပြင်ကို ထွက်လည်ကြတယ်။ ရင်းနှီးတဲ့ မောင့်သူငယ်ချင်းတွေဆီ သွားလည်တယ်။ ပျော်စရာကောင်းပါတယ် မောင်ရယ်။တစ်ချိန်ကမရခဲ့တဲ့ ချစ်သူဘဝကို ခုမှရကြတာ မဟုတ်လား။နိုင့်ဘဝဟာ ပိုပြီးပြည့်စုံလာသလိုပဲ မောင်။ အချစ်ဟာ အင်အားတစ်ရပ် မဟုတ်လား မောင်ရယ်။

ဒါပေမယ့် မောင်။ နိုင်ဟာ ပျော်စရာတစ်ခုရပြီးရင် နောက်က ဒုက္ခတစ်ခု ရောက်လာတတ်တယ်လို့ ပြောခဲ့တယ်လေ။

နိုင်ကတော့ မောင့်ကို အကြွင်းမဲ့ ယုံခဲ့တယ်။ ပတ်ဝန်းကျင်ကိုလဲ ဂရုမစိုက်တော့ဘူးလို့ပဲ နေခဲ့ပါတယ်။

စနေတစ်ရက်မှာ မမရီနဲ့နိုင် ဈေးအတူသွားကြတယ်။ ကျောင်းအတွက် လိုအပ်တာလေးတွေလည်း ဝယ်ချင်လို့ပါ။ နိုင်တို့က မြို့ထဲမှာ မနေတော့ ဗိုလ်ချုပ်ဈေးဘက်လဲ သိပ်မရောက်တော့ဘူး မောင်။ ဪ အဲဒီတုန်းက မောင်က စနေနေ့ဝက် ရုံးတက်ရတယ်နော်။

"ဟဲ့ ဟိုမှာကြည့်စမ်း၊ နင့် မောင်မောင် မဟုတ်လား"

မမရီက မေးငေါ့ပြလို့ နိုင် ရင်ထဲထိတ်ခနဲဖြစ်သွားပြီး လှည့်ကြည့်လိုက်မိတယ်။ နိုင်တို့က ဈေးရှေ့ အလယ်ပေါက်မှာ ရပ်နေတာ။ မောင်က ကျောခိုင်းလို့ပါ။ ဈေးဟိုဘက်ထိပ်ကနေ စိန်မေရီကျောင်းဘက်ကို လျှောက်သွားနေတယ်။ ဒါပေမယ့် မောင်တစ်ယောက်တည်း မဟုတ်ပါကလား။

တနင်္ဂနွေနေ့လယ် သင်တန်းကဆင်းရင် အာရုံစီအဝက လာကြိုနေမယ်၊ ပြီးရင် လျှောက်လည်ကြမယ်လို့ မောင်ပြောတာ သတိရလိုက်တယ်၊

ခု စနေနေ့လေ။ မောင်က တခြားမိန်းကလေးတစ်ယောက်နဲ့ တွဲလို့ပါလား။ ဒီတစ်ခါ ခိုင့်မျက်စိနဲ့ တပ်အက်မြင်ရတာ။ မောင်က အဲဒီမိန်းကလေးရဲ့ ခြင်းကလေးကို ဆွဲလို့။

ခိုင့်ခေါင်းထဲမှာ ထူပူသွားတယ် မောင်ရယ်။ ခိုင် ရှက်လိုက်တာ။ ခိုင့်ဘဝမှာ ခဏ ခဏ အရှက်ရအောင် မောင်လုပ်ခဲ့တယ်။ ခိုင် စိတ်ကို မနိုင်တော့ဘဲ လမ်းတစ်ဖက်ကို စွတ်ပြေးမိတယ် မောင်။

ကားတွေ တပွမ်ပွမ် တဗွီဗွီကြားက ဖြတ်ပြေးတော့ လူတွေက ဝိုင်းအော်ကြတယ်။ မမရီက နောက်ကပြေးလိုက်လာတယ်။ဩော် မောင်လဲ ဆူဆူညံညံအသံကြားလို့ လှည့်ကြည့်တယ်ထင်ရဲ့။ ပြီးတော့ ခိုင့်ကို မြင်လိုက်လို့ ပြေးလာသေးတယ်တဲ့။

"သေချင်လို့လား၊ ဘယ်လိုဖြစ်တာလဲ၊ ဘာအရူးထတာလဲ၊ သူ သေတာ အရေးမကြီးဘူး၊ ဒီက အချောင်အမှုပတ်မယ်"

ကျိန်ဆဲသံတွေ ဆူညံနေတာပဲ။

မမရီက ရှက်လဲရှက် ဒေါသလဲထွက်ပြီး ခိုင့်ကျောကို မရိုက်စဖူး ရိုက်တယ်။

"နင် ဘယ်လိုလုပ်တာလဲ၊ နင် သေချင်တိုင်းသေလို့ ရတာမဟုတ်ဘူးဟဲ့၊ နင့်မှာ သားတစ်ယောက်ရှိသေးတာ နင်သတိရရဲ့လား" တဲ့။

မမရီစကားက အရိုက်ကိုထိုးသလိုမို့ ခိုင် ယူကျုံးမရ ငိုမိတယ်။ လူတွေကြားက အတင်းပြေးလာရတယ်။ မမရီက ခိုင့်လက်ကို ဆောင့်ဆွဲပြီး ခေါ်လာတယ်လေ။

"ဒီကောင်က နင့်ကို အမြဲဒုက္ခပေးနေတာပဲ၊ နင် ဘာဖြစ်လို့ ဒီလောက်စွဲလမ်းနေရသလဲ၊ နင် သူ့ကို မေ့ပစ်ဖို့ကောင်းနေပြီ၊ နင် ဒီလို ဖြစ်နေတာ ဘာမှအဓိပ္ပာယ် မရှိဘူး"

မမရီက ကားတစ်စီးတားပြီး တင်ခေါ်လာတယ်။ တစ်လမ်းလုံး ဆူလာတာပဲ။ ခိုင်လဲ ငိုလာတာပဲ။အိမ်ရောက်တော့လဲမေမေက ဆူပြန်ရော။



ခိုင်လေ သားကိုဖက်ဖက်ပြီး ငိုမိတယ် မောင်။

\+ + +

မောင်နဲ့ ခိုင်က အချစ်နယ်လွန်ခဲ့ကြပြီး မဟုတ်လား။

ခိုင့်နားထဲမှာ အလကားရလို့တွဲတာ၊ အချောင်ရလို့တွဲတာဆိုတဲ့ စကားတွေ ပဲ့တင်ထပ်နေတယ်မောင်။ အံကိုတင်းတင်းကျိတ်လဲ မျက်ရည်ပူတွေက ကျမြဲပဲ။

ခိုင့်သားလေးရဲ့ အနာဂတ်ကိုတွေးပြီး ခိုင့်ရဲ့ မိုက်မဲမှုတွေကိုလဲ နောင်တရလို့ မဆုံးဘူး။ ခိုင့်သားလေးကို လေလွင့်ပေါ့သွမ်းတဲ့ မိန်းမတစ်ယောက်ရဲ့သား မဖြစ်စေချင်ဘူး။ ခိုင်က မောင်ဟာ ခိုင့်သားလေးကို ချစ်တယ်၊ အနွံအတာခံတယ်။ သားကလဲ မောင့်ကို မစိမ်းဘူး ခင်တွယ်တယ်။ မောင်ဟာ ခိုင်နဲ့ ငယ်စဉ်တောင်ကျေးကတည်းက လက်တွဲလာသူ။ ခိုင့်ဘဝကို နားအလည်ဆုံး ခွင့်အလွှတ်ဆုံးလူ ဖြစ်မယ်လို့ ယုံကြည်ခဲ့တယ်။ ဒါကြောင့် ဘယ်သူတွေ ဘာပဲပြောပြော မောင့်ကိုပဲယူမယ်။ မောင်ပြောသလို မောင့်အလုပ်ခွင်မှာအခြေကျရင် လက်ထပ်ကြမယ်။ရာထူးမက်လို့ မဟုတ်ဘူး မောင်။ ခိုင်ဟာ နောက်ဆုံး မရရတာယူရတယ်လို့လဲ အပြောမခံချင်ဘူး။ သားရဲ့ဖေဖေ အသိုင်းအဝိုင်းက သူတို့သွေးသားကို တင့်တင့်တယ်တယ် ဖြစ်စေချင်သေးတာ။ ဒါကြောင့် အရာရှိ အရာခံနဲ့ လက်ဆက်စေချင်တာ။ ခိုင်က ခိုင်တို့ သားအမိဟာ အောက်တန်းနောက်တန်း မကျပါဘူးဆိုတာလဲ ပြချင်သေးတာပေါ့။ မောင့်လုပ်စာကို မစားရရင်နေပါစေ၊ ခိုင်တို့သားအမိ ဘဝအတွက် လုံခြုံရင် ခိုင်ကျေနပ်တယ်။ အထူးသဖြင့် သားအတွက်ပါ မောင်။

ဒါပေမယ့် ထင်တာတွေ တစ်ခုမှ ဖြစ်မလာခဲ့ပါဘူး။

ခုတော့ အားလုံးသွားပြီလေ။

ဖေဖေ့ငြွေတွေ လည်ပါတယ်မောင်။

နိုင် စိတ်နှလုံး တုံးတုံးချပြီး တင်းထားသမျှ လျှော့ချလိုက်တာ နိုင် ပုလဲသွားတော့တာပဲ။

မောင့်ဘက်က သူငယ်ချင်းတွေကတစ်ဆင့် ဖြေရှင်းချက်တွေ ပေးလာပေမယ့် နိုင် နားမဝင်တော့ဘူး။ နားလဲမထောင်ချင်တော့ဘူး။ ဟိုမိန်းကလေးကို မောင်က ဘယ်နည်းနဲ့မှ မယူနိုင်ဘူးတဲ့။ အခုလောလော ဆယ် ဖြေရှင်းနေတဲ့အစိတ်အပိုင်းပါတဲ့။ သူတို့ကလဲနိုင့်ဘက်ကပဲရှိတယ်တဲ့။ နိုင်ဟာ မောင်နဲ့ အစပထမကတည်းက ချစ်ခဲ့ကြတဲ့ ချစ်သူတွေဆိုတာ အားလုံး နားလည်တယ်။ ဟိုမိန်းကလေးက မောင့်ကို စာရေးလေးဘဝနဲ့ တုန်းက မချစ်နိုင်ဘူးလို့ ငြင်းပြီးသားတဲ့။ ဒါကြောင့် မောင်ကလဲ ခုလို အလားအလာကောင်းတဲ့အချိန်ကျမှ ပြန်ရောက်လာတဲ့ မိန်းကလေးကို မယူပါဘူးတဲ့။

ဒါပေမယ့် မရှုပ်ထွေးလွန်းဘူးလား မောင်ရယ်။

မောင့်ဘက်က မရှင်းလင်းသေးဘဲနဲ့ နိုင်နဲ့ ဘာကြောင့် အချစ်လွန်ရ သလဲ။

တွေးကြည့်တော့ မောင်ကိုယ်တိုင်ကိုက ဟိုလိုသည်လို နှိုင်းဆချင့်ချိန် နေတာတွေပါတယ် မဟုတ်လားဟင်။(ဒီအကြောင်းတွေပြန်တွေးရင် ခုထိလဲ မောင့်ကို ခွင့်မလွှတ်ချင်ဘူး။)

ကံကြမ္မာက နိုင့်ဘက်က တိုးလိုက်လျှော့လိုက်။ အဆိုးတွေပြီးရင် အကောင်းတွေ ရောက်လာလိုက်။ ကောင်းတာပြီးရင် အဆိုးဘက် ပြန်သွားလိုက်နဲ့ သံသရာလည်နေတာပါပဲ။ နိုင့်ဘဝက ဘယ်တော့မှ စင်းလုံးချော မဖြစ်ဘူး။

မေမေက မခံမရပ်နိုင်ဖြစ်လာပြီ။ နိုင့်ကိုစွာကို သူ အေးအေး ကြည့်မနေနိုင်တော့ဘူးတဲ့။ အစ်ကိုတွေကလဲ နိုင့်ကိုဆူလှပြီ။ ဒေါ်လေးမေ တို့ကလဲလင်မရှိတဲ့မိန်းမ၊ အလံမရှိတဲ့ရထားဆိုတာမျိုးတွေ ပြောလာကြပြီ။



နိုင် သိပ်စိတ်ညစ်နေတဲ့အချိန်မှာ ကိုအောင် ရောက်လာတာ။

တကယ်တမ်းတွေးကြည့်ရင် ကိုအောင်ဟာ နိုင့်ဘဝရဲ့ ကယ်တင်ရှင် ပဲ။ ကိုအောင်သာ နိုင့်ဘက်က မရှိခဲ့ဘူးဆိုရင်၊ နိုင့်ကို တန်ဖိုးမထားခဲ့ဘူး ဆိုရင်၊ နိုင့်ကို ရဲရဲတံ့တံ့မတောင်းခံခဲ့ဘူးဆိုရင် မောင်ကလဲ ခုလို မပြတ်မသားနဲ့ နိုင့်ဘဝ နစ်သထက်နစ်အောင် ရေရှည်ဆွဲထားဦးမှာပဲ မဟုတ်လား။

ကိုအောင့်ကို ခုမှသိတာ မဟုတ်ပါဘူး။ ကိုအောင်နဲ့ နိုင်တို့နဲ့က ဖေဖေ ရန်ကုန်မှာ အခြေမချခင်ကတည်းက အိမ်နီးချင်းတွေ ဖြစ်ခဲ့ကြတာ။ ဖေဖေ မေမေတို့နဲ့ ရပ်ဆွေရပ်မျိုးတွေပေါ့ မောင်။ ကိုအောင့်အမေနဲ့ မေမေကလဲ ညီအစ်မလို ခင်ခဲ့ကြတာတဲ့။ နိုင်တို့ မိသားစု ရန်ကုန်ပြောင်းလာ တော့ ကိုအောင်တို့က မော်လမြိုင်မှာ ကျန်ရစ်တယ်။ နိုင့်ကိုတော့ ရန်ကုန် ရောက်မှ မွေးတာ။ ကိုအောင်က မမရီနဲ့မှ ရွယ်တူပါ။

ကိုအောင်တို့ မိသားစုဟာ ငယ်ငယ်က သိပ်ဒုက္ခရောက်ခဲ့ကြတယ်လို့ ဆိုတယ်။ မေမေတို့ကပဲ အစစအရာရာ ကူညီဖေးမခဲ့ရတယ်။ ဒါကြောင့် ကိုအောင့်အမေက နိုင်တို့ မိသားစုကို သိပ်ခင်တယ်။

ကိုအောင်တို့မှာ ညီအစ်ကိုချည်းသုံးယောက်။ ကိုအောင်တို့ ညီအစ်ကို တွေက ပညာသိပ်တော်တယ်။ ငယ်ငယ်ကဘဝနာခဲ့တော့ စာလဲကြိုးစား ကြတယ်။ စိတ်သဘောထားလဲ ပြည့်ဝတယ်လို့ မေမေက အမြဲအမွှန်းတင် တယ်။ဒီအထိလဲ နိုင်နဲ့ မပတ်သက်သေးပါဘူး။နိုင်ငယ်ငယ်က ကိုအောင်တို့ ညီအစ်ကိုတွေ အိမ်လာတာမြင်ဖူးသားပဲ။ဝင်နေထွက်နေကျ ဧည့်သည်အပြင် ပိုသတိ မထားမိဘူး။ ကိုအောင့်ကိုလဲ နိုင် သိပါတယ်။ ကြည့်ကောင်း တယ်။ ပညာတော်တယ်။ စက်မှုတက္ကသိုလ်တက်တယ်။ဒီလောက်ပဲသိတာ။ ကိုအောင်က မမရီလောက်နဲ့ပဲ စကားပြောတာ။

ဒီတစ်ခေါက် ကိုအောင် အိမ်ကိုရောက်လာတော့ နိုင့်အတွက်ထူးခြား စေတယ်။ ကိုအောင့်ကို နိုင့်ဘဝအတွက် ကူညီဖို့ နတ်တွေ သိကြားတွေက စေလွှတ်ပေးလိုက်သလိုပါပဲ။ ဒါပေမယ့် ကိုအောင့်ကို နိုင့် ဘဝကျူးကွက်မှာ

www.foreverspace.com.mm

www.foreverspace.com.mm

တစ်ကွက်ရွေ့သုံးခဲ့မိတာကိုတော့ ခိုင် တွေးမိတိုင်း စိတ်မကောင်းဘူး။ ပြီးတော့ ခိုင် တမင်ရည်ရွယ်ပြီး လုပ်ရတာလဲမဟုတ်ပါဘူး။ အဖြစ်အပျက်တွေက သူ့အလိုအလျောက် ဖြစ်သွားခဲ့တာပါ။ ဒီအတွက် ကိုအောင့်အပေါ် ခွင့်လွှတ်နိုင်ကောင်းရဲ့လို့ ခိုင် မျှော်လင့်ပါတယ်။

ဖြစ်ပုံက ဒီလိုလေ။ ကိုအောင်တို့မှာ အားအထားရဆုံး အစ်ကိုကြီး တစ်ယောက်က ရန်ကုန်မှာနေတယ်။ ကိုအောင်ကတော့ အင်ဂျင်နီယာဘွဲ့ ရပြီး မောင်လမြိုင်မှာ အလုပ်ပြန်ရတယ်။ ညီတစ်ယောက်ကလဲ ကိုအောင်နဲ့ အတူတူလေ။

ကိုအောင့် အစ်ကိုကြီး ရုတ်တရက် ကားတိုက်ခံရလို့ ဆေးရုံတင်ရတယ်တဲ့။ မေမေတို့ကပဲ အကြောင်းကြားပေးလို့ ကိုအောင်တို့ သားအမိတစ်တွေ ရန်ကုန်လိုက်လာကြရတယ်။ ခိုင်တို့အိမ်မှာပဲတည်းတယ်။ မေမေကတော့ သူ့ထုံးစံအတိုင်း ဒုက္ခရောက်လာသူကို သိပ် ကူညီချင်တာ။

မေမေက ကိုအောင့်အမေကို အားပေးဖျောင်းဖျရင်း ဆေးရုံကို လိုက်သွားတယ်။ မမရီကလဲသွားပြီး ကြည့်ရှုပေးတယ်။ အခြေအနေ သိပ်မကောင်းဘူးလို့ ပြောကြတယ်။ ခိုင်ကတော့ စိတ်ထဲမှာ မရှင်လန်းလို့ အိမ်မှာပဲ နေရစ်ပါတယ်။ နေလို့လဲ မကောင်းဘူးလေ။ ခိုင့်မှာ နှလုံးရောဂါ စရလာပြီ။

ညနေဘက်ရောက်တော့ မမရီ ပြန်ရောက်လာတယ်။

'လူနာကတော့ အခြေအနေ သိပ်မကောင်းဘူး မိခိုင်၊ နင် လိုက်သွားလိုက်ပါဦး၊ ငါ ပင်ပန်းလို့ နားဦးမယ်ဟာ' တဲ့။

'မမရီကလဲ ခိုင်မှ ဘာမှ မလုပ်တတ်တာ'

'ဟာ နင်ကလဲ သူတို့သားအမိတွေက အားငယ်နေတာ အားပေးရမှာပေါ့၊ ကိုအောင်ကိုလဲ နင်မြင်ရင် မှတ်မိမှာ၊ သူကတောင် နင့် မေးနေသေးတယ်'



www.foreverspace.com.mm

ကိုအောင်တို့ သားအမိတစ်တွေက ရန်ကုန်မှာ ဧည့်သည်လိုဖြစ်နေတယ်မဟုတ်လား။ ဒါကြောင့် မေမေတို့လဲ အဖော်ရအောင် ခိုင် တစ်လှည့် သွားလိုက်ရတယ်။ ခိုင် ဆေးရုံဘက်ကို မသွားချင်ဘူး။ ဆေးရုံကြီးမြင်ရင် သားရဲ့ဖေဖေ ရုတ်တရက်ဆေးရုံတင်ရတဲ့နေ့ကို သတိရတယ်။ အနိဋ္ဌာရုံတွေကို ကြည့်မြင်ခံစားချင်တဲ့စိတ်လဲ မရှိဘူး မောင်ရယ်။ ရုတ်တရက်ခွဲခွာရခြင်းကိုလဲ ခိုင် ရင်မဆိုင်ဝံ့ဘူး။

ကိုအောင်တို့တစ်တွေ အရေးပေါ်လူနာခန်းရှေ့မှာ စုပြုံရပ်နေတာ မြင်ရတော့ သားရဲ့ဖေဖေကို သတိရပြန်ရော။ ဦးနှောက်ကို ထိခိုက်တယ်တဲ့။ ခိုင် ရင်တွေတုန်လာတယ်။ မေမေ့နားမှာရပ်ပြီး ငိုင်နေမိတယ်။

'သူက ခိုင်လား'

နဖူးပေါ်ကို လက်နှစ်ဖက်ယှက်ပြီး ခေါင်းငိုက်စိုက်ချပြီး ထိုင်နေတဲ့ ကိုအောင်က ခေါင်းမော့အကြည့်မှာ ခိုင့်ကိုမြင်တော့ လှမ်းမေးတယ်။

'ဟုတ်တယ်၊ အငယ်မ မိခိုင်လေ'

မေမေကပြောတော့ ကိုအောင်က ခိုင့်ကို စူးစူးစိုက်စိုက်ကြည့်တယ်။

'အရင်က ရုပ်ရှင်ရိုက်တယ်နော်၊ ခုကော ဘာလုပ်နေလဲ' တဲ့။

သြော် ကိုအောင်က ခိုင့် ဘဝအပြောင်းအလဲတွေကို မသိဘူးလေ။ ခိုင့်ကို အရင်ကအတိုင်းပဲ ထင်နေတာ။

'ခုတော့ ဆရာမပေါ့၊ အိမ်မှာ နေ့ကလေးထိန်းကျောင်း ဖွင့်ထားတယ်လေ'

ကိုအောင့်အမေက လှမ်းပြောတယ်။ ကိုအောင်က ရောက်ရောက်ချင်း ရန်ကုန်ကို တန်းလာတာ။ ခိုင်တို့အိမ်ကို မရောက်သေးဘူး။

'ခိုင်က ငယ်ငယ်ကအတိုင်းပဲ'

ကိုအောင်က မှတ်ချက်ချတယ်။ လူနာဆီ စိတ်ရောက်သွားကြလို့ စကားမပြောဖြစ်ကြတော့ပါဘူး။ သေလုမျောပါး လူတစ်ယောက်ရဲ့ အသက်ရှူသံကို စောင့်နားထောင်ရတာ အပင်ပန်းဆုံးပဲ မောင်။

"မမကြည့်ရယ်၊ ကျွန်မတို့ ငယ်ငယ်က ဒုက္ခရောက်လိုက်ကြတာ၊ ခုလို သားသမီးတွေ ထွန်းထွန်းပေါက်ပေါက် အောင်အောင်မြင်မြင်ဖြစ်လာတော့ ကျေနပ်နေမိတာ၊ သားကြီးသား တစ်ခုခုဖြစ်သွားရင်တော့ ကျွန်မ ရင်ကျိုးရတော့မှာပဲ"

ကိုအောင့် အမေက ပြောရင်းငိုတယ်။

ကိုအောင်က အမေကို နှစ်သိမ့်ရင်း မျက်ရည်ဝဲနေတယ်။

ညဦးနက်လာတော့ ဆရာဝန်တွေက အိမ်ပြန်ဖို့ ပြောကြတယ်မောင်။ လူနာကလဲ သတိမရသေးဘူး။ မေမေက ကိုအောင့်အမေကို အိမ်ပြန်အနားယူဖို့ ပြောတယ်။ သူတို့ စဉ်းစားနေကြတယ်။ ပြန်သင့် မပြန်သင့်။ နောက်ဆုံး ခဏတစ်ဖြုတ် ပြန်စားသောက်ပြီး ပြန်လာကြတာပေါ့လို့တိုင်ပင်ကြတယ်။

နိုင့်စိတ်ထဲမှာတော့လေ သားရဲ့ဖေဖေ ဆုံးတဲ့နေ့ကိုပဲသတိရနေတယ်။ အဖြစ်အပျက်ကလဲ ဆင်တူနေသလိုပဲ။ နိုင်တို့ ပြန်သွားတုန်း လူနာတစ်ခုခု ဖြစ်မှာပဲလို့ အလိုလို ထင်နေတယ်။ နောက်ဆုံး ကိုအောင့် ညီငယ်လေးကို တစ်လှည့်ထားပြီး ပြန်ကြဖို့ ဆုံးဖြတ်ကြတယ်။

အပြန်လမ်းမှာ အားလုံး တိတ်တိတ်ဆိတ်ဆိတ်ပဲ။ ကိုအောင်က နိုင့်ဘေးမှာ ထိုင်လိုက်လာတယ်။

"နိုင် ဘာဖြစ်လို့ ရုပ်ရှင် ဆက်မရိုက်တာလဲ" တဲ့။

နိုင့်ကို ရုပ်ရှင်မရိုက်စေချင်တဲ့ သူတွေကိုသာမြင်ဖူးတော့ နိုင် သူ့မေးခွန်းကို အံ့သြမိတယ်။

"သားကလဲ နိုင့်အကြောင်း မသိသေးဘဲကိုး၊ သူ အိမ်ထောင်ကျသွားတာ ဘယ်လိုလုပ် ရုပ်ရှင်ရိုက်နိုင်တော့မလဲ"

သူ့အမေက ဝင်ပြောတယ်။

"ဟင် ဟုတ်လား"

နိုင် ရှက်ရှက်နဲ့ ခေါင်းငုံ့ထားမိတယ်။



"ကွယ်၊ သူ့ ခင်ပွန်းတောင် ဆုံးသွားတာ ကြာလှပေါ့"

"ဗျာ"

အားလုံး တိတ်ဆိတ်သွားကြတယ်။ ကိုယ့်အတွေးနဲ့ ကိုယ်ပေါ့မောင်ရယ်။

အိမ်ရောက်လို့ မအိပ်ဘဲထိုင်စောင့်နေတဲ့ သားကိုမြင်ပြန်တော့ ကိုအောင်ပိုပြီး အံ့သြသွားပုံရတယ်။ ဘာမှတော့ မမေးတော့ပါဘူး။

"လူ့ဘဝဆိုတာ ဒီလိုပဲ မစိန်၊ ကျွန်မလဲ ကိုလှခိုင် ဆုံးကတည်းက ဒီသမီးတွေနဲ့ နေလာရတာ၊ မစိန်ကမှ သားတွေအားကိုးလို့ရလို့ ဖြေသာသေးတယ်၊ ကျွန်မမှာ ဒီသမီးအတွက် သောကက ခုထိမအေးသေးဘူး၊ဘဝက် မကောင်းတော့ သူ့အတွက် ရင်လေးတယ်"

မိန်းမကြီးနှစ်ယောက်က စကားတတွတ်တွတ် ပြောနေကြတယ်။

"ကျွန်မဖြင့်လေ သူ့အဖေရှိတုန်းက နောက်နောက်ပြောင်ပြောင် ပြောခဲ့တာ သတိရသေးတယ်၊ ငါ့မှာ သားတွေအများကြီး၊ လှခိုင် သမီးတစ်ယောက်ယောက်နဲ့ ပေးစားရရင် ကောင်းမယ်ဆိုတာ"

ကိုအောင့်အမေက ပြောတယ်။

နိုင့်ရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွားတယ်။ ခုချိန်မှာ မေမေဟာ နိုင့်ကို လင်ကောင်းသားကောင်း ပေးစားဖို့လောက်သာ စိတ်ရောက်နေတာကလား။ မေမေ ဘာပြန်ပြောလိုက်မလဲလို့ စိတ်ပူသွားတယ်။ သမီးတွေအတွက် ချေးခေါ်တဲ့ စကားမျိုး ပြန်မပြောတာ ကျေးဇူးတင်မိပါတယ်။

"ညဦးလဲနက်နေပြီ၊ တစ်ရေးအိပ်လိုက်ကြပါလား၊ မနက်စောစော ထသွားကြတာပေါ့"

မေမေကပြောတော့ ပင်ပန်းနွမ်းနယ်နေတဲ့သူတွေလဲမလှုပ်တော့ဘူး။

နိုင်ကတော့ ကြားထဲက ရင်လေးနေတယ်။ တစ်ခုခုဖြစ်တော့မှာပဲလို့ ထင်နေတယ်။

www.foreverspace.com.mm

မနက်လင်းခါနီး သားလေးကိုဖက်ရင်း အိပ်ပျော်နေတုန်း ဆူဆူညံညံ အသံကြားတော့ ထင်တဲ့အတိုင်းဖြစ်ပြီဆိုတာ သိလိုက်တာပါပဲ။

ခိုင် အခန်းထဲက ထွက်သွားတော့ ကိုအောင်နဲ့ ပက်ပင်းတိုးတယ်။

"ဆေးရုံကို လိုက်သွားကြရမယ် ခိုင်" တဲ့။

သူ အားကိုးတကြီးလာပြော ခိုင့်ကိုပဲ။ ခိုင့် စိတ်ထဲမှာ ဒီတစ်ဒင်္ဂ အချိန်လေးအတွင်းမှာပဲ ခိုင်နဲ့ ကိုအောင်ဟာ တစ်ယောက်ကိုတစ်ယောက် နားလည်ယုံကြည်မှုတွေ ရသွားကြတယ်လို့ ထင်မိတယ်။ လူဆိုတာ ကိုယ် သောကရောက်ချိန်မှာ အခင်တွယ်ဆုံးသူဆီသာ အားကိုးတစ်ခု ပြုမိတတ် ကြတယ် မဟုတ်လား။

လူတစ်ယောက်ရဲ့ သက်မဲ့ခန္ဓာကိုယ်ကို ခိုင် ကြည့်မြင်ချင်နိုင်တဲ့ အင်အား မရှိတော့ဘူး။နောက်ဆုံးအချိန်ကိုလဲ စောင့်မကြည့်ချင်ဘူး။သေခြင်း တရားကို ခိုင် ကြောက်တယ်။

ဒါပေမယ့် ကိုအောင့်ကိုကြည့်ပြီး ခိုင် အားပေးချင်တယ်။မမရီကလဲ ခိုင် လိုက်သွားလိုက်လို့ ပြောတယ်။

ဆေးရုံရဲ့ အဝင်ဝကိုရောက်ကတည်းက အနိဋ္ဌာရုံကိုမြင်ရတော့မယ် ဆိုတာ ခိုင်သိနေတယ်။ အပေါ်ကိုရောက်တော့ လူနာအခန်းဝမှာ ကိုအောင့် အမေဟာ ပုံလဲသွားတာပဲ။ ကိုအောင်က ခိုင့် ပခုံးကိုဆုပ်ကိုင်ပြီး ငိုကြွေး တယ်။ ခိုင် ကိုအောင့်ကို နားလည်တယ်။ ယောကျ်ားရင့်မာကြီးတွေဟာ မိန်းမသားတစ်ယောက်ရဲ့ ရှေ့မှောက်မှာ ပြန့်ပြီး နူးညံ့သွားတတ်တယ် မဟုတ်လား။

အသုဘ အစီအစဉ်ကို ခိုင်တို့အိမ်ကပဲ စီမံပေးရတယ် မောင်။

အားလုံး ကိစ္စဝိစ္စပြီးတော့ သောကရောက်နေတဲ့ သားအမိတစ်တွေကို ဘူတာရုံကို လိုက်ပို့ရတယ် မောင်။ ရထားထွက်ခါနီးတော့ ကိုအောင်က တိုးတိုးမေးတယ်။



"ခိုင်တို့ မိသားစုကို ကျွန်တော် ကျေးဇူးတင်တယ်၊ ခိုင့်ကိုလဲ ညီမလေးလိုပဲ ကျွန်တော်ချစ်တယ်၊ ခိုင် ရုပ်ရှင်မင်းသမီးလုပ်တုန်းက ဓာတ်ပုံလေးကို ကျွန်တော့်မှာ ရှိပါတယ်၊ ကျောင်းမှာတုန်းက ခိုင့် ဓာတ်ပုံလေးကို ကျွန်တော့်စားပွဲပေါ်တင်ထားတော့ သူငယ်ချင်းတစ်ယောက် ကပြောတယ်၊ အဲဒီမိန်းကလေးက အပြေးသမား ကိုမောင်မောင်မြင့်နဲ့ ကြိုက်နေတာတဲ့"

ခိုင် ဘာမှပြန်မပြောမိဘူး။ ပြန်ပြောဖို့လဲ မလိုဘူး မဟုတ်လား မောင်။

"ခိုင် ဘာဖြစ်လို့ ကိုမောင်မောင်မြင့်နဲ့ မယူဘဲ ဦးအောင်ငြိမ်းကို လက်ထပ်ခဲ့တာလဲ" တဲ့။

"ဘဝအကြောင်းပေါ့ ကိုအောင်"

ကိုအောင် စဉ်းစားနေတယ်။ ရထားထွက်ခါနီးတော့ တစ်ခွန်း ထပ်ပြောတယ်။

"ခိုင် လက်ထပ်ဖို့ မစဉ်းစားတော့ဘူးလား" တဲ့။

ခိုင် ခေါင်းခါပြလိုက်တယ်။

မေမေနဲ့ ကိုအောင့်အမေကလဲ စကားတွေအများကြီး ပြောနေကြ တာပဲ။

အပြန်လမ်းမှာ မေမေက ခိုင့်ကို ပြောလာတယ်။

"မစိန်တို့ ကိုအောင်တို့က ဘဝအကြောင်းသိတယ်၊လူတစ်ယောက်ရဲ့ တန်ဖိုးဟာ ဘာလဲဆိုတာ နားလည်တယ်၊ လူတွေဟာ အပေါ်ယံထက် တစ်ယောက်ရဲ့ အတွင်းသဘောကိုသိမှ ပေါင်းစည်းလို့ရတယ်" တဲ့။

မမရီကလဲ ပြောတယ်။

အချစ်ဆိုတာ ဒီတစ်ယောက်မှ တစ်ယောက်တည်း ချစ်ရတာ မဟုတ်ပါဘူးဟာ၊ ကိုယ့်ဘဝအတွက် အသင့်လျော်ဆုံး ကိုယ့်ကို တန်ဖိုး အထားဆုံးလူကိုသာ ချစ်သင့်တယ်တဲ့။

www.foreverspace.com.mm

မမရီက မလှပေမယ့် အချစ်ရေးမှာ ကံကောင်းသူပါ မောင်။

သူ့အတွက် အချစ်ဆုံးလူဟာ သူ့ဘဝအတွက် အသင့်တော်ဆုံးသူ ဖြစ်ခဲ့တယ်။

ခိုင့်မှာသာ။

www.foreverspace.com.mm

www.foreverspace.com.mm

## ၆

မောင် နိုင်ငံခြားက ဧည့်သည်တွေနဲ့ ပုဂံ ညောင်ဦးကို ခရီးထွက်နေတယ်၊ ခိုင့်ကိုတွေ့ဖို့ ကြိုးစားနေတာ။ ခိုင် ဘာလို့ ရှောင်နေသလဲ။ အမြန်ဆုံး တွေ့ချင်တယ်ဆိုပြီး သူငယ်ချင်းတစ်ယောက်ကတစ်ဆင့် စာရေးလာတယ်။ ခိုင့်အချစ်ဆုံး သူငယ်ချင်း မလှိုင်က တစ်ဆင့်ပါ။

မမေနဲ့ မမရီကတော့ မောင့်ကို အိမ်မလာစေနဲ့၊ အိမ်လာရင် ပြောင်ပြောင်တင်းတင်းပဲ နှင်ထုတ်ရမယ်လို့ ကြေညာထားတယ်။မမေဟာ မောင့်အဒေါ်တွေဆီက စကားကို အမြဲပဲ နားစွင့်နေတာ။ မောင့်အဒေါ်တွေကလဲ မမေ့နားရောက်အောင် တစ်နည်းနည်းနဲ့ လွှင့်တာပဲ။

သူတို့သားကို လူပျိုးလေးမို့ ကလေးတစ်ယောက် အမေနဲ့လဲ မပေးစားနိုင်ဘူးတဲ့။ ခိုင်က ဟိုလူလိုလို ဒီလူလိုလို ရည်းစားလဲများတယ်။ ခြေမငြိမ်ဘူးတဲ့။ သူတို့သားက အရာရှိဖြစ်နေပြီ၊ တန်းတူရည်တူ ပညာအရည်အချင်းရှိတဲ့သူနဲ့သာ ပေးစားမယ်တဲ့။

www.foreverspace.com.mm

မမေက ရှာရှာဖွေဖွေ သတင်းစကားတွေကို သယ်လာတော့ ခိုင် ပိုပြီး စိတ်ဆင်းရဲတယ်။ မောင့်ကို ခိုင်ကိုယ်တိုင်လဲမတွေ့ချင်တော့ဘူး။ မောင်နဲ့ တွေ့မှာစိုးလို့ သင်တန်းကပါ ခွင့်ယူထားရတယ်။

မမေတို့ မမရီတို့ ဒေါ်လေးမေတို့က ခိုင် ဒီအတိုင်း နေနေတာကို လုံးဝ စိတ်မချကြဘူး။ ယုံလဲ မယုံကြည်ကြဘူး။ခိုင့်ကို ယောက်ျားပေးစားမှ ဖြစ်မယ်ဆိုပြီး စိုင်းပြင်းနေကြတာပါပဲကွယ်။ ဒီတစ်ခါ မခံချင်စိတ်နဲ့ ဆုံးဖြတ်ကြတာ ခိုင် မဟုတ်ဘူး။ မမေတို့ပဲ။ ခိုင်ကတော့ မောင့်ကို စိတ်နာတာပဲသိတယ်။ ဘာကိုမှ မဆုံးဖြတ်ချင်ဘူး။

ဒီကြားထဲမှာ မောင် အိမ်ကို ဖွတ်တရွတ် ရောက်လာခဲ့တယ်။

"ကျွန်တော် ခိုင်နဲ့ စကားပြောချင်တယ် အန်တီ"

ဖွတ်ပဲ တောင်းဆိုလာတယ်။

"မောင်မောင်၊ မင်း မိခိုင်ကို ဒီလောက်ထိ ဒုက္ခပေးရ တော်ရောပေါ့ကွယ်၊ တို့တစ်တွေက မိန်းမသားချည်းနေကြတာ၊ ပတ်ဝန်းကျင် အထင်အမြင်သေးတာကို ဒီထက်ပိုပြီး မခံနိုင်တော့ဘူး၊ မင်းပြန်ပါ"

"ကျွန်တော်က ပတ်ဝန်းကျင် အထင်သေးအောင် ဘာလုပ်လို့လဲ အန်တီ"

"မင်းမိန်းကလေးတစ်ယောက်ကို အတည်တကျ မယူနိုင်ဘဲ တွဲနေတာ ဘာသဘောလဲ၊ အန်တီ့သမီးဟာ အပျိုမဟုတ်ပေမယ့် ဟင်းရွက် ကန်စွန်း မဟုတ်ပါဘူးကွယ်၊ မင်းအဒေါ်တွေ သွားပုပ်လေလွင့်ပြောသလို တို့သမီးက မင်းကို အမိဖမ်းနေတာလဲ မဟုတ်ဘူး၊ မင်းထက် သာတာကို အချိန်မရွေး ယူလို့ရပါတယ်"

မမေက ခပ်တင်းတင်းပဲပြောတော့ မောင် ခေါင်းငိုက်စိုက် ကျသွားတယ်။

"ကျွန်တော် ခိုင့်ကို အတည်တကျမယူဘဲ တွဲနေတာမဟုတ်ပါဘူး အန်တီ၊ ကျွန်တော် ခိုင်နဲ့ အခု လက်ထပ်မယ်"

မမေကလဲ ပါးပါးနပ်နပ် ပြုံးတယ်။



"မောင်မောင် မင်းမိခိုင်ကို ချစ်တယ်ဆိုတာတော့ ယုံပါတယ်၊ မိခိုင်ကလဲ မင်းမှမင်းဖြစ်နေတာ၊ အေးလေး မင်း မိခိုင်ကို တန်ဖိုးထားတယ် ဆိုရင် မင်းဘက်ကလာပြီး တောင်းခိုင်းပါလားကွယ်၊ မိခိုင်ဟာ အပျို တစ်ယောက်ဆိုရင်တော့ မင်းတို့ချင်း နှစ်ဦးသဘောတူ လက်ထပ်လဲဖြစ်ပါတယ်၊အန်တီတို့ ပကာသနာ မမက်မောပါဘူး၊ဒါပေမဲ့ မိခိုင်က သူ့ဂုဏ်သိက္ခာကို သူထိန်းသိမ်းရမယ့်အပိုင်း ရှိတယ်ကွယ့်၊ဦးအောင်ငြိမ်းတို့ဘက်ကလဲ မိခိုင်ကို စောင့်ကြည့်နေတာ၊ နဂိုကမှ အပြစ်မြင်နေရတဲ့အထဲ မင်းနဲ့ ဖြစ်သလို ယူလိုက်ကြရင် ဘာပြောကြမလဲ"

ဒီစကားမျိုးကြားရတိုင်း မောင် နောက်တွန့်သွားမြဲ မဟုတ်လား၊ ဟင်။ ခိုင် အဲဒါကို ရင်နာတယ် မောင်ရယ်။ မောင် ခိုင်နဲ့ ပတ်သက်ရင် ဘယ်တော့မှ သတ္တိမရှိဘူး။

"ကျွန်တော့်အဒေါ်က ကျွန်တော့်ကိုငယ်ငယ်ကတည်းက ကျွေးမွေး လာတာ၊ ကျွန်တော့်ကို သိပ်ချစ်ပါတယ်၊ ကျွန်တော် ကျွန်တော် ခိုင့်ကို လာတောင်းရမ်းချင်ပါတယ်၊ အဒေါ်တို့က"

ကြားရတဲ့ ခိုင်တောင် မောင့်ကို ဒေါသဖြစ်လွန်းလို့ မောင့်ကို ထွက်ပြီး ထုရိုက်ပစ်ချင်တယ်။ မမေ့မျက်နှာလဲ ပြန်တည်သွားတာပဲ။

"ဘာလဲ၊ မင်း အဒေါ်က ငါ့သမီးကို လာမတောင်းနိုင်ဘူးဆိုပါတော့၊ အေး ငါကလဲ ငါ့သမီးကို လေးလေးစားစား လာမတောင်းဘဲနဲ့ မပေးစားနိုင် ဘူး၊ ငါ့သမီးကို ကောင်းကောင်းမွန်မွန်လာတောင်းရမ်းမယ့်သူ ရှိတယ်၊ ငါ ဒါပဲပြောလိုက်မယ်"

မောင့် မျက်နှာလဲ နီရဲလာတာပဲ။

"ကျွန်တော် ဒီကိစ္စကို ခိုင်နဲ့ အေးအေးဆေးဆေးတွေ့ပြီး တိုင်ပင်ချင် တယ်"

"တော်တော့ မောင်မောင်၊ မိခိုင်ဟာ မင်းနဲ့ပတ်သက်ရင် မှိုင်းမိနေ တာသိလား၊ငါ ပေးမတွေ့နိုင်ဘူး၊ ငါကလဲ သဘောမတူနိုင်ဘူး၊မောင်မောင်

မိခိုင်ဟာ ခုချိန်မှာ ယောကျ်ားမယူလဲ နေလို့ရတယ်၊ အေး ဒါပေမယ့် မင်းတို့က တန်ဖိုးမရှိဘူးထင်နေတဲ့အတွက် ငါက တန်ဖိုးရှိတဲ့အကြောင်း ပြဖို့ ပြရမယ် သိလား"

မေမေက ခပ်ပြတ်ပြတ်ပြောပြီး နေရာက ထလာခဲ့တယ်။

ဒီတော့ မောင်မောင် ရှုးရှုးရှားရှား ဖြစ်လာတယ်။

"ခိုင် ခဏလေးထွက်တွေ့ပါ၊ မောင် ခိုင်နဲ့ စကားပြောချင်တယ်"လို့ အော်တယ်။

ရပ်ကွက်ထဲမှာ ဆူဆူညံညံဖြစ်ရင်ဘယ်လောက် ဣန္ဒြေပျက်သလဲ မောင်။ ပြီးတော့ ခိုင်က ဆရာတစ်ယောက်။ မေမေတားတဲ့ကြားက ခိုင် ထွက်တွေ့လိုက်တယ်။

"မောင် အခုပြန်ပါ၊ ခိုင် တောင်းပါတယ်၊မောင် စကားပြောချင်ရင် ခိုင် နောက်မှ လာတွေ့မယ်"

ဒီကိစ္စကို မောင်နဲ့ ခိုင် နှစ်ယောက်ချင်း ရှင်းမယ်လို့ ဆုံးဖြတ်လိုက်တယ်။

"ခိုင် အခု လိုက်ခဲ့"

"မလိုက်နိုင်ဘူး၊ ခိုင် နောက်မှ ရှင်းမယ်လို့ ပြောပြီးပြီပဲ၊ မောင် အေးအေးဆေးဆေး ပြန်ပါ၊ ခိုင့်ကို ညှာတယ်ဆိုရင် မောင် ပြန်ဖို့ ကောင်းတယ်"

"ကောင်းပြီ ခိုင်၊ မောင် မနက်ဖြန် မလှိုင်တို့အိမ်က စောင့်နေမယ်"

မောင် ပြန်သွားတယ်။

မေမေတို့ မမရီတို့က ခိုင့်ကို ဆူလိုက်ကြတာ။ နင် ဒီကောင့်ကို ဘာဖြစ်လို့ ဒီလောက်တွယ်တာနေရသလဲ။ နင့်ဘဝဟာ လုပ်ချင်တိုင်း လုပ်လို့ရတဲ့ဘဝ မဟုတ်ဘူး။ နင့်သားအတွက်ကော နင် မစဉ်းစားဘူး လား၊ အများတံတွေးခွက် အမျောခံမလား။ စုံလို့ပါပဲ။

ခိုင် မောင်ချိန်းတဲ့နေရာကို မလာဖြစ်ဘူး။



ခိုင် မောင့်ကို ရင်လဲ ရင်မဆိုင်ရဲဘူး။ ရင်လဲ ရင်မဆိုင်ချင်ဘူး။ ခိုင့်ဘဝထဲက မောင် ထွက်သွားရင် ကောင်းမယ်လို့ ထင်မိတယ်ကွယ်။

ဒီအချိန်မှာ မေမေကလဲ သိပ်သွေးပူနေပြီလေ။

"မိခိုင် ညည်းဘဝမှာ အမေစကားလဲ နားမထောင်ခဲ့ဘူး၊ ဒီတစ်ခါ မေမေ့စကား နားထောင်ပါ၊ မေမေ သမီးကို ကိုအောင်နဲ့ ပေးစားချင်တယ်၊ သမီးဘဝက ဒီအတိုင်းနေရင် သူများအပြောအဆိုခံဘဝက ဘယ်တော့မှ လွတ်မှာ မဟုတ်ဘူး၊ ကိုအောင်က သမီးကိုမေတ္တာရှိပါတယ်၊သူ့အမေကလဲ သမီး နေတာထိုင်တာ သဘောကျတယ်တဲ့၊ ကိုယ့်အပေါ် တန်ဖိုးထားတဲ့သူကို လက်တွဲပါအေ၊ ဒီတစ်ခါ မေမေ့စကား နားထောင်ပါ၊ မေမေတောင်းပန်ပါ တယ်" တဲ့။

ခိုင် ဘာလုပ်ရမှန်းလဲ မသိဘူး မောင်။

မမရီတို့၊ အစ်ကိုကျော်တို့ကလဲ ခိုင့်ကို ကိုအောင်နဲ့လက်ထပ်စေချင် ကြောင်း ပြောလာကြတယ်။ ကျန်တဲ့ အစ်ကိုတွေကလဲ ခိုင့်ကို တန်ဖိုးရှိရှိ သိက္ခာရှိရှိ ဖြစ်စေချင်ကြတယ်။

အခြေအနေတွေ ရှုပ်ထွေးနေဆဲမှာပဲ ကိုအောင်တို့အမေ ရန်ကုန် ရောက်လာတယ်။ ကိုအောင်တို့အမေကလဲ ခိုင်မှခိုင်ဖြစ်လာတယ်။ကိုအောင် လဲ မကြာခင် ရန်ကုန်ပြောင်းလာရမှာတဲ့။ ခိုင့်ကို ကိုအောင်နဲ့ စေ့စပ် ကြောင်းလမ်းချင်တယ်လို့ ပြောလာတယ်။

ခိုင်ကတော့ မောင့်သဘောကို သိချင်တယ်။ မောင် တကယ်ပဲခိုင့်ကို လက်ထပ်ရဲသလား။ ဒါမှမဟုတ် စွန့်လွှတ်နိုင်သလား။

ခိုင်က တစ်ပတ်အတွင်းမှာ ခိုင့် ဆုံးဖြတ်ချက်ကို ပြောမယ်လို့ အားလုံးကို ကတိပေးလိုက်ပါတယ်။ ရင်ထဲမှာတော့ ဘာကိုမှ ဝေခွဲမရဘူး မောင်ရယ်။ မောင့်ကို သတ္တိရှိစေချင်လိုက်တာ။

www.foreverspace.com.mm

## ၇

ခိုင့် ဆုံးဖြတ်ချက်ကို မောင့်ကို အပြီးအပိုင် ပြောပြလိုက်မယ်လို့ သန္နိဋ္ဌာန် ချလိုက်ပါတယ်။

ပန်းတွေနဲ့ဝေ ဖာတ်ကား ပြနေတယ် မောင်။

မိန်းမတစ်ယောက်က အသည်းနှလုံးနဲ့ မဆုံးဖြတ်ဘဲ ဦးနှောက်နဲ့ ဆုံးဖြတ်လိုက်ရတယ်တဲ့။

ခိုင်လဲ ခိုင့်ဘဝကို ဦးနှောက်နဲ့ပဲ ဆုံးဖြတ်တော့မယ်လို့ ခံယူလိုက်တယ်။

ဒီအကြောင်းတွေ မောင့်ကိုပြောပြမယ်လို့ လာခဲ့တယ်။ မလှိုင်ကို မောင့်ကို သွားခေါ်ခိုင်းတယ်။ ဒါပေမယ့် မောင် မရှိဘူး။ မလှိုင်ကပြောပြတယ်။ မောင်က ခိုင့်ကို တောင်းရမ်းဆးဖို့ သူ့အဒေါ်တွေကို ပြောပြတော့ သူ့အဒေါ်တွေက သူတို့မှာ ဒီတူလေးတစ်ယောက်ရှိတာ၊ကလေးတစ်ယောက် အမေနဲ့တော့ မပေးစားနိုင်ဘူးလို့ ငြင်းကြတယ်တဲ့။ မလှိုင်က ထိန်းထိန်းသိမ်းသိမ်း ပြောနေပေမယ့် ခိုင် နားလည်လိုက်တယ်။ ဒါကြောင့် ခိုင့် ဆုံးဖြတ်ချက်ကို ပြောပြလိုက်ပါဆိုပြီး ခိုင် ပြန်လာခဲ့တယ်။



www.foreverspace.com.mm

နောက် တစ်ရက် နှစ်ရက်ကြာတော့ ကိုအောင် ရောက်လာတယ် မောင်။

ကိုအောင်က ခိုင့်ကို ငယ်ငယ်လေးကတည်းက သူ စိတ်ဝင်စားခဲ့တာတဲ့။ မောင်နဲ့ချစ်နေတယ်ထင်လို့ မပြောခဲ့ရတာတဲ့။ ခုချိန်မှာ သူ ခိုင့်ဘဝကို နားလည်တယ်။ ခိုင့်ကို လက်ထပ်ယူမယ်လို့ပြောတယ် မောင်ရယ်။

ကိုအောင့်ကို ခိုင် ယုံတယ်။ ကိုအောင်နဲ့ ခုမှ ရင်းနှီးရပေမယ့် ကိုအောင်တို့နဲ့ ခိုင်တို့ မိသားစုက မစိမ်းဘူး မဟုတ်လား။ ခိုင့်ဘက်ကတော့ ပြောမနေနဲ့ ချက်ချင်းကို ပေးစားချင်နေကြတာပဲ။ မေမေက ပဏ္ဏာမစကားကမ်းလှမ်းချက်ကို လက်ခံလိုက်တယ်။ မင်္ဂလာကိစ္စ တိုင်ပင်ကြတယ်။

ဒီတော့ ခိုင်လဲ ကိုအောင့်ကို ခေါင်းညိတ်လိုက်တော့တယ် မောင်။ ခိုင်ဟာ အချစ်ထက် ကိုယ့်ကိုယ်ကို တန်ဖိုးရှိအောင်နေဖို့သာ ဆုံးဖြတ်ရတယ်။ သားအတွက်လဲ ပါတယ်မောင်။

ခိုင့်ရင်ထဲမှာတော့ ဗလောင်ဆူနေတယ် မောင်။ ဒီတစ်ခါလဲမောင်နဲ့ လွဲရပြန်ပြီ။ မောင်နဲ့ခိုင်ဟာ ဒီဘဝမှာ ဘယ်လိုမှ ဖူးစာမပါလို့သာပဲလို့ စိတ်တိုးတိုးချမိတယ်။

နောက်တစ်ရက်မှာ မလှိုင် အပြေးအလွှား ရောက်လာပြန်တယ် မောင်ရယ်။

"မောင်မောင် အိမ်မှာ သိပ်သောင်းကျန်းနေတယ် ခိုင်၊ ခိုင့်ကို မတွေ့ရရင် မပြန်ဘူး လုပ်နေတယ်"

မလှိုင် မေမေတို့ မသိအောင် တိုးတိုးပြောရတယ်။

"ခိုင် မတွေ့ချင်တော့ဘူး မလှိုင်၊ ဒီမှာလဲ ခိုင် ကတိပေးလိုက်ပြီ၊ ကိုအောင်နဲ့ လက်ထပ်တော့မယ်၊ သူ့ကို ပြောမပြဘူးလား"

"ပြောပြလို့ ခုလိုဖြစ်တာပေါ့ ခိုင်၊ မလှိုင်က ကိုမောင်မောင်ဟာ ခိုင့်ကို တောင်းမယူနိုင်ဘူးလို့ ငြင်းထားတာ၊ ကိုအောင်တို့က တင့်တင့်

www.foreverspace.com.mm

တယ်တယ် ကောင်းရမ်းယူမယ်ဆိုတော့ နိုင် ဆုံးဖြတ်တာ မှန်တယ်လို့၊ ဘာကြောင့်လဲဆို နိုင်ဟာ ကိုယ့်ကိုယ်ကို တန်ဖိုးထားရမယ့် မုဆိုးမ တစ်ယောက်ဖြစ်နေလို့ပဲလို့၊ အဲဒါကို သိသိချင်း သူပေါက်ကွဲတာပဲ၊ နိုင် ခဏဖြစ်ဖြစ်တွေ့ပြီး ဖြေရှင်းလိုက်ပါလား”

“မဖြစ်တော့ဘူးထင်တယ် မလှိုင်ရယ်၊ သူနဲ့တွေ့ရင် နိုင့်စိတ်ကိုလဲ နိုင် မနိုင်ဘူး”

“မလှိုင်ကတော့ တွေ့သင့်တယ်ထင်တယ်၊ သိပ်မလွန်ခင် နောက် ဆုတ်ဖို့ လွယ်တယ် နိုင်၊ ကြာရင် ပိုခက်မယ်၊ ကိုယ် မင်းတို့နှစ်ယောက် အကြောင်းကို သိတယ်၊ တကယ်တော့ မင်းတို့နှစ်ယောက် တစ်ယောက်ကို တစ်ယောက် သိပ်ချစ်ကြတာ”

နိုင် စဉ်းစားရတယ်။ မလှိုင်ပြောတာလဲ မှန်ပါတယ်။ တကယ်တော့ နိုင် ကိုအောင့်ကို တကယ်မချစ်ဘူး။ နိုင့်ဘဝအတွက် သိပ်အရေးကြီးတဲ့ အခြေအနေပါပဲ။ ဒီတစ်ခါပြီးရင် နောက်တစ်ခါဆိုတာ မရှိနိုင်တော့ဘူးနော်။

“အင်းလေ၊ နိုင် လိုက်ခဲ့မယ်”

မလှိုင်ကို ကားဂိတ်လိုက်ပို့သလိုနဲ့ နိုင် လစ်ထွက်ခဲ့ရတယ်။

မလှိုင်ပြောသလိုပဲ မောင် ရှုးရှုးရှားရှား ဖြစ်နေတယ်။

“နိုင် မင်း ဘာတွေ လျှောက်လုပ်နေသလဲ” တဲ့။

တွေ့တွေ့ချင်း နိုင့် ပခုံးနှစ်ဘက်ကို ခပ်ကြမ်းကြမ်း ဆုပ်ကိုင်ပြီး မေးတယ်။ နိုင် မျက်ရည်တွေ ကျလာတယ် မောင်။

“နိုင့်ဘဝအတွက် နိုင် ဆုံးဖြတ်ရတာ၊ မောင် နိုင့်ကို တကယ်တမ်း လက်ထပ်မယူရဲဘူး မဟုတ်လား၊ မောင့်အဒေါ်တွေက နိုင့်ကို ဘယ်နည်းနဲ့မှ သဘောမတူနိုင်ဘူးလို့ ပြောပြီးသား၊ နိုင် မေမေ့စကားကို လက်ခံတယ်၊ နိုင့်ကို မောင် တန်ဖိုးရှိရှိ ယူစေချင်တယ်”

“အေး နိုင်ဖြစ်စေချင်သလို ဖြစ်ရစေမယ်၊ ကျေနပ်ပလား နိုင် မပြန်နဲ့တော့”



www.foreverspace.com.mm

ပျားရည်နဲ့ ဝမ်းချတာလား မောင်ရယ်။

“မဖြစ်ဘူး မောင်၊ ခုတော့ လွန်ကုန်ပြီ”

နိုင် အရဲစွန့်ပြီး ပြောလိုက်တယ်။ မောင့်မျက်နှာ ချက်ချင်း တင်းမာ သွားတယ်။

“ဘာ လွန်ကုန်ပြီ ဟုတ်လား၊ သေသေချာချာ စဉ်းစားစမ်း၊ မင်း မောင်နဲ့ ဘယ်အခြေအထိ ဖြစ်ခဲ့ပြီလဲ၊ ဒီအခြေအနေမှာ မင်း တခြား ယောကျ်ားတစ်ယောက်ရဲ့ ရင်ခွင်ထဲ ဝင်ရဲသလား ဟင်၊ အဲဒါ တန်ဖိုးလား၊ မင်း အရှက်မရှိဘူးလား”

မောင်ပြောတာ နိုင့် အရှိုက်ကို ထိုးလိုက်သလိုပါပဲ။

“ဟုတ်တယ် နိုင်ဟာ အရှက်မရှိတဲ့ မိန်းမ၊ တန်ဖိုးမရှိတဲ့ မိန်းမ၊ ဒါပေမဲ့ မောင်က နိုင့်ကိုယူဖို့ ဘယ်တုန်းက ပြတ်ပြတ်သားသား ဆုံးဖြတ်ခဲ့ သလဲ၊ ဒီအကြောင်းတွေ ကိုအောင့်ကို ပြောပြရင်လဲ ကိုအောင်က နိုင့်ကို မငြင်းမဆန် လက်ထပ်မှာပဲ သိလား၊ ကိုအောင်က နိုင့်ကို တန်ဖိုးထားတယ်၊ မောင်သာ ခုမှ ဒီလိုစကားမျိုး ပြောတာ မဟုတ်လား”

“သြော် ဒီလိုလား”

မောင့် လက်တစ်ဖက် မြောက်တက်လာတယ်။ ရုတ်တရက်ဆိုတော့ မရှောင်လင့်ဘူး။ ယိုင်လဲသွားတယ်။ မလှိုင်က အတင်းဝင်ဆွဲတယ်။

“သြော် မောင်က နိုင့်ကို ရိုက်တယ်လား၊ ရိုက်ပါ မောင်၊ မောင်ဟာ ခုမှ နာတတ်လာတာကိုး၊ မောင် အဲဒီလို နာတတ် ခံစားတတ်လာအောင် နိုင် စောင့်နေခဲ့ရတာ”

မောင် မျက်နှာကို လက်နှစ်ဘက်နဲ့အုပ်ပြီး ခေါင်းငိုက်စိုက်ကျ သွားတယ်။

“မောင် နိုင့်ကို လက်လွှတ်မခံနိုင်ဘူး၊ နိုင် ဖြစ်စေချင်သလို ဖြစ်ရ စေမယ်” တဲ့။

မောင့်ဆီက ဒီဆုံးဖြတ်ချက်ကလေး ရနိုင်ဖို့အတွက် ခိုင် ဘယ်လောက်တောင် စောင့်စားခဲ့ရသလဲ မောင်ရယ်။

ခိုင် ဝမ်းနည်းလွန်းလို့ ငိုချပစ်လိုက်မိတယ်။

အချစ်အတွက် ခိုင် သိပ်ကို ပင်ပန်းဆင်းရဲပါတယ် မောင်ရယ်။ ဒီအချစ်ကလေးတစ်ခုအတွက် ခိုင့်ဘဝတစ်ခုလုံး ပုံချပစ်လိုက်ရသလိုပါပဲ မောင်ရယ်။ ခိုင်ဟာ ဒီအချစ်တစ်ခုအတွက် သိက္ခာအားလုံး ခဝါချပစ်လိုက်ရတဲ့ မိန်းမသားတစ်ယောက်ပါ မောင်ရယ်။

အများအမြင်မှာတော့ ခိုင်ဟာ ဟိုလူနဲ့လိုလို ဒီလူနဲ့လိုလို မတည်မငြိမ်ဖြစ်နေတဲ့ မိန်းမ။ တကယ့် တကယ် ခိုင်ချစ်တာက မောင်တစ်ယောက်တည်းပါ။ ဒါတွေကို လူတွေက မသိကြဘူး။ မောင့်အဒေါ်တွေကဆိုရင်လဲ ကနေ့ထိ ခိုင်က မောင့်ကို အမိအရဖမ်းယူခဲ့တယ်လို့ ထင်တုန်း။ကိုအောင့်ကို မရလို့ မောင့်ကို အရပြန်ယူတယ်လို့ စွပ်စွဲကြပြန်တယ် မဟုတ်လားကွယ်။ ခိုင့်ဘဝမှာ အစွပ်စွဲခံရတာတွေ များလှတယ်။

အဲဒီနေ့ဟာ ခိုင့် ဘဝအတွက် အရေးကြီးဆုံးနေ့ပဲမောင်။ ခိုင့်ဘဝလမ်းကြောင်းကို အဆုံးအဖြတ်ပေးတဲ့နေ့။ အမှားမခံတော့တဲ့နေ့ပဲ။ အခြေအနေကို ပြောင်းလဲအောင် လုပ်နိုင်ဖို့ကလဲ လက်မတင်လေးပဲလိုတော့တယ်။

ကိုအောင်တို့အမေက မော်လမြိုင်ပြန်နှင့်ပြီ။ နောက်တစ်ခေါက်ပြန်လာရင် မင်္ဂလာပွဲအတွက် စီစဉ်တော့မယ်။ အဲဒီအတွက် ပြင်ဆင်ဖို့ပြန်သွားတာ။ ကိုအောင်တို့ညီအစ်ကိုက ဒီနေ့ပြန်မယ်။ ကိုအောင်လဲခွင့်ယူပြီး ပြန်လာမယ်။

ခိုင်လေ မောင့်ကို အကျိုးအကြောင်းပြောပြပြီး ဘူတာရုံကို ပြေးရတယ် မောင်။

ကိုအောင်တို့ နောက်တစ်ခေါက် ပြန်လာမှဆိုရင် အခြေအနေတွေ ပိုရှုပ်ထွေးကုန်လိမ့်မယ်။



ဘူတာရောက်တော့ ကိုအောင့်ကို လိုက်ရှာရတယ်။ မောလိုက်တာ မောင်ရယ်။ ကိုအောင်က ခိုင့်ကိုမြင်လို့ လှမ်းလက်ပြတယ်။ ခိုင် ကိုအောင်တို့ ရထားတွဲဆီ ပြေးသွားတယ်။

နောက်တော့ ကိုအောင်က ပြောတယ်။ ခိုင့်ကိုမြင်လိုက်ကတည်းက တစ်ခုခုပဲဆိုတာ သိလိုက်ပြီတဲ့။ သူနဲ့ ခိုင့်ကိစ္စ ပျက်ပြယ်သွားပြီဆိုတာလဲ သိလိုက်ပါတယ်တဲ့။

ရထားကထွက်တော့မယ် မောင်။ ခိုင် အသက်ပြင်းပြင်းရှူရတယ်။

"ကိုအောင်၊ ခိုင်လေ အရေးကြီးတဲ့အကြောင်း ပြောချင်တယ်"

ကိုအောင်က ခေါင်းညိတ်တယ်။

"ပြောပါ ခိုင်" တဲ့။

ခိုင် မောနေတယ်။ ဒါပေမယ့် ဒီအချိန်မှာ မပြောလို့ မဖြစ်တော့ဘူး။ ကိုအောင့် ညီလေးက ခိုင့်ကို စူးစူးဝါးဝါးကြည့်နေတာကိုလဲ အမှုမထားနိုင်တော့ဘူး။

"ကိုအောင်၊ ခိုင်နဲ့ ကိုမောင်မောင့်ကိစ္စ သိတယ်မဟုတ်လားဟင်"

ကိုအောင် ခေါင်းညိတ်ပြန်တယ်။

"အဲဒါ အဲဒါ ခိုင်လေ မောင်နဲ့ယူမှဖြစ်မယ် ကိုအောင်၊ ခိုင်တို့ ခိုင်တို့"

"ကိုအောင်သိပါတယ် ခိုင်၊ ခိုင် တကယ်ချစ်တာ ကိုမောင်မောင်မြင့်ပဲ မဟုတ်လား" တဲ့။

ကိုအောင့်ကို ကျေးဇူးတင်လိုက်တာ၊ ခိုင် ပြောမပြတတ်အောင်ပါပဲ။ မျက်ရည်တွေလဲ စီးကျလာတယ်။ စိတ်လှုပ်ရှားရလွန်းလို့ မူးမေ့ လဲသွားမတတ်ပါပဲ။

ရထားက ထွက်ခွာစပြုပြီ။

ကိုအောင့်ညီက ဘီးလိမ့်နေတဲ့ ရထားပေါ်လှမ်းတက်ရင်း

"မနိုင်၊ နင်ဗျား ကျွန်တော့် အစ်ကိုကို တော်တော်ဒုက္ခပေးတယ်ဗျာ" တဲ့။

တစ်လောကလုံးက နိုင့်ကို အပြစ်တင်ကြတော့မယ်။

နိုင်လေ ခေါင်းငိုက်စိုက်ကျပြီး မျက်ရည်တွေ စကြဲ့နံလမ်းပေါ် ကျကုန်တယ် မောင်ရယ်။

နိုင့်ဘဝကိုတွေးပြီး ဝမ်းနည်းလိုက်တာ။

နိုင်ဟာ မောင့်ဆီက အချစ်ကလွဲပြီး ဘာကိုမှ ဖမ်းစားရယူချင်ခဲ့တာ မဟုတ်ပါဘူး။ နိုင် ကိုယ်ပိုင်အလုပ်နဲ့ ဝင်ငွေရှိအောင် ကြိုးစားခဲ့ရတာလဲ မောင့်ကို အဆင့်မီနိုင်အောင်ပါပဲ။ နိုင်ဟာ အားကိုးရာမဲ့ ဘဝနဲ့ဆိုရင် မောင့်ကို မယူပါဘူး။

နိုင် သိပ်ပင်ပန်းတယ်။

လေးလေးကန်ကန်နဲ့ အိမ်ကို ပြန်ခဲ့ရတယ်။ မေမေတို့က နိုင့်ကို မတွေ့လို့ လိုက်ရှာနေကြပြီ။

နိုင့်ကိုတွေ့တော့ မေမေက ရင်ပတ်စည်တီးနဲ့

"မိနိုင်၊ ညည်းဘယ်သွားပြီး ဘာတွေ လျှောက်လုပ်နေတာလဲ၊ ငါ့ကိုပြောစမ်း" တဲ့။

နိုင် မေမေ့ကို လှမ်းဖက်တယ်။ ငိုချပစ်ချင်လို့။ မေမေက နိုင့်လက်ကို ပုတ်ချလိုက်တယ်။ မေမေ သိပ်စိတ်ဆိုးသွားပြီ။

"နိုင့်ကို သတ်ပါ မေမေ၊နိုင် ကိုအောင့်ကို မယူနိုင်ဘူး၊ ခုပဲ ဘူတာမှာ သွားပြောခဲ့ပြီ"

မေမေဟာ နိုင့်ကို တစ်သက်နဲ့တစ်ကိုယ် မကြည့်စဘူး စိမ်းစိမ်းကားကား ကြည့်တော့တာပဲ။

"ဒီမှာ မိနိုင်၊ ညည်းဟာ မိဘကို တော်တော်စိတ်ဆင်းရဲအောင် လုပ်တဲ့ မိန်းမ၊ ငါခွေးလုံးလုံးဖြစ်အောင် ညည်းလုပ်ပြန်ပြီ၊ ညည်းဟာ



ဘုန်းကြီးလို့သက်မရှည် သက်ရှည်ရင်လဲ ဘုန်းကြီးမယ်မဟုတ်ဘူး သိရဲ့လား" တဲ့။

မေမေရဲ့ အပြင်းထန်ဆုံး စကားပါ မောင်ရယ်။

ဒါကြောင့် နိုင့်ဘဝမှာ အမြဲစိတ္တဇ ဖြစ်ခဲ့ရတယ်။

အခု နိုင်လုပ်သမျှ အောင်မြင်တယ်။ နိုင် ကျော်ကြားလာတယ်။ ဒီတော့ နိုင် အသက်ရှည်မယ် မထင်ဘူး မောင်။ မိဘစကား နားမထောင်တဲ့ သူဟာ အနည်းနဲ့အများ ဒုက္ခရောက်ကြမယ်ဆိုတာ နိုင် သိမြင်လာတယ်။ ကောင်းစားတာတောင်မှ အပြည့်အဝ မရှိကြဘူး။ နိုင်ဟာ အမိအဖရဲ့ ကျိန်စာမိခဲ့တဲ့ လူသားတစ်ယောက်ပဲ။

မမရီကလဲ စိတ်ဆိုးလွန်းလို့ "နင် အရင်ကလဲ အမေ့ကိုသတ်တယ်၊ ခုလဲ အမေကို သတ်ဦးမယ်" တဲ့။

နိုင့်ကို ဘယ်သူကမှ အကောင်းမမြင်ကြတော့ပါဘူး။

မောင့်ဘက်ကကောတဲ့။ ပိုတောင်ဆိုးပါသေးတယ်။ မောင် အတင်း အကျပ် ပူဆာလွန်းလို့ မောင့်အဒေါ်တွေ နိုင့်အိမ်ကို လူကြီးအနည်းအကျဉ်းနဲ့ တောင်းရမ်းစကား လာပြောကြတယ်။ မျက်နှာတွေက တစ်စက်မှမကြည်သာ ကြဘူး။ မေမေကလဲ တော်တော် စိတ်ထိန်းထားရတယ်။ သူတို့စီစဉ်တာတွေ ပျက်ပြားသွားတဲ့အတွက မေမေ တော်တော်လဲ စိတ်ဆင်းရဲသွားရှာတယ်။ သူက နိုင့်ကို တန်ဖိုးမြှင့်ချင်တာ။ နိုင်ကတော့ အချစ်နွံထဲမှာ အရာအားလုံးကို နှစ်မြှုပ်လိုက်ပြီ။

www.foreverspace.com.mm

www.foreverspace.com.mm

# ၈

မိန်းမတစ်ယောက်ရဲ့ တန်ဖိုး ကျပြီးရင်း ကျဆင်းခဲ့ရတာကို နိုင် မပြောချင်တော့ဘူး။

နိုင့်ရဲ့တန်ဖိုးကို နိုင့်အားမာန်၊ နိုင့် ကြိုးပမ်းမှုနဲ့ မြှင့်တင်ခဲ့ရတယ်။

နိုင့်သားရတယ်၊ နိုင်ရယ်၊ နိုင့်မေမေရယ်ဟာ မောင့်ကို လုံးဝ မှီခိုအားထားခဲ့တာ မဟုတ်ပါဘူးနော်။

မောင့်ရဲ့ အရာရှိလစာဟာ နိုင့်လက်ထဲကို ရောက်မလာတာ နိုင်တော်တော်ရင်နာတယ်။ အံ့လဲအံ့သြတယ်။ မောင်ကပြောတယ်။ မောင့်မှာ မိဘတွေမရှိကတည်းက ဒီအဒေါ်ရဲ့ ချွေးနှီးစာနဲ့ ရပ်တည်ခဲ့ရတာတဲ့။

နိုင် မယားတစ်ယောက်ရဲ့ အခွင့်အရေးမရခဲ့တာကို တစ်ယောက်တည်း ကြိတ်မှိတ်ခံစားတယ်။ မေမေ့ကိုလဲ မပြောရဲဘူး။ အိမ်ထောင်ခွဲဖြစ်သွားတဲ့ မမရီကိုလဲ မဖွင့်ဟရဲဘူး။



www.foreverspace.com.mm

တကယ့်တကယ် သားတစ်ယောက်အမေ မုဆိုးမတစ်ယောက်အနေနဲ့ လင်တစ်ယောက်ကိုယူရတာ ဒီလောက်တောင်ပဲ လူသားတစ်ယောက်ရဲ့ အခွင့်အရေးတွေ ဆုံးရှုံးရပါကလားရယ်လို့ တဖြည်းဖြည်းမှ သိလာရတယ်။

နိုင့်သားလေးကို မောင်ချစ်ရင် နိုင်ကျေနပ်ပြီ။ သားလေးက မောင့်ကို အဖေတစ်ယောက်လို လေးမြတ်ချစ်ခင်ရင် နိုင် ဝမ်းမြောက်နိုင်ပြီ။ နိုင်ဒါကိုပဲ လုံးပန်းခဲ့ပါတယ်။ သားနဲ့ မောင့်ကြားမှာ နိုင်ဟာ ဟိုဘက်သည်ဘက် ဗလောင်းဗလဲလုပ်ပြီး ပေါင်းကူးဆက်သွယ်ပေးရတယ်။

"သားရယ်၊ ဖေမောင်က သားကို သိပ်ချစ်တာ၊ ဖေမောင်ရဲ့ ဖိနပ်ကို တိုက်ပေးလိုက်ပါနော်" ဆိုရင် အမြင်စိမ်းလာတဲ့သားဟာ မျက်နှာပျက်ချင်တယ်မောင်။ ငယ်ငယ်က မောင့်ကို တွယ်တာချစ်ခင်ခဲ့တဲ့ သားလေးဟာ ခုတော့ ပတ်ဝန်းကျင်ရဲ့ အားပေးအားမြှောက်မှုနဲ့ မောင်ဟာ သူ့မိခင်ရဲ့ အချစ်ကို လုယူထားသူလို့ ထင်လာပြီ။ သားက အရွယ်ရောက်လာပြီလေ။ ကလေးတစ်ယောက်နဲ့ လူကြီးတစ်ယောက်ရဲ့ကြား အတွေးအခေါ် ပြောင်းလဲစ သားဟာ သွေးစကားပြောလာတော့တယ်။ သူ့အဖေ အသိုင်းအဝိုင်းက တစ်ချိန်က ဒီသားဟာ မောင့်သွေးမကင်းဘူးလို့ စွပ်စွဲခဲ့ကြပြီးမှ ခုတော့ မောင်ဟာ တစ်စိမ်းသက်သက်ဖြစ်တယ်လို့ မေးငေါ့လာကြပြန်ပြီ။ လူတွေကို နိုင် ဘယ်လိုနားလည်ရမလဲ။

ဒီကိစ္စနဲ့ပတ်သက်ပြီး နိုင် တမင်အရှုံးပေးခဲ့တယ်။ သားဖေဖေဆုံးပြီးတော့ နိုင်က သားကို နိုင့်စွမ်းအားတစ်ခုတည်းနဲ့ ပြုစုပျိုးထောင်ပေးခဲ့တယ်။ သားဟာ ဦးအောင်ငြိမ်းရဲ့သား မဟုတ်လို့ သားကို မချစ်ကြနဲ့၊ ချစ်စရာ ထောက်ပံ့စရာ မလိုဘူးလို့ နိုင်က ကြေညာတယ်။

ဒီတော့ သူတို့ အမျိုးအဆွေတစ်ယောက်က နိုင့်ကို လာဟန့်တယ်။

"မနိုင်ရယ်၊ လူကြားမကောင်းအောင် ဘာတွေ လျှောက်ပြောနေတာလဲ" တဲ့။

www.foreverspace.com.mm

‘ဟုတ်တယ်လေ၊သူတို့ကိုယ်တိုင်ကပဲ ခိုင့်ကို လူပုံလယ်မှာ စွပ်စွဲခဲ့ကြပြီးပြီ၊ ဒါကြောင့် ခိုင်က ပြောတာ၊ ဒါ ခိုင့်သား၊ သူတို့သွေးမဟုတ်ဘူး၊ ချစ်ရောလဲမလိုဘူး’ လို့ ခိုင်က ပြတ်ပြတ်ပြောလိုက်တယ်။ တစ်ခါတည်း သူတို့ဘက်က ပါးစပ်တွေ ပိတ်သွားတာပဲ။’

ဟော ခုတော့ သားဟာ သူတို့နဲ့သာ ဆိုင်သတဲ့။ မောင်က တစိမ်းတဲ့။

တတ်လဲတတ်နိုင်တဲ့ လူတွေနော်။ ခိုင် ရယ်ချင်တယ်။ အားရပါးရ ဟားတိုက် ရယ်ပစ်ချင်တယ် သိလား။

ခိုင်က သားနဲ့ မောင့်ကို သွေးစည်းဖို့ ကြိုးစားနေတဲ့ အခြေလဲရောက်ရော သူတို့က နည်းပရိယာယ်ပြောင်းလိုက်ကြရော။ ရက်လဲ ရက်စက်ကြတယ်။ ရဲလဲရဲဝံ့ကြတယ်နော်။

ခိုင်ဟာ တစ်ယောက်တည်းသော မိန်းမသား။ ဘာဖြစ်လို့ အလဲထိုးချင်ကြတာလဲ။

‘မောင်၊ ဒါ သားကိုယ်တိုင်ထားတဲ့ ဖိနပ်’

ခိုင်က ခိုင်ကိုယ်တိုင် တိတ်တခိုးတိုက်ထားတဲ့ ဖိနပ်ကို မောင့်ရှေ့ချပေးတော့ မောင်က ကျေနပ်နှစ်သိမ့်ပြီး သနားကြင်နာတဲ့အမူအရာနဲ့ ‘သားရယ်၊ ကိုယ့်စာ ကိုယ်ကျက်ပါ၊ ဖေမောင့် ဖိနပ်ကိုလဲ မတိုက်နဲ့၊ ဖေမောင် ကိုယ့်ဘာသာကိုယ် တိုက်ပါ့မယ်’တဲ့။ သားက မျက်လုံးအဝိုင်းသားနဲ့မောင့်ကိုတစ်လှည့် ခိုင့်ကိုတစ်လှည့် ကြည့်တယ်။ ခိုင့်ရဲ့ ဆန္ဒနဲ့ မောင့်ရဲ့ စေတနာကို သူ ရိပ်စားနားလည်စ ပြုတယ်။

ခိုင်က သားနဲ့ မောင့်ကြားမှာတော့ အကယ်ဒမီမင်းသမီး တစ်လက်ပဲလေ။

ဒီကြားထဲမှာ အထစ်အငေါ့လေးတွေ ဖြစ်လာတတ်တာကို ခိုင် စိတ်မကောင်းဘူး မောင်။ သားနဲ့ မောင့်ကြားမှာ မျက်မှန်စိမ်း တပ်ပေးနေကြတာတွေ ခိုင် သိတယ်။ သားဟာ ယိမ်းယိုင်စပြုတယ်။ ငယ်ငယ်က



www.foreverspace.com.mm

မောင်နဲ့ပြေးလွှားပြီး ဘောလုံးကောက်ကစားတဲ့ဘဝကို သား မေ့လျော့စပြုပြီ။

မောင့်ဘက်က သားအပေါ် စေတနာထားတာ ခိုင် သိပါတယ်။

‘မိခိုင်၊ မောင် မြင်ခဲ့တာပြောပြရင် စိတ်ညစ်ဦးမှာလား’

တစ်နေ့ မောင်ကပြောလာတော့ ခိုင် ရင်ထဲထိတ်ခနဲ ဖြစ်သွားတယ်။

‘ဘာလဲမောင်၊ ဘာတွေမြင်ခဲ့လို့လဲ’ဆိုတော့ ‘သားကို ကောင်မလေးတစ်ယောက်နဲ့ ပုလဲလက်ဖက်ရည်ဆိုင်ထဲမှာ တွဲထိုင်နေတာ မြင်လိုက်တယ်’ တဲ့။

‘ဟင်၊ မောင်က ခေါ်မလာခဲ့ဘူးလား’ ဆိုတော့

‘မောင့်လဲမြင်ရော နောက်ဖေးပေါက် ထပြေးကြတယ်၊ မောင်က အတင်းလိုက်တာ ဘယ်ထွက်ပြေးကြမှန်း မသိဘူး’ တဲ့။

အဲဒီအချိန်က သားက ဆယ်ကျော်သက် ပီဘိ ကလေးလေးပဲရှိသေးတာ။ ခိုင် သိပ်စိတ်ပူသွားတယ်။ ဒီအရွယ်ဟာ စိတ်ကစားတတ်တဲ့အရွယ်။ ဘာမဆို စူးစမ်းချင်တဲ့အရွယ်။ အမှားအမှန်ကို မသိတဲ့အရွယ်။

သားက အိမ်ပြန်မလာဘူး။

‘မောင် အသာလေးမသိချင်ယောင်ဆောင်ပြီး နောက်မှ မေးတာ မဟုတ်ဘူး၊ ခုတော့ မောင့်ကြောင့် သားကြောက်ပြီး ထွက်ပြေးသွားပြီ၊ ဘယ်များသွားပြီလဲ မသိဘူး’

ခိုင်က မောင့်ကို ထုရိုက်ပြီး ငိုတယ်။

‘မောင်လဲ ရုတ်တရက် ဘာလုပ်ရမှန်း မသိလို့’ တဲ့။

သား ပြန်ရောက်မလာတော့ ခိုင့်ရင်တွေ ပူလိုက်ရတာ။ မောင်လဲ တစ်နေကုန် လိုက်ရှာပါတယ်။ ခိုင် ငိုလိုက် ရယ်လိုက်ဖြစ်ဆဲမှာ မမရီဆီက ဖုန်းလာတယ်။ ဗိုလ်ဗိုလ် အိမ်မှာရောက်နေတယ်တဲ့။ ကလေးကို မရိုက်ဘူးဆိုရင် ပြန်ပို့မယ်တဲ့။ ကလေးက မောင်မောင့်ကို သိပ်ကြောက်နေတာတဲ့။

www.foreverspace.com.mm

နိုင်လေ မောင့်ကို အားမကိုးဘဲနေပြချင်တယ်။ ဒါမှ နိုင် မောင့်ကို ယူတာ အချစ်ကြောင့်သက်သက်ဆိုတာ ပိုပြီးပေါ်လွင်စေမယ် မဟုတ်လား။

ရေကျော်ကအခန်းကို ပြန်ရောင်းပြီး နိုင် ချွေတာစုဆောင်းထားတဲ့ ငွေနဲ့ တိုက်ခန်းတစ်ခန်း ပြန်ဝယ်ခဲ့တယ်။ နိုင့်ဘဝကို တစ်မျိုးတစ်ဖုံပြန်စဖို့ စိတ်ကူးတယ်။

မောင်သိတဲ့အတိုင်းပဲ။ နိုင့်ဘဝအစဟာ အားကစား။ အားကစားဟာ နိုင့်ဘဝရဲ့ အားမာန်ပဲ။

နိုင် တစ်သက်လုံး ကျွမ်းကျင်ခဲ့တဲ့ပညာကို နိုင့် ဘဝအတွက် ပြန်အကျိုးပြုအောင် နိုင်စဉ်းစားတယ်။ ဒါကြောင့် ကိုယ်ကာယ အားကစား သင်တန်းကို နိုင်ဖွင့်ခဲ့တာ။ နိုင် မကျွမ်းတဲ့ပညာနဲ့ ညာဝါးပြီး ငွေရှာတာ မဟုတ်ဘူး မောင်။ နိုင်ရတဲ့ငွေဟာ တန်ဖိုးရှိတယ်။ နိုင့်ပညာအတွက်လဲ ထိုက်တန်တဲ့ တန်ဖိုးပဲ။ ဒါကြောင့် နိုင်က ပစ္စည်းတစ်ခုဝယ်တိုင်း ဈေးရောင်းသူကို "ဒါ ကျွန်မရဲ့ပညာနဲ့ ရိုးရိုးသားသားရှာထားတဲ့ သန့်စင်တဲ့ပိုက်ဆံ" လို့ ပြောပြီးပေးတယ်။

နိုင် အောင်မြင်လာတော့ နိုင့်အပေါ် တစ်သက်လုံး အထင်အမြင် သေးတဲ့လူတွေလဲ နှုတ်ဆိတ်သွားကြပြီ။ နိုင် ကျေနပ်တယ်။ နိုင်ဟာ အလှ အပကို မြတ်နိုးတယ်။ ကိုးကွယ်တယ်။ နိုင် အလှမပျက် ဘဝကို ရင်ဆိုင် တယ်။

တစ်ခုပဲ နိုင် စိုးရိမ်တယ်။

နိုင် (မောင့်ဘက်ကတော့ မသိဘူး) ကြိုးစားပမ်းစား တည်ဆောက် ခဲ့ရတဲ့ နိုင်ရဲ့အချစ်၊ နိုင်မျှော်မှန်းတဲ့ သာယာစိုပြည်တဲ့ အိမ်ထောင်လေးကို ပြိုကွဲပျက်စီးသွားမှာကိုပဲ။

နိုင်ဟာ မိုးပြိုမှာကို စိုးရိမ်ကြောင့်ကြနေတဲ့ ငှက်ကလေးများ ဖြစ်နေ သလား မောင်ရယ်။ အချစ်တစ်ခု ပျက်စီးသွားရင် နောက်ထပ်အချစ်သစ်



www.foreverspace.com.mm

လာမယ်။ ဒါကို နိုင် သိခဲ့ပြီ။ နိုင့်ဘဝမှာ အချစ်ဆိုတာ ကြားမလပ်အောင် ရရှိခဲ့ဖူးတာပဲ။ ဒါပေမယ့် အဲဒီအချစ်တွေကို နိုင် မလိုချင်ဘူး။

နိုင်လိုချင်တာ ကျောက်ဆောင်ကျောက်သားလို နိုင်မာတဲ့အချစ်။

\+ \+ \+

မောင် ပြည်ပကိုသွားတာ နိုင် မလိုက်နိုင်ဘူး။ နိုင့်မှာ သားဟာ ဘဝ။ နိုင့်ရဲ့ ပထမဆုံးရည်မှန်းချက်ဟာ သားကို နိုင့်စွမ်းအားနဲ့ ပြည့်စုံကုံလုံစေဖို့။ ပြီးတော့ နိုင့်အပေါ် တစ်သက်လုံးရပ်တည်ပေးခဲ့တဲ့ မေမေ။ နောက်တစ်ခုက မောင့်ကို မှီခိုရပ်တည်သူ မဟုတ်ဘူးဆိုတာ ပြချင်တဲ့ မာန။

မောင် နားလည်ကောင်းပါရဲ့။

အနေဝေးနေတဲ့အချိန်မှာ လေစိမ်းတွေက တိုက်ခတ်တတ်တယ် မောင်။ မောင်နဲ့ နိုင့်ကြားမှာ ပြဿနာတွေဝင်လာအောင် အကျိုးတော် ဆောင်မယ့်သူတွေကို နိုင် ကြောက်တယ်။ ပြောခဲ့သလိုပဲ။ နိုင့်ဘဝမှာ အကောင်းတွေပြီးရင် အဆိုးတွေ ရောက်လာတတ်လွန်းလို့ နိုင် သိပ်စိုးရိမ် ပူပန်နေတယ်။

ဘဝတစ်ခု ချုပ်ငြိမ်းပြီး နောက်ထပ် ဘဝအသစ်တစ်ခု တည်ဆောက် ရမှာကို နိုင် မလိုလားတော့ဘူး။ အင်အားလဲ မရှိတော့ဘူး။ အချစ်တစ်ခု ပျောက်ဆုံးပြီး နောက်ထပ်အချစ်တစ်ခု ရယူမှာကိုလဲ နိုင် မမက်မောဘူး။

ဒါကြောင့် ဒီအကြောင်းတွေကို နိုင် ပြန်ပြောနေရတာ။

မောင် ထွက်ခွာခါနီးမှာ မြင်ရတဲ့ မြင်ကွင်းတွေဟာ ဘဝင်မကျ စရာပဲ။

တူသားတစ်ယောက် ကိုယ့်အလုပ်ခွင်ရဲ့ အောင်မြင်တိုးတက်မှု အတွက် ထွက်ခွာသွားရတာကို ဘာဖြစ်လို့ သဲသဲလှုပ် ငိုကြွေးနေကြရတာလဲ။

သားရဲ့မေမေ သေတုန်းက အရှုံးနဲ့ ဘဝဆုံးပါပြီလို့ ငိုကြွေးခဲ့ကြတာ သတိရတယ်။ ဝန်းကျင်နှစ်ခုဟာ နိုင့်ကို တိုက်ခိုက်တဲ့ နေရာမှာတော့ တော်တော့်ကို ဆင်တယ်။

နိုင်ကတော့ မောင်သွားတာ ကောင်းသောသွားခြင်း။ မောင်ပြန်လာရင် နိုင်တို့ရဲ့ မိသားစုဘဝကလေးဟာ ပိုပြီးတော့ စိုပြည်လာမယ်။ မောင်မရှိပေမယ့် နိုင့်ရဲ့ အစွမ်းအစနဲ့ တည်ဆောက်ထားတဲ့ အိမ်လေးဟာလဲ လှလှပပ ခမ်းခမ်းနားနားဖြစ်နေတာကို မောင် မြင်ရမယ်။ နိုင်နဲ့ မောင်တို့ရဲ့ သားကြီးကလဲ လိမ္မာရေးခြားရှိတဲ့ သားကောင်းတစ်ယောက်ဖြစ်နေစေမယ်။ မောင့်သမီး မိပုံလေးကလဲ အင်မတန်စကားတတ်ပြီး မောင့်ရင်ခွင်ကို အားကိုးတကြီး ပြေးဝင်မယ်။ နိုင်တို့မှာ နောက်ပိုင်းက မလစ်ဟင်းရအောင် ထိန်းသိမ်းပြုပြင်ပေးတဲ့ အမေတစ်ယောက်လဲ မားမားမတ်မတ်ရှိနေတယ်။ ဘာလိုသေးလဲ။

မေမေဟာ မောင်နဲ့နေခဲ့သမျှကာလပတ်လုံး ဆိုးသည် ကောင်းသည် မပြောဘဲ လူကြီးတစ်ယောက်ပီသစွာ ရပ်တည်ပေးခဲ့တာ မောင် အသိပါနော်။

ဒီလို အနားဂတ်ကောင်းတဲ့ နိုင်တို့ရဲ့ဘဝမှာ ခဏတာခွဲခွာရခြင်း အတွက် ဘာကြောင့် ကြေကွဲနေရမှာလဲ မောင်။

နိုင် သိလိုက်ပါတယ်။ နိုင့်ရဲ့ကြိုးပမ်းမှုတွေကြောင့် မောင်ဟာ နိုင့်ဘက်က လုံးလုံးလျားလျားဖြစ်လာတော့မယ်။ဒါကို ဝမ်းမမြောက်နိုင်ကြဘူး မဟုတ်လား။

လေယာဉ်ဘီး မြေပြင်ပေါ်ကမကြွခင်ဘဲ နိုင် ပြန်လာခဲ့တယ် မောင်။

နိုင် မငိုပါဘူး။

## ၉

ညက နိုင်တို့သားအမိတွေ တစ်ညလုံး မအိပ်ကြဘူး မောင်ရယ်။

မေမေရော၊ နိုင်ရော၊ သားကြီး ဇိုလ်ဇိုလ်ရော။ ဘယ်သူမှ မအိပ်နိုင်ကြဘူး။ နောက်ဆုံး မိပုံလေးပါ တရေးနိုးလာပြီး မအိပ်ဘဲ မှန့်တွေ ထိုင်စားနေတော့တယ်။

နိုင့်ရင်ထဲမှာ တထိတ်ထိတ်ခုန်နေတယ်။ ခေါင်းလဲမူးလာသလိုပဲ။

ဒါပေမဲ့ ခဏလေးတောင် မှေးချင်တဲ့စိတ် မရှိဘူး။ မေမေက သံပရာရည် ဖျော်လာပေးတယ်။ မေမေလဲ စိတ်လှုပ်ရှားလို့ထင်ရဲ့။အခန်းထဲ ပြန်ဝင်ပြီး ပုတီးစိပ်နေပြန်တယ်။ တစ်အောင့်နေတော့ ထွက်လာပြန်ရော။ နာရီကို ကြည့်တယ်။

နိုင် နေရတာ တည်တည်ငြိမ်ငြိမ်မရှိလွန်းလို့ ပြတင်းတံခါးကို ဖွင့်လိုက်တယ်။ လမ်းမကို မျှော်ကြည့်တော့ နိုင်တို့လိုပဲ စိတ်တည်ငြိမ်မှု မရကြလို့ လမ်းပေါ်မှာ ဟိုတစ်စု ဒီတစ်စု ရပ်နေကြတဲ့ လူငယ်လေးတွေကို မြင်ရတယ်။ ဒီနေ့ ဆယ်တန်းအောင်စာရင်း ထွက်မယ်လေ မောင်။

www.foreverspace.com.mm

ဆယ်တန်းအောင်စာရင်းဟာ သားအတွက်ကော နိုင့် အတွက်ပါ အရေးကြီးတယ် မောင်။ သားအတွက် ဘဝလှေကားထစ်တစ်ခုဖြစ်သလိုပဲ နိုင့်အတွက်လဲ ဘဝအားမာန် တစ်ခုပဲ။

မောင်လဲ မရှိတော့ နိုင့်သားရဲ့ ပညာရေးကို နိုင် တစ်ယောက်ပဲ လုံးပန်းပွဲကိုင်ပေးရတယ်။ ချွတ်ချော်တိမ်းပါးလုလုဖြစ်ခဲ့တဲ့ သားရဲ့ လမ်းကြောင်းတွေကိုလဲ ပြောင်းလဲ ပွဲပြင်ပေးခဲ့ရတယ်။ သားရဲ့ အောင်ပွဲဟာ နိုင့်ရဲ့ အောင်ပွဲ။

ဒါကြောင့် နိုင် သိပ်စိတ်လှုပ်ရှားနေခဲ့ရတာ။ နိုင့်ရဲ့ အောင်မြင်မှုတွေ ပြီးရင် သားရဲ့ အောင်မြင်မှုတွေ ဆက်လာစေရမယ်။ ဒါမှ မောင်က နိုင့် အပေါ် ယုံကြည်ကိုးစားလာသလို သားအပေါ်လဲ မျှော်လင့်အားထားလာမယ်။

နိုင့်အပေါ် အမြဲစောင့်ကြည့်နေတဲ့ဝန်းကျင်ကလဲ သားရဲ့ အောင်မြင်မှုကိုမြင်ရမှ အထင်အမြင်သေးမှု စော်ကားမှုတွေ ရပ်စဲသွားမယ်။ လူတွေဟာ ချီးကျူးဖို့သာ ဝန်လေးတတ်ကြပေမယ့် ကဲ့ရဲ့ ရှုတ်ချဖို့တော့ ဦးမလေးတတ်ကြဘူး မဟုတ်လား မောင်။

နိုင့်ရဲ့သားကို နိုင်တစ်ယောက်တည်းရဲ့ အင်အားနဲ့ ပြုစုပျိုးထောင်ပေးခဲ့ရတာ နိုင် ဝမ်းမနည်းဘူး ဂုဏ်ယူတယ်။ မောင့်ကိုလဲ ဂုဏ်ယူစေချင်တယ်။ မောင်က သားကို သားလို့ အားပါးတရ ဂုဏ်ယူတဲ့နေ့ဟာ နိုင့်ဘဝ မျှော်မှန်းချက်တွေ ပြည့်စုံတဲ့နေ့ပဲ။

စိတ်တွေ လှုပ်ရှားလွန်းလို့ တံခါးပြန်ပိတ်ပြီး မျက်စိကို ခဏမှိတ်ထားမိတယ်။

နံနက် အရုဏ်လင်းတော့မယ်။ နိုင်တို့ ဘဝအတွက် အလင်းရောင်ခြည် ရောက်လာပါစေလို့ နိုင် ဆုတောင်းနေမိတယ်။

အောက်ဆင်းသွားတဲ့ သား ခြေသံကို ကြားရတယ်။

နာရီပိုင်းလောက်ကို တစ်ကမ္ဘာလောက် စောင့်ရပြန်တယ် မောင်ရယ်။



ခုချိန်မှာ နိုင့် ဘဝဟာ အခြေကျနေပါပြီ။ မောင့်ကို အားမကိုးလို့ ပြောတာမဟုတ်ဘူးနော်။ နိုင် မောင့်ကို လုံးလုံးလျားလျား အားကိုးချင်တယ်။ မိန်းမတစ်ယောက်ဟာ ဘယ်လောက်ပဲ အစွမ်းထက်သည်ဖြစ်စေ လင်သားတစ်ယောက်ရဲ့ ဦးဆောင်မှုကို လိုချင်တတ်ကြတာ ဓမ္မတာပါပဲ။ မောင်ပြန်လာရင် နိုင်တို့မိသားစုဟာ မောင့်တစ်ယောက်အပေါ်မှာ လုံးဝ ယုံကြည်အားထားရတဲ့ အခြေအနေမျိုး ရောက်နေစေချင်တယ်။ ဒါပေမယ့် နိုင်လေ နိုင့် လိုလားချက်ကို မောင့်ဆီက ဘယ်တုန်းကမှ ဖွင့်ဟတောင်းခံခြင်း မပြုခဲ့ဘူးနော်။ မောင့်ဘာသာ ပေးအပ်လာမယ့်နေ့ကို နိုင် စောင့်နေတယ်။

ဟော သားရဲ့ ခြေသံကို ကြားရတယ်။ အပြေးအလွှား ပြန်တက်လာတာပဲ မောင်။ နိုင် အဆောတလျင် ပြေးထွက်သွားတော့ မေမေက တံခါးဖွင့်ပြီးနေပြီ။

"သား အောင်တယ် မေမေ၊ ကျွန်တော်အောင်တယ် ဘွားဘွား၊ ဂုဏ်ထူးနှစ်ခုနဲ့" တဲ့။

နိုင်လေ တဆတ်ဆတ်တုန်နေတဲ့ ခြေထောက်တွေကို ထိန်းမရဘူး။

သားကို လှမ်းဖက်တဲ့ လက်တွေကလဲ မမြဲမြံတော့ဘူး။ ပြီးတော့ မျက်ရည်။

မောင့်ကို အနားမှာ ရှိစေချင်လိုက်တာ မပြောပါနဲ့တော့။

တစ်အိမ်လုံး ပျော်ရွှင်ရှုည့်သွားတာပဲ မောင်။ သားက ဆွေမျိုးတွေအားလုံးကို ဖုန်းဆက်နေတယ်။ အားလုံး အားလုံးပေါ့။

အို နိုင့်ဘဝမှာ တစ်ခုတော့ အောင်ပွဲရပြီ မောင်။

"သားရယ် ဖေမောင့်ဆီကို စာရေးလိုက်ပါဦး"

သားက တွေကြည့်နေတယ်။ ပြီး တစ်အောင့်ကြာတော့

"ရေးမယ် မေမေ" တဲ့။

မောင့်ဆီကို သားက တစ်ခါမှ စာမရေးခဲ့ဘူး မဟုတ်လား။ ခုသားဟာ နိုင့်ရဲ့ ရပ်တည်မှုကို နားလည်လာပြီ။ နိုင် ဝမ်းသာလိုက်တာ။

www.foreverspace.com.mm

များမကြာမီပဲ မောင့်ဆီက စာပြန်ရောက်လာတယ်။

မောင် မကြာခင် ပြန်လာရတော့မယ်တဲ့။ ပြီးတော့ သားဆီကို စာတစ်စောင် သပ်သပ်ရေးတယ်လေ။

သားရဲ့ အောင်မြင်မှုအတွက် ဖေဖေ ဂုဏ်ယူတယ်။ဝမ်းသာတယ်တဲ့။ ဖေဖေ့မှာ တာဝန်တွေ ပိုလာပြီတဲ့။ ဖေဖေပြန်ရောက်ရင် သားရဲ့ ရှေ့ဆက်ရမယ့် ပညာရေးအတွက်ရော နိုင် ရုန်းကန်နေရတဲ့ အခြေအနေတွေက အနားယူဖို့အတွက်ရော ဖေဖေ အားလုံး တာဝန်ယူတယ်တဲ့။

ကြည့်စမ်းမောင်။ နိုင် ပြောတယ်မဟုတ်လား။ မောင် နိုင့်အပေါ် နားလည်ပြီး နိုင့်အတွက် လုံးလုံးလျားလျား ဖြစ်လာမယ့်နေ့ကို ရောက်တော့မယ်လို့။

ဒီလောက်နဲ့ပဲ နိုင် ကျေနပ်ပြီ။

နိုင့်ဘဝကို ရုန်းကန်နေရတယ်လို့ မယူဆဘူး။ နိုင်ဟာ ခုလို အားနဲ့မာန်နဲ့ အလုပ်လုပ်နေရတဲ့ဘဝကို ဂုဏ်ယူတယ်။ မက်မောတယ်။ ဒီလိုနေရလို့ နိုင် ပိုပြီး စိတ်ဓာတ်မြင့်မားတယ်။လူ့လောကကို အလှဆင်ပေးနိုင်တယ်လို့ ယူဆတယ်။

နိုင့်ဆီကိုရောက်လာသမျှ မိန်းမသားတွေကို နိုင်က အလှအပအတွက် သာမက သူတို့တွေရဲ့ ဘဝကိုပါ နိုင် စိတ်ဝင်စားတယ်။ နိုင် တတ်စွမ်းသမျှ ဖေးမကူညီတယ်။ နိုင် လှုပ်ရှားရုန်းကန်နေရတဲ့ မိန်းမသားတွေကို သနားတယ်။ ဘာကြောင့်ဆို နိုင်တစ်ယောက်တည်း ဒုက္ခရောက်တုန်းက တစ်ယောက်တည်း ကြိုးစားခဲ့ရတာ မဟုတ်လား မောင်ရယ်။

နိုင် အခုလိုပဲအားနဲ့မာန်နဲ့ အလုပ်လုပ်နေရတာကို ပျော်ပါတယ်။ အနားမယူချင်တော့ပါဘူး မောင်။ လူ့ဘဝဆိုတာ အနားယူဖို့မှ မဟုတ်ဘဲ မောင်ရယ်။

မောင့်ဆီက နိုင် လိုချင်တာ အချစ်။ ပြီးတော့ နားလည်ယုံကြည်မှု။ ပြီးတော့ လိုက်လျောမှု။

\+ \+ \+



"ကျန်းမာရေးအခြေအနေ သိပ်ကောင်းနေပါလား မိနိုင်" တဲ့။

ဒေါက်တာမြမြကြည်က နိုင့် နှလုံးခုန်သံကို နားထောင်ရင်း ပြောတယ် မောင်။

"ဟုတ်တယ် မမမြရယ်၊ ခုတလော နိုင် သိပ်စိတ်ချမ်းသာနေတယ်"

"အင်း၊ တန်တော့ မောင်တော်ဘုရားလဲ ပြန်ရောက်လာခါနီးပြီ ထင်တယ်၊ ဟုတ်စ"

ဒေါက်တာ မြမြကြည်က ရယ်သွမ်းသွေးရင်း ပြောတယ်။

"သားကလဲ စာမေးပွဲအောင်တယ် မမမြ၊ ဂုဏ်ထူးနှစ်ခုနဲ့"

"အမယ် တယ်ဟုတ်ပါလား၊ အင်း သားတောင် ဆယ်တန်းအောင်ပြီပဲ၊ ခဏကလေးလိုပဲနော်၊ အင်းလေ၊ တို့တစ်တွေတောင် အသက်တွေမနည်းတော့တာ၊ ဒေါက်တာ ကိုကိုဦးတောင် နိုင်ငံခြား သွားရခါနီးပြီ ကြားတယ်"

မမမြကလေ နိုင့်ကိုတွေ့ရင် ကိုကို့အကြောင်း မပြောဘဲမနေနိုင်ဘူး။

ကိုကို့အကြောင်းပြောရင် နိုင် စိတ်လှုပ်ရှားတတ်တာ သူသိတယ်။ နိုင့်ကို စလဲ စချင်နေတတ်တယ်။

နိုင်က "ဟုတ်လား" လို့ တစ်ခွန်းပဲ ပြောလိုက်တယ်။

"သွေးမတိုးအောင် သတိထားနော်၊ မင်းက လှေကျင့်ခန်းလေးမှန်မှန် လုပ်နေလို့ ဒီလောက် ကျန်းမာတာ၊ မနှစ်ကဆို မင်းကြည့်ရတာ နည်းနည်းမှ အားမရဘူး၊ ကိုယ်တောင် မင်းသင်တန်းကို အိုဗာဝိတ်ဖြစ်နေတဲ့ ကိုယ့်လူနာတွေ လွှတ်ပေးရဦးမယ်"

"လွှတ်လိုက်လေ မမမြ၊ နိုင် နောက်တစ်ပတ် သင်တန်းအသစ်ခေါ်တော့မှာ"

နိုင် စိတ်လက်ပေါ့ပေါ့ပါးပါးနဲ့ ပြန်လာခဲ့တယ်။

အပြန်မှာ ဗိုလ်ချုပ်ဈေး ဝင်ခဲ့တယ်။ ပန်းအိုးလှလှလေးတွေ ဝယ်ခဲ့တယ်။

မောင်ပြန်လာရင် အိမ်မှာ ပန်းတွေနဲ့ ဝေနေစေချင်လို့။

\+ + +

ကိုကို့ကိုမြင်ရင် ခိုင်ဟာ အမြဲ စိတ်လှုပ်ရှားတတ်တယ်နော်။

ဟော ကိုကိုနဲ့ တွေ့ပြန်ပြီ။

ကိုကို သိပ်ကြည့်ကောင်းနေပါကလား။ အနောက်တိုင်းဝတ်စုံကို သပ်သပ်ရပ်ရပ်ဝတ်ထားတဲ့ ကိုကိုဟာ ဝိုင်းဝန်းစကားပြောနေတဲ့ သူတွေကြားမှာ မြင့်မြင့်မားမားကြီး ပေါ်လွင်နေတယ်။

ကိုကို ခိုင့်ကို မြင်သွားတယ်။ လူတွေကို ကျော်ခိုင်းပြီး ခိုင့်ဆီ လျှောက်လာတယ်။ ခိုင် ရင်နည်းနည်းခုန်ချင်လာတယ်။ ဒါပေမဲ့ အရင်ကလို ရင်ခုန်တာမဟုတ်ပါဘူး မောင်။ ခိုင်ဟာ အရင်ကလို အချစ်ကို စူးစမ်းရှာဖွေနေတဲ့ ဆယ်ကျော်သက်လေးလဲ မဟုတ်တော့ဘူး။ ပြီးတော့ ဒီတစ်ခါ ကိုကိုနဲ့ ယှဉ်လိုက်တော့ ခိုင်ဟာ သေးငယ်မှုန်ဝါး မသွားတော့ဘူး။ ဘာကြောင့်ဆို ခိုင်ဟာ ယုံကြည်ချက်တွေ အပြည့်အဝရှိထားတဲ့ မိန်းမတစ်ယောက် ဖြစ်နေပြီမို့ပဲ။

ကိုကိုကတော့ ထုံးစံအတိုင်း စကားပိုပို ပြောတတ်တာ။

"မိခိုင် ကိုကို့ကို လာနှုတ်ဆက်တာလား၊ ကိုကိုနဲ့လိုက်ခဲ့မလို့လား" တဲ့။

ခိုင်က ခေါင်းကို တွင်တွင်ခါပြလိုက်တယ်။ ရဲရဲဝံ့ဝံ့လဲ ပြုံးပြလိုက်တယ်။

ကိုကိုက တစ်နေရာမှာ ထိုင်နေကြတဲ့ သားနဲ့သမီးကို လှမ်းကြည့်တယ်။ ပြီးတော့ "ဩော် ဩော်"လို့ ပြောတယ်။

"သွားမယ် ခိုင်၊ ကိုကိုက အခုဆိုက်မယ့် လေယာဉ်နဲ့ ဘန်ကောက်ကို သွားရမှာ" တဲ့။



ခိုင်က ခေါင်းညိတ်ပြလိုက်တယ်။

မကြာခင်ဘဲ ခိုင်တို့တစ်တွေ အပေါ်ထပ်ကို တက်လာရတယ်။ မြင်ကွင်းကျယ် မှန်ကြီးရှေ့မှာရပ်ပြီး လေယာဉ်ကွင်းထဲကို လှမ်းမျှော်ကြည့်ကြတယ် မောင်။

ကောင်းကင်ထဲမှာ ဝဲပျံလာတဲ့ လေယာဉ်သံကို ကြားရတယ်။

အခုမှပဲ ခိုင့်စိတ်တွေ တကယ် လှုပ်လှုပ်ရှားရှားဖြစ်လာတာ။

ခိုင့် ခံစားချက်ကို ခိုင် သိလိုက်တယ်။ ကိုကိုနဲ့တွေ့တုန်းက စိတ်လှုပ်ရှားရတာဟာ သစ်ကိုင်းပေါ်မှာ ငှက်ကလေးလာနားလို့ လှုပ်ရှားသွားရတာမျိုး။ ပိန်းဖက်ပေါ်မှာ မိုးရေစက်လေးကျလို့ လှုပ်ရှားတတ်တာမျိုး။

ခု ခိုင့်ရင်ထဲမှာ ခံစားနေရတာက နံနက်စောစော မိုးကုပ်စက်ဝိုင်းဆီက နေဝန်းနီကြီး တစ်စတစ်စ ပေါ်ထွက်လာတာကို စောင့်ကြည့်နေရတဲ့ ခံစားမှုမျိုး။

"ဟောဟိုမှာ ဖေဖေ" တဲ့။

"ဟောဟိုမှာ ဖေမောင်ရယ်" တဲ့။

ခိုင် အဝေးကို မမြင်ရဘူး။ ခိုင့် မျက်စိထဲ မှုန်ဝါးနေတယ်။ မျက်ရည်တွေကြောင့်လား မသိ။

မောင် လေဆိပ်အဆောက်အအုံထဲ ဝင်ရောက်လာတဲ့အထိ သားက လက်ဝှေ့ယမ်းပြတုန်း။

ခိုင့် မျက်စိထဲမှာ တစ်ယောက်တည်း တရွေ့ရွေ့ထွက်ခွာသွားနေတဲ့ ကိုကို့ ကျောပြင်ကို မြင်နေရသလိုပဲ။

တစ်ချိန်တည်းမှာပဲ ကိုကိုဟာ ခိုင့်အချစ်ဦးဆိုတဲ့ အသိပါ ပျောက်ကွယ်သွားတယ်။

ခိုင် မောင့်ကိုကြိုဖို့ ပြေးဆင်းလာခဲ့ပြီလေ။

**၃၀၊ ၇၊ ၁၉၈၅။** **မိုးမိုး(အင်းလျား)**



www.foreverspace.com.mm